www.burmeseclassic.com

# ပီမိုးနင်း

## တစ်ကိုယ်တော်



ဒုတိယအကြိမ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၁၁၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၈၉၂၀၀၇

မျက်နှာဖုံးပန်းချီ ♦ အောင်ကျော်

အတွင်းစာစီ ♦ မြစ်ခွဲဇစင်းကွန်ပျူတာ

ထုတ်ဝေသည့်လ ♦ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ

အကြိမ် ♦ ဒုတိယအကြိမ်

အုပ်ရေ ♦ ၅၀၀

ထုတ်ဝေသူ ♦ ဦးသန်းမြင့် (၀၁၀၄၀)၊ လင်းလင်းစာပေ
အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း၊
၁၀-မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ ♦ ဦးဇော်မင်း၊ (WIzard)
အမှတ်(၁၉၈)၊ ၃၃-လမ်း၊(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ် ♦ ဦးတိုးဝင်း (၀၂၄၃၁)၊
နေလရောင်အော့ဖ်ဆက်၊ (၉၆/ခ)၊
၁၁-လမ်း၊ ရန်ကုန်မြို့။

စာအုပ်ချုပ် ♦ ပပစိုးနှင့်အဖွဲ့

တန်ဖိုး ♦ ၁၂၀၀ ကျပ်


# ပီမိုးနင်း

## တစ်ကိုယ်တော်ဝတ္တုကြီး

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# တစ်ကိုယ်တော်

## အခန်း (၁)

စက်ရှင်ဇါရှေ့တွင် ခန့်ငြားတင့်တယ်စွာ ဝတ်ဆင်လျက် ရပ်၍ရှိသော ယောက်ျားပျိုကလေးသည် လက်ပိုက်ကာ ညာသူ့ကိုမျှမကြည့်ဘဲ ခေါင်းငုံ့၍နေလေ၏။ ၎င်းသည် အသက်အရွယ် အစိတ်ခန့် ရှိလေ၏။ ကျော်စောထင်ရှားသော လူသတ်မှုကြီးသည် တစ်နိုင်ငံလုံး ထင်ရှားကျော်စောခြင်းသို့ ရောက်သောကြောင့် စီရင်ချက် ချအံ့သော ထိုနေ့၌ ပရိသတ်တို့သည် ရုံးတော်တွင် ပြည့်နှက်နေကြလေသတည်း။ ၎င်းတရားခံ၏ ခန့်ညားတည်ကြည် ယောက်ျားပီသသောမျက်နှာသည် ဤမျှလောက်ဆိုးယုတ်သောအမှုကို ပြုနိုင်ဖွယ်မရှိချေ။ သို့ပင်မှန်လင့်ကစား ဖြစ်မှုမှာ ထွန်းစွာသင်ရှား၍နေသောကြောင့် ကြည့်ရှုသမျှသော ပရိသတ်တို့၏စိတ်၌ ကြီးစွာသောအံ့ဩခြင်းဖြစ်လေ၏။ တရားခံယောက်ျားပျိုသည်ကား ဤနေရာသို့ ငါ့ကို မတရား ပို့ကြ၏ဟု အားတောကာ မျက်မာန်ရှ၍နေသောအခြင်း ရှိသေ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပရိသတ်တို့က ၎င်းအပေါ်၌ ပိုမို၍မျက်မာန်ထားလေ၏။ အကြောင်းမူကား အသတ်ခံရသူသည် မျိုးချစ်ပုဂ္ဂိုလ် ခေါင်းဆောင်လူကြီး ဦးထွန်းသိန်း ဖြစ်လေ၏။

အစိုးရရှေ့နေသည် လွယ်ကူထင်ရှားသော အမှုကြီးကို ဝမ်းနည်းသောအမှုအရာဖြင့် မိမိ၏တာဝန်ကိုဆောင်ကာ တရားခံကို မလွတ်သာအောင် မိမိ၏လဲဆိုခြင်း ဆင်ခြေပိုက်ကွန်တို့ဖြင့် အစွမ်းကုန်ရစ်ပတ် ဖမ်းအုပ်၍ထား၏။ တရားခံ၏ ဝတ်လုံသည်ကား စိတ်အားငယ်ငယ်ဖြင့် လဲလျှောက်ရရှာ၏။ ၎င်း၏ဆင်ခြေတို့မှာ အောက်ပါအတိုင်း ဖြစ်လေသတည်း။

ထိုယောကျ်ားပျို မောင်သာရသည် ဘီ–အေ အောင်၍ ဘီ–အယ်လ်စာမေးပွဲကို နောက်ဆုံးတစ်နှစ်မျှ ဝင်ရောက်ဖြေဆိုဖို့ရှိလေရာ အထက်ထက်က အောင်ခဲ့သောစာမေးပွဲများ၌ အထွဋ်အထိပ်သို့ ရောက်ခဲ့သည်ကို ထောက်လိုက်လျှင် များစွာထင်ရှားလျက် အထူးကြီးပွားဖို့ လမ်းရှိသူတစ်ယောက် ဖြစ်ကြောင်း၊ ဤအမှုဖြစ်ပွားခြင်းကြောင့် ယခုယခင်က အညွန့် ကျိုး အဖိုးလွန်စွာ ထိုက်တန်မည်ဖြစ်သောဘဝမှ ဆုံးရှုံးခြင်းသို့ ရောက်ရရှာတော့မည်ဖြစ်ကြောင်း၊ သို့သော်လည်း ဥပဒေတို့မည်သည် မိမိတို့၏လမ်းကို ဖြောင့်တန်းစွာသွားသဖြင့် မြွေပွေးပမာ မထိလျှင် မကိုက်၊ ထိမိလျှင် ကတိမလိုက်ဘဲ ကိုက်ရမြဲဖြစ်လေရာ ယခုမျက်မှောက်၌ရှိသောလူပျိုမှာ မြွေပွေးဆိုတဲ့ ဥပဒေကို ထိပါးမိတော့သည်ဖြစ်သောကြောင့် အဘယ်ယောက်ပင် အဖိုးထိုက်တန်သော ယောကျ်ားပင်ဖြစ်စေကာမူ ဥပဒေနည်းလမ်းအတိုင်း စီရင်ဖို့သာ ရှိတော့သည်ဖြစ်ကြောင်း။

သို့သော် စဉ်းစားရန် အချက်တစ်ခု ရှိသည်မှာ





ဤယောကျ်ားမျိုး၏အမှု လွန်စွာထင်ရှားခြင်းဟာ ဖြစ်များစွာမသက်ာစရာဖြစ်ကြောင်း၊ ဥပဒေကို နားလည်သည့် ယောကျ်ားပျိုတစ်ယောက်သည် ပြစ်မှုကိုပြုနိုင်အောင် ဆိုးသွမ်းသူဖြစ်စေကာမူ ဤပြစ်မှုကိုပင် ဤမျှလောက်ထင်ထင်ရှားရှား ပြုဖို့မရှိကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေ အစိုးရရှေ့နေ၏ လျှောက်လဲချက်အရ ဤသူငယ်သည် ဒါလဟိုဇီလမ်း (ယခုမဟာဗန္ဓုလလမ်း) ထမင်းဆိုင်အထက်ထပ်မှာ အသတ်ခံရသူ ဦးထွန်းသိန်းနှင့် အခန်းချင်းယှဉ်၍နေရာ သေသောညဉ့်မှာ ထမင်းဆိုင်ရှင်၏ သက်သေခံချက်အရ ဦးထွန်းသိန်း၏အခန်းထဲမှာ တရားခံတစ်ယောက်တည်းသာ ဦးထွန်းသိန်းနှင့် ညဉ့်နက်စွာ စကားပြောနေသည်ဖြစ်ကြောင်း၊ သည့်အတွက် နံနက်မှာ ဓားချက်နှင့်သေနေသော ဦးထွန်းသိန်းမှာ တရားခံ၏လက်ချက်နှင့် မသေလျှင်မည်သူ၏လက်ချက်နှင့် သေရပါသနည်းဟု ပြောဆို သည်မှာ မငြင်းနိုင်ဖွယ်ရာ အချက်ကြီးဖြစ်၍နေပေကြောင်း၊ ထိုမှတစ်ပါးလည်း ဤသူငယ်ဟာ ပညာသင်ရန် အထောက်အပံ့ပြုနေသူတစ်ယောက် လွန်ခဲ့တဲ့ရက်အနည်းငယ်အတွင်းမှာ အနိစ္စရောက်သဖြင့် ထောက်ပံ့သူ မရှိဘဲ လက်မဲ့ဖြစ်၍နေခဲ့ရာ ငွေကြေးကို လွန်စွာမှလို၍နေခြင်း၊ ဦးထွန်းသိန်း၏ လက်ထဲမှလည်း ငွေကြေးအမြောက်အမြားရှိခြင်း၊ ဦးထွန်းသိန်းထံမှ ငွေများကို တရားခံမှ ချေးသောအခါ ဦးထွန်းသိန်းက ငွေထုတ်၍ မပေးသဖြင့် ကတောက်ကဆ အခြေအတင် စကားများခြင်း၊ ဦးထွန်းသိန်း သေသောအခါ ဦးထွန်းသိန်း၏သေတ္တာထဲမှာ ငွေကြေးတစ်ပြားမျှ မကျန်မရှိခြင်း၊ ဦးထွန်းသိန်း သေပြီးနောက် မောင်သာရမှာ တင်ရှိသည့်ကြွေးများကို လျင်မြန်စွာ ပေးဆပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခြင်း၊ မောင်သာရနှင့် ဦးထွန်းသိန်းမှာ လပေါင်း အတန်ကြာ အတူယှဉ်၍ နေကြသဖြင့် တစ်ယောက် အခန်းကိုတစ်ယောက် ဝင်နိုင်ထွက်နိုင်ခြင်း စသည့်အချက်များဟာ ပြစ်မှုကို ထင်ရှားစေသည့် အချက်ကြီးတွေဖြစ်ကြောင်းကို သံသယ ကင်းလောက်ပါတယ်၊ သို့သော် အံ့ဖွယ်ကောင်းတဲ့ အချက်တစ်ခုမှာ ဤမျှလောက် အရည်အချင်းနှင့် ပြည့်စုံတဲ့ ယောကျ်ားကလေးဟာ ပြစ်မှုကို ဤမျှလောက် ထင်ထင်ရှားရှားပြုသည် ဆိုသည်မှာ လွန်စွာမှ အံ့သြဖွယ်ကောင်းတဲ့ အချက်တစ်ခုဖြစ်ကြောင်း၊ အမျက်ဒေါသကို မချုပ်တည်းနိုင်သဖြင့် မတော်တဆ ရိုက်နှက်သတ်ပုတ်မိလျှင် ယခုလို ထင်ထင်ရှားရှား ပြုနိုင်ဖွယ်ရာရှိ ကြောင်း၊ ယခုလို ဒေါသနှင့်မပတ်သက်သည့် ငွေကြေးကို လိုချင် သည့် လောဘကြောင့် သတ်ရသည်ဆိုသည့် အမှုမှာ ယခုလို ထင်ထင်ရှားရှား ပြုလိုက်ခြင်းသည် အမှုဖြစ်ပျက်ပုံ အခြေအနေမှာ သံသယ မကင်းဖွယ်ရာ အချက်ကြီးတစ်ခု ဖြစ်ကြောင်း စသည်ဖြင့် လျှောက်လဲရာ၏။

သို့သော်လည်း လူသတ်မှုတို့မည်သည်မှာ လက်ဆုပ်လက်ကိုင်မိသော သက်သေနှင့် အပြစ်ပေးရခြင်းသည် နည်းပါး၏။ အကြောင်းနိမိတ် အခြေခံတို့၏ ဆက်သွယ်ထောက်ခံခြင်းဖြင့်သာ အပြစ်ပေးခြင်းက ပိုမိုများပြားခြင်းဖြစ်လေသည်။ ယင်းကဲ့သို့ဖြစ်လေရာ ဤအမှု၌ ထင်ရှားသောအချက်တို့သည် အပြစ်ပေးရန် အထောက်အပံ့ပြုသောအချက်များသာဖြစ်လေရာ ထိုအချက်တို့ကို ဖယ်ရှား၍ အခြား မပေါ်ပေါက်သော အချက်များကို လိုက်လံ၍ ရှာရန်မလိုတော့ချေ။ သို့အတွက် ဖြောင့်မတ်သော စက်ရှင်တရားသူကြီးမှာ တစ်ခုတည်းသော စီရင်ချက်





ကိုသာ ချရန်ရှိပေတော့သည် ဖြစ်လေရာ ဂျူရီလူကြီးမင်းတို့၏ ဆုံးဖြတ်ထင်မြင်ချက်တစ်ခုသာ ကျန်ရှိပေတော့သတည်း။

ဂျူရီလူကြီးမင်းတို့မှာလည်း အစိုးရရှေ့နေစကားများဘက်သို့ လုံးလုံးလျားလျား လိုက်ပါ၍နေလေရာ ၎င်းယောကျ်ားမှုလမ်းသည် တစ်လမ်းသာ ကျန်ရှိပေတော့သည် ဖြစ်လေရကား ပရိသတ်တို့သည် စိတ်အားထက်သန်စွာနှင့် စီရင်ချက်ကို နားထောင်ရန် စောင့်စား၍နေကြလေ၏။ အကြောင်းမူကား မျိုးချစ်ဦးထွန်းသိန်းအတွက် မောင်သာရကို ကလဲ့စားချေရန် ဒေါသမာန်ရှ၍ နေကြလေ၏။

ဂျူရီလူကြီးများသည် စဉ်းစားခန်းသို့ သွားကြရာ၌ ၎င်းတရားခံအပေါ်တွင် အပြစ်ရှိသည်ဟူ၍ တညီတညွတ်တည်း မှတ်ယူ၍သွားကြလေ၏။ ဤအမှုသည် လွန်စွာထင်ရှားလှသဖြင့် အထူးစဉ်းစားရန် မလိုတော့ချေဟူ၍သာလျှင် တစ်သဘော တည်း အစွဲပြုလေ၏။

ထို့နောက်တစ်ဖန်ပြန်၍ ထွက်လာကြလေရာ ၎င်းတို့ အားတရားခွင်မှ အမေးရှိသောအခါ တစ်ယောက်ပြီး တစ် ယောက် ၎င်းအပေါ်၌ အပြစ်မရှိဟူ၍ ပြောပြသောအခါ တရားသူကြီးကိုယ်တိုင်က ကလောင်ကိုကိုင်ကာ ငေးမှိုင်အံ့သြ၍ နေလေ၏။ အစိုးရရှေ့နေမှာ မျက်လုံးပိုင်းလျက် လက်ဝှေ့ရေး ပြုရတော့မလို၊ ဂျူရီတွေနှင့် တွန်းထိုးခိုက်ရန်ဖြစ်ရတော့မလိုနှင့် မငြိမ်မသက် နေလေ၏။ နားထောင်သော ပရိသတ်တို့သည်ကား တရုတ်ရုတ်ဖြစ်ကာ မာန်ဖီသော မြွေဆိုးမြွေဟောက်များ ပိုင်းရံ၍ မှည့်တွန်ကြသည့်အလား၊ ဥက္ကောဒေးယျ ဖြစ်ကြလေ၏။ တရားဥပဒေသည် ဤအမှု၌ အဘယ်ပုံ ဖောက်ပြန်၍ သွားပါသနည်း။



www.burmeseclassic.com

www.burmeseclassic.com



ဤအကောင်ကို အဘယ်ကြောင့် သူတို့ လွှတ်ချင်ကြပါသနည်း စသည်ဖြင့် ဆူညံကြလေ၏။

တရားခံကိုယ်တိုင် ဂျူရီလူကြီးမင်းတို့၏ စကားကို မပယ်ကြည်သကဲ့သို့ ဖြစ်လေ၏။ မိမိသည် ဤကြောက်မက်ဖွယ် သောအမှုကြီးမှ လွတ်လေပြီဟူသော အချင်းအရာကို မယုံကြည် နိုင်အောင်ရှိလေ၏။ တရားသူကြီး အဘယ်ပုံ သဘောရပါ သနည်းဟု တွေးတောကာ တရားသူကြီး၏မျက်နှာကို ကြည့်လေ ၏။ တရားသူကြီးသည်ကား ၎င်းကိုကြည့်ကာ ခေါင်းညိတ်လျက်–

''မင်းမှာ အပြစ်မရှိဘူး၊ ရုံးတော်က လွှတ်လိုက်ပြီ''

ဟု စိတ်လျှော့သော အမူအရာဖြင့်ပြောကာ အမိန့် ချမှတ်လိုက်သောအခါ မောင်သာရသည် မူးမိုက်၍ သွားသကဲ့သို့ ဖြစ်လေ၏။

ထိုအခါ ပုလိပ်များသည် ၎င်းကိုဆွဲထုတ်၍ သွားကြ လေရာ အပြင်၌စောင့်လျက်ရှိသော လူထုအင်အားသည် အလွန် တရာမှကြီးမားလျက် ဒေါသမာန်ပွား၍ နေကြသောကြောင့် မထင်ရှားသောနေရာမှ ၎င်းကို ယူဆောင်ကာ မြင်းရထား တစ်စင်းပေါ်တွင် တိတ်တဆိတ်တင်လျက် လျင်မြန်စွာ မောင်း နှင်၍ လွတ်ရာသို့ပို့ရန် မှာလိုက်ရလေသတည်း။ ဒေါသမျက်မာန် လွန်စွာခက်ထန်၍ နေကြကုန်သော လူစုကြီးသည် ကား ပဒုအုံ ကြွ၍ ထသကဲ့သို့ ရုံးတော်က အပြစ်မပေးသောတရားခံကို မိမိတို့ကိုယ်တိုင် ခဲ၊ အုပ်၊ တုတ်၊ ဓား၊ လက်သီး၊ လက်ဝါး တို့ဖြင့် အပြစ်ပေးရန် အနှံ့အပြား ရှာဖွေလျက်နေရစ်ကြလေ၏။

ဂျူရီလူကြီးမင်းများသည် စဉ်းစားရန် ဝင်သွားကြ သောအခါ တရားခံအပေါ်၌ အပြစ်ရှိသည်ဟု အယူရှိကြပြီး





နောက်တစ်ဖန် ထွက်၍ လာသောအခါ အဘယ်နည်းဖြင့် စိတ် အကြံပြောင်း၍ သွားပါသနည်းဟုဆိုသော် စဉ်းစားခန်းသို့ ရောက် သောအခါ ထူးခြားသော အကြောင်းအရာတစ်ခု ဖြစ်ပွားလေ၏။ ထိုအကြောင်းမှာ အခြားမဟုတ်။ တစ်ရံတစ်ခါမျှ မတွေ့ဖူး မကြုံဖူး ဂျူရီလူကြီးမင်းများအနက် မည်သူနှင့်မျှ အသိအကျွမ်း လည်း မဟုတ်သော ဂျူရီလူကြီးတစ်ယောက်သည် တရားခံ၏ ရှေ့နေပြောသောစကားများကို အသစ်ထပ်မံ ချဲ့ထွင်ကာ ဤ ဘရားခံအပေါ်၌ အပြစ်မရှိကြောင်း၊ လောကမှာ လူတို့၏ ယုံကြည်ထင်မြင်ချက်နှင့် လုံးလုံးကြီး ကွဲပြားသောအရာများ သည် အခါခါဖြစ်ပွားနိုင်ကြောင်း၊ မြင်ရကြားရခြင်းကတစ်မျိုး၊ အဟုတ်အမှန်ဖြစ်ပွားခြင်းကတစ်မျိုး ဖြစ်နိုင်ကြောင်း၊ ဤ ဘရားခံအပေါ်၌ အပြစ်ပေးလျှင် ဥပဒေလမ်းစဉ်သည် တက် ဘက်စဉ် လွဲတော့မည်ဖြစ်ကြောင်း၊ အပြစ်မရှိသူ တရားခံမှာ မတရားသဖြင့် အသေခံရမည်ဖြစ်ကြောင်း စသည်ဖြင့် စဉ်းစား ခန်း၌ ပိုင်ပိုင်နိုင်နိုင် ပြောပြလေရာ ဂျူရီလူကြီးမင်းတို့မှာ လုံးလုံးကြီး စိတ်ပြောင်းလျက် **စဉ်းစားခန်းသို့ ထွက်၍လာစဉ်က** အစွဲသောစိတ်အကြံသည် လုံးလုံးကြီး ပျောက်ပျက်ကာ တရားခံ အပေါ်၌ ချမ်းသာခွင့်ကို ပေးဖို့ရန် အကြံပေါက်ရောက်ခြင်း ဖြစ်ခဲ့လေသတည်း။

မောင်သာရသည် ကြောက်မက်ဖွယ်သော အပြစ်ဒဏ်မှ အံ့ဖွယ်သောနည်းဖြင့် လွတ်မြောက်၍ လာခဲ့လေရာ အဝီစိမှ **လွတ်ထွက်၍လာသော ဝိညာဉ်ကဲ့သို့ အဘယ်သို့သွားရမှန်း** မသိဘဲ ရန်ကုန်မြို့ကြီးအထဲတွင် လွင့်ပါး၍ သွားလေ၏။ ဤဂျူရီ လူကြီးများ၏စိတ်ထဲ၌ မည်သို့သောနတ်များ ဝင်ရောက်ကာ



www.burmeseclassic.com

www.burmeseclassic.com



မိမိအတွက် လွတ်မြောက်ခြင်းကို ဖန်တီးပါသနည်း။ မိမိ၌ အပြစ်မရှိသည်များမှာ အမှန်ပင် လွတ်၏။ သို့ပင်မှန်လင့်ကစား အထောက်အခံ အသိုင်းအဝိုင်းဖြစ်သော သက်သေတို့ကို ထောက်လိုက်လျှင် အဘယ်နည်းနှင့်မျှ လွတ်မြောက်ချမ်းသာခွင့်ကိုရဖို့ မရှိချေ။ သို့ပါလျက် ငါသည် အဘယ်နည်းနှင့် လွတ်မြောက်၍ လာပါသနည်းဟု တွေးကြံ၍ မရနိုင်အောင် ရှိလေ၏။

မြင်းရထားမှဆင်းသောအခါ လူသူပြတ်လပ်သော ကန်တိုမင်နယ်အတွင်းသို့ ရောက်၍နေလေ၏။ မြို့သူမြို့သားများသည် မိမိအပေါ်၌ ဒေါသအမျက် ထွက်၍နေသည်ကို သိသော်ငြားလည်း မိမိ၌အပြစ်မရှိဟူသောစိတ်သည် ရဲရင့်ခြင်းကို ဖြစ်စေလျက် လူသူများသောမြို့တွင်းသို့ ပြန်၍ဝင်ခဲ့လေရာ ဆာလောင်လှသဖြင့် လက်ဘက်ရည်ဆိုင်တစ်ဆိုင်သို့ဝင်လေရာ လက်ဘက်ရည်ဆိုင်သို့ရောက်သောအခါ မိမိရုပ်ပုံပါရှိသော သတင်းစာတစ်စောင်ကို ကိုင်ဖတ်လျက် ထက်သန်စွာပြောဆို၍နေသော လူတစ်စုကို တွေ့ရသည်။

''ဒီအကောင်ဟာ ဦးထွန်းသိန်းကို အမှန်သတ်တာပဲ၊ မတရားသဖြင့် လွှတ်ပစ်ကြတာလား''

တစ်ယောက်က။ ။ ''အခု သည်အကောင် ဘယ်ကိုသွားသလဲ မသိဘူး''

တစ်ယောက်က။ ။ ''ဘယ်သွားမလဲ၊ သူရတဲ့ငွေတွေကို သိုဝှက်ဖို့ သွားမှာပေါ့''

တစ်ယောက်က။ ။ ''သည်အကောင်တော့ တစ်နေ့နေ့ ဝိပါက် လည်မှာပဲ''





စသည်ဖြင့် ပြော၍ နေကြလေရာ မိမိအပေါ်၌ အဘယ်မျှလောက် အငြိုးကြီး၍နေကြသည်ကို မောင်သာရသည် သိလေ၏။ မိမိအပေါ်၌ လူအများ မုန်းထားကြသည်ကို သိရှိသော်လည်း ယခုလောက်ကြီးမားစွာ မျက်ကြုတ်အားကျသည်ကိုကား ယခုမှ သိရလေ၏။ ထိုသူတို့သည် မိမိကို ရုတ်တရက် သတိ▬ထားမိကြသေးချေ။ မတော်တဆ သိကြချေက အဘယ်ပုံပြုကြမည်ကို မသိရချေ။ သို့ဖြစ်သောကြောင့် မောင်သာရသည် ထိုဆိုင်၌ ကြာရှည်စွာ မရပ်ဘဲ ထွက်ခွာ၍ သွားလေ၏။

လမ်းသို့ရောက်သောအခါ လူနှစ်ယောက်သည် အောက်ပါအတိုင်း ပြော၍ သွားကြလေ၏။

တစ်ယောက်က။ ။ ''တရားဥပဒေဆိုတာ ယခုခေတ်ကာလမှာ တရားသူကြီးသဘောတစ်ခုပါပဲကွယ်''

တစ်ယောက်က။ ။''ဦးထွန်းသိန်းကို သတ်တဲ့အကောင် ထက်တော့ အမှုထင်ရှားတာ မရှိဘူး''

ထိုစကားများကို ကြားရသောအခါ မောင်သာရသည် မိမိအပေါ်၌ ပြည်သူတွေ အဘယ်ပုံစီရင်ချက် ချထားကြသည်ကို သိရလေ၏။ တရားသူကြီးနှင့် ဂျူရီက အဘယ်ပုံပင် သဘောရသော်လည်း ပြည်သူ၏သဘောမှာ ပြောင်းလဲ၍မရကြောင်း သိရလေ၏။ ၎င်းတို့၏စကားများသည် မိမိကို ဆေးဖော် ကြောအက် မလုပ်လိုသောစကား၊ ဘိုင်ကော့ပြုလုပ်သော စကားများဖြစ်ကြောင်းကို သိရလေ၏။

ထိုအခါ လူလုံးလုံးကြီးပြတ်သော လမ်းထောင့်တစ်ခု၌ ထိုင်၍နေသော လက်ဆွဲလမ်းလျှောက် ကာဖီရောင်းသမားထံမှ ကာဖီကိုဝယ်၍သောက်ပြီးလျှင် ကောလိပ်ကျောင်း၌ရှိသော မိမိ၏



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများသည် မိမိကို ဤကဲ့သို့လျှောက် ပစ်ပစ်ခါခါ ပြုကြလိမ့်မည် မဟုတ်ဟု သဘောထားပြီးလျှင် ၎င်းတို့ထံသို့ သွားလေရာ မေးထူးခေါ်ပြောကိုမျှပင် အနိုင်နိုင် အဖက်လုပ် ကာ တုံ့ပြန်စကား မပြောကြသည့်အပြင် မိမိနှင့်ကြာရှည်စွာ တွေ့ကြုံစကားပြော လိုသောဆန္ဒ မရှိကြကြောင်းကို သိရလေ၏။

ထိုအခါ မိမိမှာ ရာဇဝတ်ဘေးမှ လွတ်မြောက်ချမ်းသာရာ ရသော်လည်း ထို့ထက်ကြောက်မက်ဖွယ်ကောင်းသော ပြည်သူတို့၏ မုန်းထားခြင်းဘေးမှ မလွတ်နိုင်ကြောင်းကို သိရလျက် များစွာအနေကျုံ့စပြုလေ၏။ မိမိ၏ ဦးခေါင်းဝယ် တိမ်ပုပ်ကြီး ဖိစီးလျက် နေစရာ ရှာ၍မရသကဲ့သို့ဖြစ်လေ၏။

မောင်သာရမှာ ဘီအယ်လ်ကို ဆက်လက်၍ဝင်ရန် အကြောင်းမညီညွတ်သောကြောင့် ရှေ့နေဖြစ်ဖို့ရန် ခက်ခဲ၏။ ရှေ့နေပင် ဖြစ်စေကာမူ တိုင်းသူပြည်သားများက မိမိကို ဘွိုင်ကော့ပြုလုပ်၍ ထားတော့မည်ဖြစ်သောကြောင့် ကျေးဇူး ရှိတော့မည် မဟုတ်ချေ။ ယခုမှာ အလုပ်တစ်ခုခုကို လခစား လုပ်၍ စားနိုင်ဖို့ရန် ပညာလုံလောက်စွာ ရှိသော်လည်း မြန်မာ ကုမ္ပဏီတိုက်ဟူသမျှတို့အနက် မည်သည့်တိုက်ကမျှ မိမိကို အလုပ်ပေးဖို့ရန် မရှိချေ။ အင်္ဂလိပ်တိုက်များမှာလည်း ၎င်း၏ အမှုအကြောင်းကို အင်္ဂလိပ်သတင်းစာများ၌ သေချာစွာ ပါရှိသောကြောင့် ထင်ရှားစွာ လူသတ်မှုကို ပြုသောသူအပေါ်၌ ရာဇဝတ်ပြစ်မှုပင် မရှိစေကာမူ ၎င်းကို လူကောင်းသူကောင်း အဖြစ်နှင့် အသုံးပြုတော့မည် မဟုတ်ချေ။

၎င်းမှာ အထောက်အပံ့ပြုရန် ဆွေမျိုးဉာတိမရှိ





နောက်ဆုံး ထောက်ပံ့၍နေသူမှာ ကွယ်လွန်အနိစ္စရောက်တော့ သည် ဖြစ်သောကြောင့် အားကိုးရန် မည်သူမျှ မရှိတော့ သည့်အကြောင်းကို တွေးလိုက်သောအခါ အတွယ်အတာ တစ်စုံတစ်ရာမျှ မရှိဘဲ ရေနက်ထဲသို့ကျကာ မြုပ်ရတော့မည့် ဆဲဆဲဖြစ်သောသူကဲ့သို့ ဖြစ်၍နေလေ၏။

၎င်း၏ဖခင်မှာ အလွန်တရာ ပညာတတ်သော အငြိမ်း စား မြို့အုပ်ကြီးတစ်ယောက်ဖြစ်၍၊ ၎င်း၏မိခင်မှာလည်း အများ ချစ်ခင်လေးမြတ်ခြင်းကိုခံရသော မိန်းမမြတ် ဖြစ်လေရာ မောင် သာရကို ရင်ခွင်၌ ပွေ့ပိုက်ကာ မွေးမြူလာရသော အကလေး သူငယ်၏ဘဝမှစ၍ မွန်မြတ်သောစိတ်နေသဘောထားကို သွန်သင်ပြသခဲ့သူဖြစ်လေ၏။ ၎င်းတို့နှစ်ယောက်စလုံး ကွယ်လွန် အနိစ္စရောက်ကြသောအခါ ပုသိမ်မြို့၌ ပရိက္ခရာ ရောင်းလျက် နေသော ဦးကြီး–အရီးတို့က ၎င်းကိုကြည့်ရှုကာ အတတ်ပညာကို ဆက်၍သင်ပေးနေကြလေရာ အရီးမှာ ကွယ်လွန်ပြန်သဖြင့် ဦးကြီးမှာ နောက်မိန်းမနှင့် လက်ဆက်ရလေ၏။ ထို့နောက် မပျက်မကွက် ဆက်လက်ပညာသင်ပေးခဲ့ရာ နောက်ဆုံး၌ ဦးကြီးသေဆုံးလေလျှင် သွေးသားမတော်စပ်သူ အရီးမှာ နှုတ်သာပါလျက် လက်မပါဘဲ လစ်လျူရှုစ ပြုလာရာတွင် ထိုကဲ့သို့ အမှုအခင်း ဖြစ်ပွားသောအခါ ခိုကိုးရာ လုံးလုံးကြီး ကင်းမဲ့၍ နေလေ၏။

မောင်သာရသည် တစ်ကိုယ်တည်း အကြံရကျပ်လျက် လမ်းနံဘေးတွင် ထိုအကြောင်းကို ထိုင်၍စဉ်းစားနေခိုက်တွင် ပူအိုက်သောရင်ခွင်၌ လေပြေကလေးရိုက်ခတ်၍လာသည့်အလား မြေ့မြေ့ကလေး အေး၍လာလေ၏။

www.burmeseclassic.com



ထိုအခါ ထိုင်ရာမှ ရုတ်တရက်ထပြီး ဘယ်သူပင်ငါ့ကို သပိတ်မှောက်စေကာမူ တင့်တင့်သည် ငါ့ကိုသပိတ်မှောက်မည် မဟုတ်။ တင့်တင့်သည် ထိုပြစ်မှုကို ငါပြုသည်ဟု အဘယ်နည်းနှင့်မျှ တွေးတောမည်မဟုတ်ချေ။ မည်သူက မည်သို့ပင် ငါ့အပေါ်၌ ထင်စေကာမူ တင့်တင့်တစ်ယောက် မထင်လျှင် တော်ပြီ။ တင့်တင့်၏အချစ်သည် ကျယ်ဝန်းသော ဥယျာဉ်ကြီး ဖြစ်၏။ ကမ္ဘာလောကကြီးတစ်ခုလုံးက ငါ့ကို လက်မခံဘဲ အဘယ်သို့ပင် ငြင်းဆန်စေကာမူ ထိုမွန်မြတ်သော နတ်ဥယျာဉ်၌ ငါသည် ပျော်ပိုက်စွာနေနိုင်၏။ တင့်တင့်ထံကို ခုအမြန် ငါသွား မည်ဟု စိတ်ထဲ၌ အကြံပြုပြီးလျှင် ရန်ကုန်မြို့အရှေ့ပိုင်းရှိ ပွဲစားကြီးဦးခင်၏သမီး တင့်တင့်ထံသို့ အမြန်သွားလေ၏။

မောင်သာရသည် ထိုအိမ်သို့ ညနေချမ်းအချိန်တွင် ရောက်သွားလေ၏။ မောင်သာရသည် အိမ်ရှေ့ခန်း၌ တစ်ယောက်တည်းရပ်ကာ ဘိုမကျ မြန်မာမကျ နည်းစနစ်မကျ သော တုပခြင်းဖြင့် ခင်းကျင်းကာရံ၍ထားသော အဖိုးတန် ပစ္စည်း ဝင်းထိန်တောက်ပစွာတို့ကို ကြည့်ရှုကာ မနှစ်လိုသော အမူအရာနှင့်နေလေ၏။ သို့သော်လည်း ထိုကဲ့သို့သော ခင်ကျင်း ဆင်ယင်ခြင်းမျိုးသည် ရန်ကုန်မြို့ဂုဏ်သရေရှိ မြန်မာလူမျိုး အပြောက်အမြားတို့၏အိမ်၌ တွေ့ရမြဲဖြစ်လေရာ မောင်သာရ သည် မယဉ်မရိုင်းဖြစ်သော အိမ်ရှင်တို့၏ စိတ်နေသဘော ထားကို ထိုအထိမ်းအမှတ်များဖြင့် လွယ်ကူစွာ မသိနိုင်ဘဲ နေလေ၏။

အတန်ကြာစွာ ရပ်၍နေလေရာ အတွင်းခန်းမှ ရယ်မော စကားပြောဆို၍နေကြသောအသံများကို ကြားရလေရာ ထိုအသံများထဲတွင် တင့်တင့်အသံများကို ထင်ရှားစွာ ကြားလေ





ရာ တင့်တင့်၏ရွှင်လန်းလတ်ဆတ် ပန်းစကလပ်ပမာ ချစ်ဖွယ် ကောင်းလှစွာသော မျက်နှာကလေးကို မြင်ရပေတော့မည်ဟူ၍ တွေးတောကာ အားတက်၍နေလေ၏။ ယင်းကဲ့သို့ နေသော အခိုက်တွင် အစေခံမိန်းမပျိုတစ်ယောက်သည် ထွက်ပေါ်၍ လာလေရာ တင့်တင့် ရှိသလားဟု ဆီး၍ မေးလေ၏။

အစေခံမိန်းမပျိုသည် မောင်သာရ၏မျက်နှာကို အံ့အား သင့်သော အမူအရာဖြင့်ကြည့်လေ၏။ ၎င်းသူငယ်မ၏မျက်နှာ၌ ပေါ်ပေါက်၍လာသော အမူအရာမှာ တစ္ဆေသရဲကို မြင်ရသဖြင့် ထိတ်လန့်သော အမူအရာနှင့် တူလေ၏။

''ဪ.....ကိုသာရပါကလား၊ ခဏနေပါဦး၊ မမ ရှိပါတယ်''

ဟုပြောပြီး အခန်းတွင်းသို့ ဝင်သွားလေ၏။ အတန်ကြာ စွာ စောင့်၍နေသောအခါ ‌ ‌ စွာဝတ်ဆင်လျက် တင့်တင့်သည် ထွက်လာပြီးလျှင် မောင်သာရ၏ရှေ့၌ ရပ်ကာနေလေ၏။

မောင်သာရသည် ၎င်းကိုမြင်ရသောအခါ မိမိ၏ မျှော်လင့်ချက်နှင့် များစွာကွဲပြားသည်ကို တွေ့ရှိရလျက် ရင်ခွင်၌ ဘနွေးနွေးသော မျှော်လင့်ခြင်းသည် အေးစက်စက်ဖြစ်၍ သွားလေ၏။ အကြောင်းမူကား တင့်တင့်သည် အနည်းငယ်မျှ စိတ်အားထက်သန်ခြင်း မရှိ။ မောင်သာရ၏မျက်နှာကိုလည်း မကြည့်ဘဲ အခြားသို့ ဖယ်လွှဲကာ ကြည့်၍နေလေ၏။

သာရ ။ ။ ''တင့်တင့်၊ မင်းပို့တဲ့ ဆုတောင်းမေတ္တာကြောင့် ထင်ပါရဲ့၊ ကျုပ်ဖြင့် အံ့ဖွယ်ရာနည်းနှင့် လွတ်ပြီး လာခဲ့ပါတယ်၊ မင်း သတင်းစာများကို မဖတ်မိ ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



တင့်။ ။ ''ဟုတ်ကဲ့၊ ဖတ်မိလိုက်ပါတယ်''

ဟု အေးဆေးစွာပြောလျက် မောင်သာရ၏မျက်နှာ ကို ကြည့်လေ၏။

သာရ။ ။ ''ကျုပ် အခုဖြင့် ကွင်းလုံးကျွတ် လွတ်လာခဲ့တာပဲ၊ လွတ်လျှင်လွတ်ခြင်း တင့်တင့်တစ်ယောက်ဖြင့် ဝမ်း မြောက်လိမ့်မယ်လို့ အားကိုးပြီး ကျုပ် အဆော တလျင် လာခဲ့ပါတယ်၊ တင့် ဝမ်းမသာဘူးလား''

ဟုပြောကာ အပါးသို့ ကပ်လာလေ၏။

တင့်တင့်သည် နောက်သို့ဆုတ်ရင်း–

''ကိုသာရ လွတ်လာတာကို ကျွန်မ ဝမ်းသာ ပါတယ်''

သာရ။ ။ ''ကျုပ်မှာတော့ အပြစ်မရှိပါဘူး၊ မင်းစိတ်ထဲက ကျုပ်ကို အပြစ်ရှိတယ်လို့များ ထင်သလား တင့်ရဲ့''

တင့်။ ။ ''ကျွန်မကတော့ မထင်ပါဘူး၊ သို့သော်လဲ ဖေဖေ မေမေတို့က တစ်မျိုးထင်ကြတယ်၊ အခြားလူများ ကလဲ ဒီလိုပဲ ပြောနေကြတာပါပဲ၊ သတင်းစာတွေ ကလဲ အင်မတန်ရေးနေကြတယ်''

သာရ။ ။ ''ဘယ်သူက ဘယ်လိုပဲထင်ထင်၊ တင့် မထင်ရင် တော်ပြီ''

တင့်။ ။ ''ကျွန်မက မထင်ပေမယ့် အများက ထင်နေကြတော့ အင်မတန် ခက်တာပါပဲ၊ ဖေဖေတို့ မေမေတို့က သာပြီးခက်ပါတယ်၊ အခုလဲ ဧည့်သည်တွေ ရောက် နေတာနဲ့ အထဲမှာ စကားပြောပြီး နေကြတယ်၊ ကိုသာရ ဘယ်ကိုသွားမလို့လဲ''





သာရ။ ။''မပြောတတ်သေးဘူး၊ ဘယ်ကိုသွားပြီး ဘာကို ကြံရမယ်မသိဘူး၊ လွတ်လာသည့်အတွက် မင်း ဆီကို လာတာပါပဲ''

တင့်။ ။ ''ထိုင်ပါဦးလေ၊ ကျွန်မ ဖေဖေတို့ကို သွားပြီးပြောပါ ဦးမယ်၊ ကျွန်မ ကိုသာရကို တွေ့ရအောင် ထွက်လာ တာ သူတို့မသိဘူး၊ အိမ်ရှေ့မှာ ဧည့်သည်တစ် ယောက် လာတယ်ဆိုလို့ ထွက်ပြီး ကြည့်တာပါပဲ''

ဟုပြောပြီး အခန်းထဲသို့ ဝင်သွားလေ၏။

မောင်သာရသည်ကား မျှော်လင့်ခြင်း၏ ရောင်ခြည် ကလေးမှာ တိမ်ပုပ်ကြီးအုပ်၍ လာသလိုဖြစ်ပြီးလျှင် မထိုင်ဘဲ မတ်တတ်ရပ်ကာ ကျန်ရစ်လေ၏။ အတန်ကလေးကြာသော အခါ ပွဲစားကြီးဦးခင်တစ်ယောက်တည်း ထွက်၍လာလေ၏။ တင့်တင့်မှာ အတွင်း၌ ကျန်ရစ်လေ၏။

ပွဲစားကြီး။ ။ ''မောင် လွတ်လာမှုကိုး၊ ကောင်းပါလေရဲ့ကွယ်၊ ဦးကြီးတို့လဲ မောင့်အတွက် အတော်စိတ်ပူရတာပဲ၊ နောင်သည့်လို မဖြစ်အောင် သတိထားပါကွယ်၊ လူဆိုတာ လောဘ အလိုကို လိုက်ရင် မှားတတ်တာ ပဲ၊ သည်တစ်ခါ ဆရာလို့ သဘောထားလိုက်ပါ၊ မောင်တို့လို ပညာအရည်အချင်းနဲ့ ပြည့်စုံတဲ့လူများမှာ ငွေကြေးဆိုတာ မရှားပါဘူး၊ သည်လိုအကြံမျိုးကို ဘယ်တော့မှ စိတ်မကူးပါနဲ့၊ နောက်ဆုံးကျတော့ သူတစ်ပါး အပူရေဆိုတာ မိမိလက်ထဲမှာ အမြဲနေ တာ မဟုတ်ဘူး၊ ပါနီထဲကလာ ပါနီထဲသွား ဆိုတာ လိုပဲ အခုလို အမှုအခင်းဖြစ်တော့ ကြံရစည်ရတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကုန်ရော့မဟုတ်လား''

သာရ။ ''ကျွန်တော် မလုပ်ပါဘူး ဦးရဲ့၊ မဟုတ်မမှန် ဖြစ်ရတဲ့အမှုပါ၊ အခုလဲ ကျွန်တော် လွတ်လာပါပြီ''

ခင်။ ။ ''အေးလေ၊ လွတ်တာက တစ်ဌာနကလားကွဲ့၊ မောင်က မဟုတ်ဘူးဆိုပေမယ့် တိုင်းပြည်က ဟုတ်နေတော့ အခက်သားကပဲ၊ သို့သော် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သေတဲ့လူဟာလဲ အကုသိုလ်မကင်းလို့ ဖြစ်ရတာပဲ၊ ပြီးတာပြီးစေ နောင်မိသားဖသားပီပီ ရှာဖွေလုပ်ကိုင် အသက်မွေးတာပေါ့၊ သို့သော်လဲ ဒီမြို့ဒီဒေသမှာတော့ တယ်ပြီးနေရာကျတော့မယ် မဟုတ်ဘူး၊ မောင့်အကြောင်းကို သိတဲ့လူက များနေတယ်၊ သည်တော့ ဦးကြီး အကြံပေးမယ်၊ နာမည်နေရပ် ပြောင်းပြီး တစ်မြို့တစ်ရွာမှာ လူကောင်း လုပ်ပေရော့။ ဦးကြီးတို့လဲ ကိစ္စများနေသေးတယ်၊ မောင့်ကို မေတ္တာတော့ ရှိပါရဲ့၊ သို့သော်လဲ လူနဲ့သူနဲ့ နေကြတာမို့ မောင်ဝင်တာထွက်တာကို သူတစ်ပါး မြင်မှဖြင့် ဦးကြီးတို့မှာ လက်ညှိုးထိုး ခံရမှာကို စိုးရပါတယ်၊ အထက်ထက်က အပေါင်းအသင်း အသိအကျွမ်း ဖြစ်ရသည့်အတွက် ဦးကြီးတို့မှာ စောင်မတဲ့ ဝတ္တရားတော့ ရှိပေတာပဲ၊ အဲသည်အတွက် မောင် စရိတ်စက ဆိုတာကို ငွေကလေး တစ်ရာ၊ ကိုးဆယ်လောက် ဦးကြီး မပါ့မယ်၊ ဦးကြီးတို့ မရှိင်းပါဘူး၊ ရန်ကုန်မှာတော့ မနေနဲ့ မောင်၊ တိုတိုပြောလိုက်မယ်ကွယ်၊





မောင် သည်အိမ်ကို လာတာကို တယ်ပြီးသဘောမကျကြဘူး ဆိုပါတော့ကွယ်''

ဟုဆိုကာ အခန်းထဲသို့ ဝင်မည် ပြုလေ၏။

သာရ။ ။ ''ဦး ထောက်ပံ့မယ်ဆိုတာကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ သို့သော်လဲ ထောက်ပံ့ဖို့ မလိုပါဘူး ခင်ဗျာ၊ ကျွန်တော်လဲ သည်မြို့က ဘယ်မှ မသွားနိုင်သေးပါဘူး၊ ကျွန်တော့်အပေါ်မှာ နာမည်ဆိုးဖြစ်နေတာကို ရှင်းအောင် လုပ်ရပါဦးမယ်ခင်ဗျား၊ သည်အမှုမှာ သတ်တဲ့လူကို ပေါ်အောင် စုံစမ်းရမှ ကျွန်တော် ကျေနပ်ရဖို့ ရှိပါတယ်၊ ကျွန်တော့်ကို အခွင့်ပြုပါခင်ဗျား၊ ကျွန်တော် သွားပါတော့မယ်''

ဟုပြောပြီး အိမ်မှထွက်သွားလေရာ ပွဲစားကြီးသည် ၎င်းကိုကြည့်ကာ စဉ်းစားလျက် နေရစ်လေ၏။

မောင်သာရသည် တင့်တင့်တို့အိမ်မှ ထွက်လာသောအခါ မခံမရပ်နိုင်သောစိတ် ပေါ်ပေါက်၍ လာလေ၏။ မခံချင်သောစိတ်သည် အထူးပဲ လွန်၍လာလေရာ ငါသည် ယခုကဲ့သို့မနေ၊ ငါ၏နာမည်ကို ပြန်၍ကောင်းအောင် လုပ်မည်။ ရာဇဝတ်ဖြစ်မှု ကျူးလွန်သူကို ငါ တွေ့အောင်ရှာမည်။ 'ယောကျ်ားတံခွန် ပုရည်ချွန်က၊ ကောင်းကင်တမွတ် ကြယ်ကိုဆွတ်၊ မလွတ် စတမ်းမြေလမ်း' ဆိုတဲ့စကားကို အဘယ်မှာ ထားရမည်နည်း။ ဤပြည်သူအရပ်သား လူအများတို့သည် ဟုတ်ရာမှန်ရာကို သိတတ်သူ နည်းပါး၏။ အများယောင်၍ ယောင်သူသာ များ၏။ ဤလူယောင်တွေ များစွာတို့အား မှားတာကို ငါပြမည်။ လူရိုးကို လူဆန်း ဟုထင်၏။ လူဆန်းကို လူရိုးဟု ထင်ကြ၏။ မဟုတ်

www.burmeseclassic.com



တာကို ပြောလျှင် ယုံ၏။ ဟုတ်တာကို ပြောလျှင် ပုန်း၏။ အလိမ်အကောက် ခံရသည့်အခါ ငြိမ်သက်စွာနေကြ၏။ ရိုးသောအရာကို ရိုးသောကြောင့် မနှစ်သက်။ ဆန်းသောအရာကို ဆန်းသောကြောင့် နှစ်သက်လိုလားကြကုန်၏။ အဆန်းကြိုက်တဲ့ အကန်းအမိုက်တွေဟာ အရမ်းလိုက်ဖို့၊ အရမ်းယောင်ဖို့သာ သိကြလေသည်။ ၎င်းတို့သည် ယခုအခါ ငါ့အပေါ်၌ ဝိုင်းအုံ၍ လက်ညှိုးထိုးကြ၏။ ငါ့အား များမကြာမီ လက်ညှိုးတစ်ချောင်း ထိုးရာမှ လက်ကိုးဖြာ ပေါင်း၍ထိုးရအောင် ငါသည် အစွမ်းကုန် ကြံဆောင်မည်။ လူကြံလျှင် ခံနိုင်ရိုးလား စသည်ဖြင့် စိတ်ကို တင်းကာ မိမိအထက်ကနေသော ထမင်းဆိုင်အခန်း၌ရှိသော မိမိ၏အဝတ်အစား ပစ္စည်းများကို သိမ်းရန်သွားလေ၏။

ထမင်းဆိုင်သို့ရောက်သောအခါ ဆိုင်ရှင်မိန်းမကြီးအား မိမိ၏အခန်းတံခါးကို ဖွင့်၍ပေးရန် ပြောလေ၏။

မိန်းမ။ ။ ''မောင်ရင် ပေါ်လာမှကိုး၊ အခု ဘာများ အလိုရှိသလဲ''

သာရ။ ။ ''ကျွန်တော့်ပစ္စည်းများကို သိမ်းမလို့ပါ''

မိန်းမ။ ။ ''ကောင်းပါလေရဲ့၊ သည်အခန်းကိုလဲ ငှားပြီးသားမို့ ခပ်မြန်မြန် ရှင်းမှတော်မယ်''

သာရ။ ။ ''အခုတစ်ည မအိပ်ရဘူးလားခင်ဗျာ''

မိန်းမ။ ။ ''အဒေါ်သဘောကို ပြောရမှာဖြင့် သည်အခန်းကို မြန်မြန်ပြန်ပြီး လိုချင်တာပဲ၊ သို့သော်လဲ ငှားပြီးတဲ့ သူငယ်များ ယနေ့ည မရောက်လာရင် မောင်ရင် တစ်ညတော့ အိပ်နိုင်ပါသေးတယ်၊ နက်ဖြန်နံနက် ကျရင်တော့ မထားနိုင်ဘူး''

ဟုပြောကာ အပေါ်ထပ်သို့တက်ပြီး အခန်းကို ဖွင့်၍ပေးလေ၏။



မောင်သာရသည် လက်ဘက်ရည်တစ်ခွက်နှင့် မုန့်နှစ်ရုပ်ကို မှာလေရာ မိန်းမကြီး ဆင်း၍သွားပြီးနောက် မကြာမီ ကုလားတစ်ယောက်သည် လက်ဘက်ရည်ကို ယူ၍လာလေ၏။

ထိုအခါ အေးမြသော ဆောင်းညဥ့်ဖြစ်သဖြင့် မောင်သာရသည် တံခါးများကိုပိတ်၍ ဖယောင်းတိုင်ကို ထွန်းပြီးလျှင် ပက်လက်ကုလားထိုင်တွင် ထိုင်ရင်း လက်ဘက်ရည်ပူပူကို မြိန်ယှက်စွာ သောက်လေ၏။ ယင်းကဲ့သို့သောက်ပြီးနောက် ဆေးတံ၌ ဆေးဘူးမှ ဆေးကြွင်းဆေးကျန်ကလေးများကိုထည့်ပြီး မီးညှိကာ ရှိုက်ဖွာလျက် ပက်လက်ကုလားထိုင်တွင် ဆန့်၍ နေလေ၏။ မောင်သာရသည် ခေတ္တမျှ သူမမြင်လူမမြင် လုံခြုံစွာ နေရခြင်း၏ စည်းစိမ်ကို နှစ်ခြိုက်စွာခံစား၍ နေရှာလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

မောင်သာရသည် ထိုထမင်းဆိုင်မှ ထွက်၍သွားရပြီးနောက် သုံးစွဲရန် ငွေကြေးနည်းပါးသဖြင့် မိမိ၏အဖိုးတန်သော အဝတ်အစားအချို့တို့ကို ပေါင်နှံရလေ၏။ ထို့နောက် ရန်ကုန်မြို့ အစွန်အနား၌ရှိသော မြန်မာထမင်းဆိုင်ကလေးတစ်ဆိုင်မှာ သေးငယ်ကျဉ်းမြောင်းသော အခန်းကလေးတစ်ခုနှင့် နေရရှာလေ၏။

တင့်တင့်ထံသို့ သွားရောက်ပြီးသည့်နောက် ပေါ်ပေါက်၍လာသော စိတ်အကြံသည် နောက်သို့မဆုတ်ဘဲ တစ်နေ့ထက်တစ်နေ့တိုး၍သာ ထက်သန်၍လာလေ၏။ သို့သော်လည်း အဘယ်ကစ၍ အဘယ်ပုံ ကြံရမည်ကို ပွေးဆ၍မရနိုင်ရှိရှာလေသတည်း။ မိမိအား အကြံပေးမည့်သူဟူ၍လည်း မရှိ၊ မည်သူအားကိုမျှ တိုင်ပင်ခြင်းကိုလည်း မပြုဝံ့ချေ။ မိမိ၏အကြံကို မိမိစိတ်ထဲ၌သာ သိုသိပ်ထားလျက် တကြိတ်ကြိတ်နေရ လေ၏။

တစ်နေ့သ၌ ရဲရင့်သောအကြံတပ်နု ပေါ်ပေါက်၍





သောလေ၏။ ထိုအကြံသည်ကား အခြားမဟုတ် မိမိ၏အမှုကို စစ်ဆေးစီရင်သော တရားသူကြီးဦးမြတ်စံ၏ထံသို့ သွားရောက်အကြံအစည် တောင်းရန် စိတ်အကြံဖြစ်လေ၏။ တရားသူကြီးဦးမြတ်စံသည် အလွန်တရာ ဖြောင့်မတ်လျက် ကြင်နာထောက်ထား သနားညှာတာတတ်သူတစ်ယောက် ဖြစ်ကြောင်းကို တစ်မြို့လုံး အသိဖြစ်လေရာ အဘယ်နည်းနှင့်မဆို မိမိအား အကြံကောင်း အစည်ကောင်းကို ရပေလိမ့်မည်ဟု မျှော်လင့်လေ၏။

တနင်္ဂနွေနေ့တွင် ဝင်ဆာလမ်း(ယခုရှင်စောပုလမ်း)ရှိ ဦးမြတ်စံ၏အိမ်သို့ ရောက်သွားလေ၏။ အိမ်ရှေ့ဧည့်ခန်းတွင် အတန်ကလေးကြာစွာ ရပ်၍စောင့်နေရာတွင် ကုလားအစေခံ တစ်ယောက် ထွက်၍လာရာ တရားဝန်ကြီး ဦးမြတ်စံ ရှိ၊မရှိကို မေးလေ၏။

ထိုအခိုက်တွင် တရားဝန်ကြီးသည် မိမိ၏သမီး တင်မေကြီးနှင့်အတူ နံနက်စာ စားပြီးနောက် စားပွဲတွင်ထိုင်လျက် စကားပြော၍နေလေ၏။ တင်မေကြီး၏မောင်ဖြစ်သူ မောင်သာဟန်သည်လည်း ဒါရ်ဂျီလင်မြို့မှ ကျောင်းပိတ်သဖြင့် ယခုပင်ရောက်၍ လာသောကြောင့် သုံးယောက်သား ပျော်ရွှင်စွာ စကားပြော၍ နေကြလေ၏။

သာဟန်။ ။ ''ဘယ့်နှယ့်လဲ ဖေဖေ၊ ဖေဖေ့ကို အတော်ပဲ ပြောဆိုနေကြပါလား၊ သတင်းစာတွေထဲမှာလဲ ကျွန်တော်ဖတ်ရတယ်''

တင်မေ။ ။ ''ဘာတွေ ပြောနေကြသလဲ ကိုကို''

[illegible] ။ ''ဟိုအမှုကြောင်းဟာပေါ့ သမီးရယ်၊ မတရားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တရားခံကို လွှတ်ပစ်တယ်လို့ ဆူကြပူကြတာပေါ့''

ဟန်။ ။ ''လွှတ်ပုံကလဲ အတော်ထူးဆန်းတာပဲ၊ သို့သော်လည်း ဖေဖေ သည်လူဟာ အမှန်သည်လောက်ဆိုးတဲ့အမှုကို ပြုမယ်မထင်ပါဘူး၊ အမှုကလဲ ထင်ရှားအားကြီးတယ်၊ ထင်ရှားလွန်းသည့်အတွက် ကျွန်တော် မသင်္ကာတာပါပဲ''

တင်။ ။ ''လောကမှာ မတွေးမတောတဲ့အရာတွေဟာ များစွာဖြစ်တတ်ပါတယ်၊ တိုင်းပြည်က သည်လူ အပေါ်မှာ သည်လောက်တောင် အငြိုးထားရင် သည်လူမှာ အပြစ်မရှိဘူးလို့ ထင်တာပဲ၊ ရန်ကုန်မှာရှိတဲ့ လူတွေဟာ အင်မတန် ရယ်စရာကောင်းတယ် ဖေဖေ၊ အပြောအဆို အဆူအညံ များပြီး ရောတတ်ယောင်တတ်တဲ့လူတွေ များတယ်၊ အတွေးအခေါ် ရှိသူက အတော်နည်းတာပဲ၊ သတင်းစာတွေကတောင် များရာကို လိုက်ပြီး မစဉ်းမစား၊ အကြိုက်ကို ရေးတတ်ကြပါတယ်၊ အခုခေတ်ကာလ သတင်းစာဆရာလုပ်ဖို့ရန် ပညာဉာဏ်အမြော်အမြင် မလိုဘူး၊ ပြည်သူအများ လိုလားတဲ့စိတ်ကို လိုက်ပြီး အလိုက်သင့်ရေး၊ အဆဲကလေး နည်းနည်းတတ်ရင် အယ်ဒီတာအတတ်မှာ တစ်ဘက်ကမ်းခတ်တယ်လို့ ဆိုရမှာပဲ၊ အခုအမှုမှာ သတင်းစာတွေက သာပြီး ကဲနေတာပါပဲ၊ သည်လူ အခု ဘယ်မှာများ နေရှာပါလိမ့်မလဲ မသိဘူး''

ဟန်။ ။ ''သည်လူကို အခု သပိတ်မှောက်ကြတယ်လို့





ကြားရတယ်၊ သူနဲ့ ဆေးဖော်ကြောဖက်လုပ်တဲ့ သူများ၊ သူ့ကို အလုပ်ပေးတဲ့လူများတောင် သပိတ်မှောက်ခံရတယ်လို့ ပြောနေကြပါကလား''

[illegible]။ ။ ''အင်း..... လူဆိုတာ တစ်ယောက်ထဲ ရှုံးတော့ အရှုံးလို့ ခေါ်တယ်၊ အများနဲ့ရှုံးတော့ ဝံသာနု ရက္ခိတလို့ ခေါ်တာကလား၊ နောက်ဆုံးကြတော့ ပြီးပြီး ပျောက်ပျောက် ဖြစ်သွားတာပါပဲ''

တင်။ ။ ''တင်မေကြီးဖြင့် သည်လူကို မမြင်ရဘဲနဲ့၊ အင်မတန်မုပဲ သနားတာပါပဲ''

ထိုအခိုက်တွင် အစေခံကုလားသည် စာကလေးတစ်စောင်ကို လာ၍ပေးလေရာ တရားဝန်ကြီးသည် ထိုစာကိုဖတ်ချက် များစွာအံ့အားသင့်သော အမူအရာကို ပြလေရာ တင်မေကြီးက အဘယ်လိုအကြောင်းများပါလိမ့်မလဲဟု ဖခင်ကို တောက်ပဝင်းထိန်သောမျက်လုံးများဖြင့် ကြည့်ပြီး–

''ဘာလဲ ဖေဖေ''

ဟုမေးလေ၏။

[illegible]။ ။ ''အင်မတန် ထူးဆန်းတာပဲ သမီးရေ၊ ဖေဖေတို့ သူ့အကြောင်းကို အခုပဲ ပြောနေရင်း ရောက်လာတယ်၊ ဘယ်လိုအကြောင်းလဲ မသိဘူး၊ ဖေဖေ ထွက်ပြီးကြည့်လိုက်ဦးမယ်''

ဟုပြောပြီး ထ၍ဧည့်ခန်းသို့ ထွက်လာလေရာ မောင်သာရ နှင့် တွေ့၍နေလေ၏။

တရားဝန်ကြီးသည် အံ့ခြေနှင့် မောင်သာရကိုကြည့်ပြီး တစ်ခုသောကုလားထိုင်မှာ ထိုင်လေ၏။ မောင်သာရကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရန် ကုလားထိုင် ပြလေ၏။ မောင်သာရသည် ငြိမ်သက်စွာ ထိုင်လေ၏။

စံ။ ။ ``မောင် ဘာအလိုရှိသလဲ''

သာရ။ ။ ``ဝန်မင်းကြီး သိတဲ့အတိုင်း ကျွန်တော့်မှာ အပြစ်မရှိဘဲ ဒုက္ခတွေ့နေရပါတယ်၊ ဘယ်မှလဲ ကျွန်တော် အလုပ်ကို မရနိုင်ဘူး၊ ကျွန်တော် စာမေးပွဲကို ဆက်လက်ပြီး ဝင်ဖို့လဲ အင်မတန် ခက်ခဲနေပါတယ်၊ သည်အတွက် ကျွန်တော် ၏အပေါ်မှာ အပြစ်မရှိကြောင်းကို တိုင်းပြည်သိအောင် ပြုချင်ပါတယ်၊ သည်အမှုမှာ သတ်တဲ့လူကို မတွေ့မချင်းရှာဖို့ စိတ်အကြံပြုထားပါတယ်၊ သို့သော်လဲ အခုအတွင်းမှာ အဘယ်ပုံ ကြံစည်ရမယ်ဆိုတာကို တွေးဆလို့ မရနိုင်အောင် ရှိနေတာပါပဲ၊ သည်အတွက် ဝန်မင်းကြီးလဲ ဆင်းရဲသူတို့ကို ထောက်ပံ့တတ်သူဖြစ်ကြောင်း သိတာနဲ့ ကျွန်တော် လာခဲ့တာပါပဲ''

စံ။ ။ ``ဘယ်လို ထောက်ပံ့ရမလဲ''

သာရ။ ။ ``အကြံအစည်ကလေးများကို ပေးနိုင်ရင် ပေးဖို့ရန် အသနားခံဖို့ လာတာပါပဲ''

စံ။ ။ ``အင်မတန်ခက်တယ်၊ ပြည်သူ၏ ထင်မြင်ချက် ဆိုတာ ခုခံဖို့ အင်မတန်ခက်တာပဲ၊ သတ်တဲ့လူကို စုံစမ်းလို့ ရဖို့ရန် အင်မတန်ခက်လိမ့်မယ်၊ ပုလိပ်တွေ စုံထောက်တွေ ရှာကြံလို့ မရတာကို မောင် တစ်ယောက်ထဲ ရှာကြံပေမယ့် အချိန်ကုန်ရုံရှိမှာပဲ''

ဟု မောင်သာရ၏မျက်နှာကို သေချာစွာ ကြည့်လျက် မိမိ၏





စီရင်ချက် မှားသည်၊ မှန်သည်ကို တွေးတောသကဲ့သို့ နေလေ၏။

သာရ။ ။``အခုလို မတရားသဖြင့် တစ်ပြည်လုံး အထင်ခံနေရခြင်းဟာ ကျွန်တော့်မှာ အင်မတန်ဝန်လေး ပါတယ်''

စံ။ ။ ``တစ်ရပ်တစ်နယ်ကို သွားပြီး နာမည်ကို ပြောင်းလဲ လုပ်ကိုင်ကြံစည် နေထိုင်ရင် သာ့ပြီးမကောင်းဘူးလား၊ ယိုးဒယားကို မောင်သွားရင် အင်မတန်မှ ကြီးပွားဖို့လမ်း ရှိတာပဲ''

မောင်သာရသည် စကားပြန်၍မပြောဘဲ စဉ်းစား၍ နေလေ၏။ ထိုအခိုက်တွင် တင်မေကြီးတို့မောင်နှမနှစ်ယောက် ထွက်၍လာကြလေရာ တရားဝန်ကြီးက ၎င်းတို့ကို မိမိ အနီးတွင် ခေါ်၍ အထိုင်ခိုင်းပြီး မောင်သာရ၏အကြောင်းကို ပြောပြလျက် မောင်သာရသည် မိမိနာမည်ကို စင်ကြယ်အောင် ပြုဖို့ရန်အတွက် သတ်တဲ့လူကို စုံထောက်ဖို့ ကြံစည်နေကြောင်း ပြောပြလေ၏။

တင်မေကြီးက မောင်သာရ၏မျက်နှာကိုကြည့်လျက်–

``အကောင်းသားပဲ ဖေဖေ၊ သည်ထက်ကောင်းတာ တော့ မရှိဘူး''

ဟုပြောလေ၏။

မောင်ဘဟန်။ ။ ``ယောက်ျားဆိုတာ ဒီလိုမှပေါ့ ဖေဖေရဲ့''

တရားဝန်ကြီး။ ။ ``ဖေဖေက တစ်ရပ်တစ်နယ်ကိုသွားပြီး နာမည်ပြောင်းနေဖို့ အကြံပေးတယ် မကောင်းဘူးလား''

တင်မေကြီး။ ။ ``သည်ဟာကတော့ လွယ်တဲ့နည်းပါပဲ ဖေဖေရဲ့''



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မောင်သာရသည် တင်မေကြီးနှင့် မောင်ဘဟန်ကို စိတ်ထဲ၌ ကျေးဇူးတင်ကာကြည့်ပြီး–

''ဝန်မင်းကြီး ပေးတဲ့အကြံအတွက် ကျွန်တော် အင်မတန်မှ ကျေးဇူးတင်တာပါပဲ၊ သို့သော်လည်း ကျွန်တော်မှာတော့ သည်အမှုကို ပေါ်အောင် မဖော်ရလျှင် ဘယ်အခါမှ စိတ်လေပျောက်တော့မယ် မဟုတ်ပါ၊ သည်အတွက် ကျွန်တော့်ဖြင့် အစွမ်းကုန် ကြိုးစားရတော့မှာပဲ၊ အခွင့်သာ ပြုပါတော့ ခင်ဗျား၊ ကျွန်တော် အလကားသက်သက်လာပြီး နှောင့်ယှက်သလို ဖြစ်နေတယ် ထင်ပါရဲ့''

ဟုပြောပြီး ထိုင်ရာမှထလျက် တင်မေကြီးနှင့်မောင်ဘဟန်ကို ကြည့်ကာ နှုတ်ဆက်သောအနေနှင့် ခေါင်းညိတ်၍ ပြုံးပြီးလျှင် ထွက်သွားလေ၏။ တရားဝန်ကြီးနှင့်အတူ မောင်နှမနှစ်ယောက်တို့သည်လည်း ထိုင်ရာမှ ထကြလျက် ခေါင်းညိတ်ကာ ၎င်းကိုကြည့်ရင်း ရပ်၍နေရစ်ကြလေ၏။

တင်မေကြီးပြောသော အနည်းငယ်မျှသောစကားတို့သည် မောင်သာရ၏စိတ်၌ ထက်သန်သော အားအရှိန်ကို တိုးတက်ပေါ်ပေါက်စေ၏။ ဤအမှုကို မပေါ်မချင်း စုံစမ်းရန် စိတ်အကြံသည် ထက်သန်စွာ တိုးတက်ကြီးမား၍ လာလေ၏။

♛ ♛ ♛





## အခန်း (၃)

မောင်သာရသည် မိမိ၏ကြီးကျယ်သောအကြံကို အဘယ်ပုံ အထမြောက်အောင် ကြံရမည်။ အဘယ်ကစ၍ အဘယ်ပုံ လိုက်လံစုံထောက်ရမည်ကို မကြံတတ်အောင်ရှိလေ၏။

ထိုအလုပ်သည် ကြီးမားဝန်လေးသောအလုပ် ဖြစ်လေရာ ငွေကြေးပြည့်စုံမှသာ တတ်နိုင်ဖွယ်ရာ ရှိလေ၏။ မောင်သာရမှာ အဝတ်အစားတို့ကိုသာ တစ်ထည်ပြီးတစ်ထည် ပေါင်နှံရလေရာ နောက်ဆုံး၌ မြို့ပုဆိုးအနုက်တစ်ထည်နှင့် သက္ကလပ်အကျႌ အနက်တစ်ထည်၊ ရုပ်အကျႌ နှစ်ထည်သုံးထည်မျှသာ ကျန်ရှိလေ၏။ ထိုကျန်ရှိသော အဝတ်အထည်တို့မှာ ပေါင်နှံ၍နေအောင် ဟောင်းနွမ်းသော အဝတ်အထည်များ ဖြစ်ကြလေရာ တစ်စတစ်စ မိမိ၌ ရှိသမျှသော စာအုပ်များကို ဖရေဇာ လမ်း(ယခု အနော်ရထာလမ်း)တွင်ရှိသော စာအုပ်ဆိုင်တစ်ဆိုင် သို့ သွားရောက်ရောင်းချရလေ၏။ ၎င်းစာအုပ်ဆိုင်ရှင်မှာ မြန်မာစကားကို ကောင်းစွာတတ်သော ရန်ကုန်မြို့သား



www.burmeseclassic.com

www.burmeseclassic.com



ရှေးမြန်မာကုလား လူဟောင်းကြီး တစ်ယောက်ဖြစ်လေရာ ၎င်း၏ စိတ်နေသဘောထားမှာ ဗုဒ္ဓဘာသာ မြန်မာအစစ်ကြီး တစ်ယောက်ကဲ့သို့ ဖြစ်၍နေလေ၏။ စင်စစ်မှာကား ၎င်းသည် ဇေဒဘာဒီ ခေါ် ကုလားကပြားမျိုး ဖြစ်လေ၏။

၎င်းဇေဒဘာဒီကုလားကြီး ဦးသာဖံသည် မကြာခဏ စာအုပ်များကို လာ၍ရောင်းသော မောင်သာရကို မျက်မှန်းတန်းလျက် မှတ်မိနေလေ၏။

နောက်ဆုံး၌ စာအုပ်များကိုလဲ ရောင်းချစရာ မရှိ။ လက်ထဲ၌ ကြေးစအနည်းငယ်သာ ကျန်ရှိလေရာ များစွာအကြံရ ကျပ်၍နေလေ၏။ ယင်းကဲ့သို့ အကြံရကျပ်၍နေလေရာ အဘယ်မှာမျှ အားကိုးရာ မရတော့သည်ဖြစ်သောကြောင့် မကြံတတ် မစည်တတ်သဖြင့် မြို့ထဲတွင် ညဥ့်တစ်ညဥ့်၌ ရောက်ရာ ပေါက်ရာသို့ လျှောက်သွားလေ၏။ ၎င်း၏စိတ်၌ လောကကြီး၏ ဆိုးသွမ်းရက်စက်ခြင်းအကြောင်းတို့ကို တွေးတောကာ သွားလေ၏။ အချို့သောဆိုင်များ၊ ဟိုတယ်များ၌ အဖိုးထိုက်တန်လှစွာသော အဝတ်အစားတို့ကို ဝတ်ဆင်ကာ၊ မော်တော်ကားရထားတို့နှင့်လာရောက် ဝယ်ခြမ်းသုံးစွဲ စားသောက်ပျော်ပါးကြသောလူများကို မြင်ရသောအခါ ဤလူများ မော်တော်ကား တစ်ပတ်စီးသော စရိတ်မျှကို မိမိကဲ့သို့ဆင်းရဲသော လူများစွာတို့ ရရှိကြလျှင် တစ်လစာ အသက်မွေးလောက်ကြောင်းကို တွေးတောလျက် မမျှမတသော လောကကြီး၏ အခြေအနေကို မုန်းထားလေ၏။ သို့ပင် မုန်းထားငြားသော်လည်း ဤလူတို့သည် မိမိကဲ့သို့သောသူတို့ အပြစ်မရှိဘဲ ဆင်းရဲဒုက္ခ တွေ့ရသည်ကိုပင် သိပါလျက် လစ်လျူရှုကြခြင်း မဟုတ်၊ အထင်အမြင်မှားခြင်း





ကြောင့်သာ မိမိကို ရက်စက်ပြုစု ပစ်ပယ်ကြလေသည်တကားဟု တရားနှင့် ဖြေရှုလေ၏။

သို့ပင်ဖြေရှုသော်လည်း မိမိအား ပစ်ပစ်ခါခါပြုလုပ်၍ သားကြသော ဤများစွာသောလူတို့သည် ဟုတ်ရာမှန်ရာကို နစ်နစ်ကာကာ တွေးတောခြင်း မပြု။ အများယောင်၍ယောင်ကာ အပြစ်မရှိသောသူတစ်ယောက်အပေါ်၌ နစ်နာအောင်ပြုကြလေသည်တကားဟု တွေးလိုက်ပြန်သောအခါ ကမ္ဘာလောကကြီး တစ်ခုလုံးသည် ရန်သူကဲ့သို့ ဖြစ်၍သွားလေ၏။ သို့သော်ငြားသည်း ကံသာအမိ၊ ကံသာအဖ သတ္တဝါတို့၌ ဖန်တီးစီမံအပ်သော ကံကြမ္မာသည် အခွင့်အလှည့် အားလျော်စွာ ကောင်းကျိုးမကောင်းကျိုးကို ပေးအပ်သဖြင့် ယောက်ျားတို့၏လုံ့လကို မလျှော့သောသူတို့မှာ မကောင်းသောကံကြမ္မာတည်းဟူသော ဒီဆိုင်ဝဲမှ တစ်နေ့တွင် လွတ်မြောက်ရမြဲဖြစ်သည်အကြောင်းကို တွေးလိုက်ပြန်သောအခါ တစ်ဖန် အားတက်၍လာပြီးလျှင် တင်မေကြီး၏ အားပေးစကားသည် တင်မေကြီး၏ချစ်ဖွယ်သော မျက်နှာကလေးနှင့်အတူတကွ မိမိရှေ့တွင် ပေါ်ပေါက်၍ လာလေ၏။ ထိုကဲ့သို့ ပေါ်ပေါက်၍လာသည့်အခါတိုင်း အားသစ်တစ်ဖန် ပြန်တက်၍လာသောကြောင့် တင်မေကြီးသည် ဤကြီးမားသော ဘဝန်၌ အသက်ဓာတ်သဖွယ် ဖြစ်၍နေလေ၏။

ယင်းကဲ့သို့ တစ်ကိုယ်တည်း လောက၌ ရှိသမျှသော သူတို့နှင့် စိတ်ထဲ၌ တစ်ခါတစ်ခါ ရန်ဘက်ဖြစ်ကာ တစ်ခါတစ်ခါ တရားနှင့် ပြုရှုလျက် အပြန်ပြန် အလှန်လှန် အဖန်ဖန်တွေးတောင်း သွားရာလေရာ ဆူးလေဘုရားလမ်း ဆိပ်ကမ်းတံတားသို့ ရောက်သွားလေ၏။ မောင်သာရသည် မြစ်ကမ်း၌တစ်ကိုယ် တည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသောမှောင်ရိပ်တွင် လက်ပိုက်ကာ ရပ်လျက် မြစ်ဘက်ကို မျှော်ကာနေလေ၏။ အေးမြကြည်လင်သော လေပြေသည် တဖျပ်ဖျပ် ဝေ့တိုက်ကာ မြစ်ပြင်၌ရှိသော ရေများကို တသဲသဲ ဆူညံလှုပ်ရှားစေ၏။ ထိုအခါ ၈-နာရီခွဲ ၉-နာရီခန့်အချိန်ဖြစ်လေရာ မြစ်ထဲ၌ လှုပ်ရှားသွားလာ၍ နေကြကုန်သော သမ္ပန်၊ တံကင်း၊ သင်္ဘောငယ်တို့သည် ဆူညံစွာ သွားလာလျက်ပင် ရှိကြလေ၏။ အားလပ်စွာ လေညင်းခံကြသောသူတို့သည်လည်း မအိပ်ကြသေးချေ။ မောင်သာရ ရပ်၍နေသောနေရာမှာမူ လူသူလေးပါး အတော်ကလေး ပြတ်သဖြင့် ငြိမ်သက်စွာ တွေးတော၍ နေရရှာသောသူမှာ တွေးတောခြင်းအလုပ်၌ အနှောင့်အယှက်လုံးလုံးကြီး ကင်းလျက် နေလေ၏။

အပင်ပန်းဆုံးသော သမ္မန်ခတ်သမားသည် ယခုအခါ မိမိထက် စိတ်လက်ပျော်ရွှင်သူဖြစ်သည်ဟု မောင်သာရစိတ်၌ အောက်မေ့မိရှာလေ၏။ ဓာတ်မီးတွေ တထိန်ထိန်နှင့် သိမ် အသရေကြီးစွာ ရပ်နား၍ နေကြကုန်သော သင်္ဘောကြီးများ၌ စံစား၍နေကြသောသူတို့မှာမူ အဘယ်ပြောဖွယ်ရာ ရှိပါအံ့နည်း။ အနီးအပါး၌ တေးဆိုကာ ကမ်းခြေတွင် လှူးလိမ့်လဲလျောင်းလျက် နေကြကုန်သော အိန္ဒိယတိုင်းသားအချို့တို့၏အသံကို ကြားရသောအခါ ဤသူတို့၌ ကြောင့်ကြပူပင်ခြင်းသောက ကင်းငြိမ်းကြလျက် ကြီးစွာသောသုခကို ခံစားကြရ၏။ ငါသည်ကား ကြောက်မက်ဖွယ်ကောင်းလှသော အပြစ်ဒဏ်မှ ကံကောင်းထောက်မသဖြင့် လွတ်မြောက်၍ လာပါလျက် မတရားသဖြင့် ဤမျှလောက်ဆင်းရဲပူပင် ငြိုငြင်၍ နေရလေခြင်း စသည်ဖြင့်





တွေးတောမိလေ၏။

ဘီအေ-ဘီအယ်လ်ကို အောင်ပြီးနောက် လူ့ပြည်တွင် လူတစ်လုံးလုပ်ကာ ရန်ကုန်မြို့တွင် သမ္မာထိန်လင်း ဝင်းဝင်း တောက်ပ၍ နေရမည့်အရေးကို တွေးတောမျှော်လင့်သမျှသော စိတ်တို့သည် ယခုအခါ အကုန်အစင် ပျောက်ပျက်ကာ ယခု လက်ငင်း စားသောက်နေထိုင်ရဖို့ အရေးအကွက် ပူပင်၍နေရန် မိမိ၏ဂုဏ်သတင်း နာမည်ပျက်စီးခြင်းကို ပြုပြင်မည်ဟူသော အစီအစဉ်၏အစား ယခုလက်ငင်း လူချင်းတူတူ သူချင်းမျှမျှ နေနိုင်ဖို့အရေးကို တွေးကြံ၍ မရနိုင်အောင် ရှိရှာလေ၏။ ၎င်း၏အဝတ်အစားသည် ကျနသားနားသော်လည်း ဟောင်းနွမ်း ယိုယွင်းလျက် လူထဲကို ဝင်ဖို့ရန်ပင် များစွာခက်၍ နေလေ၏။ အဘယ်သို့သွား၍ အဘယ်ကို ကြံစည်ရမည်နည်းဟူသော တွေးတောခြင်းမျိုးတို့သည် ဖြေရှင်း၍ မရနိုင်အောင် ပေါ်ပေါက်၍ လာလေ၏။

တစ်ခါတစ်ခါ ထက်သန်စူးရှစွာ အော်ဟစ်တေးဆိုသော စက်တကောင်းကုလားတို့၏အသံများကို ကြားရသောအခါ အားငယ်ငြိုငြင် စိတ်လက်မရွှင်ခြင်းသည် တိုးတက်၍လာလေ၏။ ထိုအသံတို့သည် မောင်သာရ၏စိတ်၌ အမင်္ဂလာသံများကဲ့သို့ ဖြစ်နေလေ၏။ စင်စစ်မှာသော်ကား မောင်သာရ၏စိတ်၌ ဤလောက လူ့ပြည်တစ်ခုလုံးသည် သုသာန်ကဲ့သို့ဖြစ်၍ နေလေ ၏။ မိမိ၏မျှော်လင့်အားကိုးရာ အသက်တမျှ ချစ်လှသော ခည်းစားတင့်တင့်ကိုယ်တိုင် မိမိကိုရှောင်ကြဉ်ကာ စွန့်ပယ်၍ သားလေရာ အသို့လျှင် ဖြေဖျော်ရာ ရနိုင်ပါမည်နည်း။ သို့သော် သည်း တင့်တင့်နှင့်တကွ တင့်တင့်၏ဖခင်ပွဲစားကြီး၏ စိတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သဘောထား သေးသိမ်ခြင်းအကြောင်းကို တွေးလိုက်ပြန်သောအခါ 'သူတို့က ငါ့အပေါ်မှာ ပစ်ပစ်ခါခါ ပြုသော်လည်း ဝမ်းမနည်းလောက်ပါဘူးလေ' ဟုမိမိ၏စိတ်ကို နှစ်သိမ့်အောင် ဖြေရှာလေ၏။

''မီးကလေး တစ်ခြစ် ပေးစမ်းပါခင်ဗျား''

ဟူသော အသံစကားကို မောင်သာရသည် ကြားရသဖြင့် နောက်သို့လှည့်ကာ ကြည့်လိုက်လေရာ သားနားစွာ ဝတ်စားထားသော ယောကျာ်းပျိုတစ်ယောက်ကို မြင်ရလျက် မိမိအိတ်ကို ကိုင်စမ်းကာ ခေါင်းခါလျက်

''မရှိပါဘူးခင်ဗျာ''

ဟု ပြန်ပြောလေ၏။

ထိုသူသည် အခြားသို့ ထွက်မသွားဘဲ အပါးသို့ တိုးကာ ကပ်လျက် မောင်သာရမျက်နှာကိုကြည့်ပြီး-

''ခင်ဗျား ဘယ်သူလဲ၊ ဘယ်ကလဲ''

ဟုမေးလေ၏။ မောင်သာရက-

''ယခုအခါမှာတော့ ဘယ်ကမှလဲ မဟုတ်ပါဘူး၊ ခင်ဗျားကျုပ်ကို ဘယ်အတွက် မေးပါသလဲ''

ထိုအခါ ၎င်းလူက-

''ခင်ဗျားမျက်နှာ တယ်ကြီးမသာယာ၊ ဘာအကြံများပြုနေသလဲဆိုတာကို သိချင်လို့ မေးတာပါ''

မောင်သာရက-

''ဟုတ်ကဲ့၊ ကျုပ်အခု စိတ်လက် တယ်ကြီးမချမ်းသာလို့ တစ်ယောက်ထဲ အကြံယူနေပါတယ်၊ ခင်ဗျားကော ဘယ်သူ လဲ''

''ကျုပ်ကတော့ သည်လိုပေါ့လေ၊ နေပါဦး ဘာအကြံ





လဲ၊ ခင်ဗျားအဖြစ်ကို ပြောစမ်းပါ''

မောင်သာရ။ ။ ''ကျုပ်အဖြစ်အပျက်ကိုပြောစရာ မလိုပါဘူး ကျုပ်ဟာ လူသတ်မှုက လွတ်လာတဲ့ မောင်သာရ ဆိုတာပါပဲ''

ထိုအခါ မေးလာသောသူသည် အံ့အားသင့်သောလက္ခဏာနှင့် နောက်သို့ ဆုတ်ခွာပြီး-

''ဩော်.....သိပြီသိပြီ၊ ခင်ဗျားမှာ ဘွိုက်ကော့ဆိုတာ ထိနေမှကိုး၊ အခုအလုပ်အကိုင်၊ မရှိသေးဘူး မဟုတ်လား''

မောင်သာရ။ ။ ''ခင်ဗျား ကျုပ်ကို အလုပ်ပေးမလား''

''သည်လိုလေ၊ စိတ်တူသဘောတူ လူချင်းကိုတွေ့လို့ ပြောရတော့မှာပေါ့၊ ကျုပ်လဲ လူကောင်းမဟုတ်ဘူး၊ သို့သော်လဲ ခင်ဗျား လောက်တော့နာမည်မဆိုးဘူး၊ သို့သော်ငြား လည်းဘယ်သူက ဘယ်လိုပဲပြောပြော ကျုပ်သဘောက အများသဘောနဲ့ သည်နေရာမှာအတော်ပဲ ကွဲလွဲပါတယ်၊ တစ်ကမ္ဘာလုံးကဘွိုက်ကော့ပြုပေမယ့် ကျုပ်သဘောမှာ မပေါင်းအပ်တဲ့လူရယ်လို့ မရှိပါဘူး၊ သူ့နေရာနဲ့ သူ့နေရာ ပေါင်းအပ်တဲ့ လူချည်းပါပဲ၊ သည့်အတွက်ခင်ဗျားကို ဘွိုက်ကော့လုပ်တဲ့အထဲမှာ ကျုပ်မပါပါဘူး၊ ဒါထက် အခု ခင်ဗျားမှာ ငွေမရှိဘူးမဟုတ်လား''

မောင်သာရ။ ။ ''ကျွန်တော့်မှာ ဆေးလိပ်သောက်ဖို့ ငွေ



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံ မရှိဘူး''

''သည်လိုပါ မိတ်ဆွေရဲ့၊ ဘယ်သူက ဘယ်လိုပဲ ထင်ထင် ဘယ်လိုပဲပြောပြော ချိုးမွမ်းရင် ၇-ရက်၊ ကဲ့ရဲ့ ၇-ရက်တဲ့၊ သည့်ပြင်လဲ ပုထုဇနော ဥပ္မာတကော ဆိုတာလို့ အရှုံးထကြလို့ ခင်ဗျား ကို သပိတ်မှောက်ကြတာပါ၊ သည်လူတွေဟာ မျိုးချစ်ပုဂ္ဂိုလ်တွေချည်းလဲ မဟုတ်ပါဘူး၊ ဘယ်သူ ဘယ်လို ဖြစ်ဖြစ် တို့မြေးအဘွားများ ချမ်းသာရင်ပြီးရောဆိုတဲ့ လူစုတွေလဲ အများကြီး ရှိပါတယ်၊ ကျွန်တော်ဟာ လူကောင်းမဟုတ်ဘူး ဆိုသော်လည်း အင်မတန် ဆိုးယုတ်မာတဲ့လူ တော့ မဟုတ်ပါဘူး၊ သူတို့လို ဟန်ဆောင် သမားတော့ မဟုတ်ဘူးလေ၊ ကိုယ်လို လူချင်း ဆင်းရဲနေတာကို တွေ့ရတော့ အင်မတန်ပဲ ကိုယ်ချင်း စာတတ်ပါတယ်၊ သည်တော့ ကျုပ်မှာ အလုပ်ကလေးတစ်ခု ရှိနေတဲ့အခိုက် မိတ်ဆွေနဲ့တွေ့ရတာ မိတ်ဆွေရဲ့ကုသိုလ်ပါပဲ''

သာရ။ ။ ''ဘယ်လိုအလုပ်ပါလဲ မိတ်ဆွေ''

''ခင်ဗျား သည်နေရာမှာ တယ်ကြီးမကျက် သေးပဲကိုး၊ အလုပ်ဆိုတာ ဟိုဟာမျိုးပေါ့ ခင်ဗျာ''

ဟု အပါးကိုကပ်ပြီး တီးတိုးသံနှင့်

''ခင်ဗျား လုပ်ပါ့မယ်လို့ ကတိထားမလား'' ဟုပြောလေ၏။





သာရ။ ။ ''လုပ်ပါတယ်၊ ပြောသာပြောပါ၊ နေရာကျရင် လုပ်ရတာပေါ့''

မောင်သာရမှာ အလွန်တရာဆင်းရဲခက်ခဲ ဤလူ့ပြည် လောကသည် တရားသဖြင့် အသက်မွေးဖို့ကောင်းတဲ့လောက မဟုတ်၊ မတရား အသက်မွေးပြီး လူတစ်လုံး လုပ်နိုင်မှ လူထဲမှာ လူဖြစ်ဖို့ ရှိသည်ဟု စိတ်ကိုလျှော့ကာ ထားပြီး တစ်ခဏအတွင်း ဆင်းရဲခြင်း၏ ဖိနှိပ်မှုကြောင့် စိတ်သဘောဆုတ်နစ်ခြင်းသို့ ရောက်စပြုပြီးလျှင် လူကိုပင် သတ်ရစေတော့ ထင်ရာကိုပြုပါ တော့မည်ဟု အောက်မေ့လေ၏။

''အလုပ်ဆို သည်လိုပါ မိတ်ဆွေရဲ့၊ တစ်ကိုယ်မှာ ထောင့်လေးငါးရာစီလောက် ရပြီဆိုမှဖြင့် ဘာပူစရာ ရှိမလဲ၊ မိတ်ဆွေ စွန့်ဝံ့ရင် 'ဘုံး'တဲ့အလုပ်ကလေး တစ်ခုကို လုပ်ဖို့ရန် အချက်ကောင်းတစ်ခု ပေါ်နေ တာကလား၊ ဘယ်လိုအချက်လဲဆိုတော့ ရေနံချောင်း က လင်မယားနှစ်ယောက် မိဘသဘောမတူဘဲ ညားပြီး ပြေးလာကြတယ်၊ အခု လမ်း ၄၀-ထဲမှာ အခန်းငှားပြီး နှစ်ယောက်ထဲ နေတာကလား၊ ယောကျ်ားလုပ်တဲ့ နွားက အရက်တွေ သောက်စား ပြီး မယားကို အိမ်မှာထား သွားချင်ရာ သွားနေတာ ပဲ၊ အခုညလဲ ဘိုင်အိုစကုတ်မှာ သန်းခေါင်တိုင်နေပြီး မိုတိုကား လျှောက်စီးလိမ့်မယ်၊ သူ့မိန်းမမှာ စိန်သုံး ထောင်ကျော် လေးထောင်ဖိုးလောက်ကိုဝတ်ပြီး အိမ်မှာ တစ်ယောက်ထဲ နေရရှာတယ်၊ သည်လောက်မိုက်တဲ့အကောင်ကို တစ်ခါမှ မကြုံဖူး

www.burmeseclassic.com



ဘူး၊ အကောင်မကလေးမှာ တထိတ်ထိတ် တလန့်လန့်နဲ့ နေရရှာတယ်၊ အင်မတန်သနားစရာ ကောင်းတာပဲ၊ အဲသည်ဟာထက် ကောင်းတဲ့အချက် ဟာဖြင့် မရှိဘူး၊ ကျုပ်မှာ အဖော် လိုနေတယ်၊ အခုအခါမှာ ယုံကြည်ရတဲ့အဖော် အင်မတန် ရှားတာကလား၊ မိတ်ဆွေတော့ မျက်နှာကို မြင်ရင် မြင်ချင်း ယုံကြည်ရမယ်ဆိုတာ ကျုပ် သိပါတယ်၊ ဘယ့်နှယ့်သဘောရသလဲ''

မောင်သာရသည် အတန်ကလေး စဉ်းစားပြီး 'ငါ မြစ်ထဲကိုခုန်ချပြီး သေလောက်အောင် စိတ်ဆက်ညစ်နေတဲ့ လူတစ်ယောက်ပဲ၊ သည်လောက်အလုပ်ကို ဘယ်အတွက် မလုပ်ဝံ့ ရှိရမလဲ'ဟု စိတ်ထဲတွင် အောက်မေ့ကာ–

''အကောင်းသားပဲ မိတ်ဆွေ''

ဟု မယုတ်မလွန် ပြောလေ၏။

''မိတ်ဆွေ ကျုပ်နဲ့လိုက်မလား၊ စိတ်ကို နိုင်ရဲ့လား''

''သည်လိုပါလေ၊ စဉ်းစားပါရစေဦး၊ မတော်တဆ မိနေတော့ ဘယ့်နှယ့်လုပ်မလဲ''

''အို....သည်အတွက်တော့ ဘာမှပူစရာမရှိဘူး၊ ကျုပ် နေရာကျ စီမံပြီးသားပါ၊ ရန်ကုန်မြို့က ရဲဆိုတာတော့ ကျုပ် တို့က ဘောလုံး ထင်တာကလား၊ ဒါထက် ခင်ဗျားထမင်းမစားရ သေးဘူးထင်တယ်၊ လာလေ၊ ဟိုတယ်ဆိုင်တစ်ဆိုင်ကို သွားပြီး အေးအေးတိုင်ပင်ကြရအောင်''

ဟုပြောကာ မောင်သာရ၏လက်ကို ဆွဲလေ၏။ မောင်သာရမှာလည်း နဂိုကပင်ကပင်ပင်ကပင်





နေသောကြောင့် လိုက်ပါ၍သွားလေ၏။

ထိုကဲ့သို့သွားခိုက်မှာ ထိုအကြောင်းကို အထပ်ထပ် စဉ်းစားရင်း စိတ်အားကို မကောင်းသောလမ်းသို့ နှင်းကန်၍ပို့ သော၏။ မောင်သာရ၏စိတ်သည် ဒုစရိုက်၏ နက်လှစွာသော ချောက်ကမ်းပါးစွန်းသို့ ရောက်၍နေလေ၏။ ထိုကဲ့သို့နေခိုက်တွင် မိမိကိုယ်စဉ်က ကောင်းမြတ်သောအလေ့အကျင့်ကို နမူနာပြ၍ သင်ကြားဆုံးမခဲ့သော မိခင်၏မျက်နှာသည် မိမိ၏ရှေ့၌ ဝမ်းနည်းစွာ ပေါ်ပေါက်၍ လာသကဲ့သို့ ထင်မြင်ရလေ၏။ ထို့နောက် တင်မေကြီး၏မျက်နှာသည် မိမိ၏ရှေ့တွင် ပေါ် ပေါက်၍ လာပြန်လေရာ လမ်းလျှောက်ရာ၌ ရုတ်တရက်ရပ်ပြီး–

''ကျုပ်ဟိုတယ်ကို မလိုက်ပါရစေနဲ့တော့မိတ်ဆွေ၊ မိတ်ဆွေပြောတာကို လုပ်ချင်စိတ် မရှိတော့ဘူး''

ဟုပြောကာ ထွက်ခွာ၍သွားမည်ဟန်နှင့် နံဘေးကို ဖယ်၍ ကွယ်မည်ပြုလေ၏။

ထိုအခါ ၎င်းလူက လက်ကိုဆွဲလျက် ရယ်မောကာ မောင်သာရ၏မျက်နှာကိုကြည့်ပြီး–

''တယ်ညံ့တဲ့လူကိုး၊ ဘာကြောက်စရာရှိသလဲခင်ဗျာ၊ လွယ်လွယ်ကလေးနဲ့ ကော်ဖဲရိုက်မှာမို့ ခင်ဗျားကို ပြောတာပါ၊ လူဟာ ဆိုးသွမ်းပေမယ့် စုတ်စုတ်နုပ်နုပ်နေလို့ ကောင်းတာ မဟုတ်ဘူး၊ ကျုပ်ကို ကြည့်ပါ၊ ခင်ဗျားအဝတ်အစားလည်း အင်မတန်ကြီး ညံ့တယ်၊ ခင်ဗျားမျက်နှာက လူဆိုးရုပ် မပေါ် ပေမယ့် သည်လိုနေရင် မကြာမီသူများက မာဖီယားသမား အနံ့စားလို့တောင် ထင်လိမ့်မယ်၊ တကယ်ပဲ မစွန့်ဝံ့ဘူးလား'' သာရ။ ။ ''မစွန့်ဝံ့လို့တော့ မဟုတ်ပါဘူး မိတ်ဆွေ၊ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော် မလုပ်ချင်ဘူး လူသတ်မှုဟာ လည်
ကျွန်တော် သတ်ရတာ မဟုတ်ပါဘူး''

``ကျုပ်လဲ ခင်ဗျားလိုပါပဲ၊ လူဆိုးကြီး မဟုတ်ပါဘူ ဘာမဟုတ်တဲ့အပြစ်ကလေးနဲ့ ထောင်ကျသွားတာနဲ့ လောက ကြီးတစ်ခုလုံးကို စိတ်နာပြီး ထင်ရာကို လုပ်နေတာပါ။ သို့သော် လဲ မသွားနဲ့ဦးလေ၊ ကိစ္စမရှိပါဘူး၊ ခင်ဗျား မလုပ်ချင်တာကို အတင်းလုပ်ရမယ်လို့ မဆိုပါဘူး၊ သို့သော်လဲ ဟိုတယ်ကိုတော့ လိုက်ခဲ့ဦးလေ၊ ခင်ဗျား ထမင်းဆာနေတယ် မဟုတ်လား''
ဟု ပြောပြီး အတင်းခေါ်လေ၏။

မောင်သာစုသည် ဟိုတယ်ကို လိုက်၍သွားပြီး ထမင် စား၍ ပြီးလျှင်ပြီးချင်း ထိုလူအား ကျေးဇူးတင်လျက် နှုတ်ဆက် ကာ စိတ်သာချပါ မိတ်ဆွေ။ ခင်ဗျားပြောတာကို ဘယ်သူ့ မသိစေရပါဘူး။ အခု ထမင်းတစ်နပ် ကျွေးလိုက်သည့်အတွက် ကျုပ် ကောင်းကောင်းကြီး ကျေးဇူးဆပ်ပါမယ် ဟုပြောပြီ ထွက်လာခဲ့လေ၏။ ထိုလူလည်း ၎င်းကို ကျနစွာ ကြည့်လျက် (ကရိတီးရီးယန်း)ဟိုတယ်ရှေ့တွင် ရပ်ကာ နေရစ်လေ၏။

♛ ♛ ♛



## အခန်း (၄)

မိမိတည်း၍နေသော ထမင်းဆိုင်၌ အခန်းခဖိုး ပေးရန် အတွက် ကြွေးတင်၍နေသည့်ပြင် လွန်ခဲ့သော ရက်အနည်းငယ် အတွင်းက စားသောက်ခဲ့သော ထမင်းဖိုးကိုပင် ပေးပို့ရန် ခက်၍ နေလေ၏။

တစ်နေ့ သည်ဆိုင်ရှင်က
''မောင်သာရအား အလုပ်တစ်ခုခုကို ကြံဦးလေ၊ သည်လိုချည်းနေလို့ ဘာဖြစ်မလဲ''

ဟု ပြောလေရာ မောင်သာရမှာ တစ်နေ့လုံး အခန်း ထဲမှ မထွက်ဘဲ တွေးတောကြံစည်ကာ နေလေ၏။ ထမင်း ဆိုင်ရှင်က မောင်သာရမှာ ငွေကြေးပြတ်လပ်၍ နေသောကြောင့် ယခုလို နေသည်ကို သိလျက် သနားသောအားဖြင့် မောင်သာရ ထံသို့ ဝင်လာပြီးလျှင် ထမင်းမစားဘူးလား ဆရာကြီး၊ ကျုပ် သည်လောက်တောင် ကုတ်ကပ်တဲ့လူ မဟုတ်ပါဘူး။ မတတ် သာသေးတဲ့အခါ သည်လိုပေါ့ခင်ဗျာ။ စားတာသောက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ ဆင်းရဲလဲ အစဉ်မဟုတ်၊ ချမ်းသာလဲ အစဉ်မဟုတ်ဘူးတဲ့၊ သို့သော်လဲ အလုပ်ကလေးတစ်ခုတော့ ရအောင်ရှာမှတော်မယ်''

ဟု ပြောလေ၏။

မောင်သာရသည် ထိုမျှလောက် ကြင်နာသောစကားကို လောက၌ မိမိအား ပြောလာမယ့်သူ မရှိသကဲ့သို့ ဖြစ်၍နေရာ ထိုစကားများကို ကြားရသောအခါ စိတ်ထဲတွင် ကျေးဇူးတင်၍ မဆုံးနိုင်အောင် ရှိသော်လည်း စကားတစ်ခွန်းမျှ ပြန်၍မပြောဘဲ အောက်သို့ဆင်းကာ ထမင်းကိုသာ စားရာလေ၏။

ညဉ့်အချိန်၌ ယမန်နေ့ကနည်းတူ မြို့ထဲလျှောက်၍ နေလေရာ ကြံရာမရသဖြင့် များစွာစိတ်လက်မကောင်းဖြစ်၍ နေရာတွင် အလုပ်တစ်ခုခုကို လုပ်ဖို့ရန် ပြောသော ထမင်းဆိုင်ရှင်၏စကားကို သတိရလျက် အခြားအလုပ်လုပ်ဖို့ရန် ကြံစည်၍မရ၊ ငါ ကူလီသွား၍လုပ်မှ အနည်းငယ် ရဖို့ရှိ၏ ဟုတွေးပြီး မီးရထားရုံးရှေ့သို့ သွားပြီးလျှင် လူသွားလူလာ ခရီးသည်တို့ကို ရပ်ကာ ကြည့်၍နေလေ၏။

ယင်းကဲ့သို့နေခိုက်တွင် အသက်ငါးဆယ်ခန့်ရှိသော ယောက်ျားကြီးတစ်ယောက်သည် လန်ချား၊ မြင်းရထားတို့ကို ငှား၍မရသဖြင့် အတော်လေးသော သားရေသေတ္တာကို အပါး၌ချကာ ရပ်လျက်နေသည်ကို မြင်ရလေ၏။ ထိုအခါ မောင်သာရသည် ၎င်း၏အပါးသို့ကပ်ကာ

''ဦး.....သေတ္တာကို ကျွန်တော် သယ်ပါရစေ''

ဟု ပြောလေ၏။

ထိုအခါ ခရီးသည် ယောက်ျားကြီးသည် ၎င်း၏မျက်နှာ





ကို သေချာစွာကြည့်ပြီး

''အေး.....အေး.....မောင်၊ မြင်းရထားများလဲ မပေါ်သဘူး''

ဟု ပြောလေလျှင် မောင်သာရသည် သေတ္တာကို ဆွဲကိုင်လေ၏။ ခရီးသည်သည် မောင်သာရ ကိုင်ပုံတွယ်ပုံကို ကြည့်ကာ.....

''မောင် ကူလီ မဟုတ်ပါကလား''

ဟု ပြောလေ၏။

မောင်သာရသည် စကားပြန်၍မပြောဘဲ သေတ္တာကိုသာထမ်း၍ ခရီးသည်၏ရှေ့က သွားလေ၏။ မကြာမီ သုံးဆယ့်ခုနစ် လမ်းအောက်ပိုင်းသို့ ရောက်သောအခါ တိုက်ခန်းတစ်ခုကို ခရီးသည်သည် သော့နှင့်ခတ်ကာ ဖွင့်၍ဝင်လေ၏။ မောင်သာရသည် သေတ္တာကို မှောင်သည့်အခန်းထဲသို့ ဝင်၍ထားပြီး ခဏလေးရပ်၍ နေလေရာ ခရီးသည်သည် ဓာတ်မီးကို ဖွင့်လျက် မောင်သာရ၏မျက်နှာကို သေချာစွာကြည့်ရင်း အိတ်ထဲမှာ သားရေအိတ်ကိုထုတ်ပြီး ပိုက်ဆံများကို သေချာစွာကြည့်လျက် နှိုက်ယူ၍ ပေးလိုက်လေ၏။ မောင်သာရသည် ပိုက်ဆံများကို ခံယူ၍ ထွက်လာရာ ပိုက်ဆံများသည် အတော်ပင်လေးလံသည်ကို သိရသဖြင့် လမ်းထိပ်သို့ ရောက်သောအခါ တစ်ခုသော ဓာတ်မီးတိုင်အောက်တွင် ပိုက်ဆံများကို ကြည့်လေသော် ထိုအခါ ရွှေဒင်္ဂါးတစ်ပြားနှင့် ပိုက်ဆံတစ်မတ်ကို တွေ့ရသောကြောင့် လွန်စွာအံ့ဩလျက် ငါ့အား သူမှား၍ ပေးဟန်ရှိသည် ပြန်၍ပေးမည်ဟု အောက်မေ့ပြီးမှ သူ ဓာတ်မီးရောင်နဲ့ သေသေချာချာကြည့်ပြီးမှ ငါ့ကို ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



တမင်သက်သက် ပေးတာနဲ့ပဲ တူတယ်၊ ငါ့ကိုလဲ သူ အတော်ပင် အကဲခတ်တယ်'ဟု တွေးပြီး ပြန်၍မပေးဘဲ မိမိ၏အိမ်သို့ သွားရောက်ကာ ပေးစရာ ဆပ်စရာရှိသမျှကို ပေးဆပ်လေ၏။ သို့ပေးဆပ်ပြီးနောက် မိမိ၏လက်ထဲ၌ ငွေခြောက်ကျပ် ကျန်ရှိလေရာ ၎င်း ငွေခြောက်ကျပ်နှင့် သုံးရက်လေးရက်ခန့် နေနိုင်လေ၏ဟု အောက်မေ့ပြီးလျှင် အလုပ်အကိုင် ကြံစည်လေ၏။

နောက်ရက်အနည်းငယ်အတွင်း အလုပ်တစ်ခု လစ်လပ်သည်ကို သိရသောကြောင့် သွားရောက်၍ အလုပ်လျှောက်လေ၏။ အလုပ်ကို ပေးတော့မည်ပြုပြီးမှ နာမည်ကို ပြောသောအခါ တိုက်အုပ်မန်နေဂျာသည် ၎င်း၏မျက်နှာကို သေချာစွာကြည့် လျက်

"သတင်းစာထဲမှာ မင်းရုပ်ပုံ ပါဖူးတယ် မဟုတ်လား"

ဟု မေးလေ၏။ မောင်သာရက ဟုတ်သည့်အတိုင်း ဝန်ခံလေရာ

"အလုပ် အခု မရှိသေးဘူး"

ဟု ပြောလိုက်လေ၏။ မောင်သာရသည် မိမိ ဘယ်အတွက် ဤကဲ့သို့ အပယ်ခံရသည်ကို ကောင်းစွာသိလျက် တုံ့ပြန်စကား မပြောဘဲ ထွက်လာခဲ့လေ၏။

မည်သည့်နေရာကို သွားသည်ဖြစ်စေ ကြီးပွားခြင်း အရေးကို မဆိုထားဘိ အသက်မွေးရန်မှ လမ်းပန်းမပွင့်သကဲ့သို့ မိမိမှာ ဖြစ်နေသည်ကို သိရလေသတည်း။ ဤရန်ကုန်မြို့၌ ရှိသော လူတို့သည် တာမြောင်းကြား၌ ငါလဲ၍ သေနေသည်ကို မြင်ချင်ကြ၏။ ငါ့ကို လုံးလုံးကြီးလူထဲမှ ဖယ်ရှား၍ပစ်လိုကြ၏။ ငါ့ကို မွေ့ပွေးမွေ့ဟောက်ပမာ စက်ဆုတ်မုန်းထားကြပေ၏ တကား။ ငါသည် အဘယ်ကို ပြေးရပါမည်နည်း။

ထိုကဲ့သို့ မုန်းထားသူတို့၏အလယ်၌ နေရသည်ထက်





...န်မင်းကြီးနှင့် ပွဲစားကြီး ပြောသည့်အတိုင်း လွတ်ရာသို့ ...ှောင်ရှား၍ သွားရလျှင် ကောင်းလေမည်လားဟု တွေးတော ...ိုက်သောအခါ ငါ၌အပြစ် မရှိ၊ ငါသည် ဘယ်အတွက် ဤလူရှုးတို့၏ ရှုတ်ချခြင်းကို ခေါင်းငုံ့၍ ခံရမည်နည်း။ ဤအမှုကို ...ပေါ်မချင်း ငြိမ်သက်စွာ မနေနိုင်။ ပေါ်အောင် ကြံရမည်ဟု ...င်ရှားသောစိတ်အကြံသည် သန်သန်ကြီး ပေါ်၍ လာလေ၏။ ...ိုနေ့ညဉ့်၌ စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း)နှင့် ...ရေဇာလမ်း (ယခု အနော်ရထာလမ်း)ထောင့်တွင် ရပ်လျက် ...ောင့်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) ဘက်ကို ...ျှော်ကာကြည့်၍ နေလေ၏။

"ကိုဘသိန်း ဘယ်သွားမလို့လဲ"

ဟုပြောကာ မိန်းမတစ်ယောက်သည် ပခုံးကို လာ၍ ...ိုင်လေ၏။ မောင်သာရသည် နောက်သို့လှည့်ကြည့် လိုက်ရာ ...သက် ၃၀-ခန့်ရှိသော မိန်းမတစ်ယောက်နှင့် ရင်ဆိုင် ...တွေ့၍နေလေ၏။ ထိုမိန်းမသည် ပါးစပ်ပိတ်ကာရယ်လျက်-

"ဩော် .....ကိုဘသိန်းမှတ်လို့၊ ဖွားဥရေ၊ လူမှားနေပြီ"

ဟု နောက်သို့လှည့်ကာ ပြောလေလျှင် သနားကမား ...န်းမပျိုတစ်ယောက်သည် ၎င်း၏နောက်၌ ရပ်နေရာမှ အပါးသို့ ...ပ်၍လာပြီးလျှင်.....

"ဒါကြောင့် မဟုတ်ပါဘူးလို့ ကျွန်မ ပြောသားပဲ၊ ရှင် ...ိုယ်တိုင်ကလဲ လွန်လို့ပါ"

"ကဲ.....မှားပေ့ါအေ၊ ညည်းလင်နဲ့ တူလိုက်တာကလဲ ...စ်ပုံထဲပဲကိုအေ့၊ ဒါထက် ရှင် ဘယ်သွားမလဲ၊ ဖွားဥ ဒီမှာ ...ာနေရစ်ဦး၊ အိမ်ပေါ်မှာ ညှော်သည် တက်သွားတာတွေ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ သွားကြည့်လိုက်ဦးမယ်၊ ငါ အခုပဲ လာခဲ့မယ်၊ ဘယ်မှ မသွားနဲ့နော်၊ ဩော်..... ဒါထက် အားနာစရာဖြစ်နေပါပြီ၊ ဟိုက မောင်ကြီးရဲ့ ကျွန်မတူမကို ခဏစောင့်နေလိုက်စမ်းပါ၊ မကြာပါဘူး''

ဟုပြောပြီး ဖရေဇာလမ်း (ယခု အနော်ရထာလမ်း)ထဲသို့ ဝင်၍သွားလေ၏။

မောင်သာရသည်ကား ခက်များခက်တော့တာပဲကရို့၊ စိတ်ညစ်တုန်း မျောက်ပွဲထိုင်မိ၊ ငိုချင်တုန်း လင်ကွင်းသံ ကြားရဆိုတာ ဖြစ်နေပါပြီ၊ ဘယ့်နှယ့်ဟာတွေနဲ့ ငါ လာတွေ့နေရပါ့လိမ့်မလဲဟု တွေးတောကာ ဖွားဥ ခေါ်သော သူငယ်မ၏မျက်နှာကို ကြည့်လေရာ များစွာပျက်ပြုန်း အပျော်ဖြုန်းသဖြင့် ကိုယ်လုံးလျှော့ရေ အပျိုတို့အိန္ဒြေ ကင်းမဲ့စပြု၍နေသူတစ်ယောက်ဖြစ်ကြောင်းကို သိရလေ၏။

ထိုမိန်းမပျိုသည် ၎င်း၏မျက်နှာကိုကပ်၍ကြည့်ပြီးနောက်.....

''အလို..... ရှင် ဟိုလူသတ်မှုကလူ မဟုတ်လား'' ဟုပြောကာ နောက်သို့ဆုတ်လေ၏။

မောင်သာရက–

''ဟုတ်ပါတယ်ကွယ်၊ ကျုပ်မှာ သပိတ်မှောက်ခံနေရလို့ ဒုက္ခဖြစ်နေတဲ့လူပါ၊ အပျော်အပါးဆိုတာ တွေးတောခွင့်မရပါဘူး၊ ပိုက်ဆံကြေးငွေလဲ သုံးစွဲနိုင်တဲ့ အခြေအနေမရှိ၊ အပုံကြီး ဆင်းရဲနေပါတယ်၊ ဘယ်လိုအလုပ်ကို လုပ်ရမယ်ဆိုတာ ကြံစည်လို့မှမရ၊ မည်သူကမှလဲ အလုပ်မပေး၊ ကိုယ်တိုင် မကျူးမလွန်ရတဲ့ပြစ်မှုနဲ့ သည်လောက်တောင် မတရား အထင်ခံရပြီး ပျက်စီး





ခြင်းမလှ ပျက်စီးနေရပါတယ်၊ တစ်ပူပေါ်မှာ နှစ်ပူ မထပ်ပါရစေနဲ့ သည်ဒုက္ခတစ်ခုနဲ့ နေပါရစေ''

ဟုပြောကာ သွားမည်ပြုလေ၏။

မိန်းမပျိုက ရွှင်ပျပျော်မြူး အထူးသွေးဆောင်ဖျားယောင်းသော အမူအရာကို ဖျောက်ကာ မောင်သာရကို သေချာစွာကြည့်လျက်–

''ရှင် သည်လိုပြစ်မှုမျိုးကို ပြုမယ့်လူ မဟုတ်ပါဘူး၊ လူတွေ ရှင့်အပေါ်မှာ တမင် မတရားပြုကြတာပါ၊ ကျွန်မလဲ သည်လိုပါပဲ၊ ကျွန်မ အပျိုကလေးဖြစ်စဉ်က ကျွန်မကို မိန်းမကြီးများ ယောကျ်ားကြီးများက မတော်မတရား ကြံစည်ပြီး ကျွန်မကို ကျော်ပြီးမှ စွန့်ပစ်၍ သွားကြသည့်အတွက် အရပ်ထဲမှာ မနေနိုင်အောင် အရှက်တကွဲဖြစ်ပြီးမှ ဘယ်လိုပဲဖြစ်ဖြစ် ငါ့နာမည်ဟာ ကောင်းတော့မှာ မဟုတ်ပါဘူးလို့ စိတ်ထဲမှာ အောက်မေ့ပြီး သည်အဖြစ်မျိုးကို ရောက်အောင် နစ်လိုက်တော့တာပါပဲရှင်၊ ရှင့်ကို မြင်ရင်မြင်ချင်း ကျွန်မ အင်မတန်မှ သနားတာပါပဲ၊ အခု ရှင်ဘယ်ကို သွားမလဲ၊ လာပါဦးလားလေ၊ ကျွန်မတို့အိမ်ကို လိုက်ခဲ့ပါဦးလား၊ ရှင့်မှာ ပိုက်ဆံမရှိပေမယ့် ကိစ္စမရှိပါဘူး၊ ကျွန်မတို့က လူကိုချစ်ရင် ပိုက်ဆံကို ဂရုမစိုက်ပါဘူး''

ဟုပြောလေ၏။

မောင်သာရသည် ထိုစကားကိုကြားရသောအခါ ထိတ်လန့်ခြင်း ဖြစ်လေ၏။ အကြောင်းမူကား မိကောင်းဖခင်၏ သားဖြစ်ခဲ့ခြင်းကြောင့်တစ်ကြောင်း၊ ပညာကို ကောင်းစွာသင်ကြားခဲ့သော ဆရာကောင်းတပည့်ဖြစ်သောကြောင့်တစ်ကြောင်း၊ အပေါင်းအသင်း အခြေအနေမှာ ဖာခေါင်း၏ဘဝနှင့် အလွန်



www.burmeseclassic.com

www.burmeseclassic.com



တရာ ဝေးကွာမြင့်မြတ်ခဲ့သည်ကို တွေးမိသောကြောင့် တစ်ကြောင်း၊ ထိုသွေးဆောင်သောစကားကို ကြားရသည်မှာ နားဝဒ္ဒ များစွာ မသက်မသာဖြစ်လေ၏။

ဖွားဥသည်ကား မကောင်းသောလမ်းသို့ ကျရောက်နေသည်မှာ မကြာသေးသည့်ပြင် ကိန်းဈေးကား အမြင့်စားဖြစ်နေသောကြောင့် အခြားသော မိန်းမပျက်များလောက် ညှော်အရောက်မများသဖြင့် အချစ်ဆိုတဲ့ လောကက မီးစာသည် လုံးလုံးကြီးပြာမကျသေးဘဲ မောင်သာရကို မြင်လျှင်မြင်ခြင်း သနားခြင်းမှ ကျော့ရှင်းသောကိုယ်ဟန်ကို မြင်ရသောအခါ ချစ်ခြင်းသည်ဝင်၍လာလေ၏။ ချစ်ခြင်းသည်ဝင်၍လာပြီးနောက် မောင်သာရ၏ ထွားကျိုင်းတောင့်တင်း ခန့်ညားခြင်းကို မြင်ရသောအခါ ကိုယ်ခန္ဓာတစ်ခုလုံးမှာ ငန်းတော်ရေ မြွေမင်းသား ပတ်ရစ်စ ပြုသည့်အလား မငြိမ်မသက်လှုပ်ရှားပြီးလျှင် အလွန်တရာသိမ်မွေ့သော မျက်နှာထားဖြင့် အပါးသို့ကပ်ကာ မိမိလက်နှင့် မောင်သာရ၏ လက်ကို မတော်တဆလိုလို တမင်လိုလို ထိအောင်ပြုလေ၏။

မောင်သာရသည် ၎င်း၏အမူအရာ သွေးဆောင်သောလက္ခဏာကို သေချာစွာ မြင်ရသောအခါ သံသယမျိုးစေ့တည်းဟူသော သဘာဝစိတ်သည် အတိဒုက္ခတည်းဟူသော အမှိုက်သရိုက်ပုံအောက်မှ ခေါင်းပြူကာထွက်ပေါ်သည့် မြွေဟောက်အလား တမားမားထကြွစပြုပြီးလျှင် မွန်မြတ်သောစိတ်သဘောတို့ကို အကုန်အစင်မျို၍ ပစ်လေ၏။

ထိုအခါ ငါ့အား မတရားပြုသောလောက၊ ငါ့ကိုစွန့်ပစ်တဲ့လောကကြီးမှာ ဘယ်သူ့ကို ဂရုစိုက်ရမလဲ၊ ထင်ရာကိုပြုတော့မည်။ ဝတ်တာစားကာ ပျော်ချင်သလောက် ပျော်ပါး၍





နေရတဲ့ဘဝထက် အဘယ်ဘဝက ပို၍မြတ်မည်နည်း။ ဤသူငယ်မသည့် ရုပ်ရည်လည်း လှ၏။ သွေးသားလဲ စည်ပင်သေး၏။ ငါ ဘယ်အတွက်ငြင်းရမည်နည်းဟု တွေးတောကာ ၎င်း၏သွေးဆောင်ရာသို့ လိုက်တော့မည်ပြုပြီးမှ တင်မေကြီး၏ မျက်နှာကို မှောင်ထဲတွင် ထင်ယောင်မြင်ယောင်ဖြစ်၍လာသောကြောင့် သတိရပြီးလျှင် ၎င်းမိန်းမပျို၏အနီးမှ ဆုတ်ခွာလျက် "ကျေးဇူးအင်မတန်မှ တင်ရပါတယ်၊ သို့သော်လဲ ကျုပ်မှာ အလုပ်တာဝန် ရှိပါသေးတယ်၊ သည်တာဝန်အေးမှသာ အတည်တကျ နေနိုင်ဖို့ ရှိပါတယ်၊ သွားပါရစေတော့ အခွင့်ပြုပါ၊ နောက်ကိုတွေ့ကြရပါလိမ့်ဦးမယ် ထင်ပါရဲ့"

ဟုပြောလေ၏။

ထိုအခါ မိန်းမပျိုက ဝမ်းနည်းသောအမူအရာနှင့်–

"ရှင့်ကို အင်မတန်သနားလို့ ကျွန်မ တတ်နိုင်တဲ့နည်းနဲ့ ကူညီတာပါ၊ သဘောမကျရင်လဲ သွားတာပေါ့ရှင်၊ သို့သော် လဲ မှန်တာကို ပြောရမှာဖြင့် ရှင်ဟာ ကျွန်မငယ်ငယ်က ချစ်ကြိုက်ခဲ့ဖူးတဲ့ ကွယ်လွန်သူ ငယ်ရည်းစားတစ်ယောက်နဲ့ အင်မတန် တူပါတယ်၊ သည်အတွက် ရှင့်ကိုမြင်လျှင်မြင်ချင်း ခမတ္တာထားပါတယ်၊ ရှင်အခု ငွေကြေးများလဲ အင်မတန် ပြတ်လပ်ပြီးနေတယ် ထင်ပါရဲ့၊ ကျွန်မ တတ်နိုင်သမျှ ကူညီပါရစေ၊ နောင်အခါကျတော့ ပြန်ပြီး ဆပ်တာပေါ့"

ဟုပြောပြီး ဘော်ဒီအိတ်ထဲမှ ငွေသုံးကျပ်ကို ထုတ်၍ ပေးလေ၏။ မောင်သာရသည် ပျော်ရွှင်ခြင်းမှရသော အခကို ယူလိုသကဲ့သို့ ဖြစ်သော်လည်း မိမိမှာ တစ်ပြားတစ်ချပ်မှ မရှိသောကြောင့် ငြင်းဆန်ခြင်း ကိုမပြုဘဲ အလွန်တရာ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်သော မျက်နှာအမူအရာနှင့် လက်ခံပြီးလျှင် ကျေးဇူးပါပဲ ခင်ဗျာဟု ပြောပြီး မှောင်ထဲသို့ ကပျာကယာ ထွက်ခွာ၍ သွားလေ၏။

♛ ♛ ♛





## အခန်း (၅)

နောက်ရက်အနည်းငယ်ကြာသောအခါ ရန်ကုန်မြို့ သည် ယခုအခါ ငါနှင့်မတော်၊ တစ်ခုခုသောချောင်ကို ခိုကာ ဆိတ်ငြိမ်သောနေရာကို ရှာလေမှတော်မည်ဟု အောက်မေ့ကာ ကမာရွတ်သို့ သွားလေ၏။ ကမာရွတ်သို့ ရောက်သောအခါ အဘယ်အလုပ်ကို ကြံစည်ရမည်ဟု စဉ်းစားလိုက်သောအခါ အကြံရသဖြင့် ယောင်လည်လည် သွားနေခိုက်တွင် နံနက်ခင်း အချိန်တစ်ခုသောဥယျာဉ်သို့ ရောက်သွားလေ၏။

မောင်သာရသည် ဆံပင်များကို မညှပ်ရသဖြင့် ဦးခေါင်းမှာ ပွလျက်နေသည့်အပြင် အဝတ်အစားမှာလည်း စုတ်ပြတ်ညစ်မည်း၍နေသောကြောင့် ကုလီ ဆင်းရဲသားနှင့်ပင် တူ၍နေလေရာ ၎င်း၏မျက်နှာကို သေချာစွာကြည့်မှသာ လူရည်လူသွေး မည့်ဖျင်းကြောင်းကို သိသာနိုင်ရာ ရှိလေ၏။

ထိုခြံထဲသို့ရောက်သွားသဖြင့် ခြံအတွင်းဘက်၌ သား



www.burmeseclassic.com

www.burmeseclassic.com



နားစွာဆောက်လုပ်၍ထားသောအိမ်ကိုကြည့်ကာ ယောင်ပေယောင်ပေနေခိုက်တွင် ပြင်းထန်သောအသံဖြင့် ဟိန်းဟောက်ကာ ပေါက်၍လာသော ခွေးကြီးတစ်ကောင်ကို မြင်ရလေ၏။

မောင်သာရသည် ထိတ်လန့်ကာ ထိုခွေးကို ကြည့်၍ ရှောင်ပြေးရန်အကြံတွင်.....

''ဟဲ့.....အောင်ပေါ''

ဟုခေါ်လိုက်သော အသံကို ကြားလိုက်ရသဖြင့် လှမ်း၍ ကြည့်လိုက်ပြန်လျှင် အသက် ငါးဆယ်ခန့်ရှိသော ယောက်ျားကြီးတစ်ယောက် ထွက်၍လာသည်ကို မြင်ရလေ၏။ ခွေးသည် လည်း မိမိ၏သခင်ရှိရာသို့ ခုန်ပြန်ပြေးသွားလေလျှင် မောင်သာရသည်ရပ်ကာ ၎င်းယောက်ျားကြီးကို ကြည့်၍နေလေ၏။

ထိုယောက်ျားကြီးသည် လျှင်မြန်သောခြေလှမ်းဖြင့် မောင်သာရရှိရာသို့ လာပြီးနောက်–

''ဟေ့.....မင်း ဘာရှာသလဲ''

ဟုမေးလေ၏။

''ကျွန်တော် အလုပ်ရှာပါတယ်ခင်ဗျား''

ဟု မောင်သာရက ပြောလေ၏။

''မင်း ဘာအလုပ်ကို လုပ်တတ်သလဲ''

ဟုပြောရင်း မောင်သာရ၏မျက်နှာကို သေချာစွာ ကြည့်ပြီး မောင်သာရ ခြေလက်တို့ကို တစ်ဖန်ကြည့်ပြန်လျက်–

''မင်း အလုပ်ကြမ်း မလုပ်နိုင်ပါဘူး''

ဟုပြောလေ၏။

သာရ။ ။ ''ဘယ်အလုပ်မျိုးမဆို ကျွန်တော် လုပ်နိုင်ပါတယ်''





ယောက်ျားကြီး။ ။ ''ပန်းပင်များကို ကြည့်ရှုဖို့ ကုလားရပြီး အရင်ရတဲ့ကုလားများကလဲ ခိုးတတ်ဝှက်တတ်တယ်၊ သည်အတွက် ပန်းပင် ရေထမ်းလောင်းဖို့ အပင်များကို ကြည့်ရှုဖို့ အလုပ်တော့ ရှိတယ်၊ မင်းက ဗမာမို့ လခနှစ်ဆယ်လောက်တော့ ရမယ်၊ လုပ်နိုင်မလား''

သာရ။ ။ ''ကျွန်တော် လုပ်နိုင်ပါတယ်ခင်ဗျား''

ယောက်ျားကြီး။ ။ ''ကောင်းပြီ၊ မင်းလုပ်နိုင်ရင်လုပ်တော့၊ ဟောဟိုမှာ မင်း နေဖို့ တဲရှိတယ်၊ ကရိယာတန်ဆာလဲ အစုံပဲရှိတယ်၊ မင်း ဘယ်တော့စလုပ်မလဲ''

သာရ။ ။ ''ကျွန်တော် နက်ဖြန် စပြီးလုပ်ပါ့မယ်''

ယောက်ျားကြီး။ ။ ''ကောင်းပြီ၊ မင်း ဆက်ဆက်လာနော်၊ မင်း ရိုးသားပုံတော့ ပေါ်တယ်၊ ဘယ်အရပ်ကလဲ''

သာရ။ ။ ''ကျွန်တော် အညာသားပါခင်ဗျား''

ယောက်ျားကြီး။ ။ ''မင်းနာမည် ဘယ့်နှယ်ခေါ်သလဲ''

သာရ။ ။ ''မောင်ဘိုးသာတဲ့ခင်ဗျား''

ယောက်ျားကြီး။ ။ ''နက်ဖြန်ခါ ဆက်ဆက်လာပါ၊ မင်းကောင်းကောင်းလုပ်ရင် ငါကြည့်ရှုမယ်''

ဟုပြောပြီး ခွေးကိုခေါ်ကာ အိမ်သို့ပြန်သွားလေ၏။

မောင်သာရသည် ထိုနေ့ ဝမ်းမြောက်ဝမ်းသာ ရန်ကုန်သို့ ပြန်ပြီး မိမိ၏ပစ္စည်းများကို သိမ်းလေ၏။ မိမိဖခင်ထံမှ ဆက်ခံရရှိသော အဖိုးထိုက်သော အင်္ဂလိပ်စာအုပ်နှစ်အုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရေအောင်မြေ (ယခုအနော်ရထာလမ်း) စာအုပ်ဆိုင်သို့ သွား၍ မေးသော် စာအုပ်ရောင်းသော ကုလားကြီးက—

``မောင် စာအုပ် လာရောင်းပြန်ပလား၊ ငါ့မှာစာအုပ်တွေအတွက်နဲ့ ငွေအဝင်များနေတယ်၊ မင်းစာအုပ်တွေကို ငါထပ်ပြီး လက်မခံနိုင်ဘူး''

ဟု ပြောလေ၏။

သာရ။ ။ ``ရောင်းဖို့ မဟုတ်ပါဘူးခင်ဗျား၊ ကျွန်တော် မရှိသည့် အခိုက် တဆိတ်ထိန်းသိမ်းထားဖို့ လာပြီးအပ်တာပါ''

``သြော်.....သည်လိုလား၊ ကောင်းပါပြီ၊ ဆိုင်မှာဘန်းပြဖို့ ရပြန်ပေါ့လေ၊ ကိုင်း.....ပေးစမ်း၊ ဘာစာအုပ်တွေလဲဟေ့၊ ငါက စာအုပ်ကောင်းကောင်းတွေကို တစ်နေ့တစ်ခါစီ ကိုင်ရလှန် ရ တစ်ကြောင်းနှစ်ကြောင်းဖတ်ရရင် စိတ်ပျော်တာပဲ၊ သည် အတွက် သည်အလုပ်ကို လုပ်ပြီးနေတာပါ၊ စာပေဝါသနာ ပါလွန်းလို့ပါ မောင်ရင်ရဲ့၊ ကျုပ်က ကုလားပေမယ့် မြန်မာစာ အင်္ဂလိပ်စာကို အရည်ကျို ပြာချတဲ့လူပါ၊ ငါနဲ့ကျောင်းနေဘက် တွေအများကြီး မင်းစိုးအရာရှိကြီးများ ဖြစ်နေကြတယ်၊ ငါသာ ငယ်ငယ်က မမာတာနဲ့ အရာမရဘူး၊ မာလဲမာရော အရွယ်လဲ လွန်ရောဆိုတာလို စာကိုသာဖတ်ပြီး အေးအေးဆေးဆေး ရသမျှနဲ့ တင်းတိမ်ပြီး ဝါသနာပါရာကို လုပ်ပြီးနေရတော့တာပဲ၊ အလို.....မောင်ရင် သည်စာအုပ်တွေ ဘယ်သူ့စာအုပ်တွေလဲ''

သာရ။ ။ ``ကျွန်တော့်ဖခင်ပါခင်ဗျား''

``မောင်ရင် ကိုကျော်ရဲ့သားလား၊ ကိုကျော်ဟာ ငါနဲ့ လည့်ပင်းဖက်ပြီး ကြီးခဲ့တဲ့လူပဲကွ၊ အင်မတန်မှ တော်တဲ့လူကပဲ၊ ညာ အင်မတန်ကောင်းတာကလား၊ သူကြီးပွားမယ့်ဘဲဆဲမှာ





အနိစ္စရောက်ရှာတယ်၊ သြော်.....မင်းကသူ့သားကိုး၊ ကိုင်း..... မင်းဖခင်နဲ့ ချစ်ခင်တဲ့သူဖြစ်ခဲ့သည့်အတွက် သည်စာအုပ်များကို သိမ်းထားရတာပေါ့၊ နို့.....အခုမောင်ရင် ဘယ်ကိုသွားမလို့လဲ''

သာရ။ ။ ``ကျွန်တော် ရန်ကုန်မြို့ကထွက်ပြီး တော်ရာ သွားရောက် ကြိုးစည်ဦးမလို့ပါပဲခင်ဗျား''

ဟုပြောပြီး မိမိ၏အဖြစ် အပျက်တွေကို ပြော၍ပြလေ၏ ထိုအခါ စာအုပ်သည်ကုလားကြီးက ရန်ကုန်မြို့သား တွေဟာ မိမိဆိုင်ရာအလုပ်ကလွဲရင် ဘာမှသိကြတာမဟုတ်ဘူး မောင်ရဲ့၊ လူပြောသူပြောနဲ့ ယုံချင် ရင်လဲ ယုံတာပဲ၊ မိုးခါးရေကို သူတို့မှ သောက်တာကလား၊ သို့သော်လဲ ကြာကြာကြီးတော့ သည်လူတွေ သည်အရေးနဲ့ပတ်သက်ပြီး အရှုံးမထနိုင်ဘူး၊ ရှုံးစရာ အခြားနည်းတွေကလဲ တစ်မျိုးပြီးတစ်မျိုး ပေါ်ပြီးနေတာမို့ နောက်တစ်မျိုးပေါ်ရင် မောင်နဲ့ ပတ်သက်ပြီး ရှုံးတဲ့အရှုံးတွေဟာ ဆေးဝါးမစားဘဲ ပျောက်ကြပါ လိမ့်မယ်၊ အေးအေး..... အစစအရာရာ ချောချောမောမော ရှိပါစေလကွယ်၊ ကိုင်း.....သွားတော့ သွားတော့၊ မောင်နဲ့စကား ပြောနေလို့ မောင့်မှာလဲ ကိစ္စမပြီး ငါ့မှာလဲ ကိစ္စမပြီး၊ ဟဲ့.....မိသော့ ငါ ထမင်းစားဦးမယ် ဆိုင်ကို သာကြည့်ဦး၊ ဆိုင်ကို စတုဒိသာ မလုပ်နဲ့၊ ပိုးကောင်တွေကို စတုဒိသာလုပ်ပြီး ညှော်ခံကျွေးမွေးထားတာ အတော်ကြာပြီ၊ လူတွေကို ထပ်ပြီး စတုဒိသာ မလုပ်နိုင်ဘူး၊ သည်မိန်းမဟာ ငါ့နှမတော် မှဆိုးမကွဲ့၊ မုဆိုးမ ဆိုတာ လင်ပဲသေတဲ့မိန်းမ၊ ငါ့မှာ သားမရှိ မယားမရှိ ကြည့်ရှုကူညီသူ ကင်းတာနဲ့ သည် ယောက်ဖ အောင်ဟာ ညာတာ ထောက်ထားတဲ့စိတ်ကိုထားပြီး သေရွာကို သွားလေသလား မသိဘူး၊ အခုတော့ ငါ့အတွက် သူ့မှာ မလေး၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ငါ့မှာ လေးပြီးနေတာပဲ၊ မိန်းမ ဆိုတာ အခက်သားမောင်ရဲ့၊ နွားအကောင်တစ်ရာကို ကျောင်းချင်သေးတယ်၊ ကာလသမီး အမယ်ကြီးမို့ သာပြီးခက်တာပဲ'' သာရ။ ။ ''ကျွန်တော် သွားပါဦးတော့မယ် ခင်ဗျား''

''အေးအေး.....သွားပေရော့ ငါ ထမင်းစားဦးမယ်''

မောင်သာရသည် ကမာရွတ်သို့ ချက်ချင်းသွားပြီး အလုပ်များကို စ၍လုပ်ကိုင်လေရာ စစ်ကဲကြီးသည် ၇-ရက်အတွင်း ၎င်း၏ ဝီရိယ စိတ်နေသဘောထားကို ကောင်းစွာ သိရလျက် မိမိ၏လူကို များစွာသဘောကျ၍ နေလေ၏။

တစ်နေ့သ၌ ညနေချမ်းအချိန် သစ်ပင်များကို ရေမလောင်းမီ မောင်သာရသည် အင်္ဂလိပ်ဘာသာဖြင့် ဥပဒေစာအုပ်ကို မိမိ၏တဲထဲတွင် ဖတ်၍နေလေ၏။ ယင်းကဲ့သို့နေခိုက်တွင် စစ်ကဲကြီး၏သမီးဖြစ်သူ မခင်သန်းသည် အိမ်အပေါ်ပြတင်းပေါက်မှ တဲထဲသို့လှမ်း၍ မြင်လေ၏။ အကြောင်းမူ တဲမှာကား အပေါက်တစ်ခု ရှိလေ၏။

ထိုအခါ ခင်သန်းက ၎င်းလူသည် ဝတ္ထုဇာတ်စာ တစ်ခုခုကို ဖတ်၍နေဟန်တူသည်။ ဝတ္ထုအဆန်းများဖြစ်လျှင် ငှားပြီး ဖတ်ရရင်ကောင်းမှာပဲဟု စိတ်ထဲတွင် အကြံပြုလေ၏။ ခင်သန်းသည် ဝတ္ထုဖတ်ခြင်းကို များစွာဝါသနာပါသူဖြစ်လေ၏။

ခင်သန်းသည် နေ့စဉ်နေ့တိုင်း ထိုနေရာမှ ထိုစာအုပ်ကို သရေကျအောင် မျှော်၍နေလေရာ ငါးရက်ခြောက်ရက် ဆက်ကာ မြင်ရသဖြင့် 'ဩော်.....စာကောင်းကောင်း မသွားရှာလို့ ဝတ္ထုတစ်အုပ်ကို သည်လောက်ကြာကြာ ဖတ်ရှာတယ် ထင်ပါရဲ့' ဟု အောက်မေ့လေ၏။





နောက်တစ်နေ့နံနက်အချိန် မောင်သာရ အလုပ်ပြီး၍ အလည်အပတ်သွား၍နေခိုက်မှာ မခင်သန်းသည် ၎င်း၏တဲအနီး၌ ယောင်ပေယောင်ပေ သွားလာရင်း တဲထဲ၌ မောင်သာရ မရှိသည်ကိုသိသောကြောင့် မောင်သာရဖတ်သော ဝတ္ထုစာအုပ်ကို ကြည့်ချင်ဇောနှင့် တဲထဲသို့ ကြောက်ဆုတ်ဆုတ် ဝင်သွားလေ၏။

တဲထဲ၌ မောင်သာရ၏ သပ်ရပ်သန့်ရှင်းသော အိပ်ရာဝယ်၌ အစစအရာရာတို့ကို ကျစ်လျစ်စွာ တွေ့ရှိရသောအခါ အလွန်တရာမှ အံ့ဩလျက် အိပ်ရာခေါင်းရင်းအနီး၌ ရှာဖွေလေရာ စာအုပ်ကို မတွေ့ရချေ။ နောက်ဆုံး၌ ခေါင်းအုံးကို လှန်၍ကြည့်လိုက်သောအခါ မိမိ လွန်စွာတောင့်တသော စာအုပ်ကို တွေ့ရလျက် အားရဝမ်းသာ ကောက်ယူဖွင့်လှန်၍ ကြည့်လေရာ အင်္ဂလိပ်စာအုပ်ဖြစ်၍ နေသည်ကိုတွေ့ရသောကြောင့် စာအုပ်ကိုကိုင်လျက် မတ်တတ်ရပ်ကာ အံ့ဩမိန်းမော၍နေပြီး မှ စာအုပ်ကို ခေါင်းအုံးအောက်တွင် ပြန်၍သွင်းထားပြီးလျှင် မောင်သာရ၏အကြောင်းကို များစွာစဉ်းစားလျက် တဲထဲမှ ထွက်၍လာလေ၏။ အတန်ကြာသောအခါ မောင်သာရရောက်လာလေရာ ၎င်းကို တော်ရာမှ စီးစောင်းကြည့်လေလျှင် မောင်သာရသည် အညာသား မဟုတ်။ လူချေးလူရည် ချောညက်သိမ်မွေ့သူတစ်ယောက်ဖြစ်ကြောင်း တွေ့ရှိရလေ၏။

ဤသူသည် အဘယ်သို့သောသူပေနည်း။ အဘယ်အတွက် သည်ကိုရောက်၍ သည်အလုပ်ကို လုပ်ရပါသနည်း။ အဘယ်သို့သောအကြံ ရှိပါသနည်း။ လူကောင်းလား၊ လူဆိုးလား၊ ဝရမ်းပြေးလား၊ ဓားပြလား၊ သို့တည်းမဟုတ် သနား



www.burmeseclassic.com

www.burmeseclassic.com



စရာအကြောင်းတစ်ခု ဖြစ်ရှာသည့်အတွက် ယခုလိုနေ လေသလား။ သို့တည်းမဟုတ် သူပြောတဲ့အတိုင်း အညာသား ကုလီအာသား ဖြစ်ရင်လည်း သည်အင်္ဂလိပ်စာအုပ်ကို မဖတ် နိုင်ရာ။ ငါလည်း အင်္ဂလိပ်စာ ခုနစ်တန်း ရောက်ဖူး၏။ သည်စာ ကို နားမလည်ချေ။ အတော်ပင် ခက်တဲ့စာ ဖြစ်ပေသည်။ သို့တည်းမဟုတ် အညာသား ရူးပေါပေါဟာ သည်စာအုပ်ကို ကောက်ကာရသဖြင့် စာလုံးတွေကို အင်းဆံမှတ်လို့များ ကြည့်ပြီး နေသလား စသည်ဖြင့် စဉ်းစားကာ နေလေ၏။

မောင်သာရသည် အလုပ်ကို မှန်မှန်လုပ်လျက် မိမိ ကိုယ်ကိုလည်း သပ်သပ်ရပ်ရပ် ပြုလုပ်နေထိုင်စ ပြုလေရာ ခင်သန်းနှင့် အိမ်သားအပေါင်းတို့သည် ၎င်း၏သားနားပုံကို တစ သိမြင်ကြလေ၏။ ခင်သန်းက မိမိတွေ့ရသောအကြောင်း ကို ပြောပြသောအခါ များစွာပင် အံ့သြကြလေ၏။

တစ်နေ့သ၌ မွန်းလွဲအချိန် ခင်သန်းသည် အိမ်ရှေ့ ဝရံတာတွင် ကြိမ်ကုလားထိုင်ပေါ်၌ ထိုင်လျက် ခြံထဲကို ကြည့်၍ နေလေရာ သပ်သပ်ရပ်ရပ် ဝတ်စားကာ လျှောက်၍လာသော လူတစ်ယောက်ကိုမြင်ရလျက် ကြည့်၍ကောင်းသဖြင့် ငေးစိုက် ကာ ကြည့်၍နေလေရာ အိမ်အနီးသို့ ရောက်၍လာကာမှ ပန်းပင်ရေလောင်းသံမား မောင်ဘိုးသာ ဖြစ်ကြောင်းကို သိရ လျက် အံ့သြ၍ နေလေ၏။

♛ ♛ ♛





## အခန်း (၆)

တစ်နေ့သ၌ ထိုဥယျာဉ်ထဲသို့ ဧည့်သည်များ ရောက်၍ လာကြလေ၏။ ထိုဧည့်သည်များထဲတွင် တင်မေကြီးလည်း ပါ၍လာလေ၏။ မောင်သာရသည် ၎င်းတို့လာရောက်လည် ပတ်သည်ကို မသိချေ။

ခင်သန်းက တင်မေကြီးအား မိမိတို့ခြံ၌ လူဆန်း တစ်ယောက် ရောက်၍နေကြောင်း ပြောပြလေ၏။ တင်မေကြီး သည် ထိုထူးဆန်းသောလူကို တွေ့လိုသဖြင့် တဲအနီးသို့ ရောက်၍လာလေရာ မောင်ဘိုးသာကို မတွေ့ရသဖြင့် စီးစောင်း လိုက်လံကြည့်ရှုလေရာ တစ်ခုသောခြံထောင့်၌ ပန်းပင်တစ်ပင်ကို ပြုပြင်၍နေသည်နှင့် ကြုံကြိုက်တွေ့ရှိရလေ၏။

တင်မေကြီးသည် ၎င်းကို မြင်လျှင်မြင်ချင်း အမှတ်မရ သဖြင့် အပါးသို့ မယောင်မလည် ပန်းပင်များကြည့်ရင်းလိုလို ကပ်လာပြီးနောက်

''ဩော်.....ဗမာ မာလီပါကလား''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

မောင်ဘိုးသာသည် မော့၍ကြည့်လိုက်သောအခါ မျက်နှာချင်းဆိုင်မိလျက် နှစ်ယောက်စလုံး တစ်ယောက်ကို တစ်ယောက် မှတ်မိလေ၏။ တင်မေကြီးသည် အံ့ဩ၍နေလေ၏။ မောင်သာရမှာ ထိတ်လန့်၍သွားပြီးလျှင် စကားပြန်မပြောဘဲ ''ဟင်''ဟု ပါးစပ်ကဆိုပြီး တော်ရာသို့လျှောက်ကာ ပျောက်ကွယ်၍ သွားလေ၏။

တင်မေကြီးသည် ထိုနေရာ၌ရပ်ကာ ကျန်ရစ်ခဲ့ရာတွင် မောင်သာရ အဘယ်အကြောင်းကြောင့် ဤနေရာသို့ရောက်ကာ ဤလိုအလုပ်မျိုးကို လုပ်နေသည်ကို တွေးတောရိပ်မိလေ၏။ အကြောင်းမူကား ဦးထွန်းသိန်းကို မည်သူသတ်သတ်သည် အကြောင်းကို တစ်နေ့သ၌ ပေါ်ပေါက်အောင် စုံထောက်မည်ဟု အကြံပြုသည်ကို သိရှိပြီးဖြစ်လေ၏။

ထိုအခိုက်တွင် ခင်သန်းသည် အပါးသို့ ရောက်၍ လာလေ၏။ တင်မေကြီးသည် ပျာယီးပျာယာ

''သည်လူ ဘယ်သူလဲဆိုတာ သိရဲ့လား၊ အရင် လူသတ်မှုမှာ ဖေဖေ ရုံးက လွှတ်ပစ်လိုက်တဲ့ ကိုသာရရယ်လေ''

ဟု အမှတ်တမဲ့ သတိလစ်ကာ ပြောလိုက်လေ၏။ ထိုပြောလိုက်ပြီးသည်နှင့် တစ်ပြိုင်တည်း ငါပြောမိသည်မှာ မှားလေခြင်းဟု စိတ်ထဲတွင် အောက်မေ့လေ၏။ ခင်သန်းသည်ကား ထိုစကားကို ကြားလျှင်ကြားချင်း ထိတ်လန့်တကြား အိမ်သို့ပြေးပြီး ရှိသမျှလူတို့အား အကြောင်းကို ပြော၍ပြလေရာ လူတိုင်း စိတ်ဆိုးကြပြီးလျှင် ဤလူ ဤနေရာသို့ အဘယ်နည်းနဲ့ ရောက်ရသလဲ စသည်ဖြင့် ပြောဆိုကြလေ၏။





ထိုနေ့၌ ခင်သန်း၏မောင် မောင်ဘလုံသည် ခြံထဲသို့ ဧည့်သည်များနှင့်အတူ ရောက်၍နေလေ၏။ မောင်ဘလုံမှာ အလွန်တရာကြွယ်ဝသော ဖခင်စစ်ကဲကြီး၏သားဖြစ်လေရာ ကျောင်း၌ ပညာကို ဆယ်တန်းမျှ သင်ပြီးသည့်နောက် မိမိ ဘာသာ ရန်ကုန်မြို့တွင် အပေါင်းအဖော်များနှင့် တစ်ကိုယ် တည်း နေထိုင်လျက် ကုန်သည်အလုပ်ကို ကြံစည်၍နေလေ၏။ နိုင်ငံခြားကုန်စည် အနည်းငယ်တို့ကိုလည်း တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ရရှိလျက် (ဘလုံအင်ကိုး) ဟူသော တန်းကို ဆူးလေဘုရားလမ်း တိုက်ခန်းတစ်ခု၌ ဆွဲကာ အတော်နာမည်ပေါက်လျက်နေလေ၏။ ကော်မရှင်ကိုယ်စားလှယ် အလုပ်အပြင် ပွဲစားအလုပ်များကိုလည်း ကြားညှပ်၍ လုပ်ကိုင် လေ၏။ သို့သော်လည်း မိမိ၏အလုပ် ကြီးကျယ်သည်ထက် မိမိ၍ ကြီးကျယ်ဟန် စကားပြောပြီးလျှင် ဖခင်ထံမှ ငွေများကို ကြာခဏ စိုက်ထုတ်ရလေ၏။ ၎င်းသည် တင်မေကြီးကို တစ်နေ့သ၌ ရဖို့ရန် ကြံစည်၍ နေသူဖြစ်လေ၏။ တင်မေကြီး၏ ဖခင်မှာ စစ်ကဲကြီးနှင့် အလွန်တရာ ချစ်ခင်သောကြောင့် တစ်ကြောင်း၊ မောင်ဘလုံသည် တစ်နေ့သ၌ ကုန်သည်သူဌေး ကြီးတစ်ယောက် ကေန်ဖြစ်လိမ့်မည်ဟု ယုံကြည်ထင်မြင်ကြ သောကြောင့်တစ်ကြောင်း၊ တင်မေကြီးကိုယ်တိုင်ကလည်း ကင်းကတော် ဟူသော နာမည်ထက် သူဌေးကတော် ဟူသော နာမည်ကို လိုလားသူဖြစ်သောကြောင့်တစ်ကြောင်း မောင်ဘလုံ မှာ များစွာပင် အခွင့်သာ၍နေလေ၏။

၎င်းမောင်ဘလုံသည် ထိုအကြောင်းကို ကြားရသော အခါ သည်အကောင် အင်္ဂလိပ်စာအုပ်တွေဘာတွေကို ဖတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သည်လိုကိုးဟု ပြောပြီး စစ်ကဲကြီးအား အကြောင်းကို သွာရောက်ပြောပြရင်း မောင်သာရကို ချက်ချင်း ခြံထဲမှ နှင်၍ ပစ်ရန် တိုက်တွန်းလေ၏။

ထိုနေ့ညနေစောင်းအချိန်၌ စစ်ကဲကြီးသည် မောင်သာရကို ခေါ်လေ၏။ မောင်သာရသည် စစ်ကဲကြီး၏ထံသို့ ရောက်သောအခါ စစ်ကဲကြီး၏ရှေ့တွင် မတ်တတ်ရပ်လျက် နေလေ၏။

စစ်ကဲကြီး။ ။ ''မောင်ရင် ပညာအရည်အချင်းနဲ့ ပြည့်စုံသူ တစ်ယောက် ဖြစ်ပါတယ်၊ ဘယ်အတွက် သည်လောက် အောက်ကျနောက်ကျအလုပ်ကို လုပ်ရသလဲ၊ မောင်ရင့်ကို ဦးကြီးတို့ ယခုလို အလုပ်ကြမ်းမှာ မခိုင်းရက်ပါဘူး၊ မောင်ရင့် အပေါ်မှာ ဦးက တစ်စုံတစ်ခု ရှိလို့မဟုတ်၊ အားလုံးသည်မှာ ရှိတဲ့လူများက မောင်ရင် သည်မှာနေတာကို သဘောမကျကြဘူး၊ သည်တော့ မောင်ရင့်လခကို ဦးအပြည့်ပဲပေးလိုက်မယ်၊ ကျန်တဲ့ရက်များ အတွက် ကိစ္စမရှိဘူး၊ တစ်ခြားမှာ အလုပ်အကိုင်ကလေးများ ရှာကြံပါ၊ အလုပ်ရပါလိမ့်မယ်''

ဟုပြောလေ၏။

သာရ။ ။ ''ကျွန်တော် ဘာမှ အပြစ်မရှိပါဘူး၊ သို့သော်လဲ ဦးက မနေစေချင်ရင်လဲ သွားရတာပေါ့''

ဟုပြောပြီး ငွေများကို ယူလျက် ထွက်လာခဲ့လေ၏။ စစ်ကဲကြီးလည်း အိမ်ပေါ်သို့ ပြန်တက်၍ သွားလေ၏။

ထိုအခိုက်တွင် တင်မေကြီးသည် မောင်သာရ၏အပါး





သို့ ရောက်၍လာပြီး–

''ရှင်အခု ကျွန်မအတွက် သည်နေရာက ထွက်သွားရတာပါ၊ ကျွန်မ အင်မတန်ဝမ်းနည်းတာပါပဲ၊ မတော်တဆ သတိသစ်ပြီး ပြောလိုက်မိတာပါ၊ သည်လိုဖြစ်မယ်လို့ ကြိုတင်ပြီးသိရင် ပြောမိမှာ မဟုတ်ပါဘူး၊ သည်အတွက် ကျွန်မကိုဖြင့် အပြစ်မထားပါနဲ့ရှင်၊ ရှင်သွားရာနေရာမှာ နေရာကျပါစေ၊ ရှင်ကြံတဲ့အကြံ အောင်ပါစေဆိုတာကို ကျွန်မ အမြဲဆုတောင်းပါမယ်''

ဟု ပြောလေ၏။

မောင်သာရသည် ထိုစကားကို ကြားရသောအခါ တင်မေကြီး၏မျက်နှာကို မော်၍မကြည့်ဘဲ ခေါင်းငုံ့ကာ–

''ကျွန်တော့်ကုသိုလ်ကံပါခင်ဗျာ၊ ဘယ်သူ့ကိုမှ အပြစ်တင်စရာ မရှိပါဘူး၊ ကျွန်တော့်အပေါ်မှာ သည်လိုကြင်ကြင်နာနာ သဘောထားသည့်အတွက် ကျေးဇူးတင်လို့ မဆုံးနိုင်အောင်ရှိပါတယ်၊ ကျွန်တော် သွားပါတော့မယ်ခင်ဗျာ''

ဟုပြောပြီးထွက်လာ ခဲ့လေ၏။

တင်မေကြီးသည် ၎င်းကို ရပ်ကာ ကြည့်၍နေပြီးနောက် သေးလံသောခြေလှမ်း၊ မသာယာသောမျက်နှာနှင့် အိမ်ပေါ်သို့ ပြန်တက်၍သွားလေ၏။

မောင်သာရသည် ထိုနေ့ည၌ ဖရေဇာလမ်း(ယခုအနော်ရထာလမ်း) စာအုပ်ဆိုင်သို့ ရောက်သွားလေရာ ဆိုင်ရှင်က

''အလို.....မောင်ရင် ရောက်လာမှကိုး။ ဘယ့်နှယ်လဲ၊ အလုပ်အကိုင်များ အပေါက်အလမ်း တွေ့ပါစ''

သာရ။ ။ ''အပေါက်အလမ်းတော့ မတွေ့ခဲ့ဘူး''

ဆိုင်ရှင်ဦးသာဇံ။ ။ ''နို့ ....အခု မင်း ဘယ်ကိုသွား မလဲ''



www.burmeseclassic.com

www.burmeseclassic.com



သာရ။ ။ ''မပြောတတ်သေးဘူး ဦးရဲ့၊ သည့်လို ကြံရ စည်ရမှာပဲ၊ တည်းစရာခိုစရာတောင် နေရာမရှိဘူး''

ဦးသာဓံ။ ။ ''ငါ့ဆိုင်မှာ အပေါ်က အထပ်ကလေးတစ်ခု ရှိတယ်။ လူမနေတာ နှစ်ပေါင်းအတော်ကြာ ရှော့မယ်။ ဖုံများလဲ ဒူးဆစ်ခိုက်လိမ့်မလားမသိဘူး။ အဲဒီကအခန်းမှာ နေချင်ရင် မင်းနေတော့။ ဟဲ့..... မိသော့၊ အပေါ်ကအခန်းမှာ သည်သူငယ်ကို ကွက်စာကျွေးရအောင် ဖုံများကို လိုက်လှဲပစ်ရ လိမ့်မယ်ဟေ့''

သာရ။ ။ ''ကျေးဇူးပေါ့ခင်ဗျာ''

ဦးသာဓံ။ ။ ''ဘာပြောတယ်။ လောကမှာ ကျေးဇူးနဲ့ ထမင်းမစားဘူး''

သာရ။ ။ ''ကျွန်တော်အလကား မနေပါဘူးခင်ဗျား''

ဦးသာဓံ။ ။ ''မင်းကို အလကား ကုသိုလ်ဖြစ် ထားမယ် လို့ ဘယ်သူ ပြောသလဲ။ သည်ဆိုင်ဟာ သာလာရုံဇရပ် မဟုတ်ဘူး။ မောင်ကျော်သားမို့ နေဖို့ခေါ်တာ၊ အလကားနေဖို့ ခေါ်တာ မဟုတ်ဘူး''

သာရ။ ။ ''ကျွန်တော် ဘယ်လောက်ပေးရမှာလဲ''

ဦးသာဓံ။ ။ ''တန်သလောက် ပေးရမှာပေါ့''

သာရ။ ။ ''ကျွန်တော့မှာ ရှိတဲ့ငွေနဲ့ ပေးနိုင်၊ မပေးနိုင်ကို သိပါရစေ''

ဦးသာဓံ။ ။ ''မင်းမှာ ငွေရှိသလား''

သာရ။ ။ ''နည်းနည်းပါးပါးပေါ့ ဦးရယ်''

ဦးသာဓံ။ ။ ''နည်းနည်းပါးပါးဖြင့် များများစားစား ရအောင်





ရှာရမယ်''

သာရ။ ။ ''ကျွန်တော် ဘယ်မှာသွားပြီး ရှာရမလဲ''

ဦးသာဓံ။ ။ ''ငွေဆိုတာ ရှာလို့မရဘူးဟေ့၊ လုပ်မှ ရတာ။ မင်း ငါ့ကို သည်ကနေ့ ဂွစကားချည်း ပြောနေပါ ကလား''

သာရ။ ။ ''ဂွစကား မပြောပါဘူး ဦးရဲ့၊ အလုပ်ရဖို့ ခက်နေတာပါ''

ဦးသာဓံ။ ။ ''ငါ့မှာ စာအုပ်တွေ အဟောင်း၊အသစ် အမျိုးမျိုး ရှိတယ်၊ ငါက မျက်စေ့ကောင်းကောင်းမမြင်ဘူး၊ မင်းမျက်စေ့ကလေးနဲ့ ကြည့်ပြီး စာအုပ်စာရင်း ကက်တလောက်ကို လုပ်ပြီး အဝေးအနီး ကြော်ငြာ ပြီး ရောင်းချင်တယ်၊ အခုလို ရောင်းနေလို့ မဖြစ်ဘူး၊ ကြာရင် ဆိုင်ခ ပေးနိုင်မှာ မဟုတ်ဘူး၊ မင်း သည်အလုပ်ကို လုပ်နိုင်ပါ့မလား''

သာရ။ ။ ''ကျွန်တော် တစ်ခါမှ မလုပ်ဖူးဘူး''

ဦးသာဓံ။ ။ ''မလုပ်ဘူးရင် မင်း အခု လုပ်ဖူးရောပေါ့၊ မလုပ်ခင် ကြားပေမဲ့ လုပ်တော့မှ သိရမှာပဲ။ မင်း လခ များများမရဘူး။ စားဖို့၊ အိပ်ဖို့၊ ဆေးလိပ်သောက်ဖို့၊ ဆံပင် ညှပ်ဖို့၊ လက်ဘက်ရည်သောက်ဖို့၊ အဝတ် ဝတ်ဖို့ရရင် တော်ရောပေါ့''

သာရ။ ။ ''တော်ပါပြီခင်ဗျား''

ဟု အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာ ပြောလေ၏။

ဦးသာဓံ။ ။ ''မတော်ပေမဲ့ ပိုပြီး မပေးနိုင်ဘူး။ အလုပ် မလုပ်မီက လခတိုးချင်လို့ ဖြစ်ပါ့မလား၊ ကိုယ်ချင်းလဲ စာကြည့် ဦးကွဲ့။ ငါ့မှာ အား မရှိသေးဘူး၊ ဟိုအကောင်မကြီး



www.burmeseclassic.com

www.burmeseclassic.com



မိသော့က တာဝန်ဖြစ်နေတယ်''

သာရ။ ။ ''မလိုချင်သေးပါဘူး ဦးကြီးရဲ့''

ဦးသာဇံ။ ။ ''မင်းကို ငါ အလုပ်လုပ်ဖို့ ခေါ်တာ၊ ပလီဖို့ ခေါ်တာ မဟုတ်ဘူး၊ ပိုပြီး မလိုချင်ဆိုတာ ပင်း ငါ့ကို လိမ်တာပေါ့။ လိုချင်လို့လဲ မင်းကို ငါ မပေးနိုင်သေးဘူး၊ ကိုင်း....ငါက အေးအေးဆေးဆေးလူကို သဘောမကျဘူး၊ လုပ်ဆို ယခုလုပ်မှ သဘောကျတယ်ဟေ့။ စာအုပ်တွေကို မင်း စစ်ပြီး ကြည့်။ အာရင်း လုပ်၊ နံပါတ် ထိုး၊ သူ့တန်ဖိုးနဲ့သူ အစီအစဉ်ထားပြီး ကြော်ငြာများ စီမံရမယ်ကွဲ့၊ မြန်မာပြည်မှာ ကြော်ငြာပြီးရောင်းတဲ့ စာအုပ်အဟောင်းဆိုင် မရှိသေးဘူး။ မင်းသည်အလုပ်ကို မြန်မာပြည်မှာ ပထမစတင် တီထွင်တဲ့သူကွဲ့။ သည့်ပြင်လဲ စာအုပ်အဟောင်းများကို ရောင်းချင်သူရှိရင် စုံစမ်းပြီး တွင်မယ့်စာအုပ်များကို ဝယ်ဖို့ရှိတယ်၊ ကိုင်း....မင်း ယခုပင်စ၍ အလုပ်ကို စီမံရမကွဲ့''

♛ ♛ ♛





## အခန်း (၇)

မောင်သာရသည် ထိုနေ့မှစ၍ ဦးသာဇံ၏ စာအုပ်ဆိုင်၌ အလုပ်ကို ကြိုးကြိုးစားစား လုပ်လေ၏။ အလွန်တရာ ကြီးမားသော စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းများ ဖြစ်နေလေရာ ပြင်းထန်သော ဒုက္ခဆင်းရဲ၏ ရေကြော၌ နစ်မွန်းမြောပါ၍ နေသောသူသည် တွယ်တာစရာ တုံးတိုကို ရသည့်အလား ထိုအလုပ်သည် ကြီးစွာသော အားကို တက်စေ၏။ ထိုဆိုင်၌ အလုပ်ကိုလုပ်၍နေစဉ် ရပ်တည်ရန် အခြေကို ရသဖြင့် မိမိ၏ အပေါ်၌ ဆင်ရှိသော မကောင်းသောသတင်းကို အဘယ်ပုံ ပျောက်အောင် ကြံဆောင်ရမည်ဟု စိတ်အကြံကို ယက်သန်စွာ ပြုနိုင်ခွင့်ရလေ၏။

မောင်သာရသည် အလုပ်ကို တစ်နေ့လုံး လုပ်လျက် ထမင်းစားရုံ၊ လက်ဘက်ရည်သောက်ရုံမျှသာ အားလပ်ခွင့် ရှိလေ၏။ ညဉ့်အခါများ၌လည်း သန်းခေါင်ကျော် လင်းအားကြီး သို့တိုင်အောင် ကက်ဟလောက်ပုံစံကို စီမံလုပ်ကိုင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှုကား နှစ်ရှည်လများ အစီအစဉ် မရှိဘဲ စုပုံ၍ ထားသော စာအုပ်ပေါင်းများစွာတို့ကို စီစဉ်ခြင်းသည် သေးငယ်သောအလုပ် မဟုတ်ချေ။

တစ်ရံတခါ မောင်သာရသည် သန်းခေါင်ကျော်အောင် အလုပ်ကို လုပ်လေရာ ဦးသာဖံသည် ၎င်းကိုလာ၍ကြည့်ပြီး

''မင်း ငါ့ကို သည်ပုံ ကျေးဇူးဆပ်သလား၊ မင်း အညောင်းမိပြီး သေမှာကို ငါ မနေ့မြောဘူး၊ ငါ့မှာ နောင် ကူဘော်လောင်ဘက် မရမှာကို ငါစိုးတယ်။ ဟိုဖာသည်မ မိသော့ကလဲ ငါ့ကို ဆဲလိမ့်မယ်။ အခုတောင် ကြိမ်းလှပြီ။ အကောင်ကလေးကို သည်လောက်တောင် နိုင်းရမလားတဲ့၊ သခွတ်ပင်က မီးတကျီကျီ၊ သည်အကောင်မကြီးကြောင့် အင်မတန်ခက်တယ်၊ အခု မင်းကို ငါ အလကား လခပေး မထားဘူး။ မင်း လုပ်သည်အတွက် ငါ့မှာ ပိုပြီးအကျိုးရှိလို့ ပေးနိုင်တာ၊ အကျိုးရှိရာက အကျိုး ယုတ်မသွားစေနဲ့။ နာရီကို ကြည့်စမ်း၊ သုံးချက် ကျော်ပြီ။ ငါ့အပေါ်မှာ အချိန်ပို တောင်းချင်လို့လား ''

စသည့်စကားမျိုးကို ပြောလေ့ရှိ၏။

ထိုကဲ့သို့ပြောသည့်အခါ မောင်သာရသည် နာရီကို ကြည့်ပြီး ကပျာကယာ အလုပ်များသိမ်းပြီး အိပ်ရာသို့ ဝင်မည်ပြုလျှင် မသော့သည် ကာဖီကို ယူ၍လာပြီး မောင်သာရ၏ အိပ်ရာအနီး၌ရှိသော စားပွဲပေါ်သို့ တင်ထားလေ၏။ ဦးသာဖံသည်ကား ''ဘာကလေးကိုပဲ ရရ အကောင်ကလေးဖို့၊ အထည် ဆန်းဆန်းကလေးမြင်ရင် အကောင်ကလေးဖို့၊ ကာဖီတောင် သန်းခေါင်ကျော်အချိန်မှာ လာပြီး တိုက်တယ်၊ ထွီ.....ငါ့ကို





ကျွန်ဖြစ်အောင် လုပ်မဲ့အကောင်မကြီး၊ ကိုင်း.....ကိုင်း သောက်၊ နက်ဖြန် မိုးလင်းရင် အိပ်ရေးဝမှထ၊ အိပ်ရေး မဝဘဲ ထရင် မောင်ဒုက္ခဖြစ်မှာကို မစိုးရိမ်ပါဘူး၊ ငါ့အလုပ်တွေ မတွင်မှာစိုးလို့ ပြောတာ၊ မသာရထားတို့၊ သေတ္တာရှည်တို့ကလဲ အရင် ဘုတ်ကွေးတွေ ပေါ်ပြီးကတည်းက အင်မတန် ဈေးတက်နေ တာ၊ အခုတောင် ပြန်ပြီး မကျသေးဘူး၊ သည်တော့ မကုန်တန် တာ မကုန်ရအောင် မကျတန်တာ မကျရအောင် ဂရုစိုက်ရ မယ်ကွဲ့၊ မောင်ဂိုမာရီလမ်း(ယခုဗိုလ်ချုပ်အောင်ဆန်းလမ်း)က သေတ္တာရှည်သမားတွေက မျက်လုံးတောင် မပွင့်ဘူး''

ဟု ပြောပြီး ထွက်သွားလေ၏။

ဦးသာဖံထွက်၍သွားသောအခါ မသော့သည် မောင်သာရကို လက်တို့လျက်

''သည်အကောင်ကြီးဟာ ကမ္ဘာပေါ်မှာ ဝွအကျဆုံး အကောင်ကြီး။ သူနဲ့သင့်အောင် ပေါင်းနိုင်ရင်တော့ နေရာကျ ပါရဲ့၊ အလိုက်သင့် ကြည့်ပြီးပေါင်းနော်''

ဟု ပြောပြီး ထွက်သွားလေ၏။

မောင်သာရသည် ဆိုင်အတွက် ဉာဏ်ရှိသလောက် ကြိုးစားအားထုတ် လုပ်ကိုင်လေရာ ဆိုင်ရှင်ကုလားကြီးနှင့်တကွ မသော့သည် သားအရင်းကဲ့သို့ ချစ်ခင်ကြလျက် လခစား အလုပ်သမားလို သဘောမထား၊ တင့်တယ်စွာ ထားကြလေ၏။ မောင်သာရမှာ အသုံးအစားမှစ၍မည်သည့်အရာမျှ ချို့ငဲ့ခြင်း မရှိသောကြောင့်တစ်ကြောင်း၊ စိတ်လက်ညည်းစရာ တစ်စုံ တစ်ရာသောပြုမှုခြင်းကိုမျှ မခံရသောကြောင့်တစ်ကြောင်း ပျော်ရွှင်စွာ အလုပ်လုပ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုကဲ့သို့နေသည့်အတွင်း တစ်နေ့သ၌ နံနက်မိုးလင်း၍ ...ညသောက်ကာနေကြစဉ် စာတစ်စောင်ရောက်၍ ...လေ၏။ ထိုစာကိုကြည့်လိုက်သောအခါ မိမိထံ လိပ်တပ်၍ သာသောစာဖြစ်သဖြင့် ဆိုင်၌ မိမိအလုပ်လုပ်ကိုင်၍နေကြောင်းကို မည်သူများ သိသဖြင့် ပေးပါသနည်းဟု တွေးတောအံ့သြပြီးမှ ာကိုဖွင့်၍ကြည့်လေရာ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

**မိတ်ဆွေ။**

**မိတ်ဆွေအကြောင်းကို ကျုပ် ကြားရသည်မှာ များစွာစိတ်မကောင်းဖြစ်၏။ ဤမနုသလူတို့၏ပြည်သည် မတရားသောပြည်ဖြစ်သည့်ပြင် မသိမလိမ္မာသောသူတို့ ပေါများခြင်းသည် သူတော်ကောင်းတို့၏စိတ်ကို များစွာ ငြိုငြင်ခြင်းဖြစ်စေသောအကြောင်းဖြစ်ပါသည်။**

**တိုင်းချစ်ပုဂ္ဂိုလ်တစ်ယောက် သေသည့်အတွက် မိတ်ဆွေအပေါ်မှာ တစ်စုံတစ်ရာ မသက်ဆိုင်ဘဲ တိုင်းပြည်က သပိတ်မှောက်ကြသည်မှာ များစွာမတရားခြင်း ဖြစ်ပါသည်။ မိတ်ဆွေအား တတ်နိုင်သမျှ ကြည့်ရှုစောင်မခြင်းကို ပြုလိုပါ၏။ငွေကြေးအနည်းငယ်အလိုရှိသည့်အခါ အောက်ပါလိပ်အတိုင်း အကြောင်းကြားပါ။**

**မောင်စော။**

**စာတိုက်မိုလ်ကတစ်ဆင့် ပေးရန်။**

**တောင်ငူမြို့။**





မောင်သာရသည် ထိုစာကို ဖတ်မိသောအခါ အံ့အား ...သင့်လျက် များစွာတွေးတောလျက် ရှိနေလေ၏။

နောက်ဆုံးကျမှ ကွယ်လွန်သူ ဦးထွန်းသိန်းရှိစဉ်က ဦးထွန်းသိန်းထံ ငင်း မောင်စောဆိုသူ ရောက်၍ လာဖူးသဖြင့် ...နှင့် အနည်းငယ် စကားပြောဆိုဖူးကြောင်းကို သတိရလေ၏။ ...ောင်သာရသည် ထိုစာကို မပျောက်မပျက်ရအောင် သိမ်း၍ ...ားလေ၏။

ညတစ်ည၌ မောင်သာရသည် ဆိုင်တွင် ထိုင်ကာ ...အုပ်များကို စီစဉ်လျက်နေစဉ် တင်မေကြီးသည် ဖခင် ...ရားဝန်ကြီးနှင့်အတူ ဆိုင်သို့ရောက်လာကြရာ မောင်သာရနှင့် ...ဆိုင်တွေ့၍နေကြလေ၏။ တင်မေကြီးသည် အံ့အားသင့်လျက် ...နေလေ၏။

...ရားဝန်ကြီး။ ။ ``အလို.....မောင်ရင် သည်မှာ လုပ်နေသလား``

...ာရ။ ။ ``ဟုတ်ကဲ့၊ ကျွန်တော် ဒီမှာ စာအုပ်များကို ရောင်းနေရပါတယ်``

...င်မေကြီး။ ။ ``ကျွန်မမှာ စိတ်တောင်မကောင်းပါဘူးရှင်။ ကျွန်မအတွက် ရှင်အလုပ်က ထွက်ပြေးရတာကို တွေးမိတိုင်း စိတ်မကောင်း ဖြစ်ရတာပါပဲ။ အခု ဟိုအလုပ်ထက်တော့ ကောင်းပါလိမ့်မယ် ထင်ပါရဲ့``

...ာရ။ ။ ``သင့်တင့်ပါရဲ့။ ဟိုအလုပ်လိုတော့ မကြမ်းလှပါဘူး``

...ရားဝန်ကြီး။ ။ ``နို့.....မောင့်အကြံအစည် နေရာကျဖို့ ရှိရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား။ အစအနများ မပေါ်သေးဘူးလား''

သာရ။ ။ ''အစအနတော့ ဘယ်ကမှ ဟုတ္တိပတ္တိ မပေါ်သေးဘူး''

တင်မေ။ ။ ''နေရာကျပုံ့မလား''

သာရ။ ။ ''ဒါတော့ ကံပဲ အောက်မေ့ရမှာပဲ။ ကျွန်တော်တော့ ဘယ်ကစပြီး လိုက်လံ စုံထောက်ရမယ်ဆိုတာကို ရှာကြံတုန်း ရှိသေးတာပဲ''

တရားဝန်ကြီး။ ။ ''အေးအေး.....စိတ်ကိုသာ မလျှော့ဘဲ ကြိုးစားရင် နေရာကျစရာ ရှိပါရဲ့၊ နို့.....မင်း စာမေးပွဲကို ဆက်ပြီး မဝင်ဘူးလား။ နောက်ဆုံးတစ်နှစ်သာ ကျန်တော့တယ် မဟုတ်လား''

သာရ။ ။ ''အခုတော့ သည်အရေးအဲတွက် စိတ်ကူးခွင့် မရသေးဘူး။ စာကိုတော့ အားလပ်တဲ့အခါ တိုင်း ဖတ်လျက် ကြည့်လျက်ပါပဲ၊ အခုပုံမှာတော့ စာမေးပွဲအောင်ပေမဲ့ တယ်ကြီး ကျေးဇူးထွန်းကားဖို့ မရှိသေးပါဘူး''

ထို့နောက် တင်မေကြီးနှင့် တရားဝန်ကြီးသည် စာအုပ်များကို လှန်ပြန်ကြည့်ရှုပြီး စာအုပ်သုံးအုပ်ကို အဖိုးစားနား မေးရာ မောင်သာရ ပြောသည့်အတိုင်း အဖိုးကို ပေးပြီး နှုတ်ဆက်၍ ထွက်သွားကြလေ၏။ လမ်းသို့ရောက်ကြသော အခါ တင်မေကြီးသည် နောက်သို့လှည့်ကာ ကြည့်လေလျှင် မောင်သာရနှင့် မျက်နှာချင်းဆိုင်၍ နေလေ၏။

ထိုအခါ မောင်သာရ၏ ရင်ထဲတွင် ဖိုထိုးသကဲ့သို့ဖြစ်ပြီး





မိမိ၏အလုပ်အကြံကို အောင်မြင်အောင် ကြံဆောင်ဖို့ရန် စိတ်အားသည် ဆထက်ထမ်းပိုး တိုး၍လာလေ၏။ ထို့နောက် ငါ၏စိတ်သည် အသို့လျှင် ဖြစ်ရပါသနည်း။ ငါသည် မဖြစ်နိုင်သောအရာကို မျှော်လင့်တောင့်တ၏။ တင်မေကြီးသည်ကား ဘီမဝန္တာတောင်ထိပ်၌ရှိသော ကြာပန်းနှင့် တူ၏။ ငါသည်ကား တောင်အောက် ချောက်ထဲတွင် ကျောက်ကြိုကျောက်ကြား ၌ရှိနေသော ဖားသတ္တဝါနှင့် တူ၏ စသည်ဖြင့် တွေးဆကာ စိတ်ကို ဆုံးမလေ၏။ သို့သော်လည်း မောင်သာရ၏စိတ်၌ ပေါ်ပေါက်သော သဘောတရားသည် အမြင့်ကို မှန်းသော ယောကျ်ားမျိုးတို့၏မွေတာ စိတ်သဘောမျှသာ ဖြစ်လေ သတည်း။

မောင်သာရသည် ဆိုင်ပေါ်၌ မတ်တပ်ရပ်ကာ အစ်ကိုယ်တည်းခေါင်းငုံ့လျက် တွေးတောရင်း ကျန်ရစ်လေလျှင် ကုလားကြီးနှင့် ၎င်း၏နှမသည် သေချာစွာကြည့်လျက် တစ်ယောက်ကိုတစ်ယောက် လက်တို့၍နေကြလေ၏။ ထို့နောက် ကုလားကြီးသည် မောင်သာရ၏ပုခုံးကို လက်နှင့် သာ၍ပုတ်ပြီး

''တရားဝန်ကြီးသမီးနဲ့ ရပေမဲ့ မင်း ငါ့ဆိုင်နဲ့ လွတ်မယ် ထင်သလား။ ငါ့အလုပ်ကို အပျက်မခံနိုင်ဘူး။ ညကျမှ အိပ်ရာထဲမှာ တစ်ညလုံး အိပ်မက်ပြီး နေ၊ အခုတော့ တွေးမနေနဲ့ သွားပြီ''

ထိုအခါ မောင်သာရသည် ပြုံးရယ်လျက် စာအုပ်ဖိုးငွေများကို အဘိုးကြီးအား ပေးလေ၏။ အဘိုးကြီးသည် ငွေတွက်ကာ ခေါင်းညိတ်လျက် ဈေးသေတ္တာကလေးထဲသို့ ထည့်ပြီး ဝင်သွားလေ၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မောင်သာရ၏ လုံ့လ၊ ဝီရိယကြောင့် ဦးသာဖံ၏ဆိုင်မှာ တစ်နေ့တခြား ကြီးပွားတိုးတက်၍ လာလေ၏။ မောင်သာရသည်လည်း ၎င်းကုလားကြီးနှင့် ကုလားကြီး၏နှမ ခါလာသော့ကို ဦးကြီး၊ အရီး မိဘကဲ့သို့ သဘောထားလျက် မိမိကို ကြည့်ရှုစောင့်ရှောက်ကြသည်ထက် မိမိကလည်း ၎င်းတို့ကို ပိုမိုစောင့်ရှောက်လေ၏။

လောကကြီးတစ်ခုလုံးက မိမိကို ပစ်ပယ်၍ထားလေရာ ပင်လယ်တွင် သင်္ဘောပျက်၍ လက်ပစ်ကူးရသောသူကဲ့သို့ ဖြစ်ပျက်နေသည်အတွင်း ရေးဘဝဘဝက ရေစက်ဆုံစည်းကြသဖြင့် လူမျိုးပင် ကွဲပြားလည်း သွေးသားရင်းနှီးသူများမျှမက မိမိကို အလေးဂရုပြုသော မောင်နှမနှစ်ဦးနှင့် တွေ့ကြုံရလေရာ လူ့ပြည်လောကသည် မိမိ ထင်မြင်တွေးတောသလောက် ဆိုးသွမ်းသောလောကကြီး မဟုတ်ပါတကားဟု မိမိကို ပစ်ပယ်





သောသူအပေါင်းတို့၏ အပေါ်၌ပင် မေတ္တာတရားကို တစ်ခါတစ်ခါ ပြန်၍ထားမိလေ၏။ အကြောင်းမူကား ထိုလူအပေါင်းတို့သည် မိမိကို တမင်သက်သက် မုန်းထား မနာလိုကာစေရားသောစိတ်နှင့် သပိတ်မှောက်ကြသည် မဟုတ်။ မိမိအပေါ်၌ အထင်အမြင် မှောက်မှားခြင်းကြောင့်သာလျှင် ထိုကဲ့သို့ သပိတ်မှောက်ကြခြင်းဖြစ်သည်ကို တွေးမိလေ၏။ ထိုအကြောင်းကို တွေးလိုက်သောအခါ လူသတ္တဝါတို့သည် စင်စစ်အားဖြင့် အလွန်တရာ ဆိုးသွမ်းယုတ်မာ မဟုတ်တာကိုသာလျှင် လုပ်ဖို့ရန် ကြံစည်၍နေကြသော သတ္တဝါမျိုး မဟုတ်။ မြင့်မြတ်သောအမှုကို အဟုတ်အမှန် ပြုဖို့ရန် ကြံစည်အားထုတ်သော သူတို့သည်သည်း အများအပြားပင် ရှိကြကြောင်းကို မောင်သာရ သတိရနောက် မိမိမှာ ဤကဲ့သို့ အထင်မှားခြင်းကို ခံရသောကြောင့် သည့်သူတို့ကိုမှ မျက်ကြုတ်ဝန်တို မုန်းထားစရာ မရှိ။ မိမိ၏ ကံကြမ္မာကိုသာလျှင် အပြစ်တင်ဖို့ရှိသည်ဟု တရားကို ရှုမျှော်မိလေသတည်း။

ထိုကဲ့သို့ ရှုမျှော်သောအထဲတွင် တင်မေကြီးကဲ့သို့သော မြင့်မြတ်ကြင်နာသော မိန်းမတစ်ယောက်သည် ဤလောက၌ ရှိ၏။ အများအပြားပင် ရှိတန်ရာ၏။ သို့ပင်ရှိလင့်ကစား မတင်မေကြီးတစ်ယောက်၏ ဂုဏ်ကျေးဇူးကြောင့် ဤလောက၏ မြင့်မြင်ခြင်းသည် သက်သာခွင့် ရဖို့ရှိ၏ဟု မိမိ၏စိတ်၌ တော်ထင်မိလေ၏။

တင်မေကြီး၏မျက်နှာကို စိတ်ထဲ၌ ထင်မြင်မိသည့် အခါတိုင်း မိမိ၏စိတ်အကြံတွင် အားသစ်ထပ်လောင်းတိုးသကဲ့သို့ ဖြစ်၏။ အခါများစွာ မိမိ၏အပေါ်၌ တင်မေကြီး၏ ကြင်နာသော



www.burmeseclassic.com

www.burmeseclassic.com



သဘောထားပုံတို့ကို တွေးတောကာ သုခချမ်းသာတစ်မျိုးကို စိတ်ထဲတွင် ကြိတ်ခံစား၍ နေရလေ၏။ ထိုကဲ့သို့ ကြိတ်ကာခံစား၍နေသည့်အတွင်း သတိရသည့်အခါ ငါသည် ရှုးလှ၏တကား။ တင်မေကြီးနှင့် ပတ်သက်၍ ငါ၏စိတ်သည် အဘယ်နည်းဖြင့် ချမ်းမြေ့ခြင်း ဖြစ်နိုင်ဘွယ်ရာ ရှိပါသနည်း စသည်ဖြင့် တွေးတောကာ တင်မေကြီးကို မတွေးမိအောင် မေ့လျော့ဖြေဖျောက်ဖို့ရန် အားထုတ်ရှာလေ၏။ သို့ပင်အားထုတ်ငြားသော်လည်း ယောက်ျားကောင်း၊ ယောက်ျားမြတ်တို့၏ စိတ်အကြံမျိုး ပီသသော မိမိ၏ အားထုတ်ခြင်းအရေး၌ မကြာခဏ အားပေးသော မျက်နှာထားမျိုးနှင့် စိတ်ထဲတွင် ပေါ်ပေါက်၍လာသော ထိုလှပသော မျက်နှာသည်ကား လုံးလုံးကြီး မပျောက်မပျက်သောကြောင့် သတိလစ်ကာ တွေးတော၍ နေသည့်အခါတိုင်း နှလုံးအတွင်း၌ အသွေးမာတ်တို့သည် ဘောင်ဘင်ခတ်၍ နေကြလေသတည်း။

မိမိ၏အကြံကိုကား အဘယ်ကစ၍ အဘယ်ပုံ အောင်မြင်အောင် ကြံဆောင်ရမည်ဟု တွေးဆရန် လွန်စွာ ခက်လျက် အစပျောက်သော ချည်ခင်ထွေးကို ဖြေရှင်းရန် ခက်သကဲ့သို့ ဖြစ်၍နေလေ၏။ များမကြာမီက ရရှိပြီးသောစာမှာလည်း လိုလိုမယ်မယ် ထားရသော်လည်း တစ်စုံတရာမျှသော သဲလွန်စကို ထိုစာ၌ မတွေ့မရှိရချေ။

ရန်ကုန်မြို့၌လည်း မိမိ၏ဆိုးသွမ်းခြင်းအကြောင်းကို ပြောဆိုသောစကားများသည် ဆိတ်ငြိမ်ခြင်းသို့ ရောက်စပြုလေရာ ငါသည် အေးအေး ယခုလို နေရလျှင် တဖြည်းဖြည်း ပပျောက်ကာ ချီးမွမ်း ၇-ရက်၊ ကဲ့ရဲ့ ၇-ရက် ဆိုတဲ့စကားလို





အေးချမ်းဖို့အရေး ရှိလေမည်လားဟု တွေးတောကာ ပေါ့လျော့စိတ်သည် တစ်ခါတစ်ခါ ဝင်စား၍ လာလေ၏။ အကြောင်းမူကား အရေး တစ်စုံတရာ ပေါ်ပေါက်ချေက ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တရုံးရုံး ထကြွလှုပ်ရှား ရုတ်တရက် ဆူညံကြပြီးနောက် မိုးသက်လေပြင်းကျပြီးသော ပင်လယ်ရေပြင်ပမာ လျင်မြန်စွာ ငြိမ်သက်အေးချမ်း၍ သွားကြသောအလေ့သည် ရန်ကုန်မြို့၏ အလေ့တစ်ခုဖြစ်ရလေ၏။ သို့သော်ငြားလည်း ထိုကဲ့သို့ ပေါ့လျော့သောစိတ်မျိုး ပေါ်ပေါက်၍လာသည့်အခါတိုင်း တင်မေကြီး၏ မျက်နှာကို ကွက်ခနဲကွက်ခနဲ မြင်မိသောကြောင့် ပေါ့လျော့မည့်ဆဲဆဲဖြစ်သောစိတ်မှာ အားသစ်တစ်ဖန် တိုးတက်၍ လာပြန်လေ၏။

ယခုအခါ မိမိ၏အကြံကို အထမြောက်အောင် ကြံစည်ရန်ဖို့ရန် လမ်းအခွင့်မှာ အထက်ကထက် ပိုမို၍သာ ရှိလေ၏။ အကြောင်းမူကား ဦးသာဇံ၏ စာပေါင်းသိုက်ဟု ခေါ်ဆိုအပ် သော အအုပ်ဆိုင်မှာ အထက်ကနှင့် မတူ၊ များစွာ ရှင်းလင်း ခြင်းသို့ ရောက်လေတော့သည်ဖြစ်သောကြောင့် သွားလာ လည်ပတ်ရန် အချိန်များကို လွယ်ကူစွာ ရသည့်ပြင် မိမိဝတ်စား သွားလာသည်ကိုပင် ဒေါ်သော့ ခေါ် ခါလာကြီးက အရိပ်ကြည့်ကာနေသောကြောင့် ခါလာကြီး၏ဩဇာတစ်ခုကို မြေဝယ် ကျ နာခံရသော ဦးသာဇံသည်လည်း ဆဲဆဲဆိုဆိုနှင့်ပင် ကောင်သာရကို ကြည်ဖြူ၍နေလေ၏။

တစ်ရံတခါ ကုလားကြီးက ခါလာကြီးအား.....

"နင်က နင့်ကောင်ကလေးကို ကြပ်ကြပ်အရိပ်ကြည့်၊ ကောင်မကြာမီ နင့်ကို သူ ယူလိမ့်မယ်။ သူယူတာက မထောင်း



www.burmeseclassic.com

www.burmeseclassic.com



တာဘူး၊ လည်အားကြီးတဲ့ လှည်းဘီးလို ချေးသင့်မှာ စိုးရတယ် အခု ကောင်ကလေးဟာ ညအခါ စောစော မပြန်ဘူး''

ခါလာ။ ။ ''အို. ... သူ့ကို လည်ဖို့ပတ်ဖို့ ဘယ်သူက ပြော သလဲ၊ မောင်ကြီးပဲ ပြောတယ်မဟုတ်လား''

ဦးသာဇံ။ ။ ''ဟဲ့.....ခွေးမကြီး၊ မလည်ဘဲ မပတ်ဘဲ ကကုတ် ကုတ် အလုပ်လုပ်နေရင် ဒုက္ခဖြစ်မှာကိုစိုးလို့ ပြောရတာ''

ခါလာ။ ။ ''နို့.....ဒါနဲ့ ဘယ်သူ့ကို လာပြီး ဆူနေရတာ တဲ့တုံး''

ဦးသာဇံ။ ။ ''မဆူဝံ့ပေါင်ဗျာ၊ သူ့ကိစ္စရှိလို့ ညည သွားနေတာ ဖြစ်တော့မပေါ့''

ခါလာ။ ။ ''တန်တန်မောင်ကြီး၊ ကျွန်မကို ဘာမှ မပြောနဲ့ တစ်ညလုံး မကလို့ မလာဘဲနေနေ၊ သူပဲ စာ ကလေး ကြော်၊ သူပဲ ဆီထမင်း၊ တကတည် တတ်ပဲတတ်နိုင်လွန်းပါရဲ့''

ဟုပြောပြီး မောင်သာရကို မျှော်ကာ စကားမပြောဘဲ နေကြ လေ၏။

ဦးသာဇံသည်ကား မိမိ၏အလုပ်များ နေရာတကျ ဖြစ်၍နေသောကြောင့် လွန်စွာစိတ်ကျေနပ်လျက် နေလေ၏ သို့ပင် စိတ်ကျေနပ်သော်ငြားလည်း တစ်ခါတရံမှ ကျေးဇူးတင် စကားကို ပြောလေ့မရှိ၊ စိတ်ထဲကပင် ကျေးဇူးတင်သော်လည် မိမိ၏ ကျေးဇူးတင်ခြင်းကို ရှုံ့ချကဲ့ရဲ့ ပြောဆိုခြင်းတို့ဖြင့်သာလျှင် ထုတ်ဖော်ပြောတတ်သူတစ်ယောက်ဖြစ်လေ၏။

ယင်းကဲ့သို့နေခိုက်တွင် မောင်သာရသည် မိမိ၏အလုပ် တိတ်တဆိတ် ကြံစည်ဂုံစမ်းခြင်းကို မျှော်သွေးစမ်းသည့်အလာ





တစ်စတစ်စ ကြံစည်စပြုလေ၏။ သို့သော်လည်း ၎င်း၏ ရှာကြံ ခြင်းတို့သည် တောကို နားမလည်သော မုဆိုးပမာ အစမရှိ ဆင်မိထင်ရာ စွပ်မိစွပ်ရာ အရမ်းကြံခြင်းမျှသာဖြစ်လေ၏။ ထိုအမှုမှာ စုံထောက်၍ မရသော လူသတ်မှုအဖြစ်နှင့် ထားရ လေရာ အလွန်တရာ ကျင်လည်သော ရန်ကုန်မြို့ ပုလိပ် စုံထောက်များသော်မှ ရှာကြံစုံစမ်း၍ မရခဲ့သဖြင့် စုံထောက် အတတ်ကို အနည်းငယ်မျှ အစအနမရှိသော မိမိမှာ ထိုမျှ လောက် ခက်ခဲသောအမှုကြီးကို စုံစမ်းရန် များစွာကြပ်တည်း၍ နေလေ၏။ အဘယ်က အစပြု၍ အဘယ်သို့ရောက်ပြီး အဘယ် ပုံ ဆုံးခန်းသို့ရောက်နိုင်မည်ကို လုံးလုံးကြီး အကြံမပိုင်။ စိတ်ကူးရ သည်မှာ ဝက်ံပါတွင် အရှုးဝင်သည့်အလား ယောင်လည့် ချောက်ချား မစမိက မျက်စိလည် မှောက်မှား၍နေလေသတည်း။

တစ်နေ့သ၌ ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း) ကုလားထမင်းဆိုင်၏ရှေ့၌ ည၉ နာရီခန့်အချိန် ရပ်ကာ ဆောင်မြောက်လေးပါး တွေးတော၍ နေရာတွင် ယောက်ျားပျို သုံးယောက် ထိုဟိုတယ်ထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရလျက် ၎င်းတို့အနက် တစ်ယောက်သောသူကို မြင်ဖူးသလိုလို ရှိသော ကြောင့် နောက်ယောင်ခံကာ ဝင်၍သွားလေ၏။

အဆိုပါ လူသုံးယောက်သည် တစ်ခုသောကျောက်စားပွဲ တွင် ဝိုင်း၍ထိုင်ကာ နို့ရှာလဘတ်ကို မှာ၍သောက်ကြလေ၏။ မိမိသည်လည်း ဆိုင်ခန်းအလယ်တွင်ရှိသောကျောက်စားပွဲ ရှည်ကြီးမှာ ထိုင်လျက် လက်ဘက်ရည်တစ်ခွက်ကို မှာရင်း သတင်းစာများကို လှန်လှောကြည့်ရှုကာ နေလေ၏။ ထိုအခါ ...ကိုက်သော နွေဥတု၏ည၌ ဖြစ်လေရာ တဝီဝီလည်လျက်ရှိသော



www.burmeseclassic.com

www.burmeseclassic.com



ပန်ကာလေယပ်ကြီး၏ အောက်တည့် တည့်တွင် မောင်သာရ ရောက်လျက်နေလေသောကြောင့် လက်ဘက်ရည်ရောက်၍ လာသောအခါ သတင်းစာများကို ဖယ်ရှားပြီး လက်ဘက်ရည်ကို နည်းနည်းစီ စုတ်ယူကာ သောက်လျက် ကုလားထိုင်တွင် နောက်သို့ ခပ်လှန်လှန်မှီပြီး လေကို အထူးခံယူသော အနေနှင့် ၎င်းလူသုံးယောက်ဘက်သို့ မျက်နှာမော်ကာ အမှတ်တမဲ့ အကဲခတ်၍နေလေ၏။

ယင်းကဲ့သို့ ကြည့်၍နေလေရာ ဘွားခနဲ သတိရ၍ လာလေ၏။ ထိုအခါ ထိုက်ရာမှ ကပျာကယာထ၍ သွားပြီးလျှင် မြင်ဖူးသလိုရှိသော ယောက်ျားပျိုအား

''ခင်ဗျား.....ကျုပ် မှတ်မိ သလား''

ဟု မေးလေ၏။ ယောက်ျားပျိုသည် မောင်သာရအား စိုက်ကာကြည့်၍နေပြီးမှ အတန်ကလေး ကြာသောအခါ မျက်လုံးမျက်နှာ ဝင်းထိန်လျက် ပြုံးရယ်ကာ ထိုင်ရာမှ ကပျာကယာ ထတဲ့၍.....

''အလို.....မိတ်ဆွေကြီးပါကလား၊ တွေ့ချင်လိုက်တာ ခင်ဗျာ၊ မအားမလပ်တာနဲ့ မလာရဘူး၊ ကိုင်း.....ထိုင်ပါ..... ထိုင်ပါ၊ နို့သောက်ပါဦး၊ (ထို့နောက် မိမိ၏ အဖော်များဘက်သို့ လှည့်၍)ဟောဒါ တိုင်းပြည်က မတရား သပိတ်မှောက်ထားတဲ့ ကျော်စောထင်ရှားသူ ကိုသာရ ဆိုတာပါခင်ဗျား''

ဟု ပြောလေ၏။

ထိုအခါ အဖော်များသည် အံ့အားသင့်ကာ ၎င်းကိုကြည့် ကာ အားနာပါးနာ အလေးဂရုပြုသော အမူအရာကို ပြပြီး မောင်သာရကို ဆက်လက်၍ ကြည့်ရှု စကားမပြောကြဘဲ





မိမိတို့အချင်းချင်းသာ ခပ်တိုးတိုး စကားပြော၍ နေကြလေ၏။

မောင်စော။ ။''ဘယ့်နှယ်လဲ၊ အခုစာအုပ်ဆိုင်မှာပဲလား''

သာရ ။ ။ ''ဟုတ်ကဲ့၊ ကျုပ် စာအုပ်ဆိုင်မှာ နေတာကို ဘယ့်နှယ်သိသလဲ''

မောင်စော။ ။ ''သြော်.....ထင်ရှားတဲ့လူတစ်ယောက် ဘယ်မှာ နေလို့ ဘာလုပ်တယ်ဆိုတာကို သိဖို့ရာ မခက်ပါ ဘူး၊ အခု ဘာများ ကြံနေသေးသလဲ''

သာရ။ ။ ''ဘာကိုမှတော့ မကြံရသေးပါဘူး၊ ကျုပ်ကို သည်လောက်တောင် ဆင်းရဲဒုက္ခရောက်အောင် လုပ်တဲ့အမှုမှာ သတ်သူကို မပေါ်မချင်း စုံစမ်းဖို့ရန် ကြံစည်လျက်နေတာပါပဲ''

မောင်စော။ ။''တယ်ကြီး မလွယ်လှဘူး မိတ်ဆွေ၊ ကျုပ်မှာလဲ ကိစ္စတွေ မပြီ သေးဘူး၊ အဘယ်ပုံကြံပြီး ကူညီ စောင်မရမယ်ဆိုဟာ တွေးတောလျက်ပါပဲ''

သာရ။ ။ ''ကျေးဇူးပါပဲ မိတ်ဆွေ၊ အခု ရှာကြံရမဲ့ အလုပ် ဟာ အင်မတန်မှ ခက်တာပါပဲ၊ သို့သော်လဲ ကြိုးစားရမှာပဲ''

မောင်စောသည် စကားပြန်၍မပြောဘဲ မောင်သာရကို ကြည့်၍သာနေလေ၏။ မောင်သာရသည်လည်း ၎င်းကိုသာ အကဲခတ်၍နေလေ၏။

မောင်စော။ ။''အခု အစအန တွေ့ရပလား''

သာရ။ ။ ''အစအနတော့ ဟုတ်ဟုတ်ညားညား မတွေ့ ရသေးပါဘူး။ သို့သော်လဲ နည်းနည်းပါးပါးတော့ အစကလေး ပေါ်သလိုလို ဖြစ်နေတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ မောင်စောဝ၏မျက်နှာကို ကြည့်၍နေလေ၏။ မောင်စောသည် မောင်သာရကို မကြည့်ဘဲ တစ်ခြားကို ငေးကာကြည့်လျက်

''ကျုပ် ဘယ်ပုံကြံပြီး ကူညီရ မယ် မသိဘူး၊ ခင်ဗျား မကြာမီအတွင်းမှာ တတ်နိုင်လိမ့်မယ်လို့ ထင်တာပဲ၊ ကိုင်း..... နောက်မှ တွေ့သေးတာပေါ့လေ''

ဟု ပြောပြီး မိမိ၏အဖော်များအား

''သွားကြစို့ရဲ့ တို့ ကိစ္စရှိသေးတယ်''

ဟု ပြောပြီး ထသွားကြလေ၏။ မောင်သာရသည် ၎င်းတို့ကို ပြန်၍ နှုတ်ဆက်ပြီးလျှင် တည်းခိုသောအရပ်နံပါတ်ကို မေးယူ မှတ်သားပြီး ငေးမောတွေးတောကာ ကျန်ရစ်ခဲ့လေ၏။

♛ ♛ ♛





## အခန်း (၉)

ဦးသာဇံသည် အခါတိုင်းနှင့်မတူ၊ တစ်နေ့တခြား မျက်နှာမသာမယာဖြစ်၍ နေလေ၏။ မည်သူနှင့်မျှလည်း စကားကောင်းစွာ မပြောချေ။ အလုပ်အကိုင်များမှာမူ တစ်စုံ တရာ ပြောစရာမရှိ တွင်ကျယ်လျက် ရှိသောကြောင့် ဦးသာဇံမှာ အထက်ကထက် ပိုမိုအကျိုးခံစားရသည်မှာ သိသာလေ၏။ သို့ပါလျက် မိမိ၏အလုပ်များ ကောင်းစွာနေရာမကျ၊ များစွာ ဆုတ်ယုတ်၍နေသည်ဟု ပြောဆိုညည်းညူလေ၏။

ထိုစကားကို မောင်သာရ ကြားရသောအခါ မိမိအတွက် ဒန်လေးသည်ဟု မှတ်ထင်သောကြောင့် ဤကဲ့သို့သော ပရိယာယ်စကားမျိုးကို အသုံးပြုတာပဲဟု တွေးတောမိလျက် မိမိကိုယ်တိုင် ကုလားကြီးအား စကားကောင်းစွာ မပြောဝံ့ဘဲ အကဲကိုသာ ခတ်လျက် မိမိတာဝန် ကြေအောင်သာ သဘော ထားပြီးလျှင် အသွားအလာကို လျှော့၍ ကြိုးစားကာ လုပ် ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ သို့ပင် လုပ်ကိုင်သော်လည်း မျက်နှာ မရ။ ဦးသာဖံသည် အထက်ကထက် များစွာရှိပြီမို့ တိုတောင်းစွာ စကားပြောလေ့ရှိ၏။ တစ်နေ့သ၌ ခါလာသော့သည် မောင်သာရအား ပခုံးကို ကိုင်ကာ.....

``သတိထားနော်၊ သည်အဘိုးကြီးဟာ အင်မတန် အသိခက်တဲ့အဘိုးကြီး၊ အလုပ်အကိုင် နေရာကျသည့်အခါ မကျဘူးလို့ ပြောချင်ပြောတာပဲ၊ နေရာမကျဘဲနဲ့လဲ နေရာကျတယ်လို့ ပြောချင်ပြောတာပဲ၊ သာသာယာယာ ပျော်ပျော်ရွှင်ရွှင် ရှိတဲ့အခါမှာ ဆူဆူပူပူ လုပ်ချင်လဲ လုပ်နေတာပဲ။ သူတော့ အခုတစ်လော ဘာဖြစ်တယ်ဆိုတာကို ဘယ်သူမှ မပြောနိုင်ဘူး။ တစ်မျိုးဖြစ်နေတယ်''

ထိုကဲ့သို့ ဦးသာဖံ၏ စိတ်သဘောမပြောင်းမီ ညတစ်ညယောက်ျားကြီးတစ်ယောက်သည် စာအုပ်ဆိုင်သို့ ရောက်လာပြီးလျှင် ဦးသာဖံနှင့် အတူတကွ တီးတိုးစကားပြော၍ နေလေ၏။ ထိုကဲ့သို့ စကားပြောရင်း စာအုပ်များကို ကြည့်ရှုစီစဉ်၍နေသော မောင်သာရကို မကြာခဏ လှမ်း၍ကြည့်လေ၏။ ထိုကဲ့သို့ အတန်ကြာစွာပြောပြီး ညှိသည်သည် ထွက်သွားလေ၏။

ထိုနေ့မှစ၍ ကုလားကြီးသည် စိတ်နေသဘောထားတစ်မျိုးဖြစ်၍နေသည်ကို မောင်သာရ အမှတ်ထားမိလျက် မိမိအကြောင်းနှင့်ပတ်သက်၍ ထိုညှိသည်သည် အဘယ်သို့သော စကားကို လာ၍ ပြောသွားပါသနည်းဟု တွေးတောကြံစည်၍ မရနိုင်အောင်ရှိလေ၏။ ထူးခြားသောအချက်မှာ ထိုညှိသည်နှင့် မိမိသည်လည်း သိဖူးတွေ့ဖူးသလိုလို စိတ်၌ မှတ်ထင်ရသောကြောင့် ၎င်းလူကြီးသည် မိမိနှင့် ပတ်သက်ခဲ့သော လူသတ်မှု





ဘွင် တိတ်တဆိတ် ပါဝင်သူ ဖြစ်လေမလားဟု စိတ်ထဲတွင် မှတ်ထင်တွေးဆ ဆင်ခြင်၍ မရနိုင်အောင် ရှိနေလေ၏။

တစ်နေ့သ၌ အုံ့လျက်ရှိသောကောင်းကင်မှာ မိုးကြီးသည် စ၍ ချုံးပစ်လေ၏။ အကြောင်းမူကား ဦးသာဖံသည် မောင်သာရထံသို့ ချဉ်းကပ်၍ လာပြီးလျှင်

``မင်းကို ငါ သည်ဆိုင်မှာ မထားနိုင်တော့ဘူး၊ တစ်ခြားမှာ အလုပ်ရှာရမယ်''

ဟု ပြောလေ၏။

သာရ။ ။ ``ဘာဖြစ်လို့လဲ ဦးရဲ့၊ ကျွန်တော့်မှာ အပြစ်ရှိရင် သိသိသာသာ ပြောပါ''

ဦးသာဖံ။ ။ ``မင်း တစ်ခြားမှာ အလုပ်ရှာရမယ်၊ ငါ မင်းကို မထားနိုင်ဘူး၊ ငါ့အလုပ်လဲ မှန်းသလောက် မပေါက်ပါဘူး''

သာရ။ ။ ``ကောင်းပါပြီဦးရဲ့၊ ရှာဆိုလဲ ရှာရတာပေါ့''

နောက်တစ်နေ့ မောင်သာရသည် အခြားစာအုပ်ဆိုင်သို့ သွားရောက် အလုပ် ရှိ၊မရှိ မေးမြန်းစုံစမ်းနေပြီးမှ ဆိုင်သို့ ပြန်၍လာသောအခါ ဦးသာဖံက.....

``မင်း ဘယ်ကို သွားနေသလဲ''

ဟု မေးလေ၏။

သာရ။ ။ ``ကျွန်တော် တစ်ခြားစာအုပ်ဆိုင်တစ်ဆိုင်မှာ ယခုလိုအလုပ်မျိုး သွားပြီးစီမံအကြံပေးတယ်''

ဦးသာဖံ။ ။ ``မင်း ငါ့ကို သည်ပုံ ကျေးဇူးဆပ်တာပေါ့လေ။ တစ်ခြားစာအုပ်ဆိုင်ကို မသွားရဘူး၊ ငါ့အလုပ်ကို အပျက်မခံနိုင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



သာရ။ ။ ''နို့.....ဦးကပဲ တစ်ခြားမှာ အလုပ်ရှာဖို့ ပြောတာကိုး''

ဦးသာဖံ။ ။ ''ဟုတ်တယ်၊ သို့သော်လဲ တစ်ခြားစာအုပ် ဆိုင်မှာ မလုပ်ရဘူး''

သာရ။ ။ ''အို.....ကျွန်တော် ဘယ်မှာ အလုပ်ရှာရ မလဲဦးရဲ့''

ဦးသာဖံ။ ။ ''ဘယ်မှာပဲရှာရှာ မင်းကို ငါ သည်ဆိုင်မှာ မထားနိုင်ဘူး၊ လခလဲ မပေးနိုင်ဘူး''

ထိုအခါ မောင်သာရသည် မတရားပုံ နည်းလမ်းကို တွေးတောကာ စကားပြန်၍မပြောဘဲ ဒါမှ အခက်ပဲ၊ အင်မတန် ဝ်ကျတဲ့အဘိုးကြီးနဲ့ တွေ့နေတော့တာပဲ၊ မတတ်နိုင်ပါဘူး၊ ကိုယ့်ဘာသာကိုယ် တစ်ခြားစာအုပ်ဆိုင်တစ်ဆိုင်မှာ တိတ်တဆိတ် ရှာကြံစီမံပြီး သူ့ဆီကထွက်ရင် ကိုယ့်ဘာသာ လုပ်ချင်ရာမှာ လုပ်ရတော့မှာပဲဟု အောက်မေ့လေ၏။ နောက်တစ်နေ့နံနက် စာတစ်စောင် ရောက်လာလေ၏။ ၎င်းစာမှာ မိမိထံသို့ လိပ်တပ်၍ လာသောကြောင့် စာကို ဖောက်၍ကြည့်လိုက်သောအခါ အောက်ပါစာကို တွေ့ရှိရလေ၏။

**မောင်သာရ.....**

**အရေးကြီးသော ကိစ္စတစ်ခုရှိသဖြင့် အမြန်တွေ့ချင်ပါသည်။ ခပ်မြန်မြန်လာနိုင်လျှင် ကျေးဇူးတင်ပါမည်။**

**ဦးဘိုသိန်း**





ထိုအခါ၌ နေရပ်နံပါတ် ပါရှိသဖြင့် ၎င်းနေရပ်နံပါတ်ကိုကြည့်ပြီး မိမိနှင့် သိသောသူ တစ်စုံတစ်ယောက်မျှ ထိုနေရပ်တွင် မရှိသောကြောင့် များစွာ အံ့အားသင့်၍နေလေ၏။ ၎င်းစာကို အိတ်ထဲသို့ တည့်၍ထားပြီး အားလပ်သည်နှင့် တပြိုင်တည်း သွားရန် စိတ်အကြံပြု၍ ထားလေ၏။

ထိုနေ့ ညနေချမ်းအချိန် တွင် စာ၌ ပါရှိသောနေရပ်အတိုင်း သွားလေရာ ၃၇–လမ်း တိုက်ခန်းတစ်ခုသို့ ရောက်သွားလေ၏။ ထိုတိုက်ခန်းသည်ကား ကူလီအဖြစ်နှင့် သားရေအိတ်ကို သယ်ပိုးခဲ့ဖူးသော တိုက်ခန်းဖြစ်ကြောင်း သိရှိကြလေရာ ဤယောက်ျားကြီးသည်မိမိအား အဘယ်အတွက် မှာပါသနည်း။ မိမိအား ကူလီခကို ပို၍ပေးစဉ်က မိမိအကြောင်းကို သိရသောကြောင့် ပို၍ပေးခြင်းပေလား စသည်ဖြင့် တွေးတောကာ အိမ်ရှေ့ခန်းတွင် ရပ်၍နေလေရာ အတန်ကလေး ကြာသော အခါ ညည်းသူ၏အသံကိုမျှ မကြားရသောကြောင့် အပြင်မှာနေ၍ ချောင်းဟန့် လိုက်လေ၏။

ထိုအခါ အခန်းတွင်းမှ ထွက်၍လာသောခြေသံကို ကြားရပြီးနောက် ခါတ်မီးရောင်အောက်တွင် ယောက်ျားကြီး ထွက်ပေါ်၍ လာလေရာ ၎င်းယောက်ျားကြီးသည် ဦးသာဖံထံသို့ တစ်နေ့ လာရောက်စကားပြောသော ညွှန့်သည်ဖြစ်သည်ကို သတိရလေ၏။ ထိုညွှန့်သည်သည် မိမိအား ကူလီခကို ပို၍ပေးသော ညွှန့်သည်ပင်ဖြစ်ကြောင်းကိုလည်း မှတ်မိလေသတည်း။

၎င်းယောက်ျားကြီးသည် ဆရာသိန်းဟူ၍ တိုင်းသိပြည်သိ ကြေညာထင်ရှားသော စာရေးဆရာ၊ ရာဇဝင်ဆရာ၊ ပါဠိဆရာကြီး ဖြစ်လေရာ စာတော်ပြန်အလုပ်မှ ပင်စင်ယူ၍ နေသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေ၏။

ငှင်းသည် မောင်သာရကို မြင်လျှင်မြင်ချင်း ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကာ ကုလားထိုင်ထိုး၍ ပေးပြီး.....

သိန်း။ ။ ''မောင် ချက်ချင်း ရောက်လာသည့်အတွက် အင်မတန် စိတ်အေးပြီး သွားပါတယ်။ အကြောင်းက သည်လိုပါ မောင်သာရရဲ့ ဦးက အားလပ်သည့်အတွက် နောင် အစဉ်အဆက် ကျန်ရစ်ခဲ့ဖို့ရန် အလုပ်တစ်ခုကို လုပ်လိုပါတယ်။ သည်အလုပ်မှာ မောင်ရင်လို ပညာ ပြည့်စုံတဲ့ပုဂ္ဂိုလ်တစ်ယောက် အထောက်အပံ့ ဆိုသလို လိုပြီးနေတယ်၊ ဦးက လက်တုန်လို့ စာလုံးပီသအောင် မရေးနိုင်ဘူး၊ သည့်ပြင် ရှာဖွေနှိုက်ချွတ် သွားလာ စုံစမ်းစရာ တတိုစာစ ရှာဖွေစရာလဲ ရှိပါတယ်၊ ဒီတော့ မောင်ဖြင့် လုပ်နိုင်လိမ့်မယ်လို့ထင်ပြီး မောင့် ဆရာ ဦးသာဖံနဲ့ စီမံလိုက်တာပဲ၊ လခမှာတော့ မောင် အခုရတာထက် ပိုပြီး ရမယ်၊ အင်မတန်ကြီးတော့လဲ မများဘူး၊ မောင် တတ်နိုင်ပါ့မလား''

ထိုအခါ မောင်သာရသည် ဦးသာဖံအပေါ်၌ မိမိ အထင်လွဲမိသည့်အတွက် ပြန်၍ နောင်တရပြီးလျှင် များစွာ စိတ်အားတက်လျက်,

''ဘယ်လို အလုပ်မျိုးပါလဲ ဦးရဲ့''

''အလုပ်က သည်လိုမောင်ရင်ရဲ့၊ အထက်ထက်က လုပ်သွားတဲ့လူများလဲ ညံ့တဲ့လူများ မဟုတ်ပေဘူးနော်၊ သို့သော် ဘာသာနှစ်ဘာသာကို ညီညီညာညာ မနိုင်နင်းရှာကြလေတော့ များတဲ့နေရာမှာများ၊ လိုတဲ့နေရာမှာလို၊ အဓိပ္ပာယ်အလွဲ ...





မှာ အင်္ဂလိပ်နဲ့မြန်မာ ကျကျနနကြီး မဟပ်မိသည့်အတွက် အစုံအလင်ဆုံး၊ အသေချာဆုံးဖြစ်တဲ့ အင်္ဂလိပ်-မြန်မာ အဘိဓာန်ကြီးတစ်ခုကို မသေမီ ဖြစ်မြောက်အောင် စီမံချင်လို့ပါပဲ၊ မောင် ဘယ့်နှယ်သဘောရသလဲ''

သာရ။ ။ ''ကျွန်တော်တော့ သဘောကျပြီးပါ ဦးရဲ့၊ သို့သော်လဲ ကျွန်တော် ဆရာကြီးကို အကြောင်းပြောပြရရင် တော်လိမ့်မယ်လို့ ထင်ပါတယ်''

သိန်း။ ။ ''ပြန်ပြီးပြောဖို့တော့ မလိုပါဘူး၊ ဘယ်အတွက်လဲ ဆိုတော့ မင်းကို ရဖို့ရန် သူ့ကို အနိုင်ကျင့်ပြီး အတင်းအဓမ္မ မရမက ပြောဆိုရတာပါပဲ၊ ငယ်ငယ်က ကျောင်းနေဘက်ဖြစ်ခဲ့လေတော့ သူနဲ့ဦးတို့နဲ့ဟာ မနိုင်ရင်ကာပါပဲလေ။ သူလဲ သည် စာအုပ်ဆိုင်ကိုလုပ်တာဟာ တစ်ခြားကြောင့် မဟုတ်၊ စာပေ ဝါသနာပါလွန်းလို့ပါပဲ၊ အခုတော့ သူက အခွင့်ပြုပြီးပါပြီ၊ သူ ပေးနိုင်တာထက် ပိုပြီး ပေးမယ်လို့ ဂတိထားလိုက်တော့ မင်း ကြီးပွားဖို့ လမ်းကို ပိတ်ပင်ရာ ကျနေမည်စိုးသည့်အတွက် မပေးချင်ပေးချင် ပေးရတာထင်ပါရဲ့၊ မောင် ဦးနဲ့ လုပ်တဲ့အလုပ်ပြီးရင် တစ်ခြားမှာ ကြီးပွားဖို့ နည်းလမ်းများကို ဦး ထွင်ပြီးပေးနိုင်ပါတယ်၊ ယခုလဲ မောင် ကြံချင်စည်ချင် လုပ်ကိုင်ချင်တာရှိရင် လုပ်ဖို့ ရန် အချိန်ရနိုင်ပါတယ်၊ အချိန်ရှိသမျှ ဦး အမြဲ အလုပ်ပေးနိုင်ဖို့လဲ မရှိပါဘူး''

သာရ။ ။ ''သည်အတိုင်းဖြစ်ရင် ကောင်းပါပြီ ဦးရဲ့၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သမျှ ကျွန်တော့်ကို ကျွန်တော် အသုံးက
အောင် အားထုတ်ပါ့မယ်၊ ဘယ်နေ့လောက်စပြီး
လုပ်စေချင်ပါသလဲခင်ဗျာ''

သိန်း။ ။ ''မောင် လာမယ့်နေ့ကိုသာ ပြောပါ''

သာရ။ ။ ''ကျွန်တော် နက်ဖြန်ကစပြီး လုပ်ပါ့မယ်''

သိန်း။ ။ ''ကောင်းပြီ၊ မြန်ရင် သာပြီးကောင်းတာပါပဲ၊ မင်း
ကိုသာဇံအတွက်တော့ မပူပါနဲ့၊ အေးပြီးပါ''

ထို့နောက် မောင်သာရသည် ဝမ်းမြောက်ဝမ်းသာ
နှုတ်ဆက်၍ ပြန်လာခဲ့လေရာ ဆိုင်၌ ဦးသာဇံနှင့် တွေ့သဖြင့်
အကြောင်းကို ပြောပြလေလျှင် ဦးသာဇံက

''မင်း ဘယ်တော့ ရွှေ့ပြောင်းမလဲ၊ မင်း ဘယ်မှာ
နေမလဲ''

ဟု ဆေးတံကို သောက်ရင်း မောင်သာရ၏မျက်နှာကို
မကြည့်ဘဲ ပြောလေ၏။

သာရ။ ။ ကျွန်တော် ဘယ်တော့မှ မပြောင်းဘူး၊ သည်ဆိုင်ဟာ
ကျွန်တော်စီမံလို့ ယခုလို နေရာတကျ ဖြစ်နေတာ
အပေါ်က အခန်းဟာလဲ ကျွန်တော့အခန်း၊ ဘယ်သူ
လာပြီး မနေရဘူး၊ သည်ဆိုင်နှင့် သည်အခန်း ရှိသမျှ
ကာလပတ်လုံး ကျွန်တော် ဘယ်ကိုမှ မသွားဘူး
ကျွန်တော့်အလုပ်ကိုလဲ ဘယ်သူမှလာပြီး လက်ဖျားနဲ့
မတို့ရဘူး၊ ကျွန်တော် စီစဉ်ထားသည့်အနေက နည်း
နည်းကလေး ပြောင်းလဲရင် ဘယ်လိုပဲဖြစ်ဖြစ်
တစ်ဆိုင်လုံးကို မီးရှို့ပစ်မယ်၊ ကျွန်တော့်ကို ဘာမှတ်
သလဲ၊ ဘယ်သူမှ လက်ဖျားနဲ့မှ မတို့စေရဘူး။ ဦးဘို





သိန်းထံကို နေ့စဉ် မသွားမီ အချိန်နဲ့ ဦးဘိုးသိန်း
ဆီက ပြန်လာရင် ကျွန်တော် သည်ဆိုင်ကအလုပ်
တွေကို အကုန်ပြီးအောင် လုပ်နိုင်တယ်၊ ညမှာလဲ
အချိန်ရှိသေးတယ်။ ဦးက လခ မပေးပေမဲ့ ကျွန်တော်
ထမင်းမငတ်ဘူး''

စသည်ဖြင့် ဒေါသနှင့် ခက်ထန်စွာ ကြိမ်းမောင်း
ပြောဆိုလေရာ မသော့မှာ ပျာယီးပျာယာနှင့် နေစရာရှာ၍ မရဘဲ
နေလေ၏။ ဦးသာဇံလည်း စကားတစ်လုံးမှ ပြန်၍မပြောဘဲ
ဆေးတံကိုခေါက်ပြီး အခန်းထဲသို့ ဝင်သွားပြီးလျှင် စွတ်စိုသော
မျက်လုံးများကို တန်းပေါ်၌ တင်ထားသော မျက်နှာသုတ်ပုဝါနှင့်
...၍ သုတ်ရရှာလေ၏။

နောက်တစ်နေ့ မောင်သာရသည် ဆရာသိန်းထံသို့
သွားသောအခါ မိမိ၏ မဖြစ်အပျက်အကြောင်းကို သိရှိပါစေဟု
ဦးဘိုးသိန်းအား မေးလေ၏။ ထိုအခါ ဦးဘိုးသိန်းက မိမိ
...ရှိကြောင်း၊ သို့သော်လည်း ဖုံမှုန့်အမှိုက်သရိုက်နှင့်တူသော
...တွေလို လေတိုက်သည့်အခါတိုင်း မလှုပ်ရှား၊ မထကြွ။
...သည် ကျောက်ဆောင်ကျောက်ခဲကဲ့သို့ နေသူတစ်ယောက်
ဖြစ်ကြောင်း၊ မောင်သာရကဲ့သို့သော လူတစ်ယောက်ဟာ အများ
...မြင်ချက်နဲ့ ဇောက်ကန် ကွဲလွဲသူတစ်ယောက် ဖြစ်သည်ဟု မိမိ
...ကြည်ကြောင်းများကို ပြောပြလေ၏။ ထိုအခါ မောင်သာရ၏
...တ်မှာ လွန်စွာချမ်းမြေ့လျက် ဤကမ္ဘာလောကကြီးအတွင်း မိမိမှာ
...ခွေခွင်ပွန်းကောင်းနှင့် လုံးလုံးကြီး ကင်းသူမဟုတ် ကြောင်း
...သဖြင့် များစွာ စိတ်လက် ဖျော်ဖြေရာ ရရှာလေ၏။

မောင်သာရသည် ယခုအခါ ဆရာသိန်းထံ၌အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင်း စာအုပ်ဆိုင်အလုပ်များကိုလည်း မလစ်ဟင်းအောင် အားထုတ်လျက် အထက်ကနည်းတူ လုပ်ကိုင်လေရာ ဦးသာဇံသည် အထက်ကထက် ပိုမိုတွယ်တာခင်မင်၍ နေလေ၏။ ဆရာသိန်းကလည်း မောင်သာရ၏ အလုပ်များကို ကောင်းစွာသဘောကျလျက် အထူးစိတ်ကျေနပ်သောကြောင့် မောင်သာရအား များစွာလွတ်လပ်ခြင်းကို ပေးလေ၏။ မောင်သာရမှာလည်း အထက်ကကဲ့သို့ စုတ်နုတ်စွာ ဝတ်ဆင်ရသည် မဟုတ်။ သားနားစွာ ဝတ်စားနေထိုင်ရသည့်ပြင် ဆရာသိန်း၏ အကူအညီ စက္ကရီတေရီကဲ့သို့ အလုပ်ကို လုပ်၍နေရသည်မှာ ဂုဏ်ကျက်သရေ သေးငယ်စေသော အခြေအနေ မဟုတ်ချေ။

သို့သော်လည်း မိမိအပေါ်၌ တင်ရှိသော နာမည်ဆိုး မပျောက်သမျှ အဘယ်မျှလောက် ဂုဏ်ရှိသောအခြေအနေသို့ ရောက်စေကာမူ မိမိ၏စိတ်၌ ဂုဏ်ရှိသည် မထင်၊ တင်မေကြီး၏ အားပေးချက်အတိုင်း ပေါက်ရောက်အောင် မကြံနိုင်ချေက မိမိသည် ယောက်ျားကောင်းအင်္ဂါ ယွင်းမဲ့သူတစ်ယောက် ဖြစ်ချေမည်ဟု စိတ်တွင် မှတ်ထင်လေ၏။

သို့သော်လည်း ယခုတိုင် အစအနကို ကောင်းကောင်းကြီး မရသေးချေ။ သို့ဖြစ်သောကြောင့် မောင်စော တည်းခိုသည်ဆိုသော နေရာရပ်ကွက်သို့ ညဦးအခါ တစ်ကိုယ်တည်း အမှတ်တမဲ့ သွားရောက်ကြည့်ရှုလေရာ ရပ်ကွက်မှာ မြို့ပြင်သို့ကျ၍ နေသဖြင့် အတော်ပင် စိုးရိမ်စရာကောင်းသောကြောင့် ရုတ်တရက် ထိထိရောက်ရောက် ရှာကြံခြင်းငှာ မစွမ်းနိုင်ဘဲ နေလေ၏။ မောင်စော တည်းခိုသည်ဆိုသော အိမ်မှာမူ ဆိတ်ငြိမ်စွာ တံခါးပိတ်၍ထားသော ပျဉ်ထောင်အိမ်ဟောင်းကြီး ဖြစ်ကြောင်းကို





သိရလေ၏။ ထို့ထက် တစ်စုံတရာ ပိုမို၍ မသိရ သေးချေ။

တစ်နေ့သ၌ မောင်သာရသည် မွန်းလွဲအချိန် ကန်တော်ကြီးနယ်ဘက်၌ တစ်ယောက်တည်း ငေးမောတွေးတောကာ သွားလာနေစဉ် နောက်ပါအဖော် မိန်းမနှစ်ယောက်နှင့် လျှောက်၍လာသော တင်မေကြီးနှင့် ရင်ဆိုင်တွေ့၍နေလေရာ နှစ်ယောက်စလုံး တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်ပြီး ရပ်တန့်လျက် နေကြလေ၏။ အဖော်မိန်းမများလည်း အတော်ပင် အံ့အားသင့်၍ နေကြလေ၏။

တင်မေကြီး။ ။ ''ရှင် ဘယ်ကို သွားမလို့လဲ၊ ရှင့်ဟာ နေရာကျပလား''

သာရ။ ။ ''နေရာ မကျသေးပါဘူး ခင်ဗျာ''

ဟု ပြောရင်း ခေါင်းငုံ့ကာ ဘိနပ်ဦးနှင့် ကျောက်ခဲ တစ်လုံးကို အသာတရ ထိုးကန်၍နေလေ၏။

တင်မေကြီး။ ။ ''အခု ရှင်ဘယ်မှာ အလုပ်လုပ်သလဲ''

သာရ။ ။ ''စာတော်ပြန် ဆရာသိန်းဆီမှာ''

တင်မေကြီး။ ။ ''ဪ.....အင်မတန် ကျော်စောတဲ့ ဆရာသိန်း မဟုတ်လား၊ တော်ပါပေတယ်။ တော်ပါပေတယ်။ ရှင့်အကြောင်းကို ဖေဖေနဲ့ကျွန်မနဲ့ ခဏခဏ ပြောရသေးတယ်၊ ရှင် ကြိုးစားနေတယ်ဆိုတာ ဖေဖေလဲ အင်မတန် ဝမ်းသာတာပဲ၊ စင်စစ်မှာတော့ ရှင်သာ မဟုတ်ဘူး၊ ဖေဖေလဲ မကောင်း အပြောခံရတာပဲ၊ သည်အမှုဟာ ပေါ်မှပဲ ကောင်းမယ်''

သာရ။ ။ ''မပြောတတ်ဘူး။ တတ်နိုင်သလောက် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ရမှာပဲ၊ နောင် ဘယ်လိုဖြစ်မယ်ဆိုတာ မပြောနိုင်သေးဘူး''

တင်မေကြီး။ ။ ''ဩော်.....ဒါထက် ကိုသာရကို ကျွန်မ ဖိတ်လိုက်မယ်၊ နောင်တစ်ရက်နှစ်ရက်ကြာရင် ကျွန်မတို့အိမ်မှာ အငြိမ့်တီးမလို့''

ဟု ပြောလိုက်သောအခါ မောင်သာရသည် အံ့အားသင့်ကာ တင်မေကြီး၏မျက်နှာကို မော်၍ကြည့်ပြီး.....

''ဖြစ်ပါ့မလား မတင်မေကြီးရဲ့''

တင်မေကြီး။ ။ ''အို.....ကိစ္စမရှိပါဘူး၊ ဖေဖေက ကျွန်မ ပြောရင်ပြီးရော၊ ကျွန်မစကားကို တစ်လုံးမှ မငြင်းနိုင်ဘူး၊ ရှင့်ကို တစ်ခါ စိတ်ညစ်အောင် ကျွန်မ မတော်တဆ ပြုမိသည့်အတွက် ကျွန်မ အခုပြန်ပြီး ပျော်လည်အောင် ပြုပါ့မယ်၊ လာသာ လာပါ၊ ဘယ်သူမှ လက်ညှိုးမထိုးရပါဘူး''

ထိုအခိုက်တွင် လူသုံးယောက်သည် မိမိတို့၏ရှေ့အတန်ကွာသော ဖြတ်လမ်းတစ်ခုမှ ထွက်၍လာကြသည်ကို မြင်ရလေ၏။ ၎င်းလူများသည် အပါးသို့ရောက်၍လာကြသောအခါ တစ်ယောက်ကား မောင်သာရကို ခေါင်းညိတ်ကာ နှုတ်ဆက်၍သွားလေ၏။ ထိုလူသည်ကား မောင်စောဖြစ်လေ၏။

၎င်းတို့ လွန်၍သွားသောအခါ မောင်သာရသည် မိမိအင်္ကျီအိတ်ထဲက စာတစ်စောင်ကို တင်မေကြီးအား ထုတ်ကာ

''သည်စာဟာ အဲသည်လူထံက ရတဲ့စာပဲ''

ဟုပြော၍ ပေးလေလျှင် တင်မေကြီးသည် စာကိုဖတ်ကာ စဉ်းစား၍နေပြီးမှ .....





''သည်စာ့ထဲမှာလဲ ဘာမှ ဟုတ္တိပတ္တိ မပါဘူး''

ဟု ပြောပြီး မောင်သာရအား စာကို ပြန်၍ပေးလေ၏။

မောင်သာရလည်း ၎င်းစာကို မိမိ၏ အိတ်ထဲတွင် ပြန်၍ထည့်ထားပြီး နှုတ်ဆက်ကာ ထွက်သွားမည်အပြုတွင် တင်မေကြီးက

''ဘိတ်စာရရင် ဆက်ဆက်လာနော်''

ဟု ပြောပြီး ထွက်သွားလေ၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ညတစ်ည၌ မောင်သာရသည် ဖယ်ရာလမ်း (ယခု ပန်းဆိုးတန်းလမ်း) မုန့်ဆိုင်ကြီးတစ်ဆိုင်ရှေ့၌ မြင်းရထား တစ်စီးပေါ်တွင် တက်၍သွားသော မောင်စောနှင့် အဖော်များကို တွေ့မြင်ရသဖြင့် အခြားသော မြင်းရထားတစ်စင်းကို ခေါ်ကာ ထိုမြင်းရထားသွားရာသို့ လိုက်ပို့ရန် မြင်းရထားကုလားကိုမှာပြီး စီးနင်းလိုက်ပါသွားလေ၏။

ယင်းကဲ့သို့ လိုက်သွားလေရာ ပုစွန်တောင်ဈေးအနီး တွင် မြင်းရထား ရပ်လေလျှင် မောင်သာရသည်လည်း မိမိ၏ မြင်းရထားကို အရပ်ခိုင်းပြီး ၎င်းတို့၏ အရိပ်အဆင်ကို ကြည့်လေ၏။ မောင်စော၏အဖော်များသည် ထိုမြင်းရထားနှင့်ပင် ရန်ကုန် ဘက်သို့ ပြန်သွားကြလေရာ မောင်စောမှာ စကာ်ပူမြေထဲသို့ တစ်ယောက်တည်း ဝင်သွားလေ၏။ မောင်သာရသည်လည်း မလှမ်းမကမ်းမှ မှောင်ထဲတွင် လိုက်သွားလေရာ မောင်စော သည်





ဘစ်ခါတစ်ခါ ရပ်လျက် နောက်ကို လှည့်၍ကြည့်သည် ကို မြင်ရလေ၏။ မောင်သာရသည် မှောင်ရိပ်၌ ရပ်ကာဆိုင်းကာ လိုက်၍သွားလေ၏။ အကြောင်းမူကား ထိုရပ်ကွက်သည် မှောင် သောရပ်ကွက်ဖြစ်လေ၏။ ထိုအခါ ညဉ့်ဆယ်နာရီခန့်အချိန် ရှိလေ၏။

၎င်းရပ်ကွက်မှာ လမ်းသေးလမ်းမြောင် များလျက် ရှုပ်ယှက်ခတ်၍ နံစော်မှောင်ကျသောရပ်ကွက် ဖြစ်လေ၏။ ၎င်းအရပ်၌ မညီမညာ ဆောက်လုပ်၍ထားသော မြန်မာသစ်အိမ် တွေသာ များလေရာ ပုစွန်တောင်ဈေးလမ်းကြီး၏ အရှေ့ဘက်၌ ရှိသော တိုက်တန်းများသည် မြို့ရိုးသဖွယ်ဖြစ်ပြီးလျှင် ထိုစကာ်ပူ မြေမှာ ဒီစတြိတ်ငယ်လေးတစ်ခုကဲ့သို့ တစ်သီးပုဂ္ဂလဖြစ်၍ နေလေ၏။

ထိုမြို့ကလေး၏အရှေ့၊ ပုစွန်တောင်ချောင်းသည် ကာဆီး၍နေလေရာ ရန်ကုန်မြို့၏ အငွေ့အသက်ကင်းလျက် မြစ်ကြိုချောင်းကြား မြို့ငယ်ကလေးတစ်ခုနှင့် တူသည့်ပြင် ရန်ကုန်မြို့၏ အစွန်အနားနှင့်မျှ မတူဘဲနေလေ၏။ အဆိုပါ ညဉ့်မှာမူ အတော်ပင်မှောင်သောညဉ့် ဖြစ်လေ၏။ အချို့သော အိမ်များ၌ တံခါးမပိတ်သေးဘဲ လသာမှန်အိမ်အောက်တွင် ပဆစ်ပစ်၍နေကြလေ၏။ အချို့သောအိမ်များမှာ ဆူညံသော ကက်ဝိုင်းကို တွေ့ရှိနိုင်လေသတည်း။

မောင်သာရသည် မောင်စော၏နောက်သို့ ကွေ့ကောက် သောလမ်းများဖြင့်လိုက်၍သွားလေရာ မှောင်သော မြစ်ဆိပ်ကမ်း နားသို့ ရောက်သွားလေ၏။ မောင်စောသည်လည်း တံခါးပိတ်၍ ထားသော၊ မှောင်သောသစ်အိမ်တစ်အိမ်သို့ ဝင်သွားလေရာ



www.burmeseclassic.com

www.burmeseclassic.com



မောင်သာရသည် အိမ်ရှေ့မြစ်ကမ်းနဲ့ မနီးမဝေးနေရာ၌ ရပ်ကာ ကြည့်၍နေလေ၏။ အတန်ကြာစွာကြည့်၍ နေသော်ငြားလည်း အိမ်တံခါးများ ပွင့်သည်ကို မတွေ့ရ။ အိမ်အပေါ်ထပ်ရှိ ပြတင်းပေါက်တစ်ခုသာ ပွင့်လာသည်ကိုမြင်ရလေ၏။ ထိုပြတင်းပေါက်မှ အတွင်း၌ရှိသောမီးရောင်ကို လဲ့လဲ့ကလေး မြင်ရလေ၏။

ထိုမီးရောင်၌ လူတစ်ယောက်ဖြတ်၍ သွားလေရာ မောင်သာရသည် အံ့အားသင့်၍နေလေ၏။ အကြောင်းမူကား ထိုလူ၏ မျက်နှာသည် မီးရောင်တွင် လင်းခနဲပေါ်၍လာလေရာ စစ်ကဲကြီးဦးမြတ်သာ၏သား မောင်ဘလုံ၏မျက်နှာဖြစ်၍ နေလေ၏။ မောင်ဘလုံသည် အိမ်ပြတင်းပေါက်မှ ခေါင်းမြှူကာ ဆေးပြင်းလိပ်ကို ကိုက်လျက် တောင်မြောက်လေးပါး ကြည့်၍လေ၏။ ထိုခဏချင်းတွင် မောင်စောသည် မောင်ဘလုံနှင့် ယှဉ်ကာ လာ၍ ရပ်လေ၏။ အခန်း၌လည်း မှောင်အတိကျ၍ သွားလေ၏။

၎င်းတို့နှစ်ယောက်မှာ ပါးစပ်၌ ဆေးပြင်းလိပ်နှစ်လိပ်ကို တစ်ပြိုင်တည်း ဝင်းခနဲ ဝင်းခနဲ ဖွာ၍နေကြသောကြောင့် ထိုဆေးပြင်းလိပ်မီးနှစ်ခုသည် ကြောက်မက်ဘွယ်သော ညငှက်တစ်မျိုး၏ ဆိုးသွမ်းသောမျက်လုံးနှစ်လုံးပမာ မှိတ်ချည်ဖွင့်ချည် နေကြသကဲ့သို့ မှတ်ထင်ရလေ၏။ ထိုငှက်ဆိုး၏ မျက်လုံးများသည် မောင်ထံ၌ အဘယ်သို့သောအခါကို ရှုမျှော်ချောင်းမြောင်း၍ နေပါသနည်းဟု မောင်သာရ၏စိတ်၌ တစ်ချက်တစ်ချက် တွေးတောမိလေ၏။ တစ်ခါတစ်ခါ ထိုမျက်လုံးနှစ်လုံးသည် မိမိကို ကြည့်၍နေသကဲ့သို့ မှတ်ထင်ရ၏။ နောက်အတန်ကြာသော် အခါ မျက်လုံးနှစ်လုံးနှင့်တူသော ဆေးလိပ်မီးနှစ်ခုသည် ကွယ်





ပျောက်၍သွားလေ၏။ ပြတင်းတံခါးသည်လည်း ပိတ်၍သွားလေ၏။ မောင်သာရသည်လည်း အတွင်း၌တစ်ဖန် ပေါ်ပေါက်လှုပ်ရှားသောမီးရောင်များကို ပျဉ်ထောင်အကြားမှ ခဏကလေး ကြည့်၍နေပြီးမှ ထိုနေရာကို မှတ်ထားပြီးလျှင် ပြန်၍လာခဲ့လေ၏။

နောက်တစ်နေ့နံနက် မောင်သာရသည်တင်မကြီးထံမှ ဘိတ်စာကို ရရှိလေရာ ၎င်းဘိတ်စာကို ဦးသာဖံအား ပြလျက် သွားသင့်၊ မသွားသင့်ကို တိုင်ပင်ကြလေ၏။ အများလူတို့၏ စိတ်၌ အဘယ်သို့ပင် ထင်မြင်ကြစေကာမူ မောင်သာရသည် လူထဲသူထဲသို့ ဝင်ရမည်ကို ကြောက်သောကြောင့် တိုင်ပင်ခြင်း မဟုတ်။ မိမိသွားရောက်ခြင်းကြောင့် တင်မကြီး၏အပေါ်၌ တစ်စုံတစ်ရာ အထင်အမြင် အပြောအဆို ခံရမည်ကို စိုးသောကြောင့် ဖြစ်လေ၏။ ဦးသာဖံသည်ကား မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ သွားရအောင် အားပေး၏။ သို့ဖြစ်သောကြောင့် ညဉ့်အချိန် တင်ဆာလမ်းသို့ ထွက်သွားလေ၏။

တရားဝန်ကြီးအိမ်အနီးသို့ ရောက်သောအခါ များစွာသော လူကြီးလူကောင်းတို့နှင့် ဂုဏ်သရေရှိ ယောက်ျားပျို မိန်းမပျိုများစွာတို့ ဝင်ထွက်လှုပ်ရှား သွားလာ၍နေကြသည် များကို မြင်ရလေရာ အနည်းငယ် စိမ့်ကာကြောက်လျက် ဝင်ရ မည် ခက်ခက် ဖြစ်၍နေလေ၏။ ထို့နောက် မတ်တပ် ရပ်ကာ လက်ပိုက်လျက် ၎င်းအိမ်ဘက်သို့ ကြည့်၍နေပြီးမှ ဤလူစုသည် အများအားဖြင့် မင်းမှုထမ်း အရာရှိတို့သာ များလေရာ ၎င်းလူစုသည် အများအားဖြင့် အဘယ်မျှပင် ဟန်ကြီးပန်ကြီး လုပ်ကြစေကာမူ ၎င်းတို့၏စိတ်၌ နိုင်မာထိုက်တန်သော ယောက်ျားကောင်း၏ သဘောဓာတ်ဝတ္ထု အနိုင်အမာ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



အပျော့အညံ့ ရွံ့တုံးနွံခဲဖြင့်ပြီးသော စိတ်တတ်များသာဖြစ်ကြ၏။ မြန်မာအမျိုးသားချင်းအပေါ်၌ အဘယ်မျှပင် ဟန်ကြီးပန်ကြီး လုပ်ကြစေကာမူ ကွယ်ရာ၌ တုံးအောက်က တီ၊ တုံးအောက်က ဖားမျှမက ယုတ်ညံ့စွာ ဒူးထောက်ရသူများ ဖြစ်ကြ၏။ ဤသို လူစုကို ငါသည် အဘယ်ကြောင့် အလေးဂရုပြုရမည်နည်းဟု တွေးတောကာ ရဲရင့်သောစိတ်ပေါ်၍လာပြီးလျှင် အိမ်ကို တည့် တည့်ကြီး ဝင်၍သွားလေရာ ညွှန့်ခံသူ ယောကျ်ားပျို တစ် ယောက်နှစ်ယောက်က နေရာကောင်းကို ပေးလေ၏။

သို့သော်လည်း မိနစ်အနည်းငယ်အတွင်း ပရိသတ်လူစု တို့သည် တစ်ယောက်ကိုတစ်ယောက် လက်တို့ကာ၊ တစ် ယောက်နှင့်တစ်ယောက် တီးတိုးစကားပြောကာ မောင်သာရကို အမှတ်တမဲ့ လှမ်း၍ကြည့်ကာ မငြိမ်မသက်သကဲ့သို့ ဖြစ်လေ၏။ ထိုအတွင်း စောင်းများ၊ တယောများ စ၍တီးသောကြောင့် ငြိမ်သက်၍ သွားကြပြန်သော်လည်း မောင်သာရကို လှမ်း၍ ကြည့်သူ အတော်ပင် များကြလေ၏။

ထိုအခိုက်တွင် များစွာဘိုဆန်သော တင်မေကြီးသည် မောင်သာရထံသို့ တိုက်ရိုက်လျှောက်၍လာပြီး နှုတ်ဆက်စကား ပြောလေရာ အများပရိသတ်တို့သည် သာ၍ပင် အံ့အားသင့်ကြ လေ၏။ တင်မေကြီးသည်ကား ဖခင်က အလိုလိုက်သောကြောင့် တစ်ကြောင်း၊ ရှိသမျှသော မိန်းမပျိုတို့ထက် ပိုမို၍ ဂုဏ်သရေရှိ သူ တစ်ယောက်ကဲ့သို့ဖြစ်၍နေသောကြောင့် တကြောင်း၊ အင်္ဂလိပ်စာကိုလည်း ကောင်းစွာတတ်သူ ဖြစ်သောကြောင့် တကြောင်း၊ အများပရိသတ်တို့၏ ရှုမောအံ့သြ မြှောက်စား လေးမြတ်ခြင်းကို ခံရသူတစ်ယောက် ဖြစ်လေရာ မည်သူ့ကိုမျှ





မောမထား၊ မြန်မာမိန်းမပျိုအများတို့၏ ထုံးတမ်းနည်းလမ်းကို သွားဘဲ မိမိ ထင်သလို ပြုမူတတ်သူတစ်ယောက် ဖြစ်သော ကြောင့် မောင်သာရထံသို့ ရဲတင်းစွာလာခြင်း၌ အံ့သြစရာ အကြောင်း တစ်စုံတစ်ရာမျှ မရှိချေ။ ထိုကဲ့သို့ လာရုံမျှမက တစ်ကိုယ်တည်း ထိုင်၍နေသော ဖခင်ထံသို့ မောင်သာရကို အရောက်ခေါ်၍ သွားပြီးလျှင် နှုတ်ဆက်စကား ပြောဆိုလေ၏။ မောင်သာရသည် တရားဝန်ကြီး၏ရှေ့၌ရပ်ကာ ခဏကလေး နှုတ်ဆက်စကား ပြောဆိုပြီးနောက် မိမိ၏ မူလနေရာသို့ ပြန်၍ ထိုင်လေ၏။

ထိုကဲ့သို့နေခိုက်တွင် မောင်သာရကို စောင်းစောင်းမဲ့မဲ့ ကြည့်ကာ ငြိမ်သက်စွာမှ ထိုင်၍မနေနိုင်ဘဲ ရှိသမျှ လူတို့ထံ ချဉ်းကပ်ကာ မောင်သာရ၏အကြောင်းကို ပြောဆို၍နေသူ သည်ကား မောင်ဘလုံ ဖြစ်လေ၏။ မောင်သာရသည် ၎င်းကို များစွာ အကဲခတ်မိလေ၏။

"ဟောဟိုလူဟာ ဦးထွန်းသိန်းအမှုက တရားခံပဲခင်ဗျာ့။ ကြည့်လိုက်ကြ၊ ကျုပ်တို့ခြံမှာ မာလီလဲ လုပ်ဖူးတယ်၊ တရား ဝန်ကြီးသမီးက တကယ့် လူကြီးလူကောင်းကို ဖိတ်တာပဲ" သည့်စကားမျိုးကို လှည့်လည်ပြောဆိုကာ နေလေ၏။

မောင်ဘလုံသည် နောက်ဆုံး၌ တင်မေကြီး၏အပါးသို့ ချဉ်းကပ်ကာ.....

"ဘယ်နှယ်လဲ တင်မေကြီးရဲ့၊ လူကြီးလူကောင်း တစ်ယောက်ကို ဖိတ်ထားသလား။ လာသမျှ တစ်ခြား ဂုဏ် သရေရှိလူတွေမှာ သည်လူတစ်ယောက်အတွက် အင်မတန် အနေကြပ်နေတာပဲ၊ ဘယ်လိုဂုဏ်ထူးများရှိလို့ သည်လူကို



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်လိုက်တာလဲ''

တင်မေကြီး။ ။''သည်လူမှာ ဘာများ အပြစ်ရှိသလဲ၊ အနူလား၊ အဝဲလား၊ ကယ်ပါ သူတောင်းစား မို့လို့လား''

ဘလုံ။ ။''အနူ၊ အဝဲ၊ ကယ်ပါတော့ မဟုတ်ပေဘူးပေါ့ လေ။ သို့သော်လဲ တော်မယ်၊ မတော်မယ်ဆိုတာ တင်မေကြီး စဉ်းစားပြီးမှ ပြုဖို့ကောင်းတယ်''

တင်မေကြီး။ ။''ကျွန်မအိမ်မှာ ကျွန်မ ဖိတ်ချင်တဲ့လူကို ဖိတ်မှာ ပေါ့၊ သည်လူ လာတဲ့အတွက် ဘယ်သူမှ မနေ ချင်ရင် ကျွန်မ မတတ်နိုင်ဘူး''

ဟု ပြောပြီး အခန်းထဲသို့ ဝင်သွားလေ၏။

မောင်သာရသည်ကား မိမိ၏အကြောင်း ပြောဆိုနေ ကြောင်း သိရလျက် များစွာပင် စိတ်လက်မသာမယာ ဖြစ်၍နေ လေ၏။

ထို့နောက် လူအများတို့ ကြည့်ပုံရှုပုံကို ဆက်လက်၍ မခံမရပ်နိုင်တော့သည် ဖြစ်သောကြောင့် အချို့သောလူများနှင့် ရောပေါင်းကာ ဧည့်ခန်းမှထွက်ပြီး အိမ်ရှေ့ပန်းခြံ၌ တစ်ကိုယ် တည်း ယောင်ပေယောင်ပေနှင့် တင်မေကြီးကို နှုတ်ဆက်ခြင်း မပြုဘဲ ပြန်ရလျှင် တော်လေမည်လားဟု ချိန်ဆကာနေလေ၏။

ယင်းကဲ့သို့နေခိုက်တွင် လူနှစ်ယောက်သုံးယောက် ထွက်၍သွားကြလေရာ ၎င်းလူတို့သည် မောင်သာရကို ကြည့်၍ ကြည့်၍ သွားကြလေ၏။ မောင်သာရကား လက်ပိုက်ကာ ခေါင်း ငုံ့လျက် ၎င်းတို့ကို ဂရုမစိုက်ဘဲ မြေကြီးကိုသာ ကြည့်၍နေ လေ၏။

ယင်းကဲ့သို့ အတန်ကလေးကြာစွာနေပြီးမှ တစ်ခုသော





ပန်းရုံအကွယ်သို့ လှည့်၍ သွားလိုက်သောအခါ မောင်သာရ သည် ဒုံ့အားသင့်၍ နေလေ၏။ အကြောင်းမူကား တင်မေကြီး သည်လည်း တစ်ကိုယ်တည်းရပ်ကာ နှင်းဆီပန်းကိုင်းတစ်ကိုင်းကို ဆွဲကိုင်ပွတ်သပ်ရင်း များစွာစဉ်းစားတွေးတော၍ နေသည်နှင့် ရင်ဆိုင်၍ နေလေ၏။

တင်မေကြီးသည် မောင်သာရကိုမြင်လျှင် များစွာ ဒုံ့အားသင့်သော အမူအရာ မရှိဘဲ မောင်သာရ၏အပါးသို့ ဝင်လာကာ.....

''ကိုသာရ ပြန်တော့မလို့လား''

သာရ။ ။''ဟုတ်ကဲ့၊ ကျုပ်အတွက် မတင်မေကြီး များစွာ စိတ်မကောင်းဖြစ်တာကို တွေ့ရလို့ ပြန်ပါတော့ မယ်''

တင်မေကြီး။ ။''ကျွန်မ စိတ်မကောင်းစရာ မရှိပါဘူး၊ ကိုသာရ ကို ကျွန်မ အားနာတာပါပဲ။ ကျွန်မ ပြုလုပ်သမျှ ကို လူတိုင်း သဘောကျရတယ်လို့ အထင်ရှိမိ တာ မှားတာပါပဲ။ ကိုသာရကို သပိတ်မှောက်ပြီး ကြတာ အတော်ကြာပြီမို့ စိတ်လက် ပြေပျောက် လောက်ကြပြီလို့ ကျွန်မ သဘောရမိပါတယ်။ အခုတော့ ကျွန်မ ထင်မြင်ချက်နှင့် မကိုက်ဘူး။ ကိုသာရ လူထဲကို ဝင်ဖို့ရာ အင်မတန်မှ ခက် သေးတာပဲ''

သာရ။ ။''မှန်ပါတယ်၊ ကျုပ် နာမည်ကောင်းအောင် ပြန်ပြီးမလုပ်နိုင်သမျှ သည်ငရဲကို အမြဲ ခံနေရ တော့မှာပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



တင်မေကြီး ။ ''ကြိုးစားပါ၊ အထမြောက်လိမ့်မယ်လို့ ကျွန်မယုံကြည်မျှော်လင့်ပါတယ်''

ဟု ပြောကာ သနားသော မျက်နှာနှင့် မောင်သာရကို ကြည့်လေ၏။ မောင်သာရ၏ ရင်ခွင်၌ကား တင်မေကြီး၏ စကားသည် အေးမြကြည်လင်သောအားကို ဖြစ်စေလျက် ဤကဲ့သို့ နီးကပ်စွာ နှစ်ယောက်တည်း စကားပြော၍နေရခြင်း၏ သုခသည် အတိုင်းမသိ ကြီးကျယ်လျက် မည်သူ့ကိုမျှ ပဓာနမပြုလိုသောစိတ်သည် ပေါ်ပေါက်၍ လာပြန်လေ၏။ သို့သော်လည်း ဆက်လက်၍ စကားမပြောသေးဘဲ.....

''ကိုင်း.....မတင်မေကြီးရဲ့ ညှော်ခံစရာကိစ္စတွေ ရှိပါသေးတယ်။ ကျုပ် နှောင့်ယှက်ရာ ကျနေတော့မယ် ထင်ပါရဲ့ သွားပါတော့မယ်''

ဟုပြောပြီး ထွက်၍လာခဲ့လေရာ တင်မေကြီးသည် လရောင်တွင် တစ်ကိုယ်တည်း ရပ်မျှော်ကာ မောင်သာရကို လှမ်း၍ကြည့်ရင်း နေရစ်ရှာလေ၏။ မောင်သာရသည် တစ်ကြိမ်နှစ်ကြိမ် လှမ်း၍ကြည့်ပြီး မှောင်ရိပ်တွင် ဝေး၍သွားလေ၏။ မောင်သာရသည် တင်မေကြီးနှင့် နှစ်ယောက်တည်း စကားပြော၍လာရခြင်း၏ ကျေးဇူးဂုဏ်ကြောင့် အခြားသောသူတို့၏ အနှောင့်အယှက်ကို မေ့လျော့ကာ အရေးမမှုလောက် သကဲ့သို့ မှတ်ထင်ပြီးလျှင် မိမိ၏ကိစ္စကို ပြီးမြောက်အောင် ကြံဖို့ရန်အားသည် ကြီးသောအရှိန်နှင့် တက်ကြွ၍ လာလေ၏။

နောက်တစ်ညဉ့်၌ မောင်သာရသည် စက်ာပူမြေဘက်သို့ ဆယ်နာရီခန့်အချိန် တစ်ယောက်တည်း ထွက်သွားလေ၏။ ယခင်တစ်နေ့ညကနည်းတူ အိမ်ကို ကြည့်လေရာ တစ်စုံတစ်ရာ





မျှ မတွေ့ရပေ။ အိမ်အပေါ်ထပ်အတွင်း၌ မီးရောင်ကလေး ကိုသာ တွေ့ရလေ၏။ ထိုအခါ ပြတင်းပေါက်ကို သေချာစွာ ကြည့်လေရာ တစ်စုံတစ်ယောက်သောသူကိုမျှ မမြင်ရချေ။ ထိုကဲ့သို့ ကြည့်၍နေခိုက်တွင် မိမိ၏နောက်မှ 'ရှပ်ရှပ်..... ရှပ်ရှပ်' ဟု မြည်သော ခြေသံကို ကြားရသဖြင့် လှည့်၍ကြည့်လိုက်သော အခါမှောင်ထဲတွင် ပထင်မရှား မည်းမည်းမည်းမည်းနှင့် မိမိအပါးကို ပွတ်ပြီး အိမ်နောက်ဖေး ဘက်သို့သွားသော သဏ္ဍာန်အရိပ်တစ်ခုကို မြင်လေ၏။ ထိုသဏ္ဍာန်မှာ အတောင်သာသာခန့် အရပ်အမောင်း ရှိသဖြင့် ခွေးတစ်ကောင် တောပ်ရပ် သွားသလိုလို၊ မျောက်လိုလို၊ ကလေး တစ်ယောက်လိုလို မှတ်ထင်ရလေ၏။ ၎င်းသဏ္ဍာန်သည် အိမ်နောက်ဖေးဘက်သို့ ကွေ့၍သွားသည်ဟု မှတ်ထင်ရသော်လည်း သေချာစွာ မမြင်ရ။ မိမိနှင့် ဝါးတစ်ရိုက်လောက် ကွာသောနေရာသို့ ရောက်သောအခါ မှောင်ထဲတွင် ပျောက်ကွယ်၍ သွားလေ၏။

မောင်သာရသည် မတ်တပ်ရပ်ကာ ထိုသဏ္ဍာန် ရွေ့လျား၍သွားသောနေရာဘက်သို့သာကြည့်ရင်း ခေါင်းနပန်း ကြီးပြီး ကြက်သီးမွေးညင်းများ ထသောကြောင့် နာနာဘာဝ၊ တစ္ဆေပြိတ္တာ၊ တစ္ဆေများ မိမိကို ချောက်လှန့်၍ ကစားလေသလားဟု တွေးတောကာ နေလေ၏။

ထို့နောက် အတန်ကလေးကြာစွာ ဆက်လက်ကြည့်ရှု၍ နေပြီးမှ ပြန်၍လာခဲ့လေ၏။ ယင်းသို့ ပြန်ခဲ့ရာတွင် မောင်သာရသည် မကြာခဏ ထိတ်ခနဲ ဖြစ်လေရာ မိမိ၏နောက်၌ တစ်ယောက်ယောက် လိုက်၍လာလေသလားဟု စိတ်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့ ကာ မကြာခဏ နောက်သို့ လှည့်၍ ကြည့်မိလေ၏
ယင်းကဲ့သို့လာလေရာ စက်ာပူမြေထဲမှ ထွက်၍ ခတ်
ရထားလမ်းဘက်သို့တက်သော တိုက်ကြားလမ်းတစ်ခုသို့ ရောက်
သောအခါ မှောင်ရိပ်တွင် ရှုပ်ရှုပ်ရှုပ်ရှုပ်နှင့် ဖိနပ်ကိုတိုက်၍
စီးသောအသံတစ်ခုကို နောက်နားက ကြားရပြန်သောကြောင့်
လှည့်၍အကြည့်လိုက်တွင် မျက်လုံးထဲတွင် မီးတောက်ကာ
လျှပ်စစ်လက်သလို ဖြစ်သွားပြီး တစ်ကိုယ်လုံး ချာလည်လည်
သကဲ့သို့ စိတ်၌မှတ်ထင်ရပြီးနောက် မှောင်ကြီးကျကာ တစ်စုံ
တစ်ရာကိုမျှ သတိမရဘဲ အိပ်မောကြီးကျသွားသလို ဖြစ်လေ၏

♛ ♛ ♛





## အခန်း (၁၁)

မောင်သာရသည် သတိရ၍လာသောအခါ မျက်လုံးများ
ကို ဖွင့်ပြီးလျှင် မိမိ၏ပတ်ဝန်းကျင်ကို ကြည့်ရှုလေသော် ကုတင်
ပေါင်းများစွာတို့နှင့် သန့်ရှင်းသော အခန်းကြီးတစ်ခုထဲသို့
ရောက်၍နေသည်ကို သိရှိရလေ၏။ မိမိ၏အပါး၌ အဝတ်ဖြူ
ဝင်ကြယ်ကို ဝတ်၍သာ၊ လှပသော ဘိလပ်သူ မိန်းမပျို
တစ်ယောက်ကို မြင်ရလေ၏။

သာရ။ ။ ''ကျွန်တော်တို့ ဘယ်ရောက်နေသလဲ''

သရာမ။ ။ ''ဆေးရုံကြီးလေ၊ ရှင် မြောနေတာ သုံးရက်နဲ့
သုံးညရှိပြီ''

ထိုအခါ မောင်သာရသည် အဘယ်အတွက် ငါ မြော၍
နေပါသနည်း။ ငါ့ကို အဘယ်နေရာက ဆောင်ယူ၍ လာကြပါ
သနည်း စသည်ဖြင့် တွေးတောလေရာ တစ်စုံတစ်ရာမျှသော
အစအနကို သတိမရသောကြောင့် ကျွန်တော် ဘာဖြစ်သလဲ ဟု



www.burmeseclassic.com

www.burmeseclassic.com



မေးလေ၏။

ဆရာမ။ ။ ''ရှင် ပုစွန်တောင်မှာ လူရိုက်ခံရတယ်။ ရှင့်ခေါင်း… တယ်ကြီးမလှုပ်နဲ့၊ ဦးနှောက်မပေါက်ရုံကလေ… ကျန်တယ်၊ သတိထားပါ၊ အခု ကိစ္စမရှိတော့ဘူး''

ထိုအခါ မောင်သာရသည် ထပ်မံတွေးတောပြန်လေ… စက်ာပူရပ်ကွက်(ယခု ပုစွန်တောင်နယ်မြေ)သို့ ညတစ်ညသ… တစ်ကိုယ်တည်းသွားပြီး ဖြစ်ပျက်ပုံ အစအနတို့ကို အိပ်မက်ပ… ပြန်၍ ထင်မြင်ရလေရာ

''ကျွန်တော့်ကို ဘယ်သူများ လာပြီးကြည့်သလဲ''

ဟု မေးလေ၏။

ဆရာမ။ ။''မြန်မာမလေးလှလှတစ်ယောက်၊ အင်္ဂလိပ် စကာ… ကောင်းကောင်းတတ်တယ်။ သူ လာပြီးကြည့်တ… နှစ်ခါရှိပြီ၊ ပြီးတော့ အဘိုးကြီးတစ်ယောက်နဲ့ မိန်း… ကြီးတစ်ယောက် လာပြီးကြည့်တယ်''

ထိုအခါ မောင်သာရသည်စိတ်ချကာ သက်မကြ… ချလိုက်လေ၏။ ဦးခေါင်းထဲမှာမူ တစ်ချက်တစ်ချက် တရိပ်ရိ… မူးဝေလျက် ထပ်မံ၍ မျောမေ့ပြီးသွားဦးမလို ဖြစ်၍နေလေ၏။

ထိုနေ့ညနေ ဦးသာဖံသည် ဆေးရုံသို့ အထုပ်ကလေ… တစ်ခုနှင့် ရောက်၍လာပြီး မောင်သာရကုတင်ကို အပြင်… လှမ်း၍ကြည့်လေသော် မောင်သာရ လှုပ်လှုပ်ရှားရှားနေသည်… မြင်ရသဖြင့် အားရဝမ်းသာ ပြေးဝင်လာလေ၏။ မောင်သာရသည်… လည်း ကုတင်ပေါ်မှ လူး၍ထမည်ပြုလေရာ–

ဆရာမက။ ။''အို.....အို၊ မထပါနဲ့၊ မထပါနဲ့၊ ငြိမ်ငြိမ်နေပါ''

ဟု ပြောပြီး ပွေ့တော့မလို ပြုလေ၏။ ဦးသာဖံလည်…





…ကုတင်အနားသို့ ရောက်၍လာပြီး မောင်သာရ ထမည်ကို …ိုးသောကြောင့် လက်နှစ်ဘက်နှင့် ဆီး၍ တွန်းတော့မလို ဟန်ပြင် …ပြီးမှ ခွေးချီတစ်ခုကို ဆွဲယူပြီးလျှင် အပါး၌ ထိုင်လေ၏။

…ဦးသာဖံ။ ။''ဘယ်နဲ့လဲ၊ ဒီဆေးရုံမှာ သုံးရက်တောင် လာပြီး စက်တော်ခေါ်နေတာဟာ ငါ့ကို ကျေးဇူးဆပ်တာပေါ့ လေ။ သတင်းစာထဲမှာ တွေ့ရသည်နှင့် တစ်ပြိုင် တည်း ပြေးပြီးလာတယ်။ ဆီးပြီး နှုတ်ဆက်စကား ပြောဖော်မှ မရဘူး။ တစ်ညလည်လိုက်တာ သုံးရက် အိပ်လို့တောင် မပြေဘူးနော်။ ကိုဘိုးသိန်းဆီမှာ အလုပ်ရတာနဲ့ ငါ့ဆိုင်ကို တစ်ခါတည်းပစ်ပြီး ဆေးရုံက ဆရာမကလေးများဆီ လာနေတာပဲ။ တယ်တော် တဲ့ယောကျ်ား၊ အဲသည်လိုသာ အရူးထနေတဲ့အခါ သေလိမ့်မယ်။ မဖြစ်နိုင်တာကိုကြံပြီး တစ်ယောက်တည်း ကြွပ်ကြွပ်လိုက်၊ စုံထောက်ကောင်းကြီးပေါ့လေ။ တကတည်းဗျာ။ အခုမှ စိတ်အေးပြီးသွားတော့တာ ပါပဲ။ ဟောသည်မှာ အိမ်ကအကောင်မကြီးက ထည့် ပေးလိုက်တယ်။ သည်ကောင်မကြီးလဲ ရင်ဘတ်ကို ထုရတာနဲ့ ရင်ကွဲနာကျတော့မယ်၊ ကြွပ်ကြွပ် သည်လို လုပ်ပါ မောင်''

…ဟုပြောရင်း စားစရာ ချိုချဉ်၊ စီးကရက်ဘူး၊ ဘီစကွတ်မုန့်၊ …ဆိတ်သားကြော်၊ သစ်သီး စသည်တို့ ပါရှိသော အထုပ်ကို ဖြေ၍ …ပေးလေ၏။ မောင်သာရသည် အလွန်ကျေးဇူး တင်လျက် …မျက်ရည်များလည်ပြီး ဦးသာဖံ၏လက်ကို ဆွဲ၍ထားလေ၏။ …ဦးသာဖံလည်း အသံများ တုန်လျက် မျက်ရည်ကို သုတ်ရရှာ



www.burmeseclassic.com

လေ၏။

နောက်တနင်္ဂနွေတစ်ပတ်လောက် ကြာသောအခါ မောင်သာရသည် ဆေးရုံမှ ဆင်း၍လာပြီးလျှင် ဆရာသိန်းထံသို့ သွားလေရာ ဆရာသိန်းသည် ဝမ်းမြောက်ဝမ်းသာစွာနှင့် မောင်သာရ၏ အဖြစ်အပျက်ကုန် စုံစမ်းမေးမြန်း၍ကြည့်ပြီး သတင်းစာတစ်စောင်ကို မောင်သာရအား ပြလေသော် မောင် သာရသည် ခဲတံအပြာနှင့် မှတ်၍ထားသော အကြောင်းအရာကို တွေ့ရှိရလေ၏။

ထိုအကြောင်းအရာမှာ အခြားမဟုတ်။ မောင်သာရ လူရိုက်ခံရသောအကြောင်း ဖြစ်လေ၏။ ထိုစာ၌ မောင်သာရကို ရိုက်သောသူသည်ကား လက်စားချေသောသူ ဖြစ်ဟန် ရှိကြောင်း ဦးထွန်းသိန်းကို သတ်သောအမှု၌ မောင်သာရမှာ သေဒဏ် အပြစ်ပေးခြင်းကို မခံရသောကြောင့် ဦးထွန်းသိန်းနှင့် မကင်းရာ မကင်းကြောင်းဖြစ်သောသူများက ပြန်၍သတ်ဖို့ရန် ကြံစည်ဟန် ရှိကြောင်း၊ သေပြီအထင်နှင့် စွန့်ပစ်၍သွားခဲ့ရာ ပတ်တရောင်များ တွေ့သောကြောင့် ဆေးရုံသို့ လျင်မြန်စွာ အပို့ခံရပြီး အသက် ချမ်းသာ ရရှိသည်ဟု တွေးထင်ဘွယ်ရှိကြောင်း စသည်နှင့် ထိုသတင်းစာတွင် တွေ့ရှိလေ၏။

မောင်သာရ ထိုစာကို ဖတ်၍ပြီးသောအခါ ဆရာသိန်း က.....

''အခု အရပ်ထဲမှာ သည်သတင်းစာအတိုင်း ပြောဆို နေကြတာကို ကြားရတယ်ကွဲ့။ မင်းအမှုအကြောင်းကို အခု ထပ်မံ ပြောဆိုနေကြပြန်ပြီ။ ဦးတော့ မယုံပါဘူး။ မင်းကို မုန်းတဲ့ လူတစ်ယောက်ယောက်က သတင်းစာထဲမှာထည့်ပြီး ရေးတယ်





ဆင်ပါရဲ့။ ပျောက်စပြုမဲ့အနာကို ထပ်ပြီး အသစ်ဖြစ်အောင် ဆွပေးတာနဲ့တူတယ်''

ဟု ပြောလေ၏။ မောင်သာရသည် စကားတစ်လုံးမှ ပြန်၍မပြောဘဲ ဆိတ်ငြိမ်စွာ စဉ်းစားရင်း နားထောင်၍နေလေ၏။

ဆရာသိန်း။ ။''သည်အကြောင်းကို ထားလိုက်တော့။ အခု မင်းလဲ နလံထစ ရှိသေးတယ်။ ဦးလဲ ကောင်းကောင်းကြီး နေထိုင်စားသောက်လို့ မကောင်းလှဘူး။ သည်အတွက် ဦး တစ်လလောက် ကျိုက္ခမီကို သွားပြီး အားလပ်ချိန် ယူနေမယ်လို့ အောက်မေ့တယ် တူမောင်လဲ အားလပ်ခွင့် ယူနေလေရော့။ မင်း လခများလဲ တစ်ခါတည်း ထုတ်ပြီးယူထားလိုက်။ ဦး နက်ဖြန်ခါ ကျိုက္ခမီကို သွားမယ်''

သာရ။ ။''ကောင်းလှပါပြီဦးရဲ့။ ကျွန်တော်လဲ အင်မတန်ကြီး မမာသေးဘူး၊ တစ်လလောက် အားလပ်ခွင့် ရမယ်ဆိုရင် ကောင်းကောင်းကြီး မာသွားမှာပဲ''

ဆရာသိန်း။ ။''အေးလကွယ်။ အသက် ဉာဏ်စောင့်သတဲ့ သတိလဲ ကြပ်ကြပ်ထား၊ အသွားအလာလဲ ဆင်ခြင်ကွဲ့။ တူမောင့်မှာ ရန်သူများတဲ့ လက္ခဏာပဲ။ ကိုင်း..... မင်း ငွေစများ အခု ယူသွားမလား''

သာရ။ ။''ဟုတ်ကဲ့၊ ဦးရဲ့ကျေးဇူး အင်မတန်ကြီးပါပေတယ်။ ကျွန်တော်မှာလဲ အသုံးအစွဲအတွက်



www.burmeseclassic.com

www.burmeseclassic.com



"ငွေကြေး လိုလိမ့်မလား မသိဘူး''

ဟု ပြောကာ ဆရာသိန်းအပါးသို့ ထ၍သွားလေရာ ဆရာသိန်းက.....

''ကျေးဇူးဆိုတာ တစ်ယောက်တည်း တစ်ဘက်သတ်တည်းက တင်ရတာ မဟုတ်ဘူးလကွဲ့၊ ဦးကလဲ ကျေးဇူးတင်ရတာပဲ၊ ကိုင်း.....ရော့''

ဟုပြောကာ ငွေစက္ကူများကို ပေးလေ၏။ ထို့နောက် မောင်သာရသည် အလုပ်များကို ရှင်းလင်းပြီးလျှင် စာအုပ်ဆိုင်သို့ ရောက်၍လာလေ၏။

စာအုပ်ဆိုင်သို့ ရောက်သောအခါ မိမိအတွက် စာတစ်စောင် ရောက်နေသည်ကို တွေ့ရှိရလေ၏။ ထိုစာကို ကြည့်လိုက်သောအခါ ရန်ကုန်မြို့ ဘဏ်တိုက်ကြီးတစ်တိုက်က မိမိကို ကြွရောက်ရန် မှာသောစာ ဖြစ်၍နေသည်ကို တွေ့ရှိရလေ၏။

မောင်သာရသည် ထိုစာကို ဖတ်ရင်း များစွာပင် အံ့အားသင့်နေလေ၏။ နက်ဖြန်နံနက် ၎င်းဘဏ်တိုက်သူဌေးထံ ရောက်၍သွားသောအခါ ဘဏ်တိုက်သူဌေးက.....

''ခင်ဗျားနာမည် မောင်သာရ မဟုတ်လား''

ဟု မေးလေ၏။ မောင်သာရက ဟုတ်ကြောင်း ပြောသောအခါ.....

''အခု ဘဏ်တိုက်မှာ ခင်ဗျားနာမည်နဲ့ ငွေ ၃၀၀၀/- လူတစ်ယောက်လာပြီး ထည့်တယ်''

မောင်သာရသည် လွန်စွာအံ့အားသင့်လျက်.....

''ဘယ်သူများပါလိမ့်ခင်ဗျာ''

ဟု မေးလေ၏။





သူဌေး။ ။ ''သည်လူ့နာမည်ကို ကျုပ်ပြောခွင့် မရှိဘူး''

သာရ။ ။ ''ဘယ်အတွက် သည်ငွေများကို ကျွန်တော့် ပေးရသလဲ''

သူဌေး။ ။ ''အခု မောင်သာရ အကျိုးမရှိတဲ့ အလုပ်တစ်ခုခုကို လုပ်နေတယ် ထင်ပါရဲ့။ ဘယ်အတွက်ကြောင့်လဲ ဆိုတော့ ငွေပေးတဲ့လူက အကျိုးမရှိတဲ့ အလုပ်အကြံကို လုပ်ကိုင် ကြံစည်ရင်း အချိန်မဖြုန်းပါနဲ့၊ ဘီအယ်လ်ကို အောင်မြင်နိုင်အောင်သာ ပညာကို ဆက်လက်သင်ဖို့ ပြောပါဆိုပြီး သည်ငွေကို မင်းအတွက် လာပြီးထည့်သွားတယ်''

မောင်သာရသည် ထိုစကားကို စဉ်းစားလျက် ငါ့အတွက် ဤမျှလောက် ပူပန်သူ မည်သူများပေနည်း ဟု တွေးတော၍ နေလေ၏။ ထို့နောက် အိမ်ကိုပြန်သောအခါ ဘီအယ်လ်ကို အောင်မြင်သော်လည်း အသုံးချဖို့ မရှိချေ။ သို့သော်လဲ ယခုလို ထောက်ပံ့သူ ပေါ်လာမှ လိုလိုမယ်မယ် ဆိုတာလို ဝင်ထားမှ တော်မယ်ဟု တွေးတောကာ စာများကို အားလပ်သည့်အခါ ကျက်ဖို့ရန် အကြံပြုလေ၏။

ထိုအကြောင်းနှင့် ပတ်သက်၍ ကြိုတင်၍ ရေးသား ပေါ်ပြရမည်ဆိုလျှင် မောင်သာရသည် နောက်တစ်နှစ် ဘီအယ်လ် နောက်ဆုံးစာမေးပွဲ၌ မြန်မာတစ်ပြည်လုံးတွင် ဒုတိယရရှိ အောင်မြင်လေ၏။ ပထမရသူမှာ နာရာယာနံ ခေါ်သော ကုလားတစ်ယောက်ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

မောင်သာရမှာ ယခုအခါ အားလပ်ခွင့်ရသောကြောင့် မိမိ၏စာများကို အားလပ်သည့်အခါ ကျက်လျက် နံနက်အချိန်တွင် ဥပဒေကျောင်းကို ဆက်လက်၍ သွားစပြုလေ၏။

တစ်နေ့သ၌ ဥပဒေနားထောင်ရာက ပြန်၍အလာတွင် မြင်းရထားတစ်စင်းနှင့် တင်မေကြီးလာသည်ကို မြင်ရလေ၏။ တင်မေကြီးသည်လည်း မိမိကို မြင်လေရာ ရထားကို အရပ်ခိုင်းပြီးလျှင် လမ်းတွင် စကားပြော၍ နေကြလေ၏။

ထိုအခါ တင်မေကြီး၏ဖခင်မှာ အထက်သို့သွားရောက် အထူးရုံးထိုင်၍ နေရသဖြင့် ရန်ကုန်မြို့၌ တင်မေကြီးကို အစေခံများနှင့် နေရစ်စေရလေ၏။ တင်မေကြီးကလည်း ဖခင်နောက်သို့ မလိုက်လို။ မိမိဘာသာ နေရစ်ရန် ဆန္ဒရှိသော ကြောင့် ၎င်း၏အလိုဆန္ဒကို ဘယ်အခါမှ မငြင်းဆန်နိုင်သော ဖခင်သည် တစ်ကိုယ်တည်း အထက်သို့သွား၍ နေရလေ၏။ တင်မေကြီးမှာလည်း အခြား မြန်မာမိန်းမကလေးများနှင့် မတူ၊





လူမျိုးကွဲကဲ့သို့ စိတ်ပေါက်ပြီးလျှင် တစ်ကိုယ်တည်း ရဲရင့်စွာလည်ပတ်သွားလာတတ်လေ၏။ အခါများစွာမှာလည်း အင်္ဂလိပ်လို ဝတ်ဆင်လည်ပတ် သွားလာတတ်လေရာ အင်္ဂလိပ်ကပြားမကလေးတစ်ယောက်ကဲ့သို့ မှတ်ထင်ရလေ၏။

ခေတ္တမျှ စကားပြောပြီးနောက် မြင်းရထား ထွက်သွားလေရာ မောင်သာရသည် ကျန်ရစ်ခဲ့လေ၏။ ၎င်းနောက် တင်မေကြီး တစ်ကိုယ်တည်း အဘယ်ကို သွားသည်ကို သိလိုသဖြင့် အခြားသော မြင်းရထားတစ်စီးနှင့် လိုက်၍ကြည့်လေ၏။

တင်မေကြီး၏မြင်းရထားနှင့် မောင်သာရ၏မြင်းရထားသည် တစ်ခါတစ်ခါ နီးကပ်၍သွားလေ၏။ တစ်ခါတစ်ခါ ခပ်လှမ်းလှမ်းကလေး ကျန်ရစ်လေ၏။ သို့သော်လည်း လမ်းအကွေ့အဝင်များ၌ ပျောက်ကွယ်၍ မသွားရအောင် အထူးသတိထားလေ၏။

မြင်းရထားနှစ်စီးသည် ထိုနည်းအတိုင်း နီးချည်ကွာချည်နှင့် မောင်းနှင်၍သွားကြလေရာ တင်မေကြီး၏ရထားသည် ပုဇွန်တောင် ဓာတ်ရထားလမ်းကြီး၌ ရပ်သည်ကို တွေ့ရလေရာ မောင်သာရသည်လည်း ထိုနေရာနှင့်မနီးမဝေးနေရာတစ်ခုတွင် ရပ်ကာ အရိပ်အဆင်ကို ကြည့်၍နေလေ၏။

အတန်ကြာသောအခါ စက်ပုရပ်ကွက် (ယခုပုဇွန်တောင်နယ်မြေ) ဘက်သို့ လှည့်၍ ဝင်သွားသည်ကို မြင်ရလေ၏။ တင်မေကြီးသည် ထိုကဲ့သို့ ဝင်၍သွားသောအခါ သေတ်သူတို့၏ စိတ်ဉာဏ်အတွင်း၌ အလွန်တရာ ထူးဆန်းသော အသွင်ရှိလျက် အများလူတို့ ကြည့်ရှုတွေးတော တီးတိုးစကားပြောကြပေလိမ့်မည်ဟု မှတ်ထင်ကောင်း မှတ်ထင်ကြပေလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်။

သို့သော်လည်း လက်တစ်ဘက်၌ ဈေးခြင်းကိုကိုင်လျက် တစ်ဘက်၌ ထီးကလေးကို ပခုံးထက်မှ နောက်ပြန်ကိုင်ပြီး ကျောဘက်တွင် မနိုင့်တရိုင်ချလျက် ဆံပင်မှာ ကပိုကရို၊ ပဒုမ္မာအင်္ကျီ တစ်ပတ်နွမ်းနှင့် ပါတိတ်လုံချည်ကို ဝတ်ဆင်ကာ ဝင်၍သွားသော တင်မေကြီးကို ထူးခြားသောမိန်းမ၊ တရားသူကြီး၏သမီးဟု မည်သူမျှ ဂရုစိုက်၍မကြည့်။ မည်သူမျှ တစ်ယောက်ကိုတစ်ယောက် လက်တို့ကာ တီးတိုးမပြော။ ပုဇွန်တောင်ရပ်သူ စာရေးကတော် စာချီတော်ကလေးတစ်ယောက်ဟုသာလျှင် အမှတ်ထားကြလေ၏။ ၎င်းကို သိရင်းဖြစ်၍ သတိပြုကာ ကြည့်ရှုသောသူတို့သာလျှင် တင်မေကြီး၏မျက်နှာ၌ ထူးခြားသောလက္ခဏာ အသွင်အပြင် အမူအရာတို့ကို သိမြင်နိုင်လေ၏။

မောင်သာရသည် အတန်ဝေးသောနေရာမှ လိုက်၍သွားလေ၏။ မောင်သာရနှင့် တင်မေကြီးသည် အတော်ကြီးဝေးကွာသောကြောင့် တင်မေကြီးသည် ခေတ္တမျှပျောက်ကွယ်၍သွားပြီး တစ်ခုသောလမ်းကြား၌ တင်မေကြီးကို ခပ်လှမ်းလှမ်းမှ ပြန်၍မြင်ရသောအခါ အံ့သြ၍နေလေ၏။

ဤမျှလောက် ဂုဏ်အသရေ ကြီးကျယ်သော အချော အလှမိန်းကလေးသည် ထိုကဲ့သို့သောနေရာသို့ အချိန်းအချက်ထားကာ ရည်းစားကိုတွေ့ရန် လာသည်မှာ အံ့ဖွယ်ရာဖြစ်၍နေလေ၏။

အကြောင်းမူကား တင်မေကြီးသည် ရပ်ကာ စကားပူမြေ(ယခုပုဇွန်တောင်နယ်မြေ)ဘက်မှထွက်လာသော မောင်ဘလုံကို ကြည့်၍နေလေ၏။ လက္ခဏာအသွင်ကို ထောက်လိုက်သော





အခါ ၎င်းမောင်ဘလုံနှင့် တင်မေကြီးသည် ဤနေရာ၌ ကိစ္စရှိ၍ ချိန်းချက်တွေ့ကြုံပြီး နောက် မောင်ဘလုံသည် တင်မေကြီးနှင့် သမ်းခွဲ၍ထွက်လာ သော လက္ခဏာရှိလေ၏။

ထို့နောက် တင်မေကြီး အဘယ်ကို ဆက်လက်သွားမည် နည်းဟု ကြည့်မျှော်ကာနေလေရာ တင်မေကြီးသည် မောင်ဘလုံ၏နောက် အတော်အလှမ်းကွာသော နေရာမှလိုက်ကာ စကားပူရပ်ကွက် (ယခုပုဇွန်တောင်ရပ်ကွက်)မှ ထွက်၍လာသည်ကို မြင်ရလေ၏။ ထိုအခါ မောင်သာရသည် ကိုယ်ရှိန်သတ်လျက် နောက်ယောင်ခံကာ ပြန်၍လိုက်ပြန်လေရာ မောင်ဘလုံ ပျောက်ကွယ်သွားပြီး မြင်းရထားတစ်ခုပေါ်သို့တက်သော တင်မေကြီးကိုသာ မြင်ရလေ၏။ ထိုအခါ မောင်သာရသည်လည်း အခြားမြင်းရထားတစ်စင်းနှင့် တင်မေကြီး၏နောက်သို့ လိုက်လေရာ တင်မေကြီးသည် မိမိလာခဲ့သောလမ်းကိုပင် ပြန်၍ သွားကြောင်း တွေ့မြင်ရလေ၏။ မိမိလည်း စာအုပ်ဆိုင်သို့ ပြန်၍လာလေရာ ခါလာသော့ ထမင်းပွဲနှင့် အသင့်စောင့်၍နေသည်ကို တွေ့ရှိရလေ၏။

ခါလာ။ ။ ''ကိုင်း.....သူငယ်၊ ထမင်းစားကွယ်၊ သည်ကနေ့ နေမြင့်လှချည်လား''

သာရ။ ။ ''ဟုတ်ကဲ့ ခါလာ၊ ကျွန်တော် ဆာတော့မှ စားပါရစေ၊ နည်းနည်းခေါင်းထဲမှာအုံနေလို့ ခဏကလေး တုံးလုံးလှဲပါရစေဦး''

ဟုပြောပြီး မိမိ၏အခန်းထဲသို့ သွားလေ၏။

ဦးသာဖေ။ ။ (ဒေါသော့အားလုံး၍)'' ဟိုဒင်ရာ ဟိုဒင်ရာ ဘယ်တော့မှ စိတ်ချရမှာ မဟုတ်ဘူး၊ အခုလဲ ဥပဒေတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်နေပြန်တယ်၊ စုံထောက်အလုပ်ကိုလဲ ရပ်ဦးမှာ မဟုတ်ဘူး၊ သည့်ဆိုင်က အလုပ်တွေကိုလဲ မလျှော့၊ ဆရာသိန်း အလုပ်ကလဲ များပြား၊ သည်နွားမှ မရှုးရင် ဘာမှိုလို့လဲ၊ ဘယ်အရာမှာမှ လျှော့လျှော့ပေါ့ပေါ့ မလုပ်၊ အလွန်ချည်း လုပ်တာပဲ၊ လူရိုက်ခံတာတောင် သက်သက်သာသာ မခံခဲ့ဘူး၊ သေလုမြောပါးဖြစ်အောင် ခံခဲ့တဲ့အကောင်ပဲ၊ ငါဖြင့် သည့် ကောင့်အတွက် အင်မတန် အသက်ရှုကြပ်တာပဲ၊ ဝီရိယ လွန်လို့ နွားဖြစ်တာ သည့်လိုအကောင်မျိုးပဲ၊ သွားပြောလိုက် ထမင်းကို ဝင်သလောက် စားပါစေ၊ အတန်ကြာလို့ အဆာလွန်ပြီး မစားနိုင် ဘဲနေရင် ဒုက္ခဖြစ်လိမ့်မယ်၊ သည့်လိုအကောင်မျိုးတော့ သေပဲ မသေနိုင်ဘူး''

ထိုအခါ မသော့က–

''နေပါစေဦး မောင်၊ နည်းနည်းမောလာတယ် ထင်ပါ ရဲ့၊ မောတဲ့လူဟာ ထမင်းကို မစားနိုင်ဘူး''

ဟုပြောပြီး ခါလာသော့သည် လက်ဘက်ရည်ကလေး တစ်ခွက်ကိုဖျော်ကာ မောင်သာရအား သွား၍ပေးလေ၏။ မောင်သာရက–

''အမလေး ခါလာရယ်၊ ဒုက္ခရှာလိုက်တာ''

ဟုပြောကာ ခုတင်ပေါ်၌ထိုင်ရင်း လက်ဘက်ရည်က သောက်ကာ ပန်းကန်ကို ခါလာသော့အား ပြန်၍ပေးလေ၏။ ခါလာသော့က–

''အေးအေး.....တရေးတမော အိပ်ဦး၊ ညကလဲ ညဥ့် နက်ခဲ့တယ်''

ဟုပြောကာ ဆင်း၍သွားလေ၏။





မောင်သာရသည်ကား အိပ်ဖို့အလုပ်ကို မတွေးမိကာ တင်မေကြီးကိုသာ တွေးမိလေ၏။ မိမိ၏ စုံထောက်ခြင်းကို အောင်မြင်ရန်အရေး တင်မေကြီးကို တွေးမိသည့်အခါ အားတက် လေ၏။ ယခုသည်ကား တင်မေကြီးကို တွေ့ရသောကြောင့် အားယုတ်လေ၏။ အကြောင်းမူကား မိမိ၏စိတ်၌ အလွန်တရာ မြင့်မြတ်သည်ဟု ထင်မှတ်၍ထားသော တင်မေကြီးသည် မောင် ဘလုံကို တွေ့ဖို့ရန် ထိုကဲ့သို့သောနေရာသို့ လာရောက်သည်မှာ မိမိ၏စိတ်၌ မခံမရပ်နိုင်အောင်ရှိလျက် စိတ်ထဲတွင် မခံချင်သလို ဖြစ်နေလေ၏။

တင်မေကြီးအပေါ်၌ အဘယ်ကဲ့သို့စိတ်ကို မိမိ ထားသည်ဟု မိမိကိုယ်တိုင်ပင် သဲသဲကွဲကွဲ မသိရသကဲ့သို့ ဖြစ် သော်လည်း မိမိအပေါ်၌ ရန်သူကဲ့သို့သဘောထားသော မောင် ဘလုံနှင့် ဤမျှလောက် အရောတဝင်ဖြစ်ကြောင်း တွေ့ရှိရသော အခါ မိမိ၏စိတ်၌ရှိသော ကြီးစွာသောမျှော်လင့်ခြင်းတစ်ခု ကွယ် ပျောက်၍သွားသကဲ့သို့ဖြစ်လေ၏။

စင်စစ်မှာ မောင်သာရသည် တင်မေကြီး၏အပေါ်၌ ဖြစ်နိုင်သောအကြံသဘောမျိုးကို ထားသည်ဟု မိမိကိုယ်မိမိ သိလျက် မိမိ၏စိတ်ကို မကြံခဏ ဆုံးမရသော်လည်း ထို ထူးခြားသောစိတ်သဘောသည် အဘယ်အခါမှ လုံးလုံးကြီး ပျောက်ဘဲနေလေရာ မောင်ဘလုံထံသို့ တင်မေကြီး လာ သည်ဟု တွေးတောသိရှိခဲ့ရခြင်းသည် မိမိစိတ်အားကို ကုန်ခန်း အောင် ဖြိုဖျက်သကဲ့သို့ ဖြစ်လေ၏။ ထို့နောက်–'ဟယ် အောင်နိုင်ပါဘူး၊ ငါသည့်ထက် ပိုမို၍သိရအောင် သူတို့နှစ် ယောက်ကို ငါ စုံထောက်တော့မည်၊ ငါ၏အမှုကို ခေတ္တရပ်ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



၅ထားဦးမည်' ဟု စိတ်အကြံပြုလိုက်လေ၏။

မောင်သာရသည် စိတ်လက်က ခပ်လေးလေးမို့ ဆို တွင်အလုပ်အကိုင်ကလေးများကို ရှင်းလင်း၍ပြီးသောအခါ ညနေ အချိန်တွင် ကန်တော်ကြီးသို့ ရောက်သွားလေ၏။ ကန်တော်ကြီ၌ တစ်ကိုယ်တည်းလှည့်ပတ်၍ သွားလာနေပြီးမှ ပြတ်ပြတ်သား သား ကျယ်စွာမြည်၍လာသော အချက်မှန်သော မြင်းခွာသံ မိမိ၏နောက်မှကြားရလေလျှင် လှည့်၍ကြည့်လိုက်ရာ တစ်ကိုယ် တည်း ဒေါက်ကပ်မောင်းနှင်၍လာသော အင်္ဂလိပ်မလေးတ ယောက်ကို မြင်ရလေ၏။

ထိုအင်္ဂလိပ်မလေးသည် မောင်သာရကို မြင်လျှင်မြ ခြင်း ပြုံးရယ်ကာ မြင်းကိုဆွဲ၍ ရပ်လေရာ ၎င်းအင်္ဂလိပ်မလေး ၏မျက်နှာသည် တင်မေကြီး၏မျက်နှာဖြစ်၍နေသည်ကို မော သာရ တွေ့မြင်အံ့ဩ၍နေပြီးမှ ဒေါက်ကပ်အပါးသို့ကပ်ကာ နှုတ် ဆက်လေ၏။

''ဘယ့်နှယ့်လဲ ကိုသာရ၊ ရှင့်အတွက် နေရာကျဖို့လမ်း များ ပေါ်ပလား''

သာရ။ ။''မပေါ်သေးပါဘူးဗျာ၊ အခုထက်တိုင် ယီးတီးယားတာ နေသေးတာပါပဲ''

တင်။ ။''ရှင် စိတ်လျှော့ပလား''

သာရ။ ။''စိတ်ကတော့ လျှော့ရှိးလားလေ၊ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်တဲ့ ယနေ့ အချက်မပေါ်ရင် နက်ဖြ ပေါ်မှာပေါ့''

တင်။ ။''ကျွန်မသည်စကားကို ကြားရတာ အင်မတန်ဝမ်းသာ ပါတယ်''

ဟုပြောကာ မောင်သာရ၏မျက်နှာကို ပြုံးချိုစွာကြည့်လေ၏။ မောင်သာရ၏မျက်နှာသည်မော့ကာ တင်မေကြီး၏ ချစ် ဖွယ်ကောင်းသောမျက်လုံးများကို စေ့စိုက်ကာ ကြည့်၍နေ လေ၏။

ထို့နောက် တင်မေကြီးက—

''ကိုင်း.....နေနည်းပြီ ကိုသာရ၊ ကျွန်မ သွားဦးမယ်''

ဟု ပြောရင်း မိမိ၏ နူးညံ့ပျော့ပြောင်းဖွယ် ကောင်း သောလက်ကို လှမ်းကာပေးလေရာ မောင်သာရသည် ဆွဲကိုင် နှုတ်ဆက်ရင်း နူးညံသောလက်များကို တွေ့ထိခြင်း စိတ်အစွမ်း ကြောင့် ရုတ်တရက် ပြန်၍ လက်များကို မလွှတ်ဘဲ တင်းကြပ် မြဲမြံစွာ ဆုပ်ကိုင်ကာ တင်မေကြီး၏မျက်နှာကို ဝမ်းနည်းသော ကြည့်ခြင်းမျိုးဖြင့် ကြည့်ကာသာ နေမိလေ၏။ တင်မေကြီး သည်လည်း လက်ကို ပြန်၍ရုတ်သိမ်းရန် သတိမရ၊ မောင်သာရ ၏မျက်နှာကို သနားကြင်နာသောမျက်လုံးများဖြင့် ကြည့်၍နေ လေ၏။

ထိုကဲ့သို့ အတန်ကြာကလေးနေပြီးမှ မောင်သာရက လက်ကိုလွှတ်လိုက်သောအခါ တင်မေကြီးသည် မြင်းကြိုးသရေ ကြိုးကို လက်နှစ်ဘက်နှင့်ကိုင်ကာလှုပ်ရင်း.....

''ကျွန်မ သွားတော့မယ်''

ဟုပြောပြီး ခေါင်းငုံ့လျက် ပါသွားပြီးမှ အတန်ကလေး ဝေးသောအခါ နောက်သို့လှည့်ကာ ကြည့်လေလျှင် ရပ်၍ ကြည့်ရစ်သော မောင်သာရကိုမြင်ရလျက် ဖြူဝင်းသော လက် ကလေးကို ပြကာ နှုတ်ဆက်၍ မောင်းသွားလေ၏။ မကြာမီ သမ်းအကွေ့တွင် ပျောက်ကွယ်၍ သွားလေရာ မြင်းခွာသံမှာ သည်း တဖြည်းဖြည်းဝေး၍ ပျောက်လေသတည်း။ မောင်သာရ



အားမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည် အိမ်သို့ လျှင်မြန်စွာပြန်ပြီး ထမင်းမစားဘဲ မိမိအခန်းသို့ ဝင်ကာ နှဖူးထက် လက်တင်လျက် တွေ့ကြုံရပုံများကို စဉ်းစားဆင်ခြင်၍နေလေ၏။ ဘင်မေကြီး၏ စိတ်နေသဘောထား အမှုအရာမှာ အကဲခတ်ဖို့ရန် များစွာခက်၍နေလေ၏။

ထိုနေ့ညဥ့် ၉-နာရီခန့်အချိန် မောင်သာရသည် စက်ာ ပူမြေ (ယခု ပုစွန်တောင်နယ်မြေ)ထဲသို့ တစ်ကိုယ်တည်း ထွက်သွားလေ၏။ အလင်း၏အင်အားကို ကျယ်မားစွာ ပျံ့နှံ့ ပို့ဆောင်ခြင်းငှာ မစွမ်းနိုင်သော လမ်းမီးတိုင်တို့သည် တစ်ခု နှင့်တစ်ခု အလှမ်းဝေးကြသဖြင့် အထီးကျန်ပမာ တစ်ကိုယ် တည်းနေသော လက္ခဏာဖြင့် ဝမ်းနည်းသော အမူအရာကို ပြကြလျက် မှေးမှိန်လှစွာသော အလင်းကို ဆောင်ကြလေ၏။ ၎င်းရပ်ကွက်မှာ လမ်းမီးတိုင်တို့၏ အလင်းဓာတ် အားနည်း သည့်အပြင် ကျဉ်းမြောင်းသော လမ်းကွေ့လမ်းမြှောင်တို့ ကွေ့ကောက်များပြားခြင်းကြောင့် သာ၍ပင် မှောင်သည်ဟု မှတ်ထင်ရပေသည်။ တစ်ခါတစ်ခါ အိမ်များ၌ ထွန်း၍ထားသော မီးအိမ်တို့၏ အလင်းရောင်ကို လမ်းလျှောက်သူတို့သည် အားပြု ကြရ၏။

အဆိုပါ ညဥ့်၌အထူးစိတ်ငြိမ်လျက် ပုစွန်တောင် ဓာတ် ရထားလမ်းကြီး၌ သွားလာ၍နေသော ဓာတ်ရထားများ၏ အသံ မှတစ်ပါး အခြားအသံကို များစွာမကြားရချေ။ မြစ်ဘက်မှ ကွေ့တက်၍လာဟန်ရှိသော လေပြေလေညင်းသည်ကား တား ဆီးပိတ်ဆို့သော ခြံ၊မြေ၊သစ်ပင်၊ အဆောက်အဦတို့၏အစွမ်း ကြောင့် ထွင်းဖောက်ကာ မရောက်လာနိုင်ဘဲ လမ်းကွေ့လမ်း ကောက် အကြိုအကြားတို့တွင် ချုပ်ငြိမ်းပျောက်ပျက်၍နေဟန်





သောကြောင့် ပူအိုက်သောလေသည် ထူထပ်သော တင်းတိမ် မှာ တစ်ရပ်လုံးကို ပိတ်ဆို့လွှမ်းခြုံ၍ နေသကဲ့သို့ မှတ်ထင်ရ သ၏။

အိမ်၌ထွန်းညှိသော မီးအိမ်တို့သည်ကား အခါခပ်သိမ်း ည်မ်းဘက်သို့ မရောက်နိုင်ကြသောကြောင့် မှောင်ကျသော နေရာများ၌ တစ်ကိုယ်ရည်တစ်ကာယ လမ်းလျှောက်သောသူ ၏ စိတ်ကို များစွာချောက်ချားစေ၏။ အကြောင်းမူကား ထိုရပ် ကွက်သည် လူဆိုးသူဆိုးတို့၏ကျက်စားရာ ရပ်ကွက်ဖြစ်သည် ဟု အထူးပင် နာမည်ရရှိလေသည်။

မောင်သာရသည် တစ်ကိုယ်တည်းလျှောက်၍သွားရာ ထက်ဖော်ပြခဲ့သောအိမ်နှင့် မနီးမဝေးသို့ရောက်သောအခါ တိုး င်မှောင်ကျလျက် ရှေ့သို့မတိုးဝံ့ဘဲ တစ်ကိုယ်တည်းရပ်ကာ ်တစ်အိမ်မှကြားရသော ပဆစ်ပြစ်သံကို နားထောင်လျက် ဆိုပါအိမ်ကို ရှုမျှော်၍နေ၏။ ၎င်းအိမ်မှာ အောက်ထပ်တွင် င်ကျလျက် အပေါ်ထပ်တွင် ပြတင်းတစ်ပေါက်မျှသာ ပွင့် နေသည်ကို မြင်ရ၏။ ၎င်းပြတင်းတံခါးအတွင်း၌ရှိသော မီး င်၏အစွမ်းဖြင့် အတွင်း၌ မည်သူမည်ဝါရှိမည်ကို ကြည့်၍ ရာ မီးရောင်အောက်တွင် ရပ်လာသော အလွန်လှသော က်မှန်နှင့် ယောကျ်ားပျိုတစ်ယောက်ကို မြင်ရလေ၏။

ထိုယောကျ်ားပျိုမှာ သက္ကလပ်အင်္ကျီရင်စေ့အနက်နှင့် ာလုံချည်ကို ဝတ်ဆင်၍ထားလေ၏။ ခေါင်းပေါင်းမှာ ်းရောင်အဆင်ရှိလေ၏။ ထိုယောကျ်ားပျိုသည် မီးရောင် ာက်၌ အတန်ကြာစွာ ရပ်နေပြီးမှ ပြတင်းပေါက်ရှိရာသို့ ်းကပ်လာပြီးလျှင် အပြင်ဘက်သို့ ရှုမျှော်နေ၏။ ၎င်း၏



www.burmeseclassic.com

www.burmeseclassic.com



အမူအရာမှာ လာရောက်မည်ဖြစ်သော အဖော်အပေါင်းများကို စောင့်မျှော်နေဟန် လက္ခဏာရှိလေသတည်း။

အတန်ကလေးကြာသောအခါ တံခါးကိုပြန်၍စေ့ပြီးလျှင် အတွင်း၌ရှိသော မီးရောင်သည် မှေးမှိန်၍သွားလေ၏။ မောင်သာရလည်း အတန်ကြာစွာ ဆက်လက်၍ကြည့်နေပြီးနောက် တစ်စုံတစ်ရာကိုမျှ မမြင်ရတော့သည် ဖြစ်လေရကား လှည့်၍ပြန်လာခဲ့လေ၏။

ယင်းကဲ့သို့ တဖြည်းဖြည်းလာခဲ့လေရာ ၎င်းရပ်ကွက်မှထွက်ခါနီးသောအခါ၌ မိမိ၏နောက်မှခပ်မြန်မြန်လိုက်၍လာသောခြေသံကို ကြားရသဖြင့် ရုတ်တရက်လှည့်၍ကြည့်လိုက်ရာတွင် မိမိအပါးသို့ လျင်မြန်စွာကပ်၍ရောက်လာသော ယောကျ်ားတစ်ယောက်၏သဏ္ဌာန်ကိုမြင်ရသောကြောင့် နဂိုက ထိတ်လန့်ပြီးဖြစ်သည်ကတစ်ကြောင်း၊ အထက်ကတစ်ကြိမ် တွေ့ကြုံဖြစ်ပွားခဲ့ရသောကြောင့်တစ်ကြောင်း မိမိကို ရန်မူရန် ကပ်ရောက်၍လာသည်ဟု မှတ်ယူကာ အားရှိသမျှ ဆီး၍တွန်းလိုက်လေရာ ချဉ်းကပ်၍လာသူသည် အုတ်လမ်းပေါ်နောက် ပက်လက်နောက်ပြန်လဲကျ၍သွားပြီးလျှင် လမ်းနံဘေးမီးတိုင်ဘက်သို့ လိမ့်ဆင်းသွားလေ၏။ ပေါင်းရစ်၍ထားသော ခေါင်းပေါင်းမှာ လွင့်စင်၍အနီးတွင် ပုံလျက်နေ၏။

ထိုအခါ မောင်သာရသည် အနီးအပါး၌ တစ်စုံတစ်ယောက်ကိုမျှ မမြင်ရသောကြောင့် အနီးသို့မြန်စွာ ပြေးကပ်၍ကြည့်လေရာ မီးရောင်အောက်၌ ပက်လက်နေသောမျက်နှာကိုမြင်ရသောအခါ အလွန်တရာ အံ့သြမိန်းမော၍သွားလေ၏။ အကြောင်းမူကား ထိုမျက်နှာသည် အခြားမျက်နှာမဟုတ်၊ တင်





ကြီး၏မျက်နှာဖြစ်နေသည်ကို သိရလေ၏။

ထိုအခါ မွေ့ယူထူမမည့်အကြံနှင့် အနီး၌ထိုင်လိုက်သောအခါ ဦးခေါင်းအနီး မြက်ပေါ်၌ မည်းသောအရာကလေးတစ်ခုကို တွေ့မြင်ရသောကြောင့် ကောက်ယူ၍ ကြည့်လိုက်သောအခါ ဘ်ခမ်းမွေး အတုကလေးတစ်ခုဖြစ်ကြောင်းကို တွေ့ရှိရလေ၏။ နီး၌ ဝင်းလက်သောရွှေမျက်မှန်ကိုလည်း တွေ့မြင်ရလေ၏။ နောက် အဝတ်အစားများကို ကြည့်လိုက်သောအခါ မကြာမီက မ်ပေါ်တွင်မြင်ခဲ့ရသော ယောကျ်ားပျို၏ အဝတ်အစား ဖြစ်သည်ကို သိရလေ၏။

ယင်းကဲ့သို့ကြည့်နေခိုက်တွင် ဝီစီသံများနှင့် ပြေး၍လာသောခြေသံများကိုကြားရသောကြောင့် မောင်သာရသည် ထိုင်ရာ၍ လွတ်ရာလွတ်ကြောင်း ပြေးရှာလေရာ မှောင်ထဲတွင် တ်မြောက်၍ ပုဇွန်တောင်လမ်းမကြီးသို့ ရောက်လာခဲ့လေ၏။

ပုလိပ်များလည်း လိုက်၍မမီကြသောကြောင့် လဲ၍နေသော တင်မေကြီးကို ဝိုင်းအုံကြည့်ရှု ထူမကြလေ၏။ ၎င်း၏ ကျ်နှာကို လမ်းမီးတိုင်အောက်တွင် ကြည့်ရှုကြလေ၏။ ထို က်တွင် မောင်ဘလုံသည် မောင်စောနှင့်အတူ လျှောက် ကြရာ တင်မေကြီးကို မြင်ကြရသောအခါ သေချာစွာကြည့် လျက် စကားမပြောကြဘဲ တစ်ယောက်ကိုတစ်ယောက် ကုတ်ပြီး မိမိတို့လမ်းကို မိမိတို့ လျှောက်သွားကြလေ၏။

တစ်ယောက်က.....

''ဘယ့်နှယ့်လဲ အိုင်ဆေး တင်မေကြီးပါကလား''

ပြောလေ၏။

တစ်ယောက်က.....

www.burmeseclassic.com



''အသာနေ၊ တို့ အကွက်ပေါ်တော့မယ်၊ ငါတို့နဲ့ မတွေ့လို့ ပြန်လာတာနဲ့တူတယ်၊ အရင်တစ်ညက ကျုပ် မပြောဘူးလား''

ဟုပြန်ပြောလေ၏။ ၎င်းတို့သည် အိမ်သို့ရောက်သွားသောအခါ အိမ်ပေါ်တွင် ပျာယီးပျာယာ သွားလာလှုပ်ရှားကာ များစွာပင် အကြံအစည် များနေဟန် ရှိလေ၏။

မကြာမီ တင်မေကြီးသည် သတိရ၍ လာသောအခါ တင်မေကြီးသည် မိမိ၌ အဘယ်သို့သော အခြင်းအရာ ဖြစ်ပွားသည်ကို သတိမရသောကြောင့် အတန်ကလေးကြာစွာ စဉ်းစား၍နေပြီးမှ လူတစ်ယောက် တွန်း၍လှဲလိုက်သည်ကို သတိရ၍ ရုတ်တရက် ဉာဏ်ပေါ်လာပြီးလျှင်–

''ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ မတော်တဆ ချော်လဲရင်း အုတ်ခဲနှင့်ဆောင့်မိ၍ မေ့နေတာပါ''

စသည်ဖြင့် အတန်တန် ပြောပြလေ၏။ ထိုအခါ ပုလိပ်များသည် ၎င်းကို လွှတ်လိုက်ကြလေ၏။ ထို့နောက် တင်မေကြီးသည် မြင်းရထားတစ်စီးခေါ်ပြီးလျှင် ဝင်ဆာလမ်း(ယခု ရှင်စောပုလမ်း)သို့ ပြန်သွားလေ၏။ မောင်သာရလည်း လန်ချားတစ်စင်းနှင့် အိမ်သို့ပြန်သွားလေ၏။ အိမ်သို့ရောက်သောအခါ မည်သူနှင့်မျှ စကားမပြောဘဲ ဆိုင်၌ သိမ်းစရာဆည်းစရာရှိသမျှတို့ကို သိမ်းဆည်းပြီးလျှင် မိမိအခန်းသို့ တက်ကာ အိပ်ရာထဲတွင် လှူးလှိမ့်စဉ်းစားလျက်နေလေ၏။

ထိုကဲ့သို့နေခိုက်တွင် ခါလာသော့သည် လက်ဘက်ရည်ကို ယူလာခဲ့လေ၏။ မောင်သာရသည်ကား စကားမပြောဘဲ ထ၍ထိုင်ပြီး လက်ဘက်ရည်ကို တစ်ကျိုက်နှစ်ကျိုက်မော့၍ သောက်ပြီးလျှင် အိပ်ရာထဲသို့တစ်ဖန် မိမိ၏ကိုယ်ကို လှဲပစ်၍





ပြန်လေရာ ခါလာသော့သည် ၎င်းကို ရပ်ကာကြည့်ပြီးလျှင် ဆင်းသွားလေ၏။

ဦးသာဖံသည်ကား တဖျစ်တောက်တောက်မြည်တွန်ကာ

''သည်တစ်ခါဖြစ်လျှင် သေလိမ့်မယ်၊ သည်ကောင်မကြီးဟာ အင်မတန် အလိုလိုက်တာကလား''

စသည်ဖြင့် မြည်တွန်ပြောဆိုကာ နေလေ၏။

မောင်သာရသည်ကား တစ်ကိုယ်တည်း တွေးတော၍နေသည်မှာ ဤမိန်းမသည် အလွန်တရာမှ တွေးရခက်သောမိန်းမပေတကား။ အဘယ်သို့သောအကြောင်းကြောင့် ဒီအိမ် ကို သူသွား၍ နေရပါသနည်း။ ဟိုအကောင်၏လက်တွင်းသို့ သူအပိုင်သက်ဆင်း၍နေပြီလား။ လူသူလေးပါး သိမည်ကို စိုးသည့်အတွက် အရုပ်အဆင်းကိုဖျက်ပြီး မိန်းမသားတန်မဲ့ ယောကျ်ားရှိရာကို တန်းတန်းစွဲ လာရောက်၍ နေလေသည်တကား။ ဖခင်ကလည်း အလိုလိုက်၊ စရိုက်ကလဲ ဘိုဆန်၊ စိတ်ရှိတိုင်း ကြံ၍နေတာကို မသိသူ ဖခင်ဟာ စွန့်ပစ်ခဲ့သွား၍နေလေသည်။ သူ့ဖခင် မပြန်လာသမျှ ထချင်တိုင်းထ၍ နေတော့မှာပဲ။ ငါနှင့်တွေ့သည့်အခါ သူ့မျက်နှာတစ်မျိုးချိုပြီး အဆိုးပိုကာ တိတ်တိတ်ပုန်းလျက် ကြိတ်ကြိတ်ကလေး ဤနေရာလာ၍ပြုံးပြီး အချစ်လုံး အပင်းသျှိကာ အကမြင်း ပို၍နေတာပဲ။

ဩော်.....မိန်းမဆိုတာ အလွန်တရာမှ အတွေးရ အကြံရ အသိရ ခက်ပါကလား။ ဤမျှလောက် သူ့စိတ်ဟာ ကြိတ်ကာသာ ကစား၍နေပါလျက် အဘယ်အတွက် ငါ့ အပေါ်မှာ မျက်နှာချိုသွေးပါသနည်း။ ငါ၌ရှိသော အရှုးစိတ်ကို အတူးပင် ရိပ်မိလျက် ငါအား ရှုးသည်ထက်ရှုးအောင် ပြုလေသလား။ ဒင့်ဟင်.....ငါ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ တွေးပါလိမ့်။ မရေမရာ သူနဲ့ငါဟာ အဘယ်မှာ ဆက်ဆံဖူးပါသတုံး။ ငါ၏စိတ်မှာသာ တစ်မျိုးထင်လျက် ပိုးချင်တိုင်း ပိုး၍နေရာ သူမသိ ငါပိုး ဆိုတာလို မရေမရာ ဖြစ်၍နေပါတကား။ ငါ၏အလုပ်သည် ဤအရာမျိုးနှင့် တစ်စုံတစ်ရာ မသက်ဆိုင်။ ငါ ရေလိုက်လွဲ၍ နေပေပြီ။ တင်မေကြီး၏ အလုပ်နှင့် ငါ၏အလုပ်သည် အဟုတ်တကယ် စခန်းကွာသော ကြောင့် ပရမ်းပတာ သူ့ဘာသာသူ ဖြစ်၍နေတာကို ဘယ့်အတွက် ငါပူ၍နေပါသနည်း.....စသည်ဖြင့် တွေးတောကာ မိမိ၏စိတ်ကို အနိုင်နိုင်ဆုံးမလျက် မိမိ၏အလုပ်ကိုသာ တွင်ကျယ်အောင် လုပ်ဖို့ရာ စိတ်အကြံပြုရရှာလေသတည်း။

♛ ♛ ♛





## အခန်း(၁၄)

နောက်တစ်နေ့ည မောင်သာရသည် ဦးထွန်းသိန်း အသစ်ခံရသော ထမင်းဆိုင်သို့ သွားရောက်လေရာ ဆိုင်ရှင်မိန်းမကြီးက.....

''အလို.....မင်း ရောက်လာပြန်ပလား၊ အခု ဘယ်မှာ နေသလဲ၊ ဘာကိစ္စရှိသလဲ''

စသည်ဖြင့် မေးမြန်းလေ၏။

မောင်သာရက.....

''ကျွန်တော် ခင်ဗျားအခန်းကို ကြည့်ရှုဖို့ လာပါတယ်''

ဟုပြောလေ၏။ ဆိုင်ရှင်မိန်းမကြီးက ၎င်းကို များစွာ စကားပြောလိုသောဆန္ဒ မရှိသဖြင့်.....

''အခန်းတွေတစ်ခုမှ မအားဘူး၊ မင်း ပြန်နေချင်သလား''

ဟုမေးလေရာ မောင်သာရက.....



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် ပြန်မနေချင်ပါဘူး၊ ဦးထွန်းသိန်းသေတဲ့ အခန်းကို သေသေချာချာထပ်ပြီး စုံစမ်းချင်လို့ပါ''ဟုပြောလေ၏။

မိန်းမကြီး။ ။ ''မင်း ဘာစုံစမ်းဖို့ ရှိသလဲ၊ ရုံးမင်းက မင်းအပေါ် အပြစ်မရှိဘူးဆိုပေမယ့် မင်းအပြစ်ဟာ အရပ်ထဲမှာ ထင်ရှားပြီး ဖြစ်နေတယ်၊ မင်း ဘာကို စုံစမ်းချင်သလဲ''

သာရ။ ။ ''ကျုပ် ဘာကို စုံစမ်းသည်ဖြစ်စေ ခင်ဗျားနှင့် မဆိုင်ဘူး၊ ကျုပ်မှာ စုံစမ်းဖို့ အခွင့်ရှိတယ်၊ ကျုပ်ကို ပိတ်ပင်ရင် ခင်ဗျားတို့အပေါ်မှာ အမှုပတ်ပါလိမ့်မယ်၊ သည်အမှုဟာ မအေးသေးဘူး''

ဟုခြောက်လှန့်ကာပြောဆိုပြီး အခန်းရှိရာ အပေါ်ထပ်သို့ အတင်းတက်သွားလေရာ မိန်းမကြီးသည် စကားတစ်လုံးမျှ မပြောဝံ့ဘဲ နောက်က လိုက်လာလေ၏။ အခန်းမှာ ပိတ်၍ထားသည်ကို တွေ့ရှိရလေ၏။

အခန်းမှာ ပိတ်၍ထားသည်ကို တွေ့ရှိရလေ၏။ မောင်သာရက ၎င်းအခန်းကို အဖွင့်ခိုင်းလေရာ မိန်းမကြီးသည် တုန်လှုပ်ခြောက်ခြား စိတ်လက်လှုပ်ရှားသော အမူအရာနှင့် ကပျာကယာ ဖွင့်၍ပေးလေ၏။ အခန်းသည် မှောင်၍နေသောကြောင့် မိန်းမကြီးအား ဖယောင်းတိုင်တစ်ခုကို အယူခိုင်းရာ ဖယောင်းတိုင်ရောက်၍လာသောအခါ ဖုန်များနှင့်အခန်းမှာပြည့်လျက် မည်သူမှ မနေသေးသော လက္ခဏာကို တွေ့ရှိရလေ၏။

မောင်သာရသည် ၎င်းအခန်းကို သေချာစွာကြည့်ရှုလေရာ မျက်နှာကျက်မှစ၍ နံရံအားလုံးတို့မှာ ကောင်းစွာလုံခြုံလျက်





မည်သူမျှ ဝင်နိုင်ထွက်နိုင်ဖို့ရာ နည်းလမ်းမရှိသည်ကို တွေ့ရလေ၏။ ထိုအခါ မိန်းမကြီးက.....

''မင်း ငါတို့အပေါ်မှာ ဘယ်လိုပဲ ဝါဒစေကာမူ မဖြစ်နိုင်ပါ၊ သည်အခန်းဟာ အင်မတန် လုံပါတယ်၊ ဖြစ်ပျက်တဲ့ ညတုန်းက ဒီအခန်းထဲမှာ မင်းတစ်ယောက်နှင့် ဦးထွန်းသိန်းတစ်ယောက်သာ ရှိတာပဲ၊ သည်အပြစ်ကို ဘယ်သူ့အပေါ်မှာ မင်းက လာပြီး ရောက်စေချင်သေးသလဲ၊ မင်းကိုလည်း ရုံးက လွှတ်လိုက်ပြီ၊ မင်းအေးအေးနေပါတော့လား၊ ဘာပြုလို့ ဒုက္ခရှာရသလဲ'' ဟုပြောလေ၏။

မောင်သာရသည် ထိုစကားများကို ဂရုမထား ရှာမြဲတိုင်းဆက်၍ရှာလေရာ မျက်နှာကျက်ပျဉ်ပြားတစ်ခုကို ဆွဲ၍ ခွာမိလေလျှင် အလျားတစ်တောင်ခန့်ရှိသော ပျဉ်ပြားပိုင်း တစ်ခု ပြုတ်၍လာသည်ကို တွေ့ရလေ၏။ ထိုပျဉ်ပိုင်းကို မောင်သာရသည် သေချာစွာ ကိုင်၍ကြည့်သောအခါ သံရိုက်သောနေရာများ၌ သွေ့ခြောက်၍နေသော ပွဲညက်များကို တွေ့ရလေ၏။

၎င်းပျဉ်ပြား၏အလယ်ခေါင်၌ အတွင်းဘက်မှာ ခိုင်မာမြဲမြံသော ဝက်အူကလေးတစ်ခုနှင့် ဆွေးမြေ့သောကြိုးစများကို တွေ့ရလေ၏။ ၎င်းပျဉ်ပြားကို ပြန်၍ကပ်ကြည့်လိုက်သောအခါ ထိုနေရာတွင်အံကျဖြစ်လျက် တစ်စုံတစ်ရာ ထူးခြားသော အသွင် မရှိချေ။ မိန်းမကြီးသည် ထိုအရာကို မြင်သောအခါ မျက်နှာပျက်၍သွားလေ၏။ မောင်သာရသည် ၎င်းအပေါက်ထဲသို့ ခေါင်းလျှို၍ ကြည့်လိုက်သောအခါ ခေါင်းဝင်ကိုယ်ဆန့်ဖြစ်၍ နေသည်ကို တွေ့ရလေသတည်း။

ထိုပျဉ်ပြားကို မောင်သာရသည် ကြည့်ရှုစဉ်းစားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ အတွင်းမှသေးငယ်သော လွှနှင့်ဖြတ်၍ ဖွင့်သောပျဉ်ပြားဖြစ်ကြောင်းကို သိရှိရလေ၏။ ပွဲညက်များမှာ မည်သူမျှမသိရအောင် ပြန်၍ကပ်ထားဖို့ဖြစ်ကြောင်းကို သိရလေ၏။ ဝက်အူမှာ နိုင်သည်ထက်နိုင်အောင် ကြိုးနှင့်ဆိုင်းပြီး တစ်ခုခုမှာ တွယ်ချိ၍ထားရန်ဖြစ်ကြောင်းကို ကြိုးအစများက သက်သေပြလေ၏။ ဦးထွန်းသိန်းသေပြီးစအခါက စုံထောက်များ၊ ရဲများ လာရောက်စုံထောက်သောအခါ ၎င်းကြိုးနှင့် ပွဲညက်များမှာ လွန်စွာနိုင်၍နေသောကြောင့် မသိသာချေ။ ယခုမှာ ဆိုင်း၍ထားသောကြိုးမှာ ဆွေး၍ ပွဲညက်များလည်း သွေ့ခြောက်ပြီးလျှင် အနည်းငယ်ဟ၍နေသောကြောင့် သိရလေ၏။

မောင်သာရသည် ၎င်းအပေါက်ထဲသို့ ခေါင်းလျှိုပြီးလျှင် တက်သွားလေရာ မှောင်သောမျက်နှာကျက်အတွင်းသို့ ရောက်သွားလေ၏။ ထိုနေရာမှ အုတ်ကျွတ်များကို ကြည့်သောအခါ လွယ်ကူစွာ ဖွင့်၍ရသည်ကို တွေ့ရသောကြောင့် အုတ်ကျွတ်များကို လှန်ပြီးလျှင် အမိုးပေါ်သို့တက်၍ ကြည့်လေရာ နံဘေးရှိ တိုက်တစ်ခု၏အမိုးပေါ်သို့ လွယ်ကူစွာ ကူးသွားနိုင် ကြောင်း တွေ့ရှိရလေ၏။ အကယ်၍ ရန်သူလာလျှင် ဤလမ်း ဖြင့်သာ လာနိုင်ဖွယ်ရာ ရှိ၏။ အခြားလမ်းကို မမြင်ချေ။ မောင်သာရသည် အမိုးပေါ်၌ အတန်ကြာရပ်ကာ ကြည့်နေပြီး မျက်နှာကျက်အတွင်းသို့ ပြန်၍ဆင်းလိုက်သောအခါ အခွေလိုက်ပုံလျက်နေသောအရာတစ်ခုကို မြင်ရသဖြင့် ကောက်ယူကာ ကြည့်လိုက်သောအခါ ကြိုးလှေကားကလေးတစ်ခုဖြစ်ကြောင်းကို သိရှိရလေ၏။

၎င်းကြိုးလှေကားကလေးကို မျက်နှာကျက်မှ အခန်းထဲ





သို့ ချလိုက်သောအခါ အခန်း၏ကြမ်းခင်းကို ကောင်းစွာမီလျက် အောက်တွင် တစ်ပိုင်းပုံ၍နေသည်ကို တွေ့မြင်ရသောအခါ မိမိကိုယ်တိုင် လှေကားမပါဘဲ လွယ်ကူစွာ ဆင်းနိုင်တက်နိုင်သောနေရာ၊ ထိုကြိုးလှေကားနှင့် ဆင်းရတက်ရသော လူဆိုးပေဘည်းဟု တွေးတောကာ ငုံ့နေမိလေ၏။

အကယ်၍ ဤကြိုးလှေကားနှင့် မိမိဆင်းလျှင် ကြိုးလုံးဟာ သေးငယ်သောကြောင့် ပြတ်၍ကျဖွယ်ရာ ရှိလေ၏။ ထိုအကြောင်းများကို စဉ်းစားလိုက်သောအခါ၊ မောင်သာရမှာ များစွာအကြံရကျပ်၍နေလေ၏။ မောင်သာရလည်း ၎င်းကြိုးကို ထွေးလုံးရစ်ပတ်ကာ မိမိ၏အင်္ကျီအိတ်ထဲသို့ထည့်ပြီးလျှင် တိုက်ပေါ်က ဆင်း၍လာလေ၏။ မောင်သာရသည် ထိုမျှထက် တစ်စုံတစ်ရာ ပိုမို၍မသိသောကြောင့် လမ်းစတုံးပြီးလျှင် မိမိ၏လုပ်ငန်းအဆုံးသို့ ရောက်လေပြီဟု မှတ်ထင်ရာ များစွာမကျေမချမ်းဖြစ်၍နေသတည်း။

ဦးဘိုးသိန်းလည်း ပြန်ရောက်၍လာသဖြင့် အလုပ်များကို ဆက်လက်၍လုပ်ရင်း ကြိတ်ကာပင် ကြံစည်လျက် လမ်းစလမ်းန အဘယ်ပုံ ပေါ်မည်ကို အမြဲပင်တွေးကာ ကြံနေလေသတည်း။ ထိုနေ့မှ မတွေ့ရ၊ တွေ့ဖို့အကြောင်းကိုလည်း ဂရုမထား၊ စာမေးပွဲဝင်ရန် စာကိုကျက်ရင်း မိမိအလုပ်များကိုသာ ကြိုးစားလုပ်ကိုင်နေလေ၏။

တစ်နေ့သ၌ ညချမ်းအချိန် မောင်သာရသည် အလုံရပ်မှ ဝင်ဆာလမ်း (ယခု ရှင်စောပုလမ်း) ဘက်သို့ သွားရကောင်းမလားဟု တွေးတောကာ တစ်ခုသောလမ်းထောင့်၌ ခပ်လျက်နေလေ၏။ ယင်းကဲ့သို့နေခိုက်တွင် မြင်းခွာသံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရလေရာ လှည့်၍ကြည့်လိုက်ရာ တွင် ပထမတန်း မြင်းရထားတစ်စင်းကို တွေ့မြင်လိုက်ရလေ၏။

ရထားပိုင်အတွင်းသို့ကြည့်လိုက်သောအခါ တင်မေကြီး ၏မျက်နှာနှင့်ဆိုင်၍နေသည်ကို တွေ့မြင်ရလေ၏။ တင်မေကြီး သည် ရထားကို (ဟိုး)ဟု အရပ်ခိုင်းလေ၏။

မောင်သာရလည်း ရထားအပါးကပ်ကာ ခြေနင်းကိုနင်း တက်ပြီးလျှင် တင်မေကြီးနှင့် စကားပြောလေ၏။ တင်မေကြီးက မိမိအပျင်းပြေ ကန်တော်ကြီးသို့ သွားမည်ဟုပြောပြီးလျှင်–

''ရှင့်အလုပ် ဘယ့်နဲ့လဲ''

ဟုမေးလေ၏။ မောင်သာရက စိတ်ပျက်ပြီးလျှင် မိမိ၏အလုပ် နေရာမကျကြောင်းနှင့် ပြောပြပြီးလျှင် ရထား နံဘေးမှ မဆင်းသေးဘဲ ခဏကလေးမှီ၍နေလေရာ တင်မေကြီး သည် စကားမပြောဘဲ မောင်သာရ၏မျက်နှာ၌ ဝမ်းနည်းသော အမူအရာကိုသာ ကြည့်၍နေလေ၏။ အတန်ကလေး ကြာသော အခါ တင်မေကြီးက.....

''ကိုသာရ မြင်းရထားပေါ် တက်ပါလား၊ ကျွန်မတစ် ယောက်ထဲပဲ''

ဟု ပြောလေ၏။ မောင်သာရမှာ ရေတော်တုန်း ရေတွင်း ထဲ ကျသည့်ပမာ ဟန်ဆောင်ရုံမျှ ငြင်းဆန်ခြင်းကိုပြုရန် သတိမရဘဲ မြင်းရထားပေါ်သို့ ရောက်သွားလေ၏။ မြင်းရ ထားလည်း ထွက်သွားလေ၏။

တင်မေကြီးအပေါ် အဘယ်သို့ပင် အထင်ရှိစေကာမူ နှစ်ယောက်တည်းအတူ မြင်းရထားစီး၍ သွားရသောအခါ အထင်သဘောရှိသမျှပျောက်လျက် အတိုင်းမသိ ကြီးလှစွာသော





ချမ်းသာသုခကို ခံစားရပြီးလျှင် မိမိ၏အလုပ်အကိုင် အကြံ အစည် ဟူသမျှကို အကုန်အစင် မေ့လျော့လေ၏။

ညနေချမ်း လေပြေသည် သင်းပျံ့မွှေးကြိုင်သော ပန်း ရနံ့တို့ကို ဆောင်ယူကာ ရထား၏ပြတင်းပေါက်အတွင်းသို့ ပို့ ဆောင်ယူလာကြလေ၏။

သွေ့ခြောက်သော နွေဥတု ညနေချမ်းအချိန်သည် အတိုင်းမသိသာယာလျက် ကန်တိုမင်ရပ်ကွက်ကို ဆန်းကြယ် သောအဆင်းအရောင်တို့ဖြင့် တန်ဆာဆင်လေရာ အနောက် ဘက်၌ ပြိုးပြိုးပြက်တောက်လောင်၍နေသော နေမင်း၏ အဆင်း အရောင်တို့သည် ဆေးပန်းချီကို ကြံဆောင်၍မရသော ကျက် သရေ အဆင်းအရောင်တို့ကို အစွမ်းကုန် ဖြန့်ဖြူးလေ၏။

သစ်လွင်သော လောကဓာတ်သည် နွေဥတု၏ သန့်ရှင်း သော အဆင်းအရောင်တို့ကို အစွမ်းကုန် ဝတ်ဆင်ကာ သစ်ပင် ပန်းပင်တို့မှာ လေထဲတွင် လှုပ်ရှားယိမ်းနွဲ့လျက် ယိုးဒယားဟန်ဖြင့် ဆော့ရွှင်ကခုန်၍ နေကြလေ၏။

မောင်သာရသည်ကား နတ်ကညာတစ်ယောက်နှင့် နတ်ရထားတွင် စီးနင်းကာ နတ်ပြည်သို့ လိုက်ပါသကဲ့သို့ စိတ်ထဲ တွင်မှတ်ထင်လျက် တင်မေကြီး၏မျက်နှာကို တစိမ့်စိမ့်ကြည့် ရင်း ငြိမ့်ငြိမ့်ကလေး ပါသွားလေသတည်း။

သို့သော်လည်း ၎င်း၏မျက်နှာမှာ ဝမ်းနည်းသောမျက်နှာ သည် အမြဲပင် တည်ရှိ၍နေသောကြောင့် တင်မေကြီးသည် ၎င်း၏မျက်နှာကိုကြည့်ကာ အတန်ကလေးကြာစွာ စကားမပြော ဘဲနေပြီးမှ–

''ကိုသာရ၊ အင်မတန်မှ စိတ်လက်ပူပန်နေသလား''



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလေ၏။

သာရ။ ။ ''လောကမှာ မျှော်လင့်ခြင်း လုံးလုံးကြီး ကင်းမဲ့သော လူတစ်ယောက်၏ဘဝမှာ စိတ်နှလုံး၏ ချမ်းမြေ့ခြင်း အဘယ်မှာ ရှိနိုင်ပါ့မလဲ''

တင်မေကြီး။ ။''အို.....ဒီလောက်တောင်လဲ စိတ်မလျှော့စမ်းပါနဲ့ ယောကျ်ားတို့ထုံး ဆိုတာ အဆုံးရှိတာ မဟုတ်ဘူး ကိုသာရရယ်၊ ကံကြမ္မာဆိုတဲ့ အဆွေခင်ပွန်းဟာလဲ မြင်ကောင်းတာမျိုး မဟုတ်သဖြင့် ဘွားခနဲ ပေါ် ပေါက်၍လာကာမှ သိရပါတယ်''

သာရ။ ။ ''ကံကြမ္မာဆိုတဲ့ အဆွေခင်ပွန်းဟာ လာမယ် မလာမယ်ကို မသိရပါ၊ ယခုအခါမှာဖြင့် လူ့ဘဝမှာ တစ်ကိုယ်ရည်တစ်ကာယဆိုတာလို ဖြစ်၍နေတော့ တာပါပဲ''

တင်မေကြီး။ ။''ဒီလောက်တောင် အားငယ်စရာ မရှိပါဘူး အဆွေခင်ပွန်းကောင်းဆိုတာမှာ လုံးလုံးကြီးမကင်း နိုင်ပါ၊ လူတစ်ယောက်ထဲကို တစ်ကမ္ဘာလုံးက ဝိုင်းပြီး မုန်းတယ်လို့ ရှေးထုံး အဘယ်မှာ ရှိပါ သလဲ''

သာရ။ ။ ''မတင်မေကြီးပြောတဲ့စကားဟာ မှန်ကောင်း မှန်ပါလိမ့်မယ်၊ သို့သော်လဲ ကျုပ်မှာဖြင့် ယခုထက် တိုင် အဆွေခင်ပွန်းကောင်း မရှိသည့်အတွက် စိတ်လက်အင်မတန်မှ ညှိုးငယ်၍နေသည့်အထဲမှာ ကြင်နာလေးစားတဲ့ ပုဂ္ဂိုလ်လိုလို တစ်ယောက်တစ် လေ ပေါ်ပေါက်၍လာပြီးမှ သေသေချာချာ စဉ်းစား





ပြီး ကြည့်လိုက်သည့်အခါ အားကိုးရာ မရ၊ တစ်ကိုယ်ရေ ညှိုးငယ်၍ နေရသည်မှာ အပျက် အပျက် မြူလာ၍ပြပြီး ပြောင်လျောင်၍ ကစားသလို ပြုလုပ်သူများသာ ပေါ်ပေါက်လာတာပါပဲ''

ဟုပြောကာ တင်မေကြီး၏မျက်နှာကို မော်၍ကြည့်လေ၏။

တင်မေကြီး၏မျက်နှာမှာ ဝါဝင်းလျက် သွေးရောက်ဖြင့် လက်လက်တောက်ကာ ပြောချင်တဲ့အရာတစ်ခုကို မပြောဝံ့ဘဲ ချုပ်တည်းကာ နေရသကဲ့သို့ မောင်သာရကို သနားကြင်နာသော မျက်လုံးများနှင့် စိုက်ကာကြည့်၍ နေရှာလေသတည်း။

မောင်သာရသည် စက်ာပူအရပ်၌ မိမိကြုံတွေ့ခဲ့ရသော အကြောင်းကို အရိပ်နိမိတ်မျှ ပြောပြချင်သော်လည်း မပြောဝံ့ဘဲ စိတ်ကိုချုပ်တည်းထားရလေ၏။

သာရ။ ။ ''ယခုအခါ ကျွန်တော့်ခေါင်းပေါ်မှာ မည်းမှောင်တဲ့ တိမ်ပုပ်ကြီးပမာလို ဆိုးယုတ်တဲ့သတင်း နာမည် ဟာ လွှမ်းအုပ်၍နေပါတယ်၊ ဤအရာကို ရှင်းလင်း အောင် လုပ်ရတဲ့အရေးထဲမှာ ကျွန်တော်၏စိတ် ကို အရှုံးဆေးလာ၍တိုက်ပြီး တံလျှပ်ပမာ စမ်းသပ် ၍ မရနိုင်တဲ့ အခြင်းအရာတစ်ခုဟာလဲ ယခု လတ် တစ်လော ပေါ်ပေါက်၍နေပါတယ်၊ အလွန်တရာမှ ကြီးကျယ်တဲ့ တောင်ကြီးများဟာ အဝေးကနေပြီး ကြည့်လိုက်ရင် အင်မတန်မှ စိမ်းစိုနုပျိုလျက် အင်မတန်မှ မက်မောတမ်းတ ဖွယ်ရာ ဖြစ်ပါ တယ်၊ အပါးကို ရောက်လာပြီ ဆိုမှဖြင့် ချောက် ကြီး၊ မြောင်းကြီး၊ ကမ္ဘားကြီးတွေ ကာဆီး



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဆို့သဖြင့် အထက်ကို မတက်နိုင်အောင် ရှိပါတယ်။ အခုလိုဖြစ်နေတဲ့ သောကအပူဟာ အမှုကို စုံထောက်ရတဲ့ ဒုက္ခထက် အဆပေါင်းများစွာ ပိုမိုကြီးမား၍ နေတော့တာပါပဲ၊ အခုညနေလဲ စုံစမ်းရန် အကြောင်းကလေးတစ်ခု ရှိသည့်အတွက် အလုံရပ်ကို ထွက်ပြီး လာခဲ့ရာမှာ မတင်မေကြီးနှင့် ယခုလို တစ်ဖန် လာ၍တွေ့ပြီး မတင်မေရဲ့ ကျေးဇူးကြောင့် ရထားကိုပင် အတူစီး၍လာခဲ့သည်မှာ ကိစ္စပြီးစီးဖို့ ဖြစ်လေသလား၊ မည်သည့်ကိစ္စမှ မပြီးရဘဲ အချည်းနှီးဖြစ်ဖို့များ ကြုံကြိုက်လေသလားဆိုတာကို အင်မတန်မှ တွေးကြံဆရန်ခက်တော့တာပဲ''

တင်မေကြီး။ ။ ''သြော်.....ဖြစ်မှဖြစ်ရလေ၊ ဘာတွေ လျှောက်ပြီး ကတောက်ကတက် ပြော၍နေပါလိမ့်မလဲ ကိုသာရရယ်၊ အကြောင်းကိစ္စလုပ်ငန်းတစ်ခု ကြံစည်ရာမှာ ကြင်နာတဲ့ မိတ်ဆွေတစ်ယောက်နှင့် ယခုလို တွေ့ရခြင်းဟာ အောင်မြင် ခြင်းနိမိတ်တစ်ခုလို့ မှတ်ယူရန် သင့်ပါတယ်''

သာရ။ ။ ''သည်အတိုင်းမှန်လျှင် ကောင်းပါသေးရဲ့ခင်ဗျား ကျွန်တော့်စိတ်ထဲမှာဖြင့် အမှုကို စုံထောက်ခြင်းထက် ယခုလို တွေ့ရခြင်း၏ နိမိတ်လက္ခဏာကို စုံထောက်ဖို့အရေးဟာ ပိုမို၍ကြီးနေတာပါပဲ၊ မတင်မေဟာ ကျုပ်အရေးကို အလွန်တရာမှ အလေးဂရုပြုပါတယ်၊ ကျုပ်အပေါ်မှာ ကြင်နာတဲ့





သဘောကို ထားတယ်ဆိုတာ ထင်ရှားပြီးဖြစ်ပါတယ်၊ သည်အရာများကို မတင်မေ မငြင်းနိုင်တော့ပါ၊ အလွန်တရာမှလဲ ကျေးဇူးတင်လှပါတယ်၊ သို့ရာတွင် အတိအလင်း ယခုပင် ပွင့်လင်းစွာ ပြောရသည့်အတွက် မတင်မေစိတ်ထဲမှာ ကျွန်တော့်ကို ရှုတ်ချလျှင် အမှန်ပင် ခံရပါတော့မယ်၊ ဖြစ်ပျက်ရတဲ့အကြောင်းက ကျွန်တော်၏ အပြစ်မဟုတ်၊ မတင်မေ၏အပြစ်ပါ၊ ခွေးကလေးကို အရောဝင်လျှင် ပါးကို အလျက်ခံရမယ်ဆိုတာကို မတင်မေ သိသင့်တယ်၊ အဆွေခင်ပွန်းကောင်း မရှိသဖြင့် အလွန်တရာ စိတ်အားငယ်၍နေရသူတစ်ယောက်အပေါ်မှာ အလွန်တရာမှ ကြည်ညိုလေးမြတ်စရာကောင်းတဲ့ နတ်ကညာကလေးတစ်ယောက်က အကြင်နာသဘောတရားကို လာ၍ ပြမှုဖြင့် အကြင်နာခံရသူ၏ စိတ်မှာ အလွန်တရာကြီးမားတဲ့ ကြည်ညိုခြင်း သဘောတရားဟာ ဘွားခနဲ ပေါ်၍လာတတ်ပါတယ်၊ အဲသည်လို ပေါ်လာတဲ့ အကြည်ညိုဓာတ်မှာ အချစ်ဆိုတဲ့ အဆိပ်ဟာ ဝင်လို့ပတ်ပြီ ဆိုမှုဖြင့် ကြိုက်မရှက်၊ ငတ်မရှက်၊ ငိုက်မရှက် ဆိုတဲ့ အရှက်ကြီးသုံးပါးသည် အချစ်၏ဖမ်းစားခြင်းကို ခံရတတ်ပါတယ်၊ သည့်အတွက် မတင်မေ၏ အကြောင်းကို တွေးတွေးပြီး မတင်မေ၏မျက်နှာကလေးကိုသာ မြင်နေရသည့်အတွက် စုံထောက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အမှုကိုတောင် စိတ်သွင်း၍ မရတော့ပါ၊ ယခု
လို စွန့်စား၍ပြောရသည့်အတွက် မြင်းရထားပေါ်က
ဆင်းခိုင်းရင်လဲ ဝမ်းနည်းပက်လက် ဆင်း၍သွားရ
ပါတော့မည်၊ မတင်မေ ကျုပ်ကို အမုန်းသနားတယ်
မဟုတ်လား''

ဟု မျက်နှာကိုကြည့်ကာ အတိအလင်း ပြောရာလေ၏။

တင်မေကြီးသည် ခေါင်းငုံ့၍နေရှာလေသတည်း။ မောင်သာရလည်း ဆိတ်ငြိမ်စွာနေရှာလေ၏။ ထို့နောက် မောင်သာရသည် တံခါးကိုဖွင့်ကာ.....

''မတင်မေ ကျုပ် ဆင်းရတော့မလား''

ဟုပြောလေလျှင် တင်မေကြီးသည် ငုံ့လျက်ရှိသော မျက်နှာကိုအသာအယာမော့လျက် မြင်းရထားသမားအား-

''ဟေ့.....ဒိုင်းနားဂျောင်း''

ဟု အော်၍ပြောလေ၏။

မြင်းရထားလည်း ငါးထပ်ကြီးဘက်သို့သွားသော လမ်းအဝနားသို့ ရောက်သွားလေ၏။

တင်မေကြီး။ ။ ''ကိုသာရ၊ ကန်တော်ကြီးထဲကို ဝင်ရင် အလကားပဲနေလိမ့်မယ်ထင်တယ်''

သာရ။ ။ ''ဟုတ်ကဲ့ မတင်မေ၊ လူတွေလဲ အင်မတန် များတာပဲ''

ဟုပြောရင်း တံခါးကိုပြန်၍ဆွဲလျက် မောင်သာရက-

''ဟေ့.....ဘားရား''

ဟု အော်လိုက်လေရာ ရထားသည် ငါးထပ်ကြီးဘက်သို့ ဝင်သွားလေ၏။ ထိုအခါ တင်မေကြီးက နှုတ်ခမ်းကိုစူကာ





မောင်သာရကို မျက်စောင်းထိုးလျက်-

''ကိုသာရ၊ ရှင် ကျွန်မကို ဘယ်ခေါ်သွားမလို့လဲ''

ဟု ပြောကာ ခြေကိုဆောင့်လျက် ခေါင်းခါရင်း-

''အမယ်လေး နေလဲဝင်တော့မယ်၊ ပြန်ပါရစေတော့ ကိုသာရရဲ့''

ဟုပြောလေ၏။

ထိုအခိုက်တွင် နေမင်းသည် ရက်ကန်းယှဉ်သည့်ပမာ ယှဉ်၍ထားသောအလင်းရောင်၏ ရွှေချည်ငွေချည်တို့ကို တစ်ခု သောတောင်စောင်းကနေ၍ ရုတ်သိမ်းလိုက်လေရာ ညိုမှိုင်းသော မှောင်ရိပ်သည် လွှမ်းအုပ်၍လာလေသတည်း။

ထိုအခါ မောင်သာရသည် မိမိနေရာမှထ၍ တင်မေကြီး အနီး၌ ဘေးတိုက်လာ၍ထိုင်ပြီး တင်မေကြီး၏လက်နှစ်ဘက်ကို ကိုင်ဆုပ်ပြီးလျှင်-

''မကြောက်ပါနဲ့ မတင်မေကြီးရဲ့၊ မတင်မေ၏ သန့်ရှင်း သပ်နူးညံ့သိမ်မွေ့လှတဲ့ ဟောဒီ ကိုယ်ခန္ဓာကလေးမှာ မှဲ့တစ် ပေါက် မစွန်းစေရပါဘူး၊ စိတ်ချလက်ချ နေပါ၊ မကြာမီ အိမ် အရောက် ပြန်ပို့ပါမည်''

ဟုပြောလေ၏။

တင်မေကြီးသည် ရထားထောင့်ကို ကပ်လျက် မော့ လျက်ရှိသောမျက်နှာနှင့် မောင်သာရမျက်နှာကို အားငယ်စွာ ကြည့်ရင်း လက်နှစ်ဘက်ကို ပြန်၍မရုတ်သိမ်းနိုင်ဘဲ ကြောက် ရွံ့သောမျက်နှာနှင့် ပင့်သက်ရှူကာ နေလေရာ ကြွချည်နိမ့်ချည် နေသောရင်မှ နွေးသောအငွေ့သည် မောင်သာရ၏ရင်ကို လာ၍ ထပ်လေ၏။ နှာခေါင်းမှ ထက်သန်စွာထွက်သော သင်း ပျံ့သော



www.burmeseclassic.com

www.burmeseclassic.com



ထွက်သက်လေသည့် မောင်သာရ၏မျက်နှာကို ဖြန်း ပက်လေ၏။ မြင်းရထားသည်ကား ဆိတ်ငြိမ်ရိပ်မှောင်သော လမ်းကြားကို ကွေ့ကာဝင်လျက် အစဉ်တစိုက် မောင်း၍ သွားလေ၏။





## အခန်း(၁၅)

ထို့နောက် သုံးရက်လောက်ကြာသောအခါ ရန်ကုန်မြို့၌ ကြီးကျယ်သော သတင်းများ ဖြစ်ပွားလေ၏။ ထိုသတင်းသည် သတင်းစာအပေါင်းတို့၌ ပါရှိလေ၏။ ၎င်းသတင်းသည်ကား အခြားမဟုတ်၊ တရားဝန်ကြီး ဦးမြတ်စံ၏သမီး တင်မေကြီး ပျောက်ကွယ်၍သွားသည် ဟူသောသတင်းဖြစ်လေ၏။

မောင်သာရသည် ထိုသတင်းကို ကြားရသောအခါ အလွန်တရာမှ စဉ်းစားရန် ခက်နေလေ၏။ ဤမိန်းမသည် တွေ့ရာ၌ပျော်ပါး မျက်နှာများလျက် လိုက်စားတွယ်တာ၊ ဘာလုံ ဆိုတဲ့ ဟိုအကောင်ဟာနှင့် လိုက်ပါ၍သွားလေပြီလား၊ သို့တည်း မဟုတ် တစ်ကိုယ်ရေတစ်ကာယ သွားရောက်လည်ပတ်တတ် သောအလေ့ကြောင့် လူဆိုးသူဆိုးတို့၏လက်သို့ရောက်ပြီလား၊ ဟိုယမန်တစ်နေ့ညက ငါနှင့်အတူ နှစ်ကိုယ်တည်း လည်ပတ်ကာ လတ်တလောကြည်ဖြူ၍ နေခဲ့ပါလျက် ယခုချက်ချင်း ဘာလုံ၏ လက်တွင်းသို့ သက်ဆင်း၍ သွားရန်မှာလည်း အထောက်မတန် ဖြစ်လေသည်၊ ဒင်း ဘယ်ဆီကိုရောက်၍ ဘယ်ချောင်မှ ပျောက်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပါသနည်း၊ စသည်ဖြင့် တွေးကြ၍ မရနိုင်အောင် ရှိလေသတည်း။ မောင်သာရသည် စက်ာပူမြေထဲ၌ရှိသောအိမ်သို့ သုံးညတိုင် သွားရောက်ကြည့်ရှုလေရာ အိမ်မှာ ပြတင်းပေါက်များအကုန်အစင် ပွင့်လျက် မီးရောင်များ ထိန်ထိန်လင်း၍နေသည်ကို တွေ့ရလေ၏။

မောင်စော၊ မောင်ဘလုံမှစ၍ အခြားသူများ ပျော်ပါးတီးမှုတ်ကစား၍နေသည်ကို ကောင်းစွာတွေ့မြင်နေရလေ၏။ ထိုမှတစ်ပါး ထူးခြားသောလက္ခဏာ အရိပ်အမြွက် တစ်စုံတစ်ရာမျှ မတွေ့မရှိချေ။ မောင်သာရမှာ အလုပ်နှင့်ကြုံလျက်နေ၏။ ထိုအလုပ်နှစ်ခုသည်ကား အခြားမဟုတ်။ မိမိ၏အမှုကို စုံစမ်းရန်အရေးကတစ်ခု၊ ၎င်းနှစ်ခုဖြစ်လေသည်။

တရားဝန်ကြီးဦးမြတ်စံလည်း မိမိ၏သမီးအကြောင်းကို ကြားရသည်နှင့် တစ်ပြိုင်တည်း အိမ်သို့ပြန်၍လာလေ၏။ ရန်ကုန်မြို့၌ရှိသော စုံထောက်အပေါင်းတို့သည်လည်း ခြေချင်းလိမ်လျက် အနှံ့အပြား စုံထောက်ရှာဖွေကြလေ၏။

မောင်သာရသည် ညဥ့်အခါ တစ်ကိုယ်တည်း သွားလာသည့်အခါ မိမိ၏နောက်၌ လူတစ်ယောက်ပါလာသည်ဟု အမြဲမှတ်ထင်ရလေ၏။ မောင်ဘလုံသည်ကား မြို့ထဲသို့ မော်တော်ကားတစ်စင်းနှင့် ပျာယီးပျာယာ သွားနေသည်ကို တွေ့မြင်နိုင်လေ၏။ ၎င်း၏အမူအရာမှာ တင်မေကြီးအတွက် များစွာစိတ်လက်ပူပန်နေသော အမူအရာဖြစ်လေသည်။

တစ်နေ့သ၌ မောင်သာရသည် အကြောင်းကို မေးမြန်းစုံစမ်းပြောဆိုရန် တရားဝန်ကြီးအိမ်သို့ သွားလေရာ တရားဝန်ကြီးနှင့်မောင်ဘလုံသည် အတူတကွထိုင်ကြလျက် ညှိုးငယ်သော





မျက်နှာနှင့် စကားပြောဆိုတိုင်ပင်လျက်နေကြသည်ကို တွေ့မြင်ရလေ၏။ မောင်သာရကို မြင်ကြရသောအခါ နှစ်ယောက်သားအံ့အားသင့်၍နေကြသောအမူအရာနှင့် ထ၍လာကြပြီးလျှင် မောင်ဘလုံက–

''ခင်ဗျား ဘာကိစ္စလာသလဲ''

ဟုမေးလေ၏။ မောင်သာရသည် မောင်ဘလုံကို မကြည့်ဘဲ တရားဝန်ကြီး၏မျက်နှာကို ကြည့်ကာ–

''ကျွန်တော် မတင်မေကြီးသတင်းကိုကြားလို့ စုံစမ်းမေးမြန်းရန် လာပါတယ်''

ဟုပြောလေ၏။

တရားဝန်ကြီးသည် အထက်ကကဲ့သို့ ပျူပျူငှာငှာမျက်နှာမထား။ ရုံးမင်း၏ မျက်နှာကဲ့သို့ အိန္ဒြေ ကြီးစွာထားပြီးလျှင်–

''မတင်မေကြီးနဲ့ မင်းနဲ့ အတော်ကလေးအကျွမ်းဝင်မိတယ်ထင်ပါရဲ့၊ တင်မေကြီးဟာ လူတစ်ယောက်အပေါ်မှာကြင်နာတတ်တဲ့ စိတ်သဘောရှိတယ်၊ သည့်အတွက် မင်းနှင့်မိတ်ဆွေဖြစ်တယ်လို့ထင်ရင် မင်း အထင်မှားလိမ့်မယ်၊ သို့သော်လဲ ယခုလို ဂရုစိုက်ပြီး လာမေးတယ်ဆိုတာ ကျေးဇူးတင်စရာပါ၊ ပါ။ ယခု စုံထောက်များ၊ ရဲများ လွှတ်ထားပါတယ်၊ အင်မတန်ကြီး စိတ်ပူစရာ မရှိပါဘူး၊ ဘယ်မှာ ရှိတယ်ဆိုတာ မကြာမီသတင်း ရပါလိမ့်မယ်''

ဟု မောင်သာရ၏မျက်နှာကို သေချာစွာ ကြည့်၍ပြောပြီးလျှင် ဝင်သွားလေ၏။

မောင်သာရလည်း မိမိကို စကားလက်ခံ မပြောလို



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းသိသဖြင့် ထွက်၍လာခဲ့လေ၏။ မောင်ဘလုံသည် ကားတရားသူကြီးအား တင်မေကြီးနှင့် မောင်သာရ မကြာခဏတွေ့ကြုံကြဟန်ရှိကြောင်းများကို ပြောပြ၍နေလေ၏။ မောင်သာရသည် မိမိကို စကားလက်ခံ မပြောလိုသော်လည်း တင်မေကြီးအတွက် စိတ်မပျက်ဘဲ ဆက်လက်စုံထောက်ရန် စိတ်အကြံနှင့်သာ ပြန်လည်၍ လာရှာလေသတည်း။

ညတစ်ညဌ် မောင်သာရသည် ကမ်းနားလမ်းတွင် တစ်ကိုယ်တည်း လမ်းလျှောက်၍နေရာ မောင်ဘလုံသည် လန်ချားစီး၍ သွားသည်ကို မြင်ရလေ၏။ ထိုအခါ မောင်သာရသည် မြင်းရထားတစ်စင်းကိုငှားလျက် ၎င်းလံချားနောက်သို့ မယောင်မလည်လိုက်ရန် မြင်းရထားကုလားကိုမှာထားပြီးလျှင် စီးနင်းလိုက်ပါ၍ သွားလေ၏။

ယင်းကဲ့သို့ လိုက်ပါသွားလေရာ ဆယ်နာရီခန့် အချိန်လောက်ကျရောက်သောအခါ လမ်းမတော်ရပ်ရှိ လမ်းကြားတစ်ခုသို့ ရောက်သွားလေ၏။ ၎င်းလမ်းကြား၌ ဂိုဒေါင်ကြီးနှင့်တူ သောတိုက်ခန်းကြီးတစ်ခုထဲသို့ မောင်ဘလုံ ဝင်သွားသည်ကို မြင်ရသောအခါ မောင်သာရသည် မြင်းရထားပေါ်မှဆင်းပြီးလျှင် ထိုနေရာကို စီးစောင်းကြည့်ရှုလေ၏။

၎င်းတိုက်ခန်းကြီးမှာ လွန်စွာလုံခြုံလျက် အနည်းငယ်မျှသော အသံကိုမျှ မကြားရ၊ အလင်းရောင်ကိုလည်း အတွင်း၌ မမြင်ရချေ။ မောင်သာရသည် ဤနေရာ၌ အတန်ကြာစွာ နေပြီးမှ လှည့်ပြန်၍လာခဲ့လေရာ အတန်ကလေး သွားမိလတ်သော် မိမိနောက်၌ ခြေသံကိုကြားရသဖြင့် လှည့်၍ကြည့်လေလျှင် ဇေတပါဒီကုလားတစ်ယောက် မိမိ၏အပါးသို့ ရောက်လာပြီး





နံဘေးတိုက်ကြားတစ်ခုသို့ ဝင်သွားသည်ကို တွေ့ရှိရလေ၏။ ထို့နောက် မောင်သာရသည် လန်ချားတစ်စင်းကိုခေါ်ပြီးလျှင် အိမ်သို့ပြန်လာခဲ့လေ၏။

နောက်တစ်နေ့နံနက်၌ မောင်သာရသည် ထိုနေရာသို့ ပြန်၍လာလေရာ ဂိုဒေါင်ကြီး ပွင့်လှစ်နေသည်ကို တွေ့မြင်ရလေ၏။ အတွင်းသို့ကြည့်လိုက်သောအခါ ဟာလာဟင်းလင်းဖြစ်လျက် တစ်စုံတစ်ရာကိုမျှ မတွေ့ရချေ။

ထိုအခါ သေချာစွာသိရအောင် စုံစမ်းရန် ခြေဖျားထောက်၍ ဝင်သွားလေရာ လိုက်ကာ အပေါင်းကလေးတစ်ခု ကာထားသည်ကို ခပ်လှမ်းလှမ်းမှ မြင်ရလေ၏။ လိုက်ကာ အနီးသို့ တဖြည်းဖြည်း ကပ်၍သွားလေရာ အတွင်း၌တိုးတိုး စကားပြောသံများကို ကြားရလေ၏။ မောင်သာရသည် လိုက်ကာ အနီးသို့ ချဉ်းကပ်ကာ နားစိုက်၍ ထောင်လေရာ အဘိုးကြီး၊ အမယ်ကြီးနှစ်ယောက် စကားပြောသောအသံဖြစ်ကြောင်းကို ကြားသိရလေ၏။

အဘိုးကြီး။ ။ ''ဘာမသိ ညာမသိနဲ့ ငါတို့တော့ အမှုရောက်
နေလိမ့်မယ်''

အမယ်ကြီး။ ။''ရှင့်ကို ကျုပ် အစက မပြောဘူးလား၊ ဦးဘိုး
ကြူးဟာ ဘယ်နေရာမှာမှ အမြဲမနေဘူး၊ မောင်
စောဆိုတဲ့အကောင်ဟာ သူနဲ့ ဘာတော်သလဲ
မသိဘူး''

အဘိုးကြီး။ ။ ''သူတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်
ယောက် မယုံကြည်ကြဘူး၊ သို့သော်လဲ ဦးဘိုး
ကြူးက သူ့ကို နိုင်းစေထားတာနဲ့တူတယ်၊ အရင်



www.burmeseclassic.com

www.burmeseclassic.com



တလောကလဲ မိုးကုတ်ကို ကျောက်များ အဝယ် နိုင်းတယ်လို့ ပြောသံကြားတယ်''

အမယ်ကြီး။ ။''တစ်နေ့လဲ ကိုဘိုးကြူးက ဒီစာကို မင်းဆီမှာ ထားလို့ ဘာလုပ်မလဲလို့ မောင်စောကို ပြောတာ ကြားလိုက်ရတယ်''

အဘိုးကြီး။ ။''အေး.....အဲဒီစာဟာ တော်တော် ရှုပ်နေတဲ့ လက္ခဏာရှိတယ်၊ ဒင်းတို့နှစ်ယောက်တွေ့တိုင်း ဒီစာအကြောင်းကို ပြောတယ်၊ မောင်စောကလဲ ခင်ဗျား ကျုပ်ကို သတ်ယူမှပဲ ဒီစာရမယ်လို့ ပြောသံကြားလိုက်ရတယ်၊ ဒီတော့ ကိုဘိုးကြူးက မင်း ကိုထွန်းသိန်းလို ဖြစ်ချင်သလားလို့ ပြန်ပြော လိုက်တယ်''

အမယ်ကြီး။ ။''ကိုထွန်းသိန်းဆိုတာ ဘယ်သူလဲ''

အဘိုးကြီး။ ။''မင်း မကြားဘူးလား၊ သာရ ဆိုတဲ့ကောင်က လေးကို ဖမ်းထားတဲ့အမှုဟာက ဒီကောင် ကလေးဟာက အခုမအေးလို့ သူတို့မှာ တော် တော်ဒုက္ခ များနေတယ်''

အမယ်ကြီး။ ။''နို့.....မနေ့တစ်နေ့က သူငယ်မလေးကို ဒင်းတို့ ဘယ့်နှယ့်လုပ်ကြမလို့လဲ''

အဘိုးကြီး။ ။''အဲဒါလဲ သာရနဲ့ပတ်သက်တာပဲ ရှင်မရဲ့''

ထို့နောက် အသံများ တိတ်၍သွားလေ၏။ မောင်သာရ လည်း ခြေဖျားထောက်၍ ထွက်လာခဲ့ပြီးမှ ၎င်းအဘိုးကြီးနှင့် အမယ်ကြီးကိုတွေ့ရအောင် ခြေလှမ်းကို ခပ်နာနာနင်း၍ ၎င်း ဂိုဒေါင်ကြီးထဲသို့ ထပ်မံ၍ဝင်သွားလျှင် အဘိုးကြီးနှင့် အမယ်ကြီး





ထွက်လာပြီးလျှင် အဘိုးကြီးက–

''မောင်ရင် ဘာကိစ္စလဲ''

ဟုမေးလေ၏။ မောင်သာ ရက–

''ဒီဂိုဒေါင်ကြီး မငှားဘူးလား''

ဟုမေးလေ၏။

အမယ်ကြီးက–

''ငှားမယ်၊ မငှားမယ်တော့ မပြောတတ်ပါဘူး၊ မောင့် ကြီးတော်တို့တော့ နေစရာမရှိလို့ သခင့်ရှင်များကိုပြောပြီး လာနေ ဘာပါပဲ''

သာရ။ ။ ''သခင့်ရှင်များကော ဘယ်မှာပါလဲခင်ဗျာ''

အဘိုးကြီး။ ။''အရှေ့ပိုင်းမှာ နေတယ်၊ တစ်ခါတစ်ခါမှ လာကြတာကလား မောင်ရဲ့၊ ဘယ်တော့ တွေ့ နိုင်မယ်ဆိုတာ ဒို့ မပြောနိုင်ဘူး''

ထို့နောက် အတန်ကလေးကြာစွာ ဆက်လက်၍စကား ပြောကြပြီးလျှင် မောင်သာရသည် ၎င်းတို့၏ပုံသဏ္ဌာန်ကို သေချာစွာ မှတ်ခဲ့ပြီးနောက် ထွက်၍လာခဲ့လေ၏။

ထို့နောက် မောင်သာရသည် တစ်နေ့ပြီးတစ်နေ့ ဆက်လက်ပြီး စုံထောက်လေရာ အစအန တစ်စုံတစ်ရာကိုမျှ မတွေ့ရချေ။

မိမိအလုပ်များကိုလုပ်ကာ (ဘီအယ်လ်)စာမေးပွဲကို ဝင်ရန် အချိန်လည်း နီးကပ်ဆိုက်ရောက်၍လာသောကြောင့် စာများကိုကြိုးစား၍ ကျက်ရတက်ရလေ၏။

နောက်ရက်အနည်းငယ်အတွင်း စာမေးပွဲကို ဝင်လေရာ ချောချောမောမောပြီးစီးသဖြင့် စိတ်ချလက်ချထပ်မံ စုံထောက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းအလုပ်ကို လုပ်ပြန်လေ၏။ သို့ပင် စုံထောက်သော်လည်း တစ်လပြီးတစ်လ အချိန်လွန်၍သွားလေရာ အဘိုးကြီးနှင့် အမယ်ကြီးထံမှကြားသိရသော အကြောင်းအရာများမှတစ်ပါး တစ်စုံတစ်ရာ ပိုမို၍ မသိရချေ။ ၎င်းအဘိုးကြီးနှင့် အမယ်ကြီးတို့ ပျောက်ကွယ်၍မသွားရအောင်သာလျှင် နေ့စဉ်ဂရုစိုက်၍နေရလေ၏။

♛ ♛ ♛





## အခန်း (၁၆)

မတင်မေကြီး ပျောက်ကွယ်၍သွားသောညဉ့် ခါတိုင်းနှင့်တွေ့ တင်မေကြီးသည် စင်္ကာပူမြေ (ယခု ပုစွန်တောင်နယ်မြေ) ၌ရှိသောအိမ်သို့ သွားရောက်လေ၏။ ၎င်းအိမ်၌ မောင်ဘလုံ၊ မောင်စောတို့နှင့်တကွ လောင်းကစား၍နေလေ၏။

တင်မေကြီးသည် ၎င်းအိမ်၌ ကောလိပ်ကျောင်းသားတစ်ယောက်အဖြစ်ဖြင့် သွားရောက်ကာ လောင်းကစားရင်းမောင်သာရ၏အမှုအကြောင်းကို အစအန သိရအောင် စုံစမ်း၍နေခြင်းဖြစ်လေ၏။ မောင်ဘလုံနှင့် မောင်စောတို့သည်လည်း မိုက်မိုက်ကြချေ။ တင်မေကြီးကို ပုလိပ်တို့၏လက်ထဲ၌တွေ့ရှိရသောညကျမှသာ တင်မေကြီးဖြစ်ကြောင်းကို တွေ့ရှိရလေ၏။

ထိုညမှစ၍ တင်မေကြီးကို ဖမ်းဆီးဖျောက်ဖျက်ရန် ကြံစည်၍နေကြလေ၏။ မောင်ဘလုံမှာမူ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသော စကားကဲ့သို့ မောင်သာရ၏အမှု၌ အကူအပံ့ဖြစ်သော တင်မေကြီး၏အလုပ်ကို ကန့်ကွက်ရန် အရေးကတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တင်မေကြီးကို မိမိပြန်၍ကယ်ဆယ်ရသော အဖြစ်မျိုးသို့ရောက်အောင် ကြံဆောင်၍တင်မေကြီးကိုရအောင် စီမံဖို့အရေးကတစ်ခု၊ ၎င်းအရေးနှစ်ခုပြီးစီးဖို့ ရှိလေ၏။

တင်မေကြီးသည် အဆိုပါညဉ့်၌ အိမ်သို့အပြန် စက်ရုံမြေ (ယခု ပုစွန်တောင်နယ်မြေ)မှအထွက်တွင် မော်တော်ကားနှင့် တင်ယူခြင်းကို ခံရလေ၏။ တင်ဆောင်သောသူတို့သည်ကား တင်မေကြီးနှင့် တွေ့ဖူးသူများ မဟုတ်သဖြင့် မိမိကို အခြား လူဆိုးများ ဖမ်းဆီးလေသည်ဟု မှတ်ထင်ကာ လိုက်ပါ၍ သွားရလေ၏။

နောက်ဆုံး၌ ရန်ကုန်မြို့ မည်သည့်ရပ်ကွက်မှန်းမသိ တစ်ခုသော တိုက်ခန်းအတွင်းတွင် ချုပ်နှောင်ထားခြင်းကို ခံရလေရာ ကြောက်မက်ဖွယ်သော အစောင့်အကြပ်၏လက်တွင်းမှ မလွတ်မြောက်နိုင်ဘဲရှိလေ၏။ ထိုအစောင့်အကြပ်သည်ကား အလွန်တရာ လျှင်မြန်သန်စွမ်းသော ကုလားဒိန်လူပုကလေး တစ်ယောက်ဖြစ်လေ၏။

ထိုလူပုကလေး၏အရပ်မှာ ခြေလက်တိုတိုနှင့် ကလေးသူငယ်၏အရပ်မျှသာရှိသော်လည်း ၎င်းလက်ခြေများမှာ လူကြီး၏လက်ခြေများကဲ့သို့ သန်မာလျက် ကားသောရင်အုပ်မှာ ကြီးမားသောအားသည် စု၍နေလေ၏။

တင်မေကြီးသည် မိမိနေသောနေရာကို ရန်ကုန်မြို့ အနောက်ပိုင်းဖြစ်ကြောင်းကို သိရသော်လည်း မည်သည့်လမ်း မည်သည့်တိုက်ဟု မသိရချေ။ တိုက်မှာလွန်စွာလုံခြုံလျက် အပြင်ဘက်ကိုကြည့်ရန် အပေါက်တစ်စုံတစ်ရာကိုမျှ မတွေ့ရချေ။ မိမိမှာ တစ်စုံတစ်ရာ ချို့ယွင်းခြင်းမရှိ။ စားကောင်းသောက် ဖွယ်





အိပ်ရာခမ်းနား သားနားစွာနှင့် နေရသော်လည်း လွတ်လပ်စွာနေခဲ့ရသော မိန်းကလေးမှာ ထိုကဲ့သို့ အကျဉ်းခံ၍နေရသော အခါ အတောင်ကျိုးသော ငှက်ပမာ ကြီးစွာသော စိတ်၏ဆင်းရဲခြင်းနှင့် ကြုံတွေ့ရရှာလေသတည်း။

ထိုကဲ့သို့ နေရသည့်အခိုက်တွင် မောင်သာရကို အစဉ်မပြတ် သတိရလျက် ငါ့အား သူသည် လာရောက်ကယ်ဆယ်နိုင်ပါမည်လား။ ကိုသာရသည် သူရသတ္တိရှိသော သူတစ်ယောက်ဖြစ်၏။ ကေန် ငါ့ကို တွေ့အောင်ရှာလိမ့်မည်။ ငါ့ကို သူတို့သည် အဘယ်နည်းနှင့်မျှ တစ်သက်လုံးချည်နှောင်၍မထားနိုင်ကြချေ။

သို့သော်လဲ ကိုသာရသည် ငါ့ကို လူတစ်ယောက်နှင့် လိုက်ပြေးပြီဟုထင်မှတ်၍ စိတ်နာ၍ပဲနေမလား စသည်ဖြင့် တွေးတောကာ ပူပင်မိလေ၏။ မောင်သာရမှာမူ ခြေရာလည်း ပျောက်၊ ရေလည်း နောက်ဟူသော စကားကဲ့သို့ တင်မေကြီး၏ အစအနကို လုံးလုံးကြီး ရှာကြံ၍မရ။ လက်မှိုင်ချ၍ နေရသည့် အထဲတွင် တရားဝန်ကြီးနှင့်တကွ များစွာသောသူတို့က တင်မေကြီး၏ အကြောင်းနှင့်ပတ်သက်၍ မောင်သာရအပေါ်တွင် သင်္ကာယန မကင်း ဖြစ်၍နေကြလေ၏။

ထိုအတွင်းတွင် သတင်းစာများ၌ စုံထောက်၍မရသော အမှုများအကြောင်းဟူ၍ ခေါင်းတပ်ကာ ရေးသားဖော်ပြသော အခန်းတစ်ခုပါရှိလေရာ တင်မေကြီး ပျောက်ကွယ်သော အမှုနှင့် တကွ မောင်သာရ၏ လူသတ်မှုအကြောင်းပါ ထိုစာထဲ၌ အကျယ်တဝင့် ရေးသားပါရှိလေ၏။

ထိုအခါ မောင်သာရ၏အမှုအကြောင်းကို အရပ်ထဲတွင် ထပ်မံအရေးတယူပြုလုပ် ပြောဆိုကြလေ၏။ ယင်းကဲ့သို့ ပြောဆို



www.burmeseclassic.com

www.burmeseclassic.com



ကြသောအခါ မောင်သာရမှာ အမှုဖြစ်ပွားစအခါမှာကဲ့သို့ အထူးပင် အနေကျုံ့ပြီးလျှင် ရန်ကုန်မြို့၌ မနေနိုင်အောင်ဖြစ် ပြန်လေ၏။ (ဘီအယ်လ်) စာမေးပွဲကို အောင်မြင်သော်လည်း အမှုကိုလိုက်ရန် ငှားရမ်းသူ တစ်စုံတစ်ယောက်မျှ မပေါ်လာချေ။ တင်မေကြီးအတွက် စိတ်လက်ပူပင်သောကဖြစ်ခြင်းကတစ်မျိုး မိမိကိုယ်တိုင် လက်ညှိုးထိုးခံ၍ နေရခြင်းကတစ်သွယ်၊ မျက်နှာကို ရဲရဲဝံ့ဝံ့စွာ မော်၍ လမ်းမလျှောက်နိုင်အောင် ရှိရှာလေ၏။

တစ်နေ့သ၌ ဦးဘိုးသိန်း၏ထံတွင် အလုပ်လုပ်လျက် ရှိနေရာ ဦးဘိုးသိန်းက–

''မောင်သာရ၊ မင်း တော်တော်ကိစ္စများနေတယ် ထင်ပါရဲ့၊ အရပ်ထဲမှာ ပြောကြဆိုကြတာကို မင်းကြားရဲ့လား''

သာရ။ ။ ''ဘယ်လိုပြောကြပါသလဲ ဦးမင်းရယ်''

သိန်း။ ။ ''ပြောကြတာကတော့ တယ်မကောင်းလှဘူး မောင်ရဲ့၊ မင်းအကြောင်းကို အနှံ့အပြား ပြောနေကြတာပဲ၊ အခု တရားဝန်ကြီးသမီး ပျောက်ကွယ်သွားတာလဲပဲ မင်းနဲ့ပတ်သက်သလိုလို ဖြစ်နေတယ်၊ ဒီတော့ အသွားအလာ၊ အနေအထိုင်၊ အပြောအဆိုမှစ၍ အင်မတန်ကြီး ဆင်ခြင်နိုင်မှ တော်ရုံကျမယ် တူမောင်၊ အနည်းငယ်မျှ မသက်ာရင် မင်းကို ဖမ်းမှာတောင် စိုးရသေးတယ်၊ သို့ရာတွင် ဦးနှင့်ပတ်သက်နေသည့် အတွင်းမှာ မောင့်ကိုတော့ ရတ်တရက် ရန်ရှာနိုင်ကြမယ် မဟုတ်ပါဘူး''

သာရ။ ။ ''နို့....ဦးကော ဘယ့်နှယ့်သဘောရသလဲ''

သိန်း။ ။ ''ဦးက မောင့်အပေါ်မှာ သူတို့လို သဘောရရင် မောင့်ကို





ဦး လက်ခံထားမလား၊ ဦး၏ထင်မြင်ချက်နှင့် အများပြည်သူတို့၏ထင်မြင်ချက်ဟာ အမြဲလိုလို ကွဲလွဲခြင်းဖြစ်တာမို့ သည်အရေးမှာလဲ မောင့်ဘက်ကနေပြီး များစွာပင် အတိုက်အခံ ပြောခဲ့ရတာပါပဲ၊ တစ်နေ့ကတောင် တရားဝန်ကြီးနှင့် သည်အကြောင်းကို ပြောခဲ့ရသေးတယ်၊ တရားဝန်ကြီးကဖြင့် မင်းအပေါ်မှာ အတော်ကြီး အထင်လွဲနေရှာတာပဲ''

သာရ။ ။ ''ဘယ်သူက ဘယ်လိုပဲ ထင်သည်ဖြစ်စေ၊ ဦးစိတ်က မထင်ရင် ကျွန်တော် စိတ်အေးပါပြီ''

သိန်း။ ။ ''ဦးကတော့ ဘယ်လိုမှ သဘောမထားဘူးကွဲ့၊ မင်းအပေါ်မှာ သူတစ်ပါး ထင်မြင်တာတွေ ပပျောက်သွားရင် ဦးဝမ်းသာတာပါပဲ၊ ကိုင်း.....ယခု သည်အကြောင်းကို ပြောရသည့်အတွက် မင်းလဲ စိတ်မကောင်းဖြစ်ပြီး ယနေ့အတွက်မှာ အလုပ်ကို ကောင်းစွာလုပ်နိုင်တော့မည် မထင်ဘူး၊ အခြားမှာ ကိစ္စရှိရင် ယနေ့အတွက် တူမောင် သွားချင်လျှင် သွားပေဦးတော့''

ဟု ခွင့်ပြုလိုက်လေ၏။

မောင်သာရသည် ဦးဘိုးသိန်းအား ကျေးဇူးတင်လျက် အလုပ်များကို သိမ်းလျက် ထွက်လာခဲ့လေ၏။ မောင်သာရသည် ဉာဏ်စွမ်းဉာဏ်စ သူရသတ္တိများစွာပင် ပြည့်စုံသူဖြစ်သော်ငြားလည်း ဤခက်ခဲသောအရေး၌ သံချောင်းသံခဲကို ကိုက်ခဲဖဲ့ရွှဲ၍ရသည့်အလား အတိုင်းမသိ ကြီးမားသောခက်ခဲခြင်းကို ကြုံတွေ့၍နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကစ အဘယ်ပုံ စုံစမ်းရမည်ကို အကြံဉာဏ်
ထုတ်၍မရ လုံးလုံးကြီးစိတ်လျှော့ကာ ကံကြမ္မာကိုသာလျှင် အား
ကိုးပြုရတော့မည်ကဲ့သို့ဖြစ်နေလေ၏။ တစ်ခါတစ်ရံ တင်မေကြီး
နှင့်အတူတကွ တွေ့ကြုံသွားလာပြောဆိုနေထိုင်ခဲ့ရသော နေရာ
များသို့ တစ်ကိုယ်တည်း သွားရောက်ကာ နေဝင်မိုးချုပ်သည့်တိုင်
အောင် ထိုင်လျက် မှိုင်တွေချ၍နေလေ၏။ ညဥ့်နက်သောအခါ
ဆိုင်ကိုပြန်လာသည့်အခါ ဆိုင်ရှင်ဦးသာဖုံနှင့် ခါလာသော့တို့ သည်
မောင်သာရ၏စိတ်၌ ဖြစ်ပျက်သော သောကကို ရိပ်မိ ကြလျက်
စိတ်ဒုက္ခ တိုးတက်မည်စိုးသောကြောင့် ညဥ့်နက် သည်ဟူ၍
မြည်တွန်တောက်တီးခြင်းများကို မပြုဝံ့ကြဘဲ မောင်သာရနှင့်
အလားတူစွာ စိတ်လက်မချမ်းမသာ ဖြစ်၍ နေရှာလေသတည်း။

ပျော်ရွှင်ဖွယ်သောဆိုင်မှာ ဆိတ်ငြိမ်လျက် ညှိုးမှိန်မှုန်
မှိုင်းပြီးလျှင် အလင်းရောင်မရှိသကဲ့သို့ ဖြစ်၍နေလေ၏။
အကြောင်းမူကား မောင်သာရ၏သောကကို ခါလာသော့နှင့်
ကုလားကြီး ဦးသာဖုံသည် ဝေမျှကာ ယူကြရှာလေသတည်း။

တင်မေကြီးသည် မောင်သာရ၏စိတ်၌ အလွန်တရာ
ထူးကဲမြင့်မြတ်သော မိန်းမတစ်ယောက်ဖြစ်၍နေလေရာ တင်မေ
ကြီးကို တွေ့ရသည့်နေ့ကစ၍ မက်မောတမ်းတသောစိတ်သည်
အစဉ်တစိုက် ပေါ်ပေါက်လျက် မတူမတန် မဖြစ်မြောက်နိုင်သော
အရာကို ကြံမိသည့်အလား မိမိကိုယ်ကို ရှုံးသွပ်သောသူကဲ့သို့
သဘောထားလေ၏။

ယခုသည်ကား ထိုရှုံးသွပ်သောအကြံသည် အံ့ဖွယ်သော
နည်းနှင့်အထမြောက်ကာ မပြင်နိုင်ဟု မှတ်ထင်ရသောကြောင့်
နှစ်ကိုယ်တည်း နှစ်ယောက်တည်း အချစ်၏စကားကို ကိုယ်တိုင်





သက်ရောက် မျက်နှာချင်းကပ်ကာ ပြောဆိုအောင်မြင်အထ
မြောက်ခဲ့လေ၏။ မေခလာ၏ ရင်ခွင်ထက်သို့ ကျရောက်သော
နက္ခမင်း၏စည်းစိမ်သည် ဟိုနေ့ညဥ့်မြင်းရထားပေါ်၌ မောင်သာ
ရ တွေ့ကြုံခံစားခဲ့ရသော သုခစည်းစိမ်ထက် ပိုမို၍ကြီးကျယ်
ခမ်းနားမည် မဟုတ်ချေ။ ယခုသည်ကား ထိုမျှလောက်ကြီးကျယ်
သောမျှော်လင့်ချက်နှင့် ထိုမျှလောက် မွန်မြတ်သော သုခချမ်း
သာတို့သည် ရုတ်တရက် လတ်တလော ချုပ်ငြိမ်းကွယ်ပျောက်
ကာ အဘယ်ကိုရောက်၍ ကုန်ပါဘိသနည်းဟု မောင်သာရ၏
စိတ်ထဲ၌ တည်ဆောက်ဖန်ဆင်း၍ထားသော ခမ်းနားကြီးကျယ်
ခြင်းဟူသမျှတို့သည် လျှပ်စစ်တစ်ပြက်၊ လက်ဖျောက်တစ်တွတ်
အတွင်း ရှိခြင်းဘဝမှ မရှိခြင်းဘဝသို့ ဆိုက်ရောက်၍သွားကြလေ
၏။ ၎င်း၏စိတ်အကြံတို့သည် သဲပုံစေတီပမာ မိုးလေတို့အလာ
တွင် သက်လျှောကျဆင်း ပျောက်ပျက်ခြင်းသို့ ရောက်ကြလေ၏။

မောင်သာရ၏စိတ်၌ တင်မေကြီးဟု ခေါ်ဆိုအပ်သော
မိတ်ကညာတစ်ဦးနှင့်သက်ဆိုင်သည့်, မျှော်လင့်ခြင်း၏ဓာတ်မီး
သည် မကောင်းသောကံကြမ္မာတည်းဟူသောလက်ဖြင့် စက်
ခလုတ်ကိုနှိပ်မိလေရာ လတ်တစ်လော မှောင်ကျ၍သွားလေ၏။

ထိုမျှလောက် ဆန်းကြယ်စွာလှည့်စားသော၊ ကံကြမ္မာ
၏လက်ဖြင့် ဝေ့ရမ်းခြင်းကို ခံရသော မောင်သာရ၏စိတ်သည်
အဘယ်မှာ နှစ်သိမ့်ဖြေဖျော်၍ ရနိုင်ပါမည်နည်း။ မြင့်လှစွာသော
တောင်ထိပ်၌ရပ်ကာ လှပသောလောကဓာတ်ကို ရှုစားလျက်
ထိုလောကကို အစိုးရတော့မည်ကဲ့သို့ တက်ကြွကာနေသောသူ
သည် ပြင်းထန်သောလေအဟုန်ဖြင့် တောင်အောက်တောင်ကြား
ချောက်ကမ်းပါးသို့ လွင့်စင်ကျရောက်သည့်အလား ကြီးမားလှစွာ



www.burmeseclassic.com

www.burmeseclassic.com



သောဒုက္ခကို တွေ့ကြုံရရှာလေသတည်း။

တင်မေကြီးနှင့် တွေ့ကြုံခဲ့ရသမျှသော အခိုက်အတန့် အခါအခွင့်တို့သည် အလွန်တရာကြီးမားသော ပျော်ရွှင်ခြင်းကို ဖြစ်စေသည့် အိပ်မက်နှင့်တူ၏။ ထိုကဲ့သို့သော အိပ်မက်ကို မြင်မက်၍နေရာမှ တအာအာမြည်သော ကျီးငှက်တို့၏အသံကို ကြားရလျက် ဘွားခနဲနိုး၍လာသောသူ၏စိတ်သည် အဘယ်မျှ နှစ်သိမ့်ခြင်း ဖြစ်နိုင်ပါမည်နည်း။

ယခုသည်ကား ကံကြမ္မာတည်းဟူသော မကောင်း ဆိုးဝါးသည် နှောင့်ယှက်လာရောက်ဖျက်ဆီးခြင်းကို ပြုလေ၏ မည်းနက်သောကျီးကန်းပမာ မောင်သာရ၏ဦးခေါင်းပေါ်တွင် ပျံ့လျက် မောင်သာရကို ပြောင်လှောင်ကဲ့ရဲ့ ရှုတ်ချ၍နေလေ၏

မှုန်မြတ်သောအိပ်မက်တွင် ပေါ်ပေါက်၍လာသော နတ် ကညာနှင့်တူသော တင်မေကြီးသည် ပျောက်ကွယ်၍သွား၏ အဘယ်မှာ ရှိပါသနည်း။ အဘယ်မှာ ရှိပါသနည်း။ အဘယ်ကို လိုက်ရပါမည်နည်း။

ထိုအကြောင်းကို တွေးလေတွေးလေ ဆွေးမပြေဟူသော စကားကဲ့သို့ မောင်သာရမှာ ယူကျုံးမရဖြစ်၍နေရှာလေသ တည်း။

♛ ♛ ♛





## အခန်း (၁၇)

ညဉ့်သန်းခေါင်ကျော်ခန့်အချိန် ရန်ကုန်မြို့အနောက်ပိုင်း တစ်ခုသော တိုက်ခန်းတွင် လူသုံးယောက်တီးတိုးကြိတ်ကာ စကားပြော၍နေကြလေ၏။ ၎င်းသုံးယောက်တို့သည်ကား ဦးဘိုးကြူး ၊ မောင်ဘလုံ၊ မောင်စော ဖြစ်ကြလေ၏။

ဘလုံ။ ။ ``အခု - ကျွန်တော်တို့သုံးယောက်ဟာ ဆိုးတူ ကောင်းဘက် ဆိုတာလို ကြံစည်လုပ်ကိုင်ပြီး သရာကြီး၏စီမံရာကို လိုက်နာဆောင်ရွက်ပြီး နေကြရပါတယ်၊ သစ်တစ်ပင်ကောင်းလျှင် ငှက် တစ်သောင်းခိုရ ဆိုတဲ့စကားလို ကျွန်တော်တို့ လူစုအနက် တစ်ယောက် ကောင်းစားလျှင် အားလုံး ကောင်းစားဖို့ပါပဲ``

ကြူး။ ။ ``ဒီစကား အင်မတန်မှန်ပါတယ်၊ သို့သော်လဲ တစ်ယောက်ကိုတစ်ယောက် မယုံကြည်ကြ ဘူးဆိုရင် ပျက်စီးခြင်း၏အကြောင်း ဖြစ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဟိုယခင်က ဦးထွန်းသိန်းဟာ ငါတို့ အသင်းထဲမှာ ဉာဏ်ရည်ဉာဏ်သွားနှင့် အတော်ပင် ပြည့်စုံတဲ့ ယောကျ်ားပါပဲ၊ သို့သော်လဲ ယခုမောင်စောလက်မှာ ရောက်ရှိနေတဲ့စာနှင့် ပတ်သက်ပြီး တစ်ယောက်နှင့်တစ်ယောက် စိတ်ဝမ်းကွဲသည့်အတွက် ယခုလို ဖြစ်ပျက်ကြရတာပါပဲ၊ ယခုလဲ မောင်စောဟာ ဒီစာကို မရမက ယူပြီးထားခြင်းဟာ စိတ်ဝမ်းကွဲဖို့ ဖြစ်နေတယ် မဟုတ်လား''

မောင်စော။ ။ ''ဒီစာဟာ အလွန်တရားကြီးမားပြောက်မြားတဲ့ ရတနာတို့၏ သိုမှီးရာနေရာအတွက် လမ်းပြ လမ်းညွှန် ဖြစ်ပါတယ်၊ သို့သော်လဲ ဆရာကြီး တစ်ဦးသာ အဓိပ္ပာယ်သိပြီး ကျွန်တော်တို့မှာ တစ်စုံတစ်ရာမျှ ရမ်းဆ၍ မရပါ၊ ဆရာကြီးကလဲ ဤနက်နဲသော စာများ၏အဓိပ္ပာယ်ကို ကျွန်တော် တို့အား ပြောပြရန် ဆန္ဒမရှိ၊ အဘယ်ပုံ ဆရာ ကြီးကို ယုံကြည်ပြီး ပြန်၍အပ်နိုင်ပေမလဲ''

ကြီး။ ။ ''ဒါတွေကို ပြောနေစရာ မရှိပါဘူး၊ တပည့်ရယ်၊ နောင်ခါကျလို့ အတူတကွ အကျိုးခံစားကြရရင် ပြီးရော မဟုတ်လား၊ အဓိပ္ပာယ်မသိဘဲနဲ့ မင်းလက်ထဲထားရင် အဘယ်ပုံ အကျိုးရှိပါ့မလဲ''

ဘလုံ။ ။ ''ဒါတွေကို ထားလိုက်ပါ ဆရာကြီးရဲ့၊ ယခု အရေးဟာက အင်မတန်ကြီးနေတယ်၊ တင်မေ ကြီးဟာ ကျွန်တော်တို့ကို မသက်သာဘဲ သာရက်





ကြိုက်ပြီး သာရဘက်ကနေ၍ အမှုကို စုံစမ်းနေ ပါတယ်၊ သူ့ကို တစ်သက်လုံး ချုပ်နှောင်၍လဲ မထားနိုင်ဘူး၊ သတ်ပစ်မယ်ဆိုရင်လဲ အင်မတန်မှ ရက်စက်ဆိုးသွမ်းရာ ကျပါလိမ့်မယ်၊ ဒီတော့ မြွေမသေ တုတ်မကျိုး ဆိုတာလို အားလုံး အကျိုးရှိအောင် စီမံဖို့အရေး ရှိပါတယ်''

ကြီး။ ။ ''ဘယ်လို စီမံချင်သလဲ''

ဘလုံ။ ။ ''ကျွန်တော်နှင့် သူနှင့် ညားရင် ကျွန်တော့် ဘက်ကို လုံးလုံးပါပြီး ခင်ဗျားတို့ ကျွန်တော်တို့ကို ဘယ်အခါမှ နှောင့်ယှက်တော့မှာ မဟုတ်ပါဘူး''

ကြီး။ ။ ''သူက မင်းကို မကြိုက်ရင် ဘယ့်နှယ့်လုပ်မလဲ''

ဘလုံ။ ။ ''ကြိုက်အောင် ဉာဏ်ဆင်ရတာပေါ့ ဆရာကြီးရဲ့''

ကြီး။ ။ ''ဘယ်လို ဉာဏ်ဆင်မတုံး''

ဘလုံ။ ။ ''သူ့ကို လူဆိုးများလက်မှ ကျွန်တော်ဝင်ပြီး ကယ်တယ်လို့ အထင်ရောက်အောင် ကြံဆောင် ရရင် မကောင်းဘူးလား''

ဒင်ကားကို အတန်ကလေးကြာစွာ စဉ်းစား၍နေကြ ပြီးနောက်

မောင်စော။ ။ ''ဒီအကြံ ကောင်းတဲ့အကြံပဲ ဆရာကြီးရဲ့၊ ကျုပ်တို့အထဲက လူတစ်ယောက် တရားဝန်ကြီး ၏သမက်ဖြစ်လျှင် အင်မတန် နေရာကျမှာပဲ၊ ဟုဘ်တာကို ပြောရမှာဖြင့် ကျွန်တော်တို့၏ အသက်မွေးပုံက အင်မတန်ကြီး ကောင်းလှတယ် မဟုတ်ဘူး၊ လုယက်လောင်းစား လိမ်လည်တဲ့ အသက်မွေးမှု ဖြစ်ပါတယ်၊ သည်တော့ အားကိုး

www.burmeseclassic.com

www.burmeseclassic.com



ဖို့ရာ တစ်ယောက်ယောက်ရှိရင် သာကောင်း မှာပဲ၊ ဒီလို ကြံကြစို့ရဲ့၊ ကုလားဒိန်ကို သေသေ ချာချာ မှာထားပြီး ကုလားဒိန်ထံ အတင်း ဝင်ရောက် ရိုက်နှက်ပြီး တင်မေကြီးကို လုယူ ဟန်ဆောင်ရမယ်၊ သည့်နောက် ဆက်လက် နေရာကျဖို့ အရေးများမှာကိုဘလုံကပဲ ဉာဏ် ရှိသလောက် ကြံဆောင်အားထုတ်ဖို့ ရှိပါ လိမ့်မယ်''

ကြျူး။ ။ ''ကိုင်း.....ဒါတော့ မောင်တို့သဘောပဲ၊ ကောင်း သလို ကြည့်၍စီမံကြပေတော့''

ဟုပြော၍ ထိုင်ရာမှထလေ၏။ မောင်စောနှင့် မောင်ဘလုံသည် အတူထ၍ ၎င်း၏ နောက်သို့ လိုက်သွားကြလေ၏။

ကိုဘိုးကြျူးသည် လူလုံးလူဟန် သေးငယ်လျက် များစွာ ပင် သိမ်ဖျင်းသောသဏ္ဌာန်ရှိသော်ငြားလည်း မကောင်းမကာန်း တိတ်တဆိတ်ကြံစည်ခြင်းအလုပ်များ၌ အလွန်တရာ ဉာဏ်ကြီး သူတစ်ယောက်ဖြစ်လေရာ ဂုဏ်သရေရှိ စစ်ကဲကြီး၏သား မောင်ဘလုံနှင့်တကွ မောင်စောသည် ကြောက်ရွံ့သောအမူအရာ နှင့် နောက်က လိုက်ကြရလေ၏။

၎င်းဦးဘိုးကြျူးမှာ အသက်ငါးဆယ်ခန့်မျှရှိလေရာ မိမိ ၏ထက်မြက်စူးရှကြီးမားသောဉာဏ်ကို ကောင်းမြတ်သောနေရာ တစ်ခုခု၌ အသုံးချချေက လူသတ္တဝါတို့အား ကြီးမားသောအ ကျိုးကျေးဇူးကို ဖြစ်ထွန်းအောင် လုပ်နိုင်မည်ဖြစ်သော ပုဂ္ဂိုလ် တစ်ယောက်ဖြစ်လေ၏။ ၎င်းသည် မောင်ဘလုံနှင့်မောင်စောကို ဂရုမစိုက်ဘဲ ဆင်း၍သွားလေရာ မောင်ဘလုံနှင့် မောင်စော





သည် ကုတ်ကုတ်ကလေး လိုက်ပါသွားကြလေ၏။

နောက်တစ်နေ့ည ကိုးနာရီခန့်အချိန် တင်မေကြီးကို ချုပ်၍ထားသော အခန်းဝ၌ ရုန်းရင်းဆန်ခတ်အသံများ ကြား လေရာ တင်မေကြီးသည် ခုတင်ပေါ်မှပြေးဆင်း၍ကြည့်လေလျှင် မောင်ဘလုံနှင့် ကုလားဒိန်ကလေးမှာ သူတစ်ပြန် ငါတစ်ပြန် ထွေးလုံးရစ်ပတ်၍ ရန်ဖြစ်နေသည်ကို တွေ့ရလေ၏။

အတန်ကြာသောအခါ ကုလားဒိန်သည် ကြမ်းပြင်တွင် ခွေလျက်လဲနေလေ၏။ ထို့နောက် မောင်ဘလုံသည် တင်မေကြီး ထံသို့ ပြေးဝင်၍သွားလေရာ တင်မေကြီးသည် လက်နှစ်ဘက် ကိုဆန့်လျက်–

''အမယ်လေး ကိုဘလုံ၊ ကျွန်မကို ကယ်ပါဦး''

ဟုပြောကာ မောင်ဘလုံ၏ရင်ခွင်ထဲသို့ ပြေးဝင်၍ လာရှာလေသတည်း။ မောင်ဘလုံသည်လည်း အားရှိသမျှနှင့် တင်မေကြီးကိုပွေ့ယူကာ ကျဉ်းမြောင်းသောလှေကားတစ်ခုမှ အထက်သို့ ပြေးတက်၍ လာလေရာ ကျယ်သောကိုဒေါင်ကြီးထဲသို့ ရောက်လာလေ၏။ လမ်းသို့ထွက်သောအခါ အသင့်စောင့်၍ နေသော မော်တော်ကား တစ်စင်းပေါ်သို့ ရောက်ကြပြီးလျှင် မော်တော်ကားကို မောင်းနှင်ထွက်သွားကြလေ၏။

တင်မေကြီးမှာ ရန်သူများ၏လက်ကို တစ်ဖန်ပြန်၍ ရောက်မည်စိုးသည့်အလား ကြောက်ရွံ့သဖြင့် မောင်ဘလုံ၏ ရင်ခွင်အကြားမှ မထွက်ဝံ့ဘဲ ငြိမ်သက်စွာ လိုက်ပါ၍သွားလေ၏။ မောင်ဘလုံသည်လည်း တင်မေကြီးကို မိမိ၏ရင်ခွင်ကြားမှ အတင်းအဓမ္မ ဆွဲခွာ၍ မလှုပ်ဝံ့ဘဲ အားပေးသောအမူအရာနှင့် ကျောကိုသပ်ကာ ဆောင်ကြဉ်း၍ လာခဲ့လေရာ မကြာမီ ကန်တို



www.burmeseclassic.com

www.burmeseclassic.com



မင်နယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်၍လာလေသတည်း။

မောင်ဘလုံသည် မော်တော်ကားကို မည်သည့်နေရာကိုမှ ကွေ့ကောက်၍ မောင်းနှင်ခြင်းကို မပြုဘဲ ဝင်ဆံလမ်း (ယခု ရှင်စောပုလမ်း) သို့ တည့်တည့်ကြီး အမောင်းနိုင်းလေရာ မကြာမီ တရားဝန်ကြီးအိမ် သင်ဝင်အောက်သို့ ရောက်သွားပြီးလျှင် မော်တော်ကားဟွန်းကို ပြင်းထန်စွာ ပေးလေ၏။

ထိုအခါ အိမ်တွင်းမှ လျင်မြန်သောခြေသံများကို ကြားကြရလေ၏။ စက္ကန့်အနည်းငယ်အတွင်း တံခါးများသည် တဟုန်တည်း ပွင့်၍လာကြလေရာ အတွင်း၌ရှိသော ဓာတ်မီးရောင်တို့သည် ဝင်းပြောင်သောအဆင်းဖြင့် မော်တော်ကားကို အလင်းရောင်ဖြင့် လွှမ်းအုပ်ကြလေ၏။ တရားဝန်ကြီးသည် လက်နှစ်ဘက်ကိုဆန့်ကာ–

''သမီး.....သမီး၊ ဖေဖေ့ သမီးကြီးပါလား''

ဟု မော်တော်ကားရှိရာသို့ ပြေးဆင်း၍လာလေ၏။

တင်မေကြီးသည်လည်း မော်တော်ကားပေါ်မှ ခုန်ဆင်းကာ–

''ဖေဖေ.....ဖေဖေ''

ဟုနှစ်ခွန်းမျှသာ ခေါ်ဆိုပြီး ဖခင်၏ရင်ခွင်ထဲသို့ ရောက်သွားလေ၏။ သားအဖနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ကာ အကြာကြီး ရှိုက်ငင်၍ နေကြရှာလေသတည်း။

မောင်ဘလုံသည်ကား စီးကရက်ကိုဖွာလျက် ၎င်းတို့ ကို မကြည့်ဘဲ ကျောခိုင်းကာ ရပ်ပြီးလျှင် လမ်းဘက်သို့ရပ်ကာ ကြည့်၍နေလေသတည်း။ ထို့နောက် သားအဖနှစ်ယောက်





အားရဝမ်းသာ ဂဏာ ပြောကြရာတွင် တင်မေကြီးက အကျိုးအကြောင်းတို့ကို ကာ အစဉ် ပြောပြလေရာ တရားဝန်ကြီးက မောင်ဘလုံ၏ရဲရင့်ခြင်းအကြောင်းကို သေချာစွာ သိရလျှက် မောင်ဘလုံထံသို့ ပြေး၍လာပြီး လက်ဆွဲကာ အိမ်ထဲသို့ဝင်ပ်ကာ ခေါ်လေ၏။

တင်မေကြီးကလည်း–

''အမယ်လေး ကိုဘလုံရဲ့ ကျေးဇူးရှင်ကြီးရဲ့ လာပါဦး၊ ဟန်ကြီးပန်ကြီး လုပ်မနေပါနှင့်၊ ရှင့်မော်တော်ကားကို ပြန်လွှတ်လိုက်ပါ၊ ကျွန်မတို့အိမ်မှာ မော်တော်ကားရော၊ ရထားလုံးရော၊ မက်လက်ရထားရော ရှိပါတယ်''

ဟုပြောလေရာ မောင်ဘလုံသည် စကားတစ်လုံးမှ ပြန်၍မပြောဘဲ အိမ်အတွင်းသို့ ၎င်းတို့နှင့်အတူ လိုက်၍ ဝင်ခဲ့လေ၏။

တရားဝန်ကြီးသည် ကားသမားအား အခကို ထုတ်၍ ပေးလေရာ ပေးသောအခမှာ အတော်ပင် များသောကြောင့် မော်တော်ကားမောင်းသမားသည် အလွန်တရာ ကျေးဇူးတင်၍ နှုတ်ဆက်ကာ ပြန်သွားလေ၏။

အိမ်အတွင်းသို့ရောက်သောအခါ တရားဝန်ကြီးသည် အစေခံများအား စားကောင်းသောက်ဖွယ် ချိုချဉ်ခဲဖွယ်တို့ကို လျင်မြန်စွာ အပြင်ခိုင်းလေ၏။ တင်မေကြီးမှာ များစွာပိန်ချုံး၍ နေလေရာ ညတွင်းချင်း ပြန်၍ဝအောင် စိတ်အကြံပြုသကဲ့သို့ စားဖွယ်သောက်ဖွယ်တို့ကို မြိန်မြိန်ကြီး အစားနိုင်းလေ၏။ မောင်ဘလုံကိုလည်း တရားဝန်ကြီးက–

''စားပါသောက်ပါ မောင်ရင်၊ ကျုပ်သမီးကို အသက်



www.burmeseclassic.com

www.burmeseclassic.com



စွန့်ပြီး ကယ်ရသဖြင့် အင်မတန်ကြီး မောပန်း၍ လာမှာပါဘဲ၊ ဪ.....ဒုက္ခ.....ဒုက္ခ၊ ပေဖေ့စကားကို နားမထောင်သည့်အတွက် မောင်ဘလုံ သူ့ခမျာမှာတောင် အကောင်းမနေရ၊ တမင်သက်သက် ဝင်ရောက်ပြီး ဒုက္ခခံရတာပါပဲ၊ ကိုင်း..... မှတ်ကွဲ့ သမီးရဲ့၊ ဒီတစ်ခါ ဆရာပဲ၊ နောင် ဖေဖေ့စကားကို နားမထောင်လျှင် သည့်ထက်ပိုပြီး ဒုက္ခရောက်မှာကို စိုးရတယ်၊ ကြပ်ကြပ်ကြီး သတိထားပါနော်၊ ယခုတစ်ကြိမ် ကံကောင်းထောက်မလို့ ကယ်မယ့်လူ ပေါ်လာသော်လဲ နောင်မောင်ဘလုံက သမီးကို အမြဲကယ်ဆယ်နေနိုင်လိမ့်မယ် မဟုတ်ဘူး''

စသည်ဖြင့် ပြောပြလေ၏။

မောင်ဘလုံက–

''အင်မတန် အတင့်ရဲတာကလား ဦးရဲ့၊ ယောကျာ်းကလေးလို ဖြစ်နေတာပဲ၊ ဂါဝန်ဝတ်ပြီး သွားတဲ့အခါမှာ ဒီလောက်ကိစ္စမရှိဘူး၊ မြန်မာလို ထဘီနှင့် သွားတဲ့အခါမှာ ဂါဝန်စိတ်ပေါက်ပြီဆိုမှဖြင့် အနှောင့်အယှက်တွေ အင်မတန် များတတ်တာပါပဲ၊ ကာလက အသောင်းကြမ်းသားကလား ဦးရဲ့၊ ကျွန်တော်တို့ ယောကျာ်းတောင် အသွားအလာမှာ အင်မတန်ကြီးဆင်ခြင်နိုင်မှ တော်ရုံကျတာကပဲ''ဟုပြောပြလေ၏။

ထို့နောက် အင်မတန်ကြီး ညည့်နက်အောင် ဆက်၍ စကားပြောပြီးနောက် မောင်ဘလုံကို အိမ်သို့ပြန်ဖို့ရန် အခွင့်မပေးဘဲ ဤအိမ်မှာ အိပ်ဖို့ရန် တောင်းပန်ပြောဆိုကြလေရာ မောင်ဘလုံမှာ ငြင်းဆန်ခြင်းငှာ မစွမ်းနိုင်ဘဲ ခမ်းနားစွာ ပြင်ဆင်ထားသော အိပ်ရာတွင် အိပ်ရလေ၏။

တင်မေကြီးမှာ အိပ်ရာသို့ဝင်သည်နှင့် တပြိုင်တည်း





ဘစ်စုံတစ်ရာကိုမျှ တွေးတောခြင်း မရှိဘဲ ကလေးပမာ အိပ်မောကျ၍သွားရှာလေ၏။ မောင်ဘလုံမှာမူ မိမိ၏အကြံ အောင်မြင်ခြင်းကြောင့် ဝမ်းသာလုံးဆို့ကာ တစ်ညလုံး မအိပ်နိုင်ဘဲ အိပ်ရာထဲတွင် ထိုင်ချည်လှဲချည်နှင့်သာ မိုးလင်းမည်ကိုမျှော်လင့်လျက် နေလေ၏။ အကြောင်းမူကား မိုးလင်းလျှင် တင်မေကြီး၏ လတ်ဆတ်သောမျက်နှာကိုကြည့်ကာ အတူတကွ လက်ဘက်ရည်သောက်ရဦးမည်ဖြစ်သော အောင်ပွဲမင်္ဂလာကို မျှော်လင့်ကာ နေရှာလေသတည်း။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ထိုနေ့မှစ၍ မောင်ဘလုံသည် တရားဝန်ကြီး၏အိမ်သို့ အချိန်မရွေး ဝင်ထွက်သွားလာခွင့်ကို ရရှိလေ၏။ တရားဝန်ကြီးသည်လည်း တင်မေကြီးနှင့် မောင်ဘလုံ နှစ်ယောက်တို့သည် တွေ့ကြုံစကားပြောကြသည်ကို ကြည်ဖြူစွာ အခွင့်ပေးထားလေ၏။

မောင်ဘလုံ၏ဖခင် စစ်ကဲကြီးနှင့် မောင်ဘလုံ၏နှမသည်လည်း တင်မေကြီး၏ထံသို့ မကြာခဏ လာရောက်ကာ မောင်ဘလုံ၏အကြောင်းကိုသာ ပြောဆိုကြလျက် မောင်ဘလုံ၏ အလုပ်အကြံအစည် ကြီးကျယ်ခြင်းအကြောင်းတို့ကို အမြဲပင် ဇန်းတင်၍ ပြောကြလေ၏။

နောက်ဆုံး၌ တစ်စတစ်စ သတင်းများဖြစ်ပွား၍ လာကြလေ၏။ ထိုသတင်းများမှာ အခြားမဟုတ်။ မောင်ဘလုံနှင့် တင်မေကြီး ထိမ်းမြားမင်္ဂလာပြုမည်ဆိုသော အကြောင်းများ ဖြစ်လေ၏။





တင်မေကြီးသည် မောင်ဘလုံကို အသက်သခင်ကျေးဇူးရှင်အဖြစ်နှင့် ကြည်ဖြူစွာ လက်ခံရသော်လည်း မောင်သာရကို အဘယ်အခါမှ လုံးလုံးကြီး မမေ့ချေ။ တခါတခါ မောင်ဘလုံနှင့် နှစ်ကိုယ်တည်း ယှဉ်တွဲကာ ထိုင်လျက် စကားပြောဆို၍ နေသည့်အထဲမှာပင် ပျံ့လွင့်သောဂီတ်ဖြင့် ဒိန်းမောကာ မောင်သာရ၏အကြောင်းကို တွေးတောကာ ငေးမိလေ၏။

မောင်သာရကို ခွဲလျက်ရှိနေသော ခွဲရင်းတိုင်းစိတ်သည်ကား တင်မေကြီး၏နှလုံးအိမ်တံခါးဝသို့ လာရောက်ကာ အမြဲတီးခေါက်ခေါ်သကဲ့သို့ မှတ်ထင်ရလေ၏။ နှစ်ယောက်တည်း မြင်းရထားစီး၍ သွားရသည့် မမေ့နိုင်သောညဥ့် အကြောင်းကို ပြန်လှန်တွေးတောလိုက်သောအခါ ငြိမ်ဝပ်လျက်ရှိသော အချစ်၏ ပြာပုမီးခဲမှ မီးတောက်မီးလျှံသည် တဟုန်တည်း ကြွ၍လာသည်ဟု မှတ်ထင်ရလေ၏။

ကိုသာရ ဘယ်မှာ နေပါသလဲ။ သူဘယ်လိုများဖြစ်၍ နေပါသလဲ။ ငါ့အကြောင်းကို တွေးတောကာ သောကကြီးရောက်၍နေပြီလား စသည်ဖြင့် တမ်းတကာနေပြီးမှ အလို ငါ ဘာတွေကိုတွေးနေပါလိမ့်မလဲ၊ သူနှင့်ငါ အဘယ်မှာ သက်ဆိုင်ပါသနည်း။ ကိုဘလုံသည် ငါ၏ကျေးဇူးရှင်ဖြစ်၏။ ကိုဘလုံသည် ငါ၏ အသက်သခင်ဖြစ်၏။ ကိုဘလုံကိုသာ ငါချစ်၏။ ကိုဘလုံမှ တစ်ပါး မည်သူကိုမျှ ငါမချစ်နိုင်။ ဘာမဆိုင်ညာမဆိုင် ဘယ်အတွက် သည်လူ၏အကြောင်းကို တွေးတော၍ နေရပါသတုံးဟူ၍ မိမိ၏စိတ်ကို ဆုံးမကာ ပျံ့လွင့်သောစိတ်ကို သိမ်းဆည်းရှာလေသတည်း။

လသာသောညတစ်ည၌ တင်မေကြီးသည် ပန်းခြံထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် တစ်ကိုယ်တည်းထိုင်၍နေရာ မောင်ဘလုံသည် ရောက်လာပြီးလျှင် အပါး၌ ယှဉ်၍ထိုင်ကာ လက်တစ်ဘက်နှင့် တင်မေကြီး၏ခါးကို ပွေ့ယူမည်ပြုလေ၏။ တင်မေကြီးသည်ကား မောင်သာရ၏အကြောင်းကို တွေးတောနေခိုက်နှင့် ကြုံ၍နေသဖြင့် မောင်ဘလုံ ထိုကဲ့သို့လာရောက်ပြုလုပ်သောအခါ ထိတ်လန့်လျက် ထိုင်ရာမှ ရှတ်တရက်ထလိုက်လေ၏။ ထိုအခါ မောင်ဘလုံက–

''အမယ်လေး တင်မေကြီးရဲ့ ဒီလောက်တောင် ဖြစ်ရသလား၊ ကျုပ်တို့နှစ်ယောက်မှာ အကြောင်းဆက်ဖို့ရာ အသေအချာပြောဆိုပြီးဖြစ်ပါတယ်၊ ဘယ်အတွက် သည်လောက်တောင်ကြောက်ရတာတဲ့တုံး၊ ကျုပ်ကို သရဲတစ္ဆေ မှတ်ထင်တုန်းပဲ ရှိသေးသလား''

ဟုပြောလေ၏။

တင်မေကြီး။ ။''ဒီကိစ္စဟာ နီးနီးကလေး ရှိပါတော့တယ်၊ ကျွန်မမှာ

အပျို၏ဘဝမှ ဆုံးခန်းသို့ရောက်ဖို့ရန် တစ်ရေး တစ်ခြား နီးကပ်၍လာပါပြီ၊ ဒီတိုတောင်းတဲ့အချိန် အတွင်းမှာ အပျိုစင်အဖြစ်နှင့် အားရအောင် နေပါရစေ၊ ဒီလောက်မှ သည်းညည်းမခံနိုင်ဘူး လား ကိုဘလုံရဲ့''

ဟုပြောဆိုကာ ပန်းပင်တစ်ပင်ကို ကိုင်လျက် မောင်ဘလုံ၏မျက်နှာကို စောင်းငဲ့ပြုံးရယ်လျက် ကြည့်လေလျှင် ဖြူစင်သောသွားကလေးများသည် လရောင်တွင် ဖိတ်ဖိတ် တောက်လျက်နေလေ၏။

မောင်ဘလုံသည် ၎င်း၏မျက်နှာကို သေချာစွာ စိုက်၍ ကြည့်ပြီး–

''တင်မေကြီးရဲ့ ဒီရက်ကလေးအနည်းငယ်အတွင်းမှာ ဒီလောက်တောင် ကုတ်ကုတ်စ ဖြစ်နေလျှင် ထိမ်းမြားမည့်ရက်ကိုမရောက်မီ ကျုပ်မှာ ရင်ကွဲပြီးသေဖို့သာ ရှိပါတော့တယ်၊ ဘယ်အတွက် သည်လောက်တောင် ချုပ်ချယ်ရပါသလဲ''

ဟု ပြောကာ အပါးသို့ ချဉ်းကပ်သွားပြန်လေရာ တင်မေကြီးသည် ရယ်မောလျက် ပန်းပင်တစ်ပင်ဘက်သို့ ကွေ့ရှောင်သွားပြန်လေ၏။

မောင်ဘလုံသည် တစ်ဖန်လှည့်၍ လိုက်ပြန်လေ၏။ တင်မေကြီးသည်လည်း ပေါ့ပါးလျင်မြန်သော ရွှေသမင်မကလေး၏အလား ပန်းရုံတစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းကူးသန်း၍သွားလေရာ နောက်ဆုံး၌ မောင်ဘလုံသည် မမိနိုင်တော့သည်ဖြစ်သောကြောင့် စိတ်ဆိုးသောအမူအရာနှင့် မတ်တတ်ရပ်ကာ တင်မေကြီးအား လက်ညှိုးငေါက်ငေါက်ထိုးပြီးလျှင်–

''မင်းကလေးနော်၊ မင်းကလေးတော့ ကြပ်ကြပ်သတိထားပါ၊ နောင်ခါကျရင် သိရရောပေါ့''

ဟုပြောပြီး ခြေကိုဆောင့်လျက် နောက်သို့လှည့်ကာ ထွက်၍သွားလေ၏။

အတန်ကလေးကြာသောအခါ တင်မေကြီးသည် ထွက်၍လိုက်သွားပြီးလျှင် စီးစောင်းကြည့်ရှုလေရာ မောင်ဘလုံ အဟုတ်ပြန်သွားသည်ကို မြင်လိုက်ရလေသတည်း။ တင်မေကြီးသည် တံခါးတိုင်ကို မှီ၍ကိုင်လျက် အတန်ကြာကြည့်၍နေလေရာ မောင်ဘလုံသည် တစ်ခုသောလမ်းအကွေ့တွင် ပျောက်ကွယ်၍သွားသည်ကို မြင်လိုက်လေသတည်း။

တင်မေကြီးသည် တံခါးရှေ့တံတားလက်ရမ်းပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကာ တောင်မြောက်လေးပါး တွေးတောရင်း သီချင်းကလေး တစ်ပုဒ်ကို ညည်းညူ၍နေလေ၏။ ထိုကဲ့သို့ ညည်းညူနေခိုက်တွင် မောင်သာရ၏ညှိုးငယ်သောမျက်နှာကို မြင်မိထင်မိသဖြင့် တေးသီချင်းရပ်ကာ မောင်သာရအကြောင်းကိုသာ ဆက်လက်၍တွေးတောကာ နေမိရှာလေသတည်း။ အတန်ကြာတွေးတော၍နေလတ်သောအခါ မိမိ၏အပါးသို့ နီး၍လာသောဘိနပ်သံကို ကြားရသဖြင့် မော်၍ကြည့်လိုက်သောအခါ မိမိရှေ့မနီးမဝေးတွင် မားမားရပ်ကာနေသော သဏ္ဌာန်တစ်ခုကို တွေ့ရသဖြင့် ထိတ်လန့်၍ထပြေးတော့မည်အပြုတွင် မောင်သာရဖြစ်ကြောင်းကို သိရှိရလျက် ရပ်တန့်တွေဝေမိန်းမောကာ နေမိရှာလေသတည်း။

ငင်းတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ခေါ်ဖို့ပြောဖို့ရန် သတိမရ။ နှစ်ယောက်စလုံးပင် အံ့အားသင့်၍ နေကြဟန်ရှိလေ၏။

မောင်သာရမှာ အလွန်တရာညှိုးငယ်သော သဏ္ဌာန်ရှိသည်ကို တင်မေကြီး တွေ့မြင်ရလေ၏။ တင်မေကြီး၏တမ်းတသောမျက်နှာသည် မော့ကာ တံတားလက်ရမ်းကို လက်နှစ်ဘက်နှင့် နောက်ပြန်ကိုင်လျက် မောင်သာရ၏မျက်နှာကိုတည့်တည့်ကြီးကြည့်၍နေလေ၏။

တင်မေကြီး၏စိတ်သည် ကိုယ်ခန္ဓာအတွင်းမှ လုံးလုံးလျားလျားကြီး ထွက်ခွာပြီးလျှင် မောင်သာရ၏ထံသို့ သွားရောက်ချဉ်းကပ်သည်ဟု မှတ်ထင်ရလေ၏။ အကြောင်းမူကား တင်မေကြီး၏ကိုယ်ခန္ဓာသည် မော့ကာရပ်လျက်နေသောအခိုက်တွင် အသက်ဓာတ် လုံးလုံးကြီး ကင်းပြတ်သည်နှင့် တူ၍နေလေသတည်း။





ထိုအတွင်း မောင်သာရသည် ``တင်မေကြီး´´ဟုခေါ်ကာ လက်တစ်ဘက်ကိုဆန့်လျက် အပါးသို့ကပ်၍လာလေရာ တင်မေကြီးသည် သတိရပြီးလျှင် မိမိစိတ်ကို သိမ်းဆည်းချုပ်တည်း လျက် စကားတစ်လုံးမှ ပြန်မပြောဘဲ ခြံအတွင်းသို့ပြေးဝင်၍ လာခဲ့လေရာ မောင်သာရမှာ ငေး၍ကျန်ရစ်ရှာလေသတည်း။

ထိုညမှစ၍ မောင်သာရသည် အိမ်အနီးသို့ ၃-ရက် ၄-ရက်မျှ ညတိုင်းဆက်လက်၍လာလေ၏။ ထိုကဲ့သို့လာသည့် အခါ မိမိ၏စိတ်မှာ ဖြေဖျော်ရာမရ အသည်းနှလုံးပါ တစ်ရင်လုံး ကျင်၍သာလျှင် ပြန်ရရှာလေ၏။ အကြောင်းမူကား မိမိလာရောက်ကြည့်ရှုသည့်အခါတိုင်း တင်မေကြီးနှင့် မောင်ဘလုံတို့ နှစ်ယောက်တည်းသော်လည်းကောင်း၊ အစေခံများနှင့် ပျော်ပျော်ကြီးမှာ ကစား၍နေကြသည်ကိုလည်းကောင်း တွေ့မြင်ရမြဲဖြစ်လေ၏။

နောက်ဆုံး၌ မောင်သာရသည် စိတ်လျှော့ကာ တင်မေကြီးကို အပြစ်မတင်၊ မောင်ဘလုံကိုလည်း မုန်းထားခြင်းမရှိ မိမိ၏မကောင်းသော ကံကြမ္မာကိုသာ ဆင်ခြင်ကာ အသွားသောကို ပြတ်၍ နေရှာလေသတည်း။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

မောင်သာရမှာ ဘီအယ်လ်စာမေးပွဲကိုအောင်မြင်ပြီး သည်မှာ ရက်လ အတော်ကြာမြင့်ပြီဖြစ်သော်လည်း ရှေ့နေ မလိုက်ရ။ တင်မေကြီးနှင့်လည်း ပင်လယ်သမုဒ္ဒရာကြီးခြား၍ သွားသကဲ့သို့ ဖြစ်လေရာ မိမိ၏အမှုအကြောင်းကို ဆက်လက်၍စုံ ထောက်ရန်ပင် စိတ်အားမသန်တော့သည် ဖြစ်လေရကား ဤမြန်မာပြည်၌နေလို့ အကျိုးမရှိ။ တစ်တိုင်းတစ်ပြည်ကို စွန့်စား ၍သွားလေမှ တော်ချေမည်ဟု စိတ်အကြံပေါ်ပေါက်၍လာလေ၏။

ယင်းကဲ့သို့စိတ်အကြံပေါ်ပေါက်၍လာသည်ကို မည်သူ့ ကိုမျှ မပြောပြဘဲ လွတ်ဖို့ရန် လမ်းခွင်ကိုသာ ကြံစည်၍နေရှာ လေသတည်း။

ယင်းကဲ့သို့နေခိုက်တွင် တစ်နေ့သ၌ နံနက်သတင်းစာ တစ်စောင်တွင် ယောက်ျားကိုသတ်သော မိန်းမပျိုတစ်ယောက် ၏အကြောင်းကို ဖတ်ရှုရလေရာ စိတ်ထဲ၌မသက်သာသဖြင့် အချုပ် ထောင်သို့သွားရောက်ကြည့်ရှုလေလျှင် အချုပ်ခံ၍နေရသော





မိန်းမပျိုကိုမြင်လျှင် များစွာပင် အံ့အားသင့်၍နေရှာလေ၏။

အကြောင်းမူကား ထိုမိန်းမပျို၏မျက်နှာသည် မိမိနှင့် အသိအကျွမ်းဖြစ်ဖူးသော မျက်နှာဖြစ်သည်ကို ကောင်းစွာသိရ လေ၏။ သို့သော်လည်း အဘယ်မှာ တွေ့ဖူးကြုံဖူးသည်ကို ကောင်းစွာ မမှတ်မိသောကြောင့် ဆက်လက်ကြည့်ရှုကာ အတန် ကြာ စဉ်းစား၍နေသောအခါ စိတ်ဉာဏ်အတွင်းအလင်းဓာတ် ပေါ်၍ လာလေ၏။

ထိုမိန်းကလေးသည် အခြားမဟုတ်။ မိမိ၏အမှုဖြစ်ပြီး နောက်တစ်ညဉ့်၌ စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း)၌ ကြုံတွေ့ခဲ့ရသော ဖွားဥ ခေါ် မိမိကို သွေးဆောင်သူ မိန်းကလေး တစ်ယောက်ဖြစ်ကြောင်းကို တွေ့ရှိရလေ၏။

ထိုမိန်းကလေးသည် မိမိဆင်းရဲဒုက္ခရောက်၍နေစဉ် ငွေ ကြေးအနည်းငယ်မျှ ထောက်ပံ့လိုက်သည်ကို သတိရသောအခါ မောင်သာရ၏ ကျေးဇူးတင်သောစိတ်သည် သနားသောစိတ်၊ ကိုယ်ချင်းစာသောစိတ်နှင့် ပူးပေါင်းကာ ထက်သန်စွာ ပေါ်၍လာ လေ၏။

ငါသည် အဘယ်ပုံ ကူညီစောင်မရပါမည်နည်း။ ငါကဲ့သို့ပင် မဟုတ်မတရား စွပ်စွဲခြင်းကို ခံရရှာလေသလား။ ဤသူငယ်မသည် မည်သူ့ကို သတ်ပါသနည်း စသည်ဖြင့် တွေးတောကာ ၎င်း၏အပါးသို့ ချဉ်းကပ်ပြီးလျှင်–

''ဟော့.....သူငယ်မ၊ မင်း ငါ့ကိုသိရဲ့လား''

ဟုမေးလေ၏။

မိန်းမပျိုသည်ကား ကြောက်ရွံ့ခြင်းကြောင့် သတိဉာဏ် ကင်းမဲ့လျက် တစ်စုံတစ်ရာကိုမျှ မမှတ်မိချေ။ ဤသားနားစွာ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စား၍လာသောသူသည် အဘယ်သို့သော အရာရှိပေနည်းဟု တွေးတောကာ တိုး၍ကြောက်ရွံ့သောလက္ခဏာကိုသာ ပြရှာလေ၏။ မောင်သာရက–

''ဟေ့.....မင်း ငါ့ကို မမှတ်မိဘူးလား၊ စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း)မှာ မင်းနဲ့ငါ ညတစ်ညမှာ တွေ့ခဲ့တာကို မင်း သတိမရဘူးလား၊ မင်းကျေးဇူး ငါ့မှာ ရှိသည့်အတွက် မင်းကို ငါ ကြည့်ရှုစောင်မဖို့ရန် ငါ လာခဲ့တယ်''

ဟုပြောလေသောအခါ မိန်းမပျို၏မျက်နှာ၌ အကြောက် စိတ်ပပျောက်ကာ အလင်းရောင်ပေါ်၍လာပြီးလျှင်–

''သြော်.....ရှင် အရင်ကလို မဟုတ်ပါလား၊ ကျွန်မ ရှင့်ကို အင်စပက်တော်တစ်ယောက်လို့ မှတ်ထင်မိပါတယ်''

မောင်သာရ။ ''ငါ အင်စပက်တော် မဟုတ်ဘူး၊ ငါ ရှေ့နေ ဖြစ်တယ်၊ မင်းကို ငါ ကယ်ဆယ်မလို့လာခဲ့တယ်၊ အားမ ငယ်နှင့် စိတ်ကိုတင်းပါ၊ ငါဟာ မင်းကို ဂရုပြုတဲ့ မိတ်ဆွေတစ်ယောက်ဖြစ်ပါတယ်''

ဖွားဥ။ ။ ''ကျွန်မ အင်မတန်ကြောက်ပါတယ်၊ ကျွန်မ ဘာမှ မလုပ်မိပါဘူး၊ ကျွန်မကို တတ်နိုင်ရင် ကယ်ပါ၊ ကျွန်မကို သူတို့ ဘာဖြစ်လို့ ဖမ်းကြလဲ မသိဘူး၊ ကျွန်မနဲ့သူနဲ့ နည်းနည်း စကားများပါတယ်၊ သူဟာ တခြားမိန်းမတစ်ယောက်နဲ့ ပျော်ပါးနေသည့်အတွက် ရှင့်ကိုကျွန်မ သတ်ပစ်မယ်လို့ ပါးစပ်က လွှတ်ခနဲ ပြောမိပါတယ်၊ မနက်မိုးလင်းတော့ သူ့ရင်ဘတ်မှာ ဓားကြီးစိုက်ပြီး သေနေတာပါပဲ၊ မသေမီညမှာ သူ့ကို ပြောမိဆို





မိသည့်အတွက် ကျွန်မ အသည်းနာတာပါပဲ၊ ကျွန်မ အင်မတန် ချစ်တဲ့လင်ပါ၊ ကျွန်မ သူ့ကို တကယ် သတ်ဖို့ပြောတာ မဟုတ်ပါဘူး''

ဟုပြောကာ မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ ရှိုက်ငင်၍ ငိုရှာလေ၏။

မောင်သာရသည် ၎င်းကို အားပေးပြီးနောက် ဂါတ်စစ်ဆေး၍နေသော သက်သေများကို လာရောက်နားထောင်လေရာ ဖွားဥ၏အခန်းနှင့်ယှဉ်၍နေသော မိန်းမတစ်ယောက် အစစ်ခံ၍နေသည်ကို တွေ့မြင်ရလေ၏။

၎င်း၏အစစ်ခံချက်အရ ဖွားဥသည် သေဆုံးသူနှင့်အတူ ထိုအခန်း၌နေသည်မှာ တစ်လခန့်ကြာလေပြီဖြစ်ကြောင်း၊ မသေမီညဦး၌ လင်မယားနှစ်ယောက် ခိုက်ရန်ဖြစ်ပွားပြီးလျှင် ဖွားဥက မိမိလင်ကို သတ်မည်ဟု ကြိမ်းမောင်းကြောင်းများကို သိရလေ၏။

ဖွားဥ၏အစစ်ခံချက်မှာလည်း ထိုအကြောင်းများ ပါရှိလေရာ ဖွားဥအပေါ်၌ လုံးလုံးကြီး အပြစ်ရောက်၍ နေရှာလေ၏။ ဖွားဥမှာ အပျော်မိန်းမကလေးဖြစ်သဖြင့် ထိုပြစ်မှုကို သူပင် ကျေနပ်ပြုမည်၊ အခြားမည်သူမျှ လာရောက်၍မပြုနိုင်ဟု ပုလိပ်နှင့်တကွ ကြားသိရသူအားလုံးတို့၏စိတ်၌ ယုံကြည်ကြသည်ဖြစ်လေရာ ဖွားဥ၏အမှုမှာ ခုခံပြင်ဆင်နိုင်ရန် အကြောင်းမရှိ၊ အသေအချာ ဆင်ရှား၍နေလေသတည်း။

အဆိုပါမိန်းမ၏စစ်ချက်ကိုယူပြီးသောအခါ အသက်ငါးဆယ်ခန့်ရှိသော ယောက်ျားကြီးတစ်ယောက်သည် ၎င်းအမှု၌ အစစ်ခံရန်အတွက် ဝင်ရောက်၍ လာလေ၏။

၎င်းယောက်ျားကြီးကို စစ်မေးရာ၌ အသတ်ခံရသူသည်



www.burmeseclassic.com

www.burmeseclassic.com



မိမိခိုင်းစေ၍နေသူဖြစ်ကြောင်း၊ မိမိ၏ စာရေးကြီးဖြစ်ကြောင်း။ လွန်ခဲ့သော တစ်လနှစ်လခန့်အတွင်း ၎င်းတို့သည် များစွာ စိတ်လက်လေး၍နေဟန်ရှိကြောင်း စသည်ဖြင့် ထွက်ဆို၏။

၎င်း၏ထွက်ချက်၌ အသတ်ခံရသူသည် မည်သူမည်ဝါဖြစ်သည်ဟူသောအကြောင်းမှတစ်ပါး အခြားအရေးကြီးသော အချက်များ မရှိ။ ဖွားဥ၏အပေါ်၌ ထင်ရှားလျက်နေသော အပြစ်ကို ပေါ့လျော့ခြင်းဖြစ်စေနိုင်သော ထွက်ဆိုချက် မဟုတ်ချေ။

ထိုသက်သေနာမည်မှာ ဦးစိန်ဖြစ်လေသည်။ မောင်သာရလည်း ၎င်းစစ်ချက်များကို နားထောင်၍ပြီးသောအခါ တရားခံ၌ ဖြစ်ပျက်၍နေသောအမှုသည် မိမိတွေ့ကြုံရသောအမှုနှင့် မခြားမနား အလွန်ထင်ရှား၍နေသည်ကို တွေ့ရှိရသောကြောင့် သူငယ်မကလေးအား ကယ်ဆယ်ပါမည်ဟု ကတိထားမိသော်လည်း လွတ်မြောက်အောင် ကယ်ဆယ်နိုင်ဖို့ နည်းလမ်းကို အဟုတ်အဟတ် တွေးကြံ၍ မရသောကြောင့် စိတ်အား ခပ်ငယ်ငယ်နှင့် ပြန်သွားရလေ၏။

ထို့နောက် မောင်သာရသည် အလောင်းကို သွားရောက်ကြည့်ရှုလေရာ အသတ်ခံရသူသည် မောင်စောဖြစ်ကြောင်းကိုတွေ့ရ၍ လွန်စွာအံ့အားသင့်၍နေလေ၏။ ထို့နောက် မောင်စော၏အကြောင်းကို ပိုမိုသိရှိနိုင်ဖို့ရန် ဦးစိန်ထံသို့သွားရလျှင်တော်မည်ဟု အကြံပြုပြီးလျှင် ဦးစိန်ထွက်ဆိုသော ရန်ကုန်မြို့ အရှေ့ပိုင်းသို့ သွားရောက်လေ၏။

ဦးစိန်၏နေအိမ်သည် လွန်စွာတိတ်ဆိတ်သောအိမ်ဖြစ်လေ၏။ ၎င်းနေသောအရပ်မှာလည်း ရန်ကုန်မြို့အရှေ့ပိုင်းတစ်ခုသောအစွန်ပိုင်းဖြစ်လေရာ လူသူအသွားအလာ လွန်စွာနည်းပါးသောရပ်ကွက်ဖြစ်လေ၏။





၎င်းအိမ်မှာ တံခါးများကိုပိတ်လျက် လူသူမရှိသောအိမ်အသွင်နှင့်တူလေရာ ကျယ်သောခြံနှင့်အိမ်၏အခြေအနေမှာ အတော်ပင် ခန့်ညားသောကြောင့် သာမန်မျှသောသူတို့သည် စွန့်စားဝင်ရောက်ခြင်းငှာ မဝံ့ကြချေ။

၎င်းအိမ်၌နေသူမှာ အထက်မြန်မာပြည်မှလာရောက်နေထိုင်သော လက်ကားကျောက်ကုန်သည် သူဌေးကြီးတစ်ယောက်ဖြစ်သည်ဟု သတင်းဖြစ်ပွားနေလေ၏။ မောင်သာရ သည် အိမ်ရှေ့ဆင်ဝင်အောက်သို့ ရောက်သွားသောအခါ တစ်ယောက်တည်း တမာကူသောက်၍နေသော အိမ်စောင့်ဒလဝမ်ကုလားကို တွေ့မြင်ရလေ၏။ ထိုအခါ မွန်းလွဲချိန်ဖြစ်လေရာ လွန်စွာတိတ်ဆိတ်၍နေလေသတည်း။

မောင်သာရသည် ဒလဝမ်ကုလားအား အိမ်ရှင်ကို တွေ့လိုကြောင်းနှင့် ပြောဆိုအခွင့်တောင်းလေရာ ဒလဝမ်ကုလားသည် မောင်သာရကို ခေတ္တအစောင်းခိုင်းခဲ့ပြီးလျှင် အိမ်ပေါ်သို့ တက်သွားလေ၏။

အတန်ကလေးကြာသော ဒလဝမ်ကုလားသည် ဆင်း၍လာပြီးလျှင် မောင်သာရကို အိမ်ပေါ်သို့တက်ရန် ခေါ်၏။ မောင်သာရလည်း အိမ်ပေါ်သို့တက်၍ လိုက်သွားပြီးလျှင် အိမ်ရှေ့ခန်း ကုလားထိုင်ပေါ်တွင် ထိုင်ကာ စောင့်၍နေလေ၏။

အိမ်ပေါ်၌ တစ်စုံတစ်ရာမျှသောအသံကို မကြားရ။ အလွန်တရာ ဆိတ်ငြိမ်သည်ကို သိရှိရလေ၏။ အတန်ကြာ စောင့်နေသောအခါ အတွင်းမှချောင်းဆိုးသံကို ကြားရပြီးနောက် ခြေသံကို ဆက်၍ကြားရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဦးစိန်သည်အပြင်သို့ထွက်၍သွားပြီးလျှင် မောင်သာရ၏အနီး၌ရှိသော ကုလားထိုင်တစ်ခုကို ဆွဲယူကာထိုင်ပြီးလျှင်–

''မောင်ရင် အဘယ်ကိစ္စနှင့်ရောက်လာသလဲ''ဟုမေးလေ၏။ မောင်သာရက မိမိသည်အခြားအကြောင်းနှင့်လာသည်မဟုတ်။ မောင်စော၏အကြောင်းကို ပို၍သိလိုသဖြင့်လာကြောင်းကို ပြောဆိုလေ၏။

ဦးစိန်။ ။ ''ဦးသိသလောက် အကုန်အစင် အစစ်ခံခဲ့ပါပြီ၊ ထိုအစစ်ခံချက်ဟာ ဦးသိသလောက် အကုန်အစင်ပါပဲ၊ မောင်ရင် ဘာကို ပို၍ သိချင်ပါသလဲ''

သာရ။ ။''ကျွန်တော်သိချင်တာက ဦးဆီမှာ သူဘယ်လို အလုပ်မျိုး လုပ်ရတယ်ဆိုတဲ့အကြောင်းပါပဲ''

ဦးစိန်။ ။ ''သူ့အလုပ်က အခြားမဟုတ်၊ ဦး၏အလုပ် များကို ကူညီလုပ်ပေးရတဲ့ အလုပ်များပင်ဖြစ်ပါတယ်၊ တစ်ရံတစ်ခါ သူ့ကို ဘုံဘိုင်မြို့သို့ အသွားခိုင်းပြီး၊ တစ်ခါတစ်ခါ ကျောက်များကို ယူရန် အထက်မိုးကုတ်ကို လွှတ်ရပါတယ်၊ သူ၏အလုပ်မှာ ဦး၏ကိုယ်စားလှယ် ကျောက်ကုန်သည်လို ဖြစ်ပါတယ်၊ တခြားအလုပ် မရှိပါဘူး၊ တစ်ရံတစ်ခါ ဦးဆီမှ စာရင်းအင်းများကို ကိုင်ပြီး စာပေးစာယူများကို လုပ်ရပါတယ်၊ မောင်သည်အမှုမှာ ဘယ်လိုဆောင်ရွက်ပါသလဲ''

သာရ။ ။ ''ကျွန်တော် သည်အမှုမှာ တရားခံဘက်က ရှေ့နေပါပဲ''

ဦးစိန်။ ။ ''ဩော်.....မောင်ရင်က ရှေ့နေကိုး၊ သာရ....သာရ၊





ဒီတရားခံမိန်းကလေးဟာ ခိုကိုးရာမဲ့ ဖြစ်နေရှာတယ် ထင်ပါရဲ့၊ အလွန်တရာမှ သနားစရာကောင်းနေတာပါပဲ၊ သည်သူငယ်မလေး၏ ပုံပန်းဟာ သည်လောက်တောင် ရဲတင်းရက်စက်နိုင်မယ့် လက္ခဏာမရှိပါဘူး၊ အမှုဆိုတာ အင်မတန် ထင်ရှားတယ်လို့အောက်မေ့ရပေမယ့် ဟုတ်ချင်မှ ဟုတ်တာကလား၊ ဟို အရင်က မောင်သာရဆိုတဲ့ သူငယ်ကလေးအမှုမှာ ဦးတို့ ကြားလိုက်ရပုံဖြင့် အင်မတန်မှ အံ့ဩစရာကောင်းတာပဲ၊ အခုအမှုဟာလဲ သည်နည်းအတိုင်း ဖြစ်ချင်ဖြစ်နေမှာပဲ၊ မောင်စော ဆိုတဲ့အကောင်က ငယ်ပေမယ့် အတော်ရှုပ်သား မောင်ရင်ရဲ့ သည် တော့ သူ့မှာလည်း ရန်သူများ ကင်းမှာမဟုတ်ဘူး၊ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဆိုတာလို သည် သူငယ်မလေးအပေါ်မှာ မတော်တဆ အပြစ်များ ရောက်နေသလား မသိဘူး၊ ကြိုးစားပါ မောင်ရင်ရဲ့ လွတ်အောင် အားထုတ်ပါ၊ ဦးဖြင့် ယနေ့မနက် သနားလွန်းလို့ မျက်နှာတောင် မကြည့်ရက်ပါဘူး''

ဟုပြောပြီး ဆက်လက်၍ စကားပြောကြလေရာ မောင်သာရသည် တစ်စုံတစ်ရာ ပို၍ မသိရ။ ဦးစိန်မှာ ကောင်းစွာမကျန်းမာသူဖြစ်ကြောင်းကိုသာ သိရလေ၏။

သို့ရာတွင် မောင်သာရ၏စိတ်၌ သံသယမကင်းဖွယ် အခြင်းအရာတစ်ခု ပေါ်ပေါက်၍နေသည်မှာ အခြားမဟုတ်၊ ၎င်း ဦးစိန်သည် လမ်းမတော်ရပ် ဂိုဒေါင်ကြီးမှ ကြားခဲ့ရသော မောင်စော၏ ခိုင်းစေသူပင် ဖြစ်လေသလားဟူသော အခြင်းအရာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ဂုင်းအကြောင်းကို ဆက်လက်၍တွေးတောလိုက်သော အခါ ထိုအကြောင်းသည် သာလွန်ထင်ရှား၍လာလျက် မောင်စောနှင့် အပြန်အလှန် တစ်ယောက်ကိုတစ်ယောက် ကြောက်ရွံ့နေသည် ဆိုသောသူသည် ထိုသူပင် ဖြစ်တန်ရာ၏ဟု ဒီဌပင် သိရလေ၏။

မောင်စော၏ထံ၌ ရှိသည်ဟု ကြားသိရသောစာသည်လည်း ဂုင်း၏လက်တွင် ရှိတန်ရာ၏။ ထိုစာသည် အဘယ်သို့သောစာပေတည်း။ ထိုစာကိုရလျှင် ငါ့အား အဘယ်ကဲ့သို့သော အယောက်အပံ့ကို ဖြစ်စေနိုင်မည်နည်း စသည်ဖြင့် တွေးတောလေ၏။

မောင်သာရသည် အိမ်သို့ရောက်၍သွားသောအခါ လက်ဘက်ရည်ကို လျှင်မြန်စွာသောက်ပြီး ဦးဘိုးသိန်း၏ထံသို့သွားရောက်ကာ အလုပ်လုပ်ရင်း တိုင်ပင်နှီးနှောကာ အကျိုးအကြောင်းကို ပြောပြလေ၏။ ထိုအခါ ဦးဘိုးသိန်းက–

''ယခု တူမောင်၏အရေး ပေါ်ပြီ၊ တူမောင်၏နာမည်ကောင်းဖို့ ဖြစ်ပွားလာတဲ့အရေးပဲ၊ သည်အမှုမှာ တူမောင် အရေးသာဖို့ အကြောင်းရှိတယ်၊ သည့်အတွက် တူမောင်၏အရေးက ဦးထံမှာ အလုပ်လုပ်ဖို့ အရေးထက် ပိုမိုကြီးမား၍နေပါတယ်၊ ဦး၏အလုပ်များကို တူမောင်စောင့်ဆိုင်း၍ထားပြီး တူမောင်၏အလုပ်များကိုသာ ကြိုးစားပါဦး''

ဟုပြော၍ အခွင့်လွှတ်လိုက်၏။

မောင်သာရသည် ဦးဘိုးသိန်းကို အားရဝမ်းသာ ကျေးဇူးတင်လျက် ထွက်လာလေ၏။ အိမ်သို့ရောက်သောအခါ ခါ





လာသော့နှင့် ဦးသာဇံအား အကျိုးအကြောင်းများကို ပြောပြပြန်လေရာ ဦးသာဇံသည် များစွာပင် ဝမ်းသာသော်လည်း မိမိဝါသနာအတိုင်း အားရှိဖို့စကားကို မပြော။

''တိမ်မြုပ်စပြုတဲ့ မင်းအမှုဟာ ရှုးချာချာလုပ်လျှင် ထပ်ပြီး ပေါ်လိမ့်မယ်၊ နာမည်ပျက်ရုံဖြင့် တော်ပါရဲ့၊ အသက်ပါ သေမှာကို စိုးရတယ်၊ စက်ာပူမြေမှာ ဖြစ်ပျက်တာကို သတိရရဲ့လား၊ ဘုန်းကြီးအမှု ရွာပတ်ဆိုတာလို မကောင်းတဲ့မိန်းကလေးအမှုဟာ မင်းမှာ လာပတ်ပြီး မဆိုင်တာကို ဝင်စွက်မိသည့်အတွက် အသက်ဘေး ရောက်မှာကို စိုးရတယ်၊ မင်းပြောတာလိုဖြင့် တော်တော်ဉာဏ်ကြီးတဲ့ လူတစ်ယောက်ခေါင်းဆောင်၍နေတာပဲ၊ သို့သော် သတိထားဟေ့၊ သည်အမှုမျိုးမှာ ထင်မြင်ယုံကြည်တဲ့အရာကို မလိုက်နဲ့၊ မထင်မြင် မယုံကြည်တဲ့အရာကို လိုက်ရမယ်၊ ဉာဏ်ကြီးတဲ့လူများဟာ မကောင်းမှုကိုပြုသည့်အခါ ထင်လွယ်မြင်လွယ်တာကို မပြုကြဘူး''

ဟု ပြောပြလေ၏။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

တင်မေကြီးနှင့် မောင်ဘလုံတို့ ထိမ်းမြားမင်္ဂလာပြုမည် ဟူသော ဖိတ်စာများသည် ထွက်ပေါ်၍ လာကြလေ၏။ ထိုဖိတ်စာများအကြောင်းကို မောင်သာရ ကြားသောအခါ အသည်းကို လှံနှင့်ဆွသလိုဖြစ်လျက် အမှုကို ဆောင်ရွက်ရန် အကြံဉာဏ်တုံးလုခမန်း ဖြစ်လေ၏။

သို့သော်လည်း မိမိ၏စိတ်ကို အနိုင်နိုင်ဆုံးမပြီးလျှင် တင်မေကြီး၏အကြောင်းကို အနည်းငယ်မျှ မတွေးတော့ဘဲ စိတ်ထဲ၌ တင်မေကြီး၏နာမည် ပေါ်ပေါက်၍လာသည့်အခါတိုင်း မေ့လျော့ပျောက်ပျက်ရအောင် ကြိုးစား၍ ဖျောက်ဖျက်ရရှာလေသတည်း။

သို့သော်လည်း အဘယ်မျှပင် ကြိုးစားစေကာမူ ဖျောက်ဖျက်၍ မရသည်သာမက တင်မေကြီး၏မျက်နှာသည် မိမိ၏ မျက်နှာရှေ့တွင် အမြဲပင် ပေါ်၍ နေသကဲ့သို့ မှတ်ထင်ရလေ၏။

တင်မေကြီးသည် မောင်ဘလုံ၏ရင်ခွင်ထဲသို့ရောက်





တော့မည်။ ငါနှင့်အတူ သွားလာတွေ့ကြုံခဲ့ရသမျှတို့ကို သတိမှ ရပါတော့မည်လား။ ယခုပင် မောင်ဘလုံ၏ရင်ခွင်ထဲသို့ အဘယ် နှစ်ကြိမ်ကျရောက်ကာ အဘယ်မျှလောက်ကြီးမားသော သုခ စည်းစိမ်ကို ခံစား၍ နေခဲ့ရပါမည်နည်း။

ဩော်.....မိန်းမ.....မိန်းမ ကလေးတို့သဘာဝအလား သတ်တလော မုန့်ပေး၍ မြူချိုက်စားသူကို ဘွားခနဲ တွေ့မှဖြင့် အထက်ထက်က ကျွေးမွေးပေးကမ်းခဲ့ဖူးသူကို လုံးလုံးကြီး မေ့တော့တာပဲ၊ မောင်ဘလုံဆိုတဲ့ ငနဲက ယခုအခါ အဘယ် ကဲ့သို့သော အမြိုက်အရသာ ဘောဇဉ်ခဲဖွယ်များနှင့် မြူ၍များ စားနေပါသလဲ စသည်ဖြင့် တွေးတောကာ ရင်ဝတွင် သံဘွိုင်လာရေနွေးအိုးကို မီးထိုးပေး၍ ဆူသလို ဆူပွက်ကာ နေလေ၏။

သို့သော်လည်း ထိုအရေးကြီးသောအမှုကို လိုက်ဖို့ရန် နေ့ရက်သည် ချဉ်းကပ်၍လာတော့သည်ဖြစ်သောကြောင့် တင်မေကြီးနှင့်ပတ်သက်သော အပူလုံးကို ခေတ္တမျှ မီးအုံး၍ထားပြီးလျှင် ထိုအမှုအကြောင်းကို တွင်တွင်ကြီး အရေးစိုက်ဖို့ရာ ကြိုးစားအား ထုတ်၍ နေရှာလေသတည်း။

အမှုစီရင်ရန် နေ့ရက်သည် ဆိုက်ရောက်၍ လာလေ၏။ ထင်ရှားကျော်စောသော ဤအမှုသည် တစ်မြို့လုံး သတင်းပျံ့နှံ့သောအမှုဖြစ်လေရာ နားထောင်ရန် လာကြသောသူတို့သည် ရုံး၌ [illegible]စွာပင် စည်ကားများပြားကြပေ၏။

တရားခံမိန်းမပျိုသည် စစ်တန်းတွင် မျက်လုံးဝိုင်းလျက် တစ်ချက်တစ်ချက် သတိလစ်ကာ ငါ အဘယ်ကိုရောက်၍ နေပါသနည်းဟု တွေးတော၍ မရသကဲ့သို့ နေရှာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာရသည် တရားခံ၏ရှေ့နေအဖြစ်နှင့် ဝင်ရောက်၍ သွားသောအခါ အခြားရှေ့နေများနှင့်တကွ ပရိသတ်တို့သည် တီးတိုးစကားပြောကြလျက် ပြုံးရယ်ကြလေ၏။

မောင်သာရမှာမူ ရှေ့နေပင်ဖြစ်သော်လည်း ရုံးကိုတစ်ခါမှမတက်ဖူးသောကြောင့်တစ်ကြောင်း၊ အမှုကို တစ်ခါမှမလိုက်ဘူးသောကြောင့်တစ်ကြောင်း၊ အများလူတို့က မိမိအပေါ် အဘယ်ပုံ ထင်မြင်သဘောရကြသည်ကို သိရှိပြီးဖြစ်သောကြောင့် တကြောင်း၊ တရားဝန်ကြီးမှာလည်း မိမိအမှုကို စီရင်သော တင်မေကြီး၏ဖခင်ပင် ဖြစ်သောကြောင့်တကြောင်း၊ အမှု၏ ခက်ခဲခြင်းကြောင့်တကြောင်း အတော်ပင် ကြောက်ရွံ့ အားငယ်ရှာလေ၏။

သို့သော်ငြားလည်း ယောက်ျားဟု စိတ်ကိုတင်းလျက် မျက်နှာထားတည်တည်နှင့် ဝင်ရောက်၍ ရပ်သောအခါ တရားဝန်ကြီးသည် ၎င်းမျက်နှာကို ကလန်ကြီးစွာနှင့် ကြည့်နေလေ၏။

တရားဝန်ကြီး၏စိတ်၌ မောင်သာရနှင့် တစ်ဘက်တစ်လမ်းဖြစ်၍ နေသည်မှာ များစွာပင် ထင်ရှားပေသတည်း။ မောင်သာရသည် စွဲချက်များနှင့် အစိုးရရှေ့နေစကားများကို သေချာစွာနားစိုက်၍ ထောင်လေ၏။

မိမိစစ်လိုသော သက်သေများကို စစ်ဆေးခြင်း မပြုရသေးမီအတွင်း စကားတစ်ခွန်းကိုမျှ မပြောဘဲ ဆိတ်စွာသာ နေလေ၏။

နောက်ဆုံး၌ မိမိကြိုတင်၍စီမံထားသော သက်သေများကို စ၍စစ်ဆေးရန် အချိန်သို့ ရောက်၍လာလေ၏။ ရှေးဦးပထမ စစ်ဆေးသော သက်သေမှာ လမ်းမတော်ဂိုဒေါင်မှ အဘိုးကြီး





တစ်ယောက်ဖြစ်လေ၏။

သာရ။ ။ ''ခင်ဗျား သေတဲ့လူကို သိရဲ့လား''

အဘိုးကြီး။ ။ ''ကျုပ်နှင့်ဘာဆိုင်၍ ခင်ဗျား ခေါ်မေးသလဲ၊ သည်အမှုမှာ ကျုပ်နှင့် ဘာမျှမဆိုင်ဘူး၊ ဖြစ်ပွားတဲ့နေရာဟာလဲ ကျုပ်နဲ့ အဝေးကြီးပါ၊ ညောင်ဦးက ကမ်းပါးပြို စပယ်နုခိုက နွားမ ခါးကျိုး ဆိုတာလို ကျွန်တော်နှင့် သည်အမှု ဘာသက်ဆိုင်စရာ ရှိသလဲ''

မောင်သာရ။ ။''ခင်ဗျားနဲ့ သက်ဆိုင်တယ်လို့ မပြောဘူး၊ ခင်ဗျားကို သည်အမှုမှာ တရားခံအဖြစ်နှင့် မေးတာလဲ မဟုတ်ဘူး၊ သက်သေအဖြစ်နှင့်သာ မေးတာပါ၊ ဘာကိုမှ ကြောက်စရာ မရှိပါဘူး၊ ခင်ဗျား ကျမ်းကိုင်ပြီး ကျောင်းဒကာကြီး အသက်လဲ ကြီးပြီ၊ ကျမ်းစူးမှာကို မကြောက်ဘူးလား၊ ဟောဟို တရားခံ သူငယ်မလေးကို ကြည့်စမ်းပါ၊ မဟုတ်မမှန်ဘဲနှင့် အပြစ်ဒဏ်ခံရလျှင် အင်မတန်မှ သနားစရာကောင်းပါတယ်၊ ကျောင်းဒကာကြီးရဲ့သမီးလေးလို သဘောထားပြီး မှန်ရာကို ထွက်ပါ၊ ကျောင်း ဒကာကြီး ကို ကျွန်တော် အထူးသတိပေးချင်တာက အခြားမဟုတ်၊ မဟုတ်မမှန် ထွက်ဆိုလျှင် 'ကျောင်းဒကာကြီးအပေါ်မှာ အပြစ်ရောက်လိမ့်မယ်''

ဟုမျက်နှာကို တည့်တည့်ကြည့်ကာ လက်ညှိုးထိုးလျက်

www.burmeseclassic.com



ပြောလေ၏။

ထိုအခါ အဘိုးကြီးလည်း မျက်လုံးပြူးလျက် မောင်သာရ၏မျက်နှာကို ကြောက်ရွံ့သောအမူအရာနှင့် မော်ကာကြည့်လျက် ပါးစပ်ဟ၍ နေရှာလေ၏။

သာရ။ ။ ''ကိုင်း.....ယခု ကျုပ် မေးတာကို ပြော၊ တခြားစကားကို မပြောရဘူး၊ သေတဲ့လူကို သိရဲ့လား''

အဘိုးကြီးသည် တရားခံမိန်းကလေးကို စောင်းငဲ့ကာကြည့်ပြီး သနားသောအမူအရာနှင့်-

''သိပါတယ်မောင်၊ သိပါတယ်မောင်''

ဟုပြောလေ၏။

သာရ။ ။ ''သူ ခင်ဗျားတို့အိမ်ကို လာပြီး စာတစ်စောင် အကြောင်းနှင့်ပတ်သက်၍ လူတစ်ယောက်နှင့် အချင်းစကား မများဖူးလား''

အဘိုးကြီး။ ။''များဖူးပါတယ်၊ အင့်ဟင်.....ဘယ်တုန်းက မောင်ရင် ဒါတွေ သိသလဲ''

အဘိုးကြီး။ ။''သုံးလေးကြိမ်လောက် စကားများတာပဲ၊ ဘကြီးလဲ သေသေချာချာ မမှတ်မိဘူး၊ အိမ်က အမယ်ကြီးကို မေးကြည့်ဦးမှ သေသေချာချာ သိမှာပဲ''

သာရ။ ။ ''သေတဲ့လူဟာ ခင်ဗျားအိမ်ကို အဖော် ဘယ်နှစ်ယောက်နှင့် လာတတ်သလဲ''

အဘိုးကြီး။ ။''အဖော်သုံးယောက်၊ လေးယောက်နှင့် လာတတ်တာပဲ''

သာရ။ ။ ''ဒီလူများကို ခင်ဗျားမြင်ရင် မှတ်မိပါ့မလား''

အဘိုးကြီး။ ။''မှတ်မိပါတယ်''





သာရ။ ။ ''သည်စာအကြောင်းအပြင် တစ်ခြား ဘာအကြောင်းများကို ပြောကြပါသလဲ''

အဘိုးကြီး။ ။''တောင်စဉ်ရေမရတွေ လျှောက်ပြောတာပေါ့ မောင်ရင်ရဲ့၊ ဘယ်မှတ်မိမလဲ၊ ဘုရားဟောတာကို ညီတော်အာနန္ဒာမှတ်မိပေတဲ့ သူတို့ပြောတာကို ဘကြီး မမှတ်မိနိုင်ဘူး''

ထိုအခါ ပရိသတ်များသည် ရယ်မောကြလေ၏။

သာရ။ ။ ''ဦးထွန်းသိန်းဆိုတဲ့လူကို ခင်ဗျား သိရဲ့လား''

အဘိုးကြီး။ ။''ဦးထွန်းသိန်း ဘယ်သူဘယ်ဝါ သားသမီးဖြစ်ပါလိမ့် သိပေါင်ဗျာ၊ မဆီလေးရယ်တဲ့ အိုမဆိုင်ဆိုတာလို မောင့်ဟာတွေက စကတည်းက ဘာမဆိုင် ညာမဆိုင်ဟာတွေပါကလား''

သာရ။ ။ ''ဟိုအရင်တစ်နှစ်က အသတ်ခံရတဲ့ တိုင်းကျိုးပြည်ကျိုးဆောင် ဦးထွန်းသိန်းပေါ့ခင်ဗျ''

အဘိုးကြီးသည် တအောင့်ကလေး စဉ်းစား၍နေပြီးမှ တယ် မထူးတော့ပါဘူး၊ သည်လောက် စမိလို့ရှိမှ ပြောပါတော့မယ်၊ သင်းတို့ဆီ နေရတာ တထိတ်ထိတ် တလန့်လန့်နှင့် ဘာမှလဲ အတိတိပတ်တိ အကျိုးမခံစားရဘူးဟု တွေးတောပြီး-

''ဩော်.....ဒီဦးထွန်းသိန်းကို မောင်ရင် မေးသလား၊ သူလဲ ကျုပ်ဆီကို လာတဲ့အထဲမှာ အပါအဝင်တစ်ယောက်ပဲ၊ သူ့ကို ဘာဖြစ်လို့ မသိရမလဲ၊ သေသေချာချာ သိပေါ့ မောင်ရင်ရဲ့''

ထိုစကားကို အဘိုးကြီးပြောလိုက်သောအခါ ပရိသတ်များမှစ၍ တရားသူကြီး၊ ရှေ့နေ၊ ဝတ်လုံတို့ပါ တီးတိုးစကားပြောကြလျက် တစ်ရုံးလုံး ဥဩဒေးယျ ဖြစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာရကို အံ့ဩသော အမူအရာများနှင့် ဝိုင်း၍ ကြည့်ကြလေ၏။ ၎င်းအပေါ်၌ ထားကြသော သေးငယ်သော ထင်မြင်ချက်သည် ပျောက်ကွယ်စပြုပြီးလျှင် အရေးယူသော မျက်နှာထားနှင့် ကြည့်ကြလေ၏။

သာရ။ ။ ''အဲဒီ ဦးထွန်းသိန်းလဲ စာတစ်စောင်နဲ့ ပက် သက်ပြီး လူတစ်ယောက်ယောက်နှင့် စကားမများဖူးဘူးလား''

အဘိုးကြီး။ ။''များဖူးပါတယ်''

သာရ။ ။ ''အဲဒီ စကားများတဲ့လူဟာ မောင်စောနှင့် စကားများတဲ့လူပဲလား''

အဘိုးကြီး။ ။ ''မှန်ပါတယ်၊ မောင်ရင် တယ်သိပါကလား''

ထိုအခါ တစ်ရုံးလုံး ဆိတ်လျက် တရားသူကြီးနှင့်တကွ ပရိသတ်အားလုံးတို့ ပါးစပ်ဟကာ ငေးမော၍နေကြလေ၏။

သာရ။ ။ ''အဲဒီ စကားများတဲ့လူနာမည်ကို သိရဲ့လား''

အဘိုးကြီး။ ။ ''သိပါတယ် မောင်ရင်ရဲ့၊ မောင်ဘိုးကြူးလို့ ခေါ်ပါတယ်''

သာရ။ ။ ''နို့.....ကိုစိန် ဆိုတာကို ကြားဖူးရဲ့လား''

အဘိုးကြီး။ ။''သူပါပဲ မောင်ရဲ့၊ မူလကြည် တစ်မျိုး မူး ကြက်တစ်မျိုး ဆိုတာလိုပါ၊ ပါနီနဲ့ ရေပါပဲ''

မောင်သာရသည် ၎င်းကိုစစ်ပြီးနောက် အမယ်ကြီးကို ခေါ်ယူစစ်ဆေးပြန်လေ၏။ အမယ်ကြီး ဝင်၍လာသောအခါ အမှု ရှေ့နေနှင့်တကွ တရားသူကြီးပါ အဘယ်က သက်သေ ရောက်၍နေပါသလဲဟု တွေးတောအံ့ဩ၍နေကြလေ၏။

မောင်သာရ။ ။''ခင်ဗျားအိမ်ကို ဘယ်သူတွေများ လာတတ် သလဲ''

အမယ်ကြီး။ ။ ''လူအများ လာကြတာပဲ မောင်ရင်ရဲ့''

သာရ။ ။ ''ယခု သေတဲ့လူဟာ ခင်ဗျားအိမ်ကို လာဖူး သလား''

အမယ်ကြီး။ ။ ''လာဖူးပါတယ်''

သာရ။ ။ ''ဘယ်သူနဲ့ လာဖူးသလဲ''

အမယ်ကြီး။ ။ ''ကိုဘိုးကြူးတို့လူစုနှင့် လာဖူးပါတယ်''

သာရ။ ။ ''ကိုဘိုးကြူးတို့လူစုဆိုတာ လူဘယ်နှစ် ယောက်လဲ''

အမယ်ကြီး။ ။ ''သုံးယောက် လေးယောက်ပါပဲ''

သာရ။ ။ ''ဒီလူတွေကို ခင်ဗျား မှတ်မိသလား''

အမယ်ကြီး။ ။ ''မှတ်မိပါတယ်''

သာရ။ ။ ''ကိုဘိုးကြူးနဲ့ သေတဲ့လူဟာ အထူးတလည် အမှတ်တရ ဘာများ ပြောဖူးပါသလဲ''

အမယ်ကြီး။ ။''သေတဲ့လူ မောင်စောထံမှ ဦးဘိုးကြူးက စာတစ်စောင် တောင်းပါတယ်၊ သေတဲ့လူက မပေးဘဲနေသည့်အတွက် သုံးခါလေးခါ ခိုက်ရန် စကားများကြပါတယ်''

သာရ။ ။ ''ကိုဘိုးကြူးနှင့် သည်လူတွေဟာ ဘယ်လို ပေါင်းသင်းဆက်ဆံနေကြပါသလဲ''

အမယ်ကြီး။ ။ ''ကိုဘိုးကြူး ခိုင်းစေရာကို သူတို့ခံနေ ကြရပါ တယ်၊ ကိုဘိုးကြူးက သူတို့ကို လခပေးထား ပါတယ်''

သာရ။ ။ ''သူတို့ ဘာလုပ်စားရတယ် သိရဲ့လား''







www.burmeseclassic.com

www.burmeseclassic.com



အမယ်ကြီး။ ။ ''သူတို့ ဘာလုပ်သလဲတော့ သေသေချာချာ မသိဘူး၊ ကျောက်များလဲ အဝယ်ခိုင်းတယ်လို့ ကြားရတာပဲ''

သာရ။ ။''သူ့ကို ခင်ဗျား မြင်ဖူးသလား''

ဟု တစ်ခုသော ရုံးထောင့်ကို လက်ညှိုးထိုးကာ မေးလေရာ မောင်သာရကို ရုံးထောင့်မှ အမြစ်စိုက်ကာ ကြည့်နေသော တင်မေကြီးသည် အံ့အားသင့်၍နေလေ၏။

တရားခံကြီးသည်ကား တင်မေကြီးကိုလှည့်၍ကြည့်ကာ မျက်လုံးပြူး၍နေလေ၏။ တစ်ရုံးလုံး အုတ်အုတ်ကျက်ကျက် ဖြစ်၍သွားလေ၏။ အမယ်ကြီးသည် တင်မေကြီးကို စိုက်ကာ ကြည့်လျက်

''မြင်ဖူးသလိုလို ရှိတာပဲ''

ဟု ပြောလေ၏။

သာရ။ ။ ''သေသေချာချာ စဉ်းစားစမ်းပါ၊ ဘယ်မှာ မြင်ဖူးသလဲ''

အမယ်ကြီး။ ။ ''ဪ.....သတိရပြီ၊ အရင်တလောက မော်တော်ကားနှင့် တင်လာတာ သူပါပဲ''

သာရ။ ။ ''ခင်ဗျားအိမ်မှာလာတဲ့ လူစုများအထဲက နာမည်များကို ပြောစမ်းပါ''

အမယ်ကြီး။ ။ ''နာမည်များကိုတော့ သေသေချာချာ မမှတ်မိဘူး မောင်ရဲ့''

သာရ။ ။ ''အရင်တစ်နှစ်က အသတ်ခံရတဲ့ ဦးထွန်းသိန်းကို သိရဲ့လား''

အမယ်ကြီး။ ။ ''သိပါတယ်''





သာရ။ ။ ''ဦးထွန်းသိန်းနှင့် ကိုဘိုးကြူး ခိုက်ရန်စကား မဖြစ်ပွားကြဘူးလား''

အမယ်ကြီး။ ။''စာတစ်စောင်နှင့်ပတ်သက်ပြီး ခိုက်ရန်ဖြစ်ပွားတာကို ကြားဖူးပါတယ်''

သာရ။ ။ ''မောင်သာရ ဆိုတာကော ကြားဖူးရဲ့လား''

အမယ်ကြီး။ ။ ''ကြားဖူးပါတယ်''

သာရ။ ။ ''ဒီလူစုဟာ မောင်သာရအကြောင်းကို ဘာ များ ပြောဖူးကြပါသလဲ''

အမယ်ကြီး။ ။''မောင်သာရဆိုတဲ့လူကို သတ်ပစ်မှ စိတ်ချ ရမယ်လို့ ပြောသံကြားဖူးပါတယ်''

သာရ။ ။ ''ဒီစကားကို ဘယ်သူပြောသလဲ''

အမယ်ကြီး။ ။ ''ကိုဘိုးကြူးက ပြောပါတယ်''

သာရ။ ။ ''ဘယ့်အတွက် မောင်သာရကို သတ်ပစ်ရမည်ဟု ပြောရသလဲ''

အမယ်ကြီး။ ။''ကိုထွန်းသိန်းအမှုကို စုံထောက်နေသည့် အတွက်ဟု ပြောကြပါတယ်''

သာရ။ ။ ''အခုသေတဲ့လူနှင့် ဦးဘိုးကြူးနှင့် ဘယ်နှစ်ခါလောက် စကားများဖူးသလဲ''

အမယ်ကြီး။ ။''သုံးကြိမ်လေးကြိမ်လောက် စကားများဖူး ပါတယ်''

ထို့နောက် အချိန်ကုန်၍ မောင်သာရသည် ဆက်လက်၍မစစ်ဘဲ ရုံးမှဆင်းလေ၏။ မောင်သာရသည် ရုံးကိုလာစဉ်က နှင့်မတူ အများလူတို့၏ ချီးမွမ်းပြောဆိုခြင်းကို ခံရလေ၏။

မောင်သာရ၏နောက်သို့ လူများသည် တရုန်းရုန်းစု၍ လိုက်ကြလေ၏။ သတင်းစာဆရာတို့သည်လည်း မောင်သာရ



www.burmeseclassic.com

www.burmeseclassic.com



ထံ ဝိုင်းအုံကာ သူ့ထက်ငါ စကားပြောကြလေ၏။ အစိုးရရှေ့နေတို့သည်လည်း လာရောက်လက်ဆွဲနှုတ်ဆက်ကြလေ၏။

မော်တော်ကားတစ်စင်းသည် မောင်သာရ၏အပါးတွင် လာရောက်၍ရပ်ပြီးလျှင် မော်တော်ကားပေါ်မှ လူတစ်ယောက် ဆင်း၍လာပြီး မောင်သာရ၏လက်ကို ဆွဲကိုင်လေ၏။

မောင်သာရသည် ၎င်း၏မျက်နှာကိုကြည့်လိုက်သော အခါ မိမိ၏ရည်းစားဖြစ်ခဲ့ဖူးသူ တင့်တင့်၏ဖခင် ပွဲစားကြီးဦးခင် ဖြစ်၍နေသည်ကို သိရ၍ အံ့အားသင့်၍နေလေ၏။

ပွဲစားကြီးဦးခင်က.....

''မောင် ဦးအိမ်ကို သည်လောက်တောင် ပစ်ပစ်ခါခါ လုပ်ထားတာ ဘာကောင်းသလဲ၊ တစ်ခေါက်တစ်ကျေးမှ မပေါ် လာဘဲကိုးကွယ့်၊ မင်းနှမ တင့်တင့်ကလဲ ဟိုယခင်က နေကြ ထိုင်ကြတာတွေကို တွေးတွေးပြီး အောက်မေ့ရှာတယ်ထင်ပါရဲ့ မင်းအကြောင်းကို မကြာခဏပင် ပြောရှာတယ်၊ အားလပ်တဲ့ အခါ တစ်ခေါက်တစ်လေလှည့်ပြီး လာခဲ့တာပေါ့မောင်''

ဟုပြောလေ၏။

သာရ။ ။''ကောင်းပါပြီဦးရဲ့၊ ကျွန်တော်အားရင် လာခဲ့မယ် ကျွန်တော့်ကို အခွင့်ပြုပါဦး၊ ကိစ္စကလေး ရှိသေးလို့ပါ''

ဟုပြောပြီး ထွက်သွားလေ၏။

မောင်သာရမှာ မီးခဲပြာဖုံးဖြစ်ခဲ့လေရာ ယခုအခါ ရုတ်တရက် ဟုန်းခနဲထ၍ တောက်ပြီးလျှင် အလွန်တရာကြီးမြင့် သောပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်၍သွားလေ၏။ စာအုပ်ဆိုင်သို့ ရောက်သွားသောအခါ ဦးသာဖံနှင့်ခါလာသော့တို့သည် ခေါင်း ချင်းရိုက်ကာ စကားပြောနေသည်ကို တွေ့ရလေ၏။





၎င်းတို့သည်၊ မောင်သာရကိုမြင်လျှင်မြင်ချင်း ဆိုင်ပေါ် မှဆင်းပြီးလျှင် အားရဝမ်းသာ မေးမြန်းနှုတ်ဆက်ကြလေ၏။ ဦးသာဖံကား မိမိဝါသနာအတိုင်း ဝမ်းမြောက်ကြောင်းကို ပြော လေ့ပြောထမရှိဘဲ.....

''အဖျားကျတော့ ရှူးမယ့်ကောင် ထင်ပါရဲ့ကွာ''

ဟု ခပ်ပေါ့ပေါ့ ပြောဆိုလေ၏။ ထို့နောက်–

''သူလူတစ်လုံးဖြစ်တာက အရေးမကြီးဘူး၊ ငါ့ဆိုင်ဟာ ကြည့်ရှုမယ့်သူ မရှိရင် ပျက်မှာဟ၊ မိသော့၊ နင်နဲ့ငါ ထမင်းငတ် မဲ့ဖြစ်တာပဲ၊ အခုလို ကျေးဇူးဆပ်ပုံဟာ အင်မတန်ကောင်းပေ တာပေါ့လေ''

ဟုဆက်ကာပြောဆိုလေ၏။

သာရ။ ။''ကိစ္စမရှိပါဘူး ခါလာရဲ့၊ မပူပါနဲ့၊ ဒီဆိုင်ကို ကျွန်တော် ဘယ်တော့မှ မစွန့်ပါဘူး၊ ဒီဆိုင်ဟာ ခါလာတို့ဆိုင် မဟုတ်၊ ကျွန်တော့်ဆိုင်ပါ၊ ကျွန်တော် ဘယ့်နှယ့် စွန့်ပစ်သွားနိုင်မလဲ''

ဟု ပြောဆိုနေကြပြီးနောက် ဝမ်းမြောက်ဝမ်းသာ ဝိုင်းဖွဲ့၍ သက်ဘက်ရည်သောက်ရင်း စကားပြောဆိုကြလေ၏။

ထိုကဲ့သို့ စကားပြောဆိုနေသောအခိုက်တွင် စာပို့ ကုလားသည် စာတစ်စောင်ကိုလာ၍ ပေးလေ၏။

၎င်းစာကို ဖောက်၍ကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

**အမိန့်တော်ရမင်း.....**

**ဒီအမှုအကြောင်းကို သေချာစွာ သိချင်ရင်**



www.burmeseclassic.com

www.burmeseclassic.com



**အောက်ပါလိပ်စာအတိုင်း ညဦး(၁၀)နာရီကို လာခဲ့ပါ။ လူသူလေးပါး သိမည်ကို စိုးသောကြောင့် အမိန့်တော်ရမင်းထံ မလာဝံ့ပါ။ ကျွန်တော် ဒီအမှုအကြောင်းကို ကောင်းကောင်း သိပါတယ်။**

ငင်းစာ၌ နာမည်မှာ ကောင်းစွာမထင်ရှား၊ ချိန်းချက်သော နေရာမှာ မကိုတန်းအနီးလမ်းကြားတိုက်တစ်ခု ဖြစ်လေ၏။

မောင်သာရသည် ထိုစာကို ဖတ်မိသည်နှင့်တစ်ပြိုင်တည်း မိမိကိုထောင်ချောက်ထဲသို့ ခေါ်သောစာဖြစ်ကြောင်းကို သိရှိရလေ၏။ သွားလျှင် တော်မည်၊ မတော်မည်ကို စဉ်းစားကာ ငင်းစာကို မည်သူ့အားမျှမပြဘဲ မိမိအကျီအိတ်ထဲသို့ ထည့်ထားလေ၏။

ထိုအခိုက်တွင် ဝင်ဆာလမ်း(ယခု ရှင်စောပုလမ်း) တရားဝန်ကြီး၏အိမ်၌ သားအဖနှစ်ယောက်ခေါင်းချင်းရိုက်ကာ လက်ဘက်ရည်သောက်ရင်း မောင်သာရ၏ စွမ်းရည်သတ္တိကြီးမားကြောင်းကို ပြောဆိုၡနေကြလေ၏။

တင်မေကြီး။ ။"ဒီနေ့စစ်ချက်အရဖြင့် ကျွန်မကို ဖမ်းသွားတာ ဒီလူစုတွေ ဖြစ်နေတာပဲ၊ သူ ဘယ်ကများ သိပါလိမ့်မယ် မသိဘူး၊ ကျွန်မကို ချုပ်တဲ့နေရာကို ကျွန်မကိုယ်တိုင်တောင် မသိဘူး၊ သူ ဘယ်လိုများ သိတယ်ဆိုတာကို တွေးကြံ၍မရနိုင်အောင် ရှိတာပဲ၊ ကိုဘလုံလဲ မပေါ်လာဘူး၊ သူ့ကို မေးကြည့်ရင် သာပြီး သိရမှာပဲ၊ သေတဲ့လူက





ကိုစောနဲ့ အပေါင်းဖြစ်တာကိုတော့ ကျွန်မ သိတယ်"

တရားဝန်ကြီး။ ။"သမီး ဘယ့်နှယ့်သိသလဲ"

တင်မေကြီး။ ။"ကျွန်မ ညနေမှာ ဒေါက်ကပ်မောင်းရင်း သူတို့နှစ်ယောက် အတူတူသွားတာကို နှစ်ကြိမ်သုံးကြိမ်မြင်ရတယ်"

တရားဝန်ကြီး။ ။"ဟဲ့.....ဒါဖြင့် ဒီအကောင်များ ပါနေသလား"

တင်မေကြီး။ ။"မပြောနိုင်ဘူး ဖေဖေ၊ သူလဲ မပေါ်လာဘူး၊ ပါမယ်တော့ မထင်ပါဘူး၊ တကယ်လို့ပါရင် ကိုသာရ စစ်တဲ့အထဲမှာ သူ့နာမည် ပါလာဖို့ ရှိတယ်၊ ကိုသာရနဲ့ သူနဲ့လဲ ကောင်းကောင်း မတည့်ဘူး၊ အရင်ကိုသာရ ကျွန်မတို့အိမ်ကို လာတုန်းက ဘယ်လိုဖြစ်တယ်ဆိုတာ အဖေ သိသားပဲ"

တရားဝန်ကြီး။ ။"ဖိတ်စာဟာ ဘယ်နှစ်ရက်နေ့လဲ"

တင်မေကြီး။ ။"နီးပြီဖေဖေ၊ ငါးရက်ခြောက်ရက်ပဲ လိုတော့တယ်၊ ဒီနေ့ ရှစ်ရက် မဟုတ်လား"

တရားဝန်ကြီးသည် စဉ်းစား၍ နေလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာရသည် အိမ်ရှေ့မြစ်ကမ်းနဲ့ မနီးမဝေးနေရာ၌ ရပ်ကာ
ကြည့်၍နေလေ၏။ အတန်ကြာစွာကြည့်၍ နေသော်ငြားလည်း
အိမ်တံခါးများ ပွင့်သည်ကို မတွေ့ရ။ အိမ်အပေါ်ထပ်ရှိ ပြတင်း
ပေါက်တစ်ခုသာ ပွင့်လာသည်ကိုမြင်ရလေ၏။ ထိုပြတင်းပေါက်မှ
အတွင်း၌ရှိသောမီးရောင်ကို လဲ့လဲ့ကလေး မြင်ရလေ၏။

ထိုမီးရောင်၌ လူတစ်ယောက်ဖြတ်၍ သွားလေရာ
မောင်သာရသည် အံ့အားသင့်၍နေလေ၏။ အကြောင်းမူကား
ထိုလူ၏ မျက်နှာသည် မီးရောင်တွင် လင်းခနဲပေါ်၍လာလေရာ
စစ်ကဲကြီးဦးမြတ်သာ၏သား မောင်ဘလုံ၏မျက်နှာဖြစ်၍ နေလေ
၏။ မောင်ဘလုံသည် အိမ်ပြတင်းပေါက်မှ ခေါင်းမြှုကာ
ဆေးပြင်းလိပ်ကို ကိုက်လျက် တောင်မြောက်လေးပါး ကြည့်၍
လေ၏။ ထိုခဏချင်းတွင် မောင်စောသည် မောင်ဘလုံနှင့်
ယှဉ်ကာ လာ၍ ရပ်လေ၏။ အခန်း၌လည်း မှောင်အတိကျ၍
သွားလေ၏။

၎င်းတို့နှစ်ယောက်မှာ ပါးစပ်၌ ဆေးပြင်းလိပ်နှစ်လိပ်ကို
တစ်ပြိုင်တည်း ဝင်းခနဲ ဝင်းခနဲ ဖွာ၍နေကြသောကြောင့် ထို
ဆေးပြင်းလိပ်မီးနှစ်ခုသည် ကြောက်မက်ဘွယ်သော ညငှက်
တစ်မျိုး၏ ဆိုးသွမ်းသောမျက်လုံးနှစ်လုံးပမာ မိတ်ချည်ဖွင့်ချည်
နေကြသကဲ့သို့ မှတ်ထင်ရလေ၏။ ထိုငှက်ဆိုး၏ မျက်လုံးများ
သည် မှောင်ထဲ၌ အဘယ်သို့သောအခါကို ရှုမျှော်ချောင်းမြောင်း
၍ နေပါသနည်းဟု မောင်သာရ၏စိတ်၌ တစ်ချက်တစ်ချက်
တွေးတောမိလေ၏။ တစ်ခါတစ်ခါ ထိုမျက်လုံးနှစ်လုံးသည် မိမိကို
ကြည့်၍နေသကဲ့သို့ မှတ်ထင်ရ၏။ နောက်အတန်ကြာသော်
အခါ မျက်လုံးနှစ်လုံးနှင့်တူသော ဆေးလိပ်မီးနှစ်ခုသည် ကွယ်





ပျောက်၍သွားလေ၏။ ပြတင်းတံခါးသည်လည်း ပိတ်၍သွား
လေ၏။ မောင်သာရသည်လည်း အတွင်း၌တစ်ဖန် ပေါ်ပေါက်
သွယ်ရှားသောမီးရောင်များကို ပျဉ်ထောင်အကြားမှ ခဏကလေး
ကြည့်၍နေပြီးမှ ထိုနေရာကို မှတ်ထားပြီးလျှင် ပြန်၍လာခဲ့လေ၏။

နောက်တစ်နေ့နံနက် မောင်သာရသည်တင်မေကြီးထံမှ
ဘိတ်စာကို ရရှိလေရာ ၎င်းဘိတ်စာကို ဦးသာဖံအား ပြလျက်
သွားသင့်၊ မသွားသင့်ကို တိုင်ပင်ကြလေ၏။ အများလူတို့၏
စိတ်၌ အဘယ်သို့ပင် ထင်မြင်ကြစေကာမူ မောင်သာရသည်
သူထဲသူထဲသို့ ဝင်ရမည်ကို ကြောက်သောကြောင့် တိုင်ပင်ခြင်း
မဟုတ်။ မိမိသွားရောက်ခြင်းကြောင့် တင်မေကြီး၏အပေါ်၌
တစ်စုံတစ်ရာ အထင်အမြင် အပြောအဆို ခံရမည်ကို စိုးသော
ကြောင့် ဖြစ်လေ၏။ ဦးသာဖံသည်ကား မည်သူ့ကိုမျှ ဂရု မစိုက်ဘဲ
သွားရအောင် အားပေး၏။ သို့ဖြစ်သောကြောင့် ညဥ့်အချိန်
ဝင်ဆာလမ်းသို့ ထွက်သွားလေ၏။

တရားဝန်ကြီးအိမ်အနီးသို့ ရောက်သောအခါ များစွာ
သော လူကြီးလူကောင်းတို့နှင့် ဂုဏ်သရေရှိ ယောက်ျားပျို
မိန်းမပျိုများစွာတို့ ဝင်ထွက်လှုပ်ရှား သွားလာ၍နေကြသည် များကို
မြင်ရလေရာ အနည်းငယ် စိမ့်ကာကြောက်လျက် ဝင်ရ မည်
ခက်ခက် ဖြစ်၍နေလေ၏။ ထို့နောက် မတ်တပ် ရပ်ကာ
ငက်ပိုက်လျက် ၎င်းအိမ်ဘက်သို့ ကြည့်၍နေပြီးမှ ဤလူစုသည်
အများအားဖြင့် မင်းမှုထမ်း အရာရှိတို့သာ များလေရာ ၎င်း
လူစုသည် အများအားဖြင့် အဘယ်မျှပင် ဟန်ကြီးပန်ကြီး
လုပ်ကြစေကာမူ ၎င်းတို့၏စိတ်၌ ခိုင်မာထိုက်တန်သော
ယောက်ျားကောင်း၏ သဘောဓာတ်ဝတ္တု အခိုင်အမာ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



အပျော်အညည့် ရွံ့တုံးနွံခဲဖြင့်ပြီးသော စိတ်ဓာတ်များသာဖြစ်ကြ၏။ မြန်မာအမျိုးသားချင်းအပေါ်၌ အဘယ်မျှပင် ဟန်ကြီးပန်ကြီး လုပ်ကြစေကာမူ ကွယ်ရာ၌ တုံးအောက်က တီ၊ တုံးအောက်က ဖားမျှမက ယုတ်ညံ့စွာ ဒူးထောက်ရသူများ ဖြစ်ကြ၏။ ဤလို လူစုကို ငါသည် အဘယ်ကြောင့် အလေးဂရုပြုရမည်နည်းဟု တွေးတောကာ ရဲရင့်သောစိတ်ပေါ်၍လာပြီးလျှင် အိမ်ကို တည့်တည့်ကြီး ဝင်၍သွားလေရာ ဧည့်ခံသူ ယောကျ်ားပျို တစ်ယောက်နှစ်ယောက်က နေရာကောင်းကို ပေးလေ၏။

သို့သော်လည်း မိနစ်အနည်းငယ်အတွင်း ပရိသတ်လူစုတို့သည် တစ်ယောက်ကိုတစ်ယောက် လက်တို့ကာ၊ တစ်ယောက်နှင့်တစ်ယောက် တီးတိုးစကားပြောကာ မောင်သာရကို အမှတ်တမဲ့ လှမ်း၍ကြည့်ကာ မငြိမ်မသက်သကဲ့သို့ ဖြစ်လေ၏။ ထိုအတွင်း ဧောင်းများ၊ တယောများ စ၍တီးသောကြောင့် ငြိမ်သက်၍ သွားကြပြန်သော်လည်း မောင်သာရကို လှမ်း၍ ကြည့်သူ အတော်ပင် များကြလေ၏။

ထိုအခိုက်တွင် များစွာဘိုဆန်သော တင်မေကြီးသည် မောင်သာရထံသို့ တိုက်ရိုက်လျှောက်၍လာပြီး နှုတ်ဆက်စကား ပြောလေရာ အများပရိသတ်တို့သည် သာ၍ပင် အံ့အားသင့်ကြလေ၏။ တင်မေကြီးသည်ကား ဖခင်က အလိုလိုက်သောကြောင့် တစ်ကြောင်း၊ ရှိသမျှသော မိန်းမပျိုတို့ထက် ပိုမို၍ ဂုဏ်သရေရှိသူ တစ်ယောက်ကဲ့သို့ဖြစ်၍နေသောကြောင့် တကြောင်း၊ အင်္ဂလိပ်စာကိုလည်း ကောင်းစွာတတ်သူ ဖြစ်သောကြောင့် တကြောင်း၊ အများပရိသတ်တို့၏ ရှုမောအံ့သြ မြှောက်စားလေးမြတ်ခြင်းကို ခံရသူတစ်ယောက် ဖြစ်လေရာ မည်သူ့ကိုမျှ





မောမထား၊ မြန်မာမိန်းမပျိုအများတို့၏ ထုံးတမ်းနည်းလမ်းကို သွားဘဲ မိမိ ထင်သလို ပြုမူတတ်သူတစ်ယောက် ဖြစ်သောကြောင့် မောင်သာရထံသို့ ရဲတင်းစွာလာခြင်း၌ အံ့သြစရာ အကြောင်း တစ်စုံတစ်ရာမျှ မရှိချေ။ ထိုကဲ့သို့ လာရုံမျှမက တစ်ကိုယ်တည်း ထိုင်၍နေသော ဖခင်ထံသို့ မောင်သာရကို အရောက်ခေါ်၍ သွားပြီးလျှင် နှုတ်ဆက်စကား ပြောဆိုလေ၏။ မောင်သာရသည် တရားဝန်ကြီး၏ရှေ့၌ရပ်ကာ ခဏကလေး နှုတ်ဆက်စကား ပြောဆိုပြီးနောက် မိမိ၏ မူလနေရာသို့ ပြန်၍ ထိုင်လေ၏။

ထိုကဲ့သို့နေခိုက်တွင် မောင်သာရကို စောင်းစောင်းမှဲ့မှဲ့ ကြည့်ကာ ငြိမ်သက်စွာမှ ထိုင်၍မနေနိုင်ဘဲ ရှိသမျှ လူတို့ထံ ချဉ်းကပ်ကာ မောင်သာရ၏အကြောင်းကို ပြောဆို၍နေသူသည်ကား မောင်ဘလုံ ဖြစ်လေ၏။ မောင်သာရသည် ၎င်းကို များစွာ အကဲခတ်မိလေ၏။

''ဟောဟိုလူဟာ ဦးထွန်းသိန်းအမှုက တရားခံပဲခင်ဗျာ။ ကြည့်လိုက်ကြ၊ ကျုပ်တို့ခြံမှာ မာလီလဲ လုပ်ဖူးတယ်၊ တရားဝန်ကြီးသမီးက တကယ့် လူကြီးလူကောင်းကို ဖိတ်တာပဲ'' သည့်စကားမျိုးကို လှည့်လည်ပြောဆိုကာ နေလေ၏။

မောင်ဘလုံသည် နောက်ဆုံး၌ တင်မေကြီး၏အပါးသို့ ချဉ်းကပ်ကာ.....

''ဘယ်နှယ်လဲ တင်မေကြီးရဲ့၊ လူကြီးလူကောင်း တစ်ယောက်ကို ဖိတ်ထားသလား။ လာသမျှ တစ်ခြား ဂုဏ်သရေရှိလူတွေမှာ သည်လူတစ်ယောက်အတွက် အင်မတန် အနေကြပ်နေတာပဲ၊ ဘယ်လိုဂုဏ်ထူးများရှိလို့ သည်လူကို



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်လိုက်တာလဲ''

တင်မေကြီး။ ။''သည်လူမှာ ဘာများ အပြစ်ရှိသလဲ၊ အနူလား အဝဲလား၊ ကယ်ပါ သူတောင်းစား မို့လို့လား''

ဘလုံ။ ။ ''အနူ၊ အဝဲ၊ ကယ်ပါတော့ မဟုတ်ပေဘူးပေ့ လေ။ သို့သော်လဲ တော်မယ်၊ မတော်မယ်ဆိုတာ တင်မေကြီး စဉ်းစားပြီးမှ ပြုဖို့ကောင်းတယ်''

တင်မေကြီး။ ။''ကျွန်မအိမ်မှာ ကျွန်မ ဖိတ်ချင်တဲ့လူကို ဖိတ်မှာ ပေါ့၊ သည်လူ လာတဲ့အတွက် ဘယ်သူမှ မနေ ချင်ရင် ကျွန်မ မတတ်နိုင်ဘူး''

ဟု ပြောပြီး အခန်းထဲသို့ ဝင်သွားလေ၏။

မောင်သာရသည်ကား မိမိ၏အကြောင်း ပြောဆိုနေ ကြောင်း သိရလျက် များစွာပင် စိတ်လက်မသာမယာ ဖြစ်၍နေ လေ၏။

ထို့နောက် လူအများတို့ ကြည့်ပုံရှုပုံကို ဆက်လက်၍ မခံမရပ်နိုင်တော့သည် ဖြစ်သောကြောင့် အချို့သောလူများနှင့် ရောပေါင်းကာ ဧည့်ခန်းမှထွက်ပြီး အိမ်ရှေ့ပန်းခြံ၌ တစ်ကိုယ် တည်း ယောင်ပေယောင်ပေနှင့် တင်မေကြီးကို နှုတ်ဆက်ခြင်း မပြုဘဲ ပြန်ရလျှင် တော်လေမည်လားဟု ချိန်ဆကာနေလေ၏။

ယင်းကဲ့သို့နေခိုက်တွင် လူနှစ်ယောက်သုံးယောက် ထွက်၍သွားကြလေရာ ၎င်းလူတို့သည် မောင်သာရကို ကြည့်၍ ကြည့်၍ သွားကြလေ၏။ မောင်သာရကား လက်ပိုက်ကာ ခေါင်း ငုံ့လျက် ၎င်းတို့ကို ဂရုမစိုက်ဘဲ မြေကြီးကိုသာ ကြည့်၍နေ လေ၏။

ယင်းကဲ့သို့ အတန်ကလေးကြာစွာနေပြီးမှ တစ်ခုသော





န်းရုံအကွယ်သို့ လှည့်၍ သွားလိုက်သောအခါ မောင်သာရ သည် ခုံအားသင့်၍ နေလေ၏။ အကြောင်းမူကား တင်မေကြီး သည်လည်း တစ်ကိုယ်တည်းရပ်ကာ နှင်းဆီပန်းကိုင်းတစ်ကိုင်းကို ခွဲကိုင်ပွတ်သပ်ရင်း များစွာစဉ်းစားတွေးတော၍ နေသည်နှင့် ၌ဆိုင်၍ နေလေ၏။

တင်မေကြီးသည် မောင်သာရကိုမြင်လျှင် များစွာ ခုံအားသင့်သော အမူအရာ မရှိဘဲ မောင်သာရ၏အပါးသို့ ပ်လာကာ.....

''ကိုသာရ ပြန်တော့မလို့လား''

သာရ။ ။ ''ဟုတ်ကဲ့၊ ကျုပ်အတွက် မတင်မေကြီး များစွာ စိတ်မကောင်းဖြစ်တာကို တွေ့ရလို့ ပြန်ပါတော့ မယ်''

တင်မေကြီး။ ။''ကျွန်မ စိတ်မကောင်းစရာ မရှိပါဘူး၊ ကိုသာရ ကို ကျွန်မ အားနာတာပါပဲ။ ကျွန်မ ပြုလုပ်သမျှ ကို လူတိုင်း သဘောကျရတယ်လို့ အထင်ရှိမိ တာ မှားတာပါပဲ။ ကိုသာရကို သပိတ်မှောက်ပြီး ကြတာ အတော်ကြာပြီမို့ စိတ်လက် ပြေပျောက် လောက်ကြပြီလို့ ကျွန်မ သဘောရမိပါတယ်။ အခုတော့ ကျွန်မ ထင်မြင်ချက်နှင့် မကိုက်ဘူး။ ကိုသာရ လူထဲကို ဝင်ဖို့ရာ အင်မတန်မှ ခက် သေးတာပဲ''

သာရ။ ။ ''မှန်ပါတယ်၊ ကျုပ် နာမည်ကောင်းအောင် ပြန်ပြီးမလုပ်နိုင်သမျှ သည်ငရဲကို အမြဲ ခံနေရ တော့မှာပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



တင်မေကြီး ။ ''ကြိုးစားပါ၊ အထမြောက်လိမ့်မယ်လို့ ကျွန်မ ယုံကြည်မျှော်လင့်ပါတယ်''

ဟု ပြောကာ သနားသော မျက်နှာနှင့် မောင်သာရကို ကြည့်လေ၏။ မောင်သာရ၏ ရင်ခွင်၌ကား တင်မေကြီး၏ စကားသည် အေးမြကြည်လင်သောအားကို ဖြစ်စေလျက် ဤကဲ့သို့ နီးကပ်စွာ နှစ်ယောက်တည်း စကားပြော၍နေရခြင်း၏ သုခသည် အတိုင်းမသိ ကြီးကျယ်လျက် မည်သူ့ကိုမျှ ပဓာန မပြုလိုသောစိတ်သည် ပေါ်ပေါက်၍ လာပြန်လေ၏။ သို့သော်လည်း ဆက်လက်၍ စကားမပြောသေးဘဲ.....

''ကိုင်း.....မတင်မေကြီးရဲ့ ညွှန်ခံစရာကိစ္စတွေ ရှိပါ သေးတယ်။ ကျုပ် နှောင့်ယှက်ရာ ကျနေတော့မယ် ထင်ပါရဲ့ သွားပါတော့မယ်''

ဟုပြောပြီး ထွက်၍လာခဲ့လေရာ တင်မေကြီးသည် လရောင်တွင် တစ်ကိုယ်တည်း ရပ်မျှော်ကာ မောင်သာရကို လှမ်း၍ကြည့်ရင်း နေရစ်ရှာလေ၏။ မောင်သာရသည် တစ်ကြိမ် နှစ်ကြိမ် လှမ်း၍ကြည့်ပြီး မှောင်ရိပ်တွင် ဝေး၍သွားလေ၏။ မောင်သာရသည် တင်မေကြီးနှင့် နှစ်ယောက်တည်း စကား ပြော၍လာရခြင်း၏ ကျေးဇူးဂုဏ်ကြောင့် အခြားသောသူတို့၏ အနှောင့်အယှက်ကို မေ့လျော့ကာ အရေးမမှုလောက် သကဲ့သို့ မှတ်ထင်ပြီးလျှင် မိမိ၏ကိစ္စကို ပြီးမြောက်အောင် ကြံဖို့ရန် အားသည် ကြီးသောအရှိန်နှင့် တက်ကြွ၍ လာလေ၏။

နောက်တစ်ညသို့ မောင်သာရသည် စက်ာပူမြေဘက်သို့ ဆယ်နာရီခန့်အချိန် တစ်ယောက်တည်း ထွက်သွားလေ၏။ ယခင်တစ်နေ့ညကနည်းတူ အိမ်ကို ကြည့်လေရာ တစ်စုံတစ်ရာ





မျှ မတွေ့ရပေ။ အိမ်အပေါ်ထပ်အတွင်း၌ မီးရောင်ကလေး ကိုသာ တွေ့ရလေ၏။ ထိုအခါ ပြတင်းပေါက်ကို သေချာစွာ ကြည့်လေရာ တစ်စုံတစ်ယောက်သောသူကိုမျှ မမြင်ရချေ။ ထိုကဲ့သို့ ကြည့်၍နေခိုက်တွင် မိမိ၏နောက်မှ 'ရှပ်ရှပ်..... ရှပ်ရှပ်' ဟု မြည်သော ခြေသံကို ကြားရသဖြင့် လှည့်၍ကြည့်လိုက်သော အခါမှောင်ထဲတွင် မထင်မရှား မည်းမည်းမည်းမည်းနှင့် မိမိအပါး ကို ပွတ်ပြီး အိမ်နောက်ဖေး ဘက်သို့သွားသော သဏ္ဌာန်အရိပ်တစ်ခုကို မြင်လေ၏။ ထိုသဏ္ဌာန်မှာ မှန်တောင်သာသာခန့် အရပ်အမောင်း ရှိသဖြင့် ခွေးတစ်ကောင် တပ်ရပ် သွားသလိုလို၊ မျောက်လိုလို၊ ကလေး တစ်ယောက်လိုလို မှတ်ထင်ရလေ၏။ ၎င်းသဏ္ဌာန်သည် အိမ်နောက်ဖေးဘက်သို့ ကွေ့၍သွားသည်ဟု မှတ်ထင်ရသော် လည်း သေချာစွာ မမြင်ရ။ မိမိနှင့် ဝါးတစ်ရိုက်လောက် ကွာ သောနေရာသို့ ရောက်သောအခါ မှောင်ထဲတွင် ပျောက်ကွယ်၍ သွားလေ၏။

မောင်သာရသည် မတ်တပ်ရပ်ကာ ထိုသဏ္ဌာန် ရွေ့လျား၍သွားသောနေရာဘက်သို့သာကြည့်ရင်း ခေါင်းနပန်း ကြီးပြီး ကြက်သီးမွေးညင်းများ ထသောကြောင့် နာနာဘာဝ၊ တစ်ပြိတ္တာ၊ တစ္ဆေများ မိမိကို ချောက်လှန့်၍ ကစားလေသလား ဟု၍ တွေးတောကာ နေလေ၏။

ထို့နောက် အတန်ကလေးကြာစွာ ဆက်လက်ကြည့်ရှု၍ နေပြီးမှ ပြန်၍လာခဲ့လေ၏။ ယင်းသို့ ပြန်ခဲ့ရာတွင် မောင်သာရ သည် မကြာခဏ ထိတ်ခနဲ ဖြစ်လေရာ မိမိ၏နောက်၌ တစ် ယောက်ယောက် လိုက်၍လာလေသလားဟု စိတ်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့ ကာ မကြာခဏ နောက်သို့ လှည့်၍ ကြည့်မိလေ၏

ယင်းကဲ့သို့လာလေရာ စက်ာပူမြေထဲမှ ထွက်၍ ခတ် ရထားလမ်းဘက်သို့တက်သော တိုက်ကြားလမ်းတစ်ခုသို့ ရောက်သောအခါ မှောင်ရိပ်တွင် ရှပ်ရှပ်ရှပ်ရှပ်နှင့် ဖိနပ်ကိုတိုက်၍ စီးသောအသံတစ်ခုကို နောက်နားက ကြားရပြန်သောကြောင့် လှည့်၍အကြည့်လိုက်တွင် မျက်လုံးထဲတွင် မီးတောက်ကာ လျှပ်စစ်လက်သလို ဖြစ်သွားပြီး တစ်ကိုယ်လုံး ချာလည်လည် သကဲ့သို့ စိတ်၌မှတ်ထင်ရပြီးနောက် မှောင်ကြီးကျကာ တစ်စုံတစ်ရာကိုမျှ သတိမရဘဲ အိပ်မောကြီးကျသွားသလို ဖြစ်လေ၏





## အခန်း (၁၁)

မောင်သာရသည် သတိရ၍လာသောအခါ မျက်လုံးများကို ဖွင့်ပြီးလျှင် မိမိ၏ပတ်ဝန်းကျင်ကို ကြည့်ရှုလေသော် ကုတင်ခါင်းများစွာတို့နှင့် သန့်ရှင်းသော အခန်းကြီးတစ်ခုထဲသို့ ရောက်၍နေသည်ကို သိရှိရလေ၏။ မိမိ၏အပါး၌ အဝတ်ဖြူဝင်ကြယ်ကို ဝတ်၍သာ၊ လှပသော ဘိလပ်သူ မိန်းမပျို တစ်ယောက်ကို မြင်ရလေ၏။

သာရ။ ။ ''ကျွန်တော်တို့ ဘယ်ရောက်နေသလဲ''

ဆရာမ။ ။ ''ဆေးရုံကြီးလေ၊ ရှင် မြောနေတာ သုံးရက်နဲ့ သုံးညရှိပြီ''

ထိုအခါ မောင်သာရသည် အဘယ်အတွက် ငါ မြော၍ နေပါသနည်း။ ငါ့ကို အဘယ်နေရာက ဆောင်ယူ၍ လာကြပါသနည်း စသည်ဖြင့် တွေးတောလေရာ တစ်စုံတစ်ရာမျှသော အစအနကို သတိမရသောကြောင့် ကျွန်တော် ဘာဖြစ်သလဲ ဟု



www.burmeseclassic.com

www.burmeseclassic.com



မေးလေ၏။

ဆရာမ။ ။ ''ရှင် ပုစွန်တောင်မှာ လူရိုက်ခံရတယ်။ ရှင့်ခေါင်းက တယ်ကြီးမလှုပ်နဲ့၊ ဦးနောက်မပေါက်ရုံကလေး ကျန်တယ်၊ သတိထားပါ၊ အခု ကိစ္စမရှိတော့ဘူး''

ထိုအခါ မောင်သာရသည် ထပ်မံတွေးတောပြန်လေ၏ စက်ဘီးပူရပ်ကွက်(ယခု ပုစွန်တောင်နယ်မြေ)သို့ ညတစ်ညသည် တစ်ကိုယ်တည်းသွားပြီး ဖြစ်ပျက်ပုံ အစအနတို့ကို အိပ်မက်ပမာ ပြန်၍ ထင်မြင်ရလေရာ

''ကျွန်တော့်ကို ဘယ်သူများ လာပြီးကြည့်သလဲ''

ဟု မေးလေ၏။

ဆရာမ။ ။''မြန်မာမလေးလှလှတစ်ယောက်၊ အင်္ဂလိပ် စကား ကောင်းကောင်းတတ်တယ်။ သူ လာပြီးကြည့်တာ နှစ်ခါရှိပြီ၊ ပြီးတော့ အဘိုးကြီးတစ်ယောက်နဲ့ မိန်းမကြီးတစ်ယောက် လာပြီးကြည့်တယ်''

ထိုအခါ မောင်သာရသည်စိတ်ချကာ သက်မကြီး ချလိုက်လေ၏။ ဦးခေါင်းထဲမှာမူ တစ်ချက်တစ်ချက် တရိပ်ရိပ် မူးဝေလျက် ထပ်မံ၍ မှောမေ့ပြီးသွားဦးမလို ဖြစ်၍နေလေ၏။

ထိုနေ့ညနေ ဦးသာဇံသည် ဆေးရုံသို့ အထုပ်ကလေး တစ်ခုနှင့် ရောက်၍လာပြီး မောင်သာရကုတင်ကို အပြင်မှ လှမ်း၍ကြည့်လေသော် မောင်သာရ လှုပ်လှုပ်ရှားရှားနေသည်ကို မြင်ရသဖြင့် အားရဝမ်းသာ ပြေးဝင်လာလေ၏။ မောင်သာရသည်လည်း ကုတင်ပေါ်မှ လူး၍ထမည်ပြုလေရာ–

ဆရာမက။ ။''အို.....အို၊ မထပါနဲ့၊ မထပါနဲ့၊ ငြိမ်ငြိမ်နေပါ''

ဟု ပြောပြီး ပွေ့တော့မလို ပြုလေ၏။ ဦးသာဇံလည်း





ကုတင်အနားသို့ ရောက်၍လာပြီး မောင်သာရ ထမည်ကို မြင်သောကြောင့် လက်နှစ်ဘက်နှင့် ဆီး၍ တွန်းတော့မလို ဟန်ပြင်ပြီးမှ ခွေးခြေတစ်ခုကို ဆွဲယူပြီးလျှင် အပါး၌ ထိုင်လေ၏။

ဦးသာဇံ။ ။''ဘယ်နဲ့လဲ၊ ဒီဆေးရုံမှာ သုံးရက်တောင် လာပြီး စက်တော်ခေါ်နေတာဟာ ငါ့ကို ကျေးဇူးဆပ်တာပေါ့လေ။ သတင်းစာထဲမှာ တွေ့ရသည်နှင့် တစ်ပြိုင်တည်း ပြေးပြီးလာတယ်။ ဆီးပြီး နှုတ်ဆက်စကား ပြောဖော်မှ မရဘူး။ တစ်ညလည်လိုက်တာ သုံးရက် အိပ်လို့တောင် မပြေဘူးနော်။ ကိုဘိုးသိန်းဆီမှာ အလုပ်ရတာနဲ့ ငါ့ဆိုင်ကို တစ်ခါတည်းပစ်ပြီး ဆေးရုံက ဆရာမကလေးများဆီ လာနေတာပဲ။ တယ်တော်တဲ့ယောက်ျား၊ အဲသည်လိုသာ အရူးထနေတဲ့အခါ သေလိမ့်မယ်။ မဖြစ်နိုင်တာကိုကြံပြီး တစ်ယောက်တည်း ကြပ်ကြပ်လိုက်၊ စုံထောက်ကောင်းကြီးပေါ့လေ။ တကတည်းဗျာ။ အခုမှ စိတ်အေးပြီးသွားတော့တာပါပဲ။ ဟောသည်မှာ အိမ်ကအကောင်မကြီးက ထည့်ပေးလိုက်တယ်။ သည်ကောင်မကြီးလဲ ရင်ဘတ်ကို ထုရတာနဲ့ ရင်ကွဲနာကျတော့မယ်၊ ကြပ်ကြပ် သည်လို လုပ်ပါ မောင်''

ဟုပြောရင်း စားစရာ ချိုချဉ်၊ စီးကရက်ဘူး၊ ဘီစကွပ်မုန့်၊ ဆိတ်သားကြော်၊ သစ်သီး စသည်တို့ ပါရှိသော အထုပ်ကို ဖြေ၍ ပေးလေ၏။ မောင်သာရသည် အလွန်ကျေးဇူး တင်လျက် မျက်ရည်များလည်ပြီး ဦးသာဇံ၏လက်ကို ဆွဲ၍ထားလေ၏။ ဦးသာဇံလည်း အသံများ တုန်လျက် မျက်ရည်ကို သုတ်ရရှာ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

နောက်တနင်္ဂနွေတစ်ပတ်လောက် ကြာသောအခါ မောင်သာရသည် ဆေးရုံမှ ဆင်း၍လာပြီးလျှင် ဆရာသိန်းထံသို့ သွားလေရာ ဆရာသိန်းသည် ဝမ်းမြောက်ဝမ်းသာစွာနှင့် မောင်သာရ၏ အဖြစ်အပျက်ကုန် စုံစမ်းမေးမြန်း၍ကြည့်ပြီး သတင်းစာတစ်စောင်ကို မောင်သာရအား ပြလေသော် မောင်သာရသည် ခဲတံအပြာနှင့် မှတ်၍ထားသော အကြောင်းအရာကို တွေ့ရှိရလေ၏။

ထိုအကြောင်းအရာမှာ အခြားမဟုတ်။ မောင်သာရ လူရိုက်ခံရသောအကြောင်း ဖြစ်လေ၏။ ထိုစာ၌ မောင်သာရကို ရိုက်သောသူသည်ကား လက်စားချေသောသူ ဖြစ်ဟန် ရှိကြောင်း ဦးထွန်းသိန်းကို သတ်သောအမှု၌ မောင်သာရမှာ သေဒဏ် အပြစ်ပေးခြင်းကို မခံရသောကြောင့် ဦးထွန်းသိန်းနှင့် မကင်းရာ မကင်းကြောင်းဖြစ်သောသူများက ပြန်၍သတ်ဖို့ရန် ကြံစည်ဟန် ရှိကြောင်း၊ သေပြီအထင်နှင့် စွန့်ပစ်၍သွားခဲ့ရာ ပတ်တရောင်များ တွေ့သောကြောင့် ဆေးရုံသို့ လျင်မြန်စွာ အပို့ခံရပြီး အသက် ချမ်းသာ ရရှိသည်ဟု တွေးထင်ဘွယ်ရှိကြောင်း စသည်နှင့် ထိုသတင်းစာတွင် တွေ့ရှိလေ၏။

မောင်သာရ ထိုစာကို ဖတ်၍ပြီးသောအခါ ဆရာသိန်းက.....

''အခု အရပ်ထဲမှာ သည်သတင်းစာအတိုင်း ပြောဆို နေကြတာကို ကြားရတယ်ကွဲ့။ မင်းအမှုအကြောင်းကို အခု ထပ်မံ ပြောဆိုနေကြပြန်ပြီ။ ဦးတော့ မယုံပါဘူး။ မင်းကို မုန်းတဲ့ လူတစ်ယောက်ယောက်က သတင်းစာထဲမှာထည့်ပြီး ရေးတယ်





ဆင်ပါရဲ့။ ပျောက်စပြုမဲ့အနာကို ထပ်ပြီး အသစ်ဖြစ်အောင် ဆွပေးတာနဲ့တူတယ်''

ဟု ပြောလေ၏။ မောင်သာရသည် စကားတစ်လုံးမှ ပြန်၍မပြောဘဲ ဆိတ်ငြိမ်စွာ စဉ်းစားရင်း နားထောင်၍နေလေ၏။

ဆရာသိန်း။ ။''သည်အကြောင်းကို ထားလိုက်တော့။ အခု မင်းလဲ နလံထစ ရှိသေးတယ်။ ဦးလဲ ကောင်းကောင်းကြီး နေထိုင်စားသောက်လို့ မကောင်းလှဘူး။ သည်အတွက် ဦး တစ်လလောက် ကျိုက္ခမီကို သွားပြီး အားလပ်ချိန် ယူနေမယ်လို့ အောက်မေ့တယ် တူမောင်လဲ အားလပ်ခွင့် ယူနေလေရော့။ မင်း လခများလဲ တစ်ခါတည်း ထုတ်ပြီးယူထားလိုက်။ ဦး နက်ဖြန်ခါ ကျိုက္ခမီကို သွားမယ်''

သာရ။ ။''ကောင်းလှပါပြီဦးရဲ့။ ကျွန်တော်လဲ အင်မတန် ကြီး မမာသေးဘူး၊ တစ်လလောက် အားလပ်ခွင့် ရမယ်ဆိုရင် ကောင်းကောင်းကြီး မာသွားမှာပဲ''

ဆရာသိန်း။ ။''အေးလကွယ်။ အသက် ဉာဏ်စောင့်သတဲ့ သတိလဲ ကြပ်ကြပ်ထား၊ အသွားအလာလဲ ဆင်ခြင်ကွဲ့။ တူမောင့်မှာ ရန်သူများတဲ့ လက္ခဏာပဲ။ ကိုင်း..... မင်း ငွေစများ အခု ယူသွားမလား''

သာရ။ ။''ဟုတ်ကဲ့၊ ဦးရဲ့ကျေးဇူး အင်မတန်ကြီးပါပေတယ်။ ကျွန်တော်မှာလဲ အသုံးအစွဲအတွက်



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေး လိုလိမ့်မည်လား မသိဘူး''

ဟု ပြောကာ ဆရာသိန်းအပါးသို့ ထ၍သွားလေရာ ဆရာသိန်းက.....

''ကျေးဇူးဆိုတာ တစ်ယောက်တည်း တစ်ဘက်သတ်တည်းက တင်ရတာ မဟုတ်ဘူးလကွဲ့၊ ဦးကလဲ ကျေးဇူးတင်ရတာပဲ၊ ကိုင်း.....ရော့''

ဟုပြောကာ ငွေစက္ကူများကို ပေးလေ၏။ ထို့နောက် မောင်သာရသည် အလုပ်များကို ရှင်းလင်းပြီးလျှင် စာအုပ်ဆိုင်သို့ ရောက်၍လာလေ၏။

စာအုပ်ဆိုင်သို့ ရောက်သောအခါ မိမိအတွက် စာတစ်စောင် ရောက်နေသည်ကို တွေ့ရှိရလေ၏။ ထိုစာကို ကြည့်လိုက်သောအခါ ရန်ကုန်မြို့ ဘဏ်တိုက်ကြီးတစ်တိုက်က မိမိကို ကြွရောက်ရန် မှာသောစာ ဖြစ်၍နေသည်ကို တွေ့ရှိရလေ၏။

မောင်သာရသည် ထိုစာကို ဖတ်ရင်း များစွာပင် အံ့အားသင့်နေလေ၏။ နက်ဖြန်နံနက် ၎င်းဘဏ်တိုက်သူဌေးထံ ရောက်၍သွားသောအခါ ဘဏ်တိုက်သူဌေးက.....

''ခင်ဗျားနာမည် မောင်သာရ မဟုတ်လား''

ဟု မေးလေ၏။ မောင်သာရက ဟုတ်ကြောင်း ပြောသောအခါ.....

''အခု ဘဏ်တိုက်မှာ ခင်ဗျားနာမည်နဲ့ ငွေ ၃၀၀၀/- လူတစ်ယောက်လာပြီး ထည့်တယ်''

မောင်သာရသည် လွန်စွာအံ့အားသင့်လျက်.....

''ဘယ်သူများပါလိမ့်ခင်ဗျာ''

ဟု မေးလေ၏။





သူဌေး။ ။ ''သည်လူ့နာမည်ကို ကျုပ်ပြောခွင့် မရှိဘူး''

သာရ။ ။ ''ဘယ်အတွက် သည်ငွေများကို ကျွန်တော့် ပေးရသလဲ''

သူဌေး။ ။ ''အခု မောင်သာရ အကျိုးမရှိတဲ့ အလုပ်တစ်ခုကို လုပ်နေတယ် ထင်ပါရဲ့၊ ဘယ်အတွက်ကြောင့်လဲ ဆိုတော့ ငွေပေးတဲ့လူက အကျိုးမရှိတဲ့ အလုပ်အကြံကို လုပ်ကိုင် ကြံစည်ရင်း အချိန်မဖြုန်းပါနဲ့၊ ဘီအယ်လ်ကို အောင်မြင်နိုင်အောင်သာ ပညာကို ဆက်လက်သင်ဖို့ ပြောပါဆိုပြီး သည်ငွေကို မင်းအတွက် လာပြီးထည့်သွားတယ်''

မောင်သာရသည် ထိုစကားကို စဉ်းစားလျက် ငါ့အတွက် ဤမျှလောက် ပူပန်သူ မည်သူများပေနည်း ဟု တွေးတော၍ နေလေ၏။ ထို့နောက် အိမ်ကိုပြန်သောအခါ ဘီအယ်လ်ကို အောင်မြင်သော်လည်း အသုံးချဖို့ မရှိချေ။ သို့သော်လဲ ယခုလို ထောက်ပံ့သူ ပေါ်လာမှ လိုလိုမယ်မယ် ဆိုတာလို ဝင်ထားမှ တော်မယ်ဟု တွေးတောကာ စာများကို အားလပ်သည့်အခါ ကျက်ဖို့ရန် အကြံပြုလေ၏။

ထိုအကြောင်းနှင့် ပတ်သက်၍ ကြိုတင်၍ ရေးသားပေါ်ပြရမည်ဆိုလျှင် မောင်သာရသည် နောက်တစ်နှစ် ဘီအယ်လ် နောက်ဆုံးစာမေးပွဲ၌ မြန်မာတစ်ပြည်လုံးတွင် ဒုတိယရရှိ အောင်မြင်လေ၏။ ပထမရသူမှာ နာရာယာနံ ခေါ်သော ကုလားတစ်ယောက်ဖြစ်လေ၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

မောင်သာရမှာ ယခုအခါ အားလပ်ခွင့်ရသောကြောင့် မိမိ၏စာများကို အားလပ်သည့်အခါ ကျက်လျက် နံနက်အချိန်တွင် ဥပဒေကျောင်းကို ဆက်လက်၍ သွားစပြုလေ၏။

တစ်နေ့သ၌ ဥပဒေနားထောင်ရာက ပြန်၍အလာတွင် မြင်းရထားတစ်စင်းနှင့် တင်မေကြီးလာသည်ကို မြင်ရလေ၏။ တင်မေကြီးသည်လည်း မိမိကို မြင်လေရာ ရထားကို အရပ်ခိုင်းပြီးလျှင် လမ်းတွင် စကားပြော၍ နေကြလေ၏။

ထိုအခါ တင်မေကြီး၏ဖခင်မှာ အထက်သို့သွားရောက် အထူးရုံးထိုင်၍ နေရသဖြင့် ရန်ကုန်မြို့၌ တင်မေကြီးကို အစေခံများနှင့် နေရစ်စေရလေ၏။ တင်မေကြီးကလည်း ဖခင်နောက်သို့ မလိုက်လို၊ မိမိဘာသာ နေရစ်ရန် ဆန္ဒရှိသော ကြောင့် ၎င်း၏အလိုဆန္ဒကို ဘယ်အခါမှ မငြင်းဆန်နိုင်သော ဖခင်သည် တစ်ကိုယ်တည်း အထက်သို့သွား၍ နေရလေ၏။ တင်မေကြီးမှာလည်း အခြား မြန်မာမိန်းမကလေးများနှင့် မတူ၊





လူမျိုးကွဲကဲ့သို့ စိတ်ပေါက်ပြီးလျှင် တစ်ကိုယ်တည်း ရဲရင့်စွာ လည်ပတ်သွားလာတတ်လေ၏။ အခါများစွာမှာလည်း အင်္ဂလိပ်လို ဝတ်ဆင်လည်ပတ် သွားလာတတ်လေရာ အင်္ဂလိပ် ကပြားမကလေးတစ်ယောက်ကဲ့သို့ မှတ်ထင်ရလေ၏။

ခေတ္တမျှ စကားပြောပြီးနောက် မြင်းရထား ထွက်သွားလေရာ မောင်သာရသည် ကျန်ရစ်ခဲ့လေ၏။ ၎င်းနောက် တင်မေကြီး တစ်ကိုယ်တည်း အဘယ်ကို သွားသည်ကို သိလိုသဖြင့် အခြားသော မြင်းရထားတစ်စီးနှင့် လိုက်၍ကြည့်လေ၏။

တင်မေကြီး၏မြင်းရထားနှင့် မောင်သာရ၏မြင်းရထားသည် တစ်ခါတစ်ခါ နီးကပ်၍သွားလေ၏။ တစ်ခါတစ်ခါ ခပ်လှမ်းလှမ်းကလေး ကျန်ရစ်လေ၏။ သို့သော်လည်း လမ်းအကွေ့အဝင်များ၌ ပျောက်ကွယ်၍ မသွားရအောင် အထူးသတိထားလေ၏။

မြင်းရထားနှစ်စီးသည် ထိုနည်းအတိုင်း နီးချည်ကွာချည်နှင့် မောင်းနှင်၍သွားကြလေရာ တင်မေကြီး၏ရထားသည် ပုဇွန်တောင် ဓာတ်ရထားလမ်းကြီး၌ ရပ်သည်ကို တွေ့ရလေရာ မောင်သာရသည်လည်း ထိုနေရာနှင့်မနီးမဝေးနေရာတစ်ခုတွင် ရပ်ကာ အရိပ်အခြည်ကို ကြည့်၍နေလေ၏။

အတန်ကြာသောအခါ စက်ာပူရပ်ကွက် (ယခု ပုဇွန်တောင်နယ်မြေ) ဘက်သို့ လှည့်၍ ဝင်သွားသည်ကို မြင်ရလေ၏။ တင်မေကြီးသည် ထိုကဲ့သို့ ဝင်၍သွားသောအခါ စာသတ်သူတို့၏ စိတ်ဉာဏ်အတွင်း၌ အလွန်တရာ ထူးဆန်းသော အသွင်ရှိလျက် အများလူတို့ ကြည့်ရှုတွေးတော တီးတိုးစကား ပြောကြပေလိမ့်မည်ဟု မှတ်ထင်ကောင်း မှတ်ထင်ကြပေလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်။

သို့သော်လည်း လက်တစ်ဘက်၌ ဈေးခွဲခြင်းကိုကိုင်လျက် တစ်ဘက်၌ ထီးကလေးကို ပခုံးထက်မှ နောက်ပြန်ကိုင်ပြီး ကျောဘက်တွင် မခို့တရို့ချလျက် ဆံပင်မှာ ကပိုကရို၊ ပဒုမ္မာအင်္ကျီ တစ်ပတ်နွမ်းနှင့် ပါတိတ်လုံချည်ကို ဝတ်ဆင်ကာ ဝင်၍သွားသော တင်မေကြီးကို ထူးခြားသောမိန်းမ၊ တရားသူကြီး၏သမီးဟု မည်သူမျှ ဂရုစိုက်၍မကြည့်။ မည်သူမျှ တစ်ယောက်ကိုတစ်ယောက် လက်တို့ကာ တီးတိုးမပြော။ ပုဇွန်တောင်ရပ်သူစာရေးကတော် စာချီတော်ကလေးတစ်ယောက်ဟုသာလျှင် အမှတ်ထားကြလေ၏။ ၎င်းကို သိရင်းဖြစ်၍ သတိပြုကာ ကြည့်ရှုသောသူတို့သာလျှင် တင်မေကြီး၏မျက်နှာ၌ ထူးခြားသောလက္ခဏာ အသွင်အပြင် အမူအရာတို့ကို သိမြင်နိုင်လေ၏။

မောင်သာရသည် အတန်ဝေးသောနေရာမှ လိုက်၍သွားလေ၏။ မောင်သာရနှင့် တင်မေကြီးသည် အတော်ကြီးဝေးကွာသောကြောင့် တင်မေကြီးသည် ခေတ္တမျှပျောက်ကွယ်၍သွားပြီး တစ်ခုသောလမ်းကြား၌ တင်မေကြီးကို ခပ်လှမ်းလှမ်းမှ ပြန်၍မြင်ရသောအခါ အံ့သြ၍နေလေ၏။

ဤမျှလောက် ဂုဏ်အသရေ ကြီးကျယ်သော အချော အလှမိန်းကလေးသည် ထိုကဲ့သို့သောနေရာသို့ အချိန်းအချက်ထားကာ ရည်းစားကိုတွေ့ရန် လာသည်မှာ အံ့ဖွယ်ရာဖြစ်၍နေလေ၏။

အကြောင်းမူကား တင်မေကြီးသည် ရပ်ကာ စက်ာပူမြေ(ယခုပုဇွန်တောင်နယ့်မြေ)ဘက်မှထွက်လာသော မောင်ဘလုံကို ကြည့်၍နေလေ၏။ လက္ခဏာအသွင်ကို ထောက်လိုက်သော





အခါ ၎င်းမောင်ဘလုံနှင့် တင်မေကြီးသည် ဤနေရာ၌ ကိစ္စရှိ၍ ချက်ချင်းတွေ့ကြုံပြီး နောက် မောင်ဘလုံသည် တင်မေကြီးနှင့် သမ်းခွဲ၍ထွက်လာ သော လက္ခဏာရှိလေ၏။

ထို့နောက် တင်မေကြီး အဘယ်ကို ဆက်လက်သွားမည်နည်းဟု ကြည့်မျှော်ကာနေလေရာ တင်မေကြီးသည် မောင်ဘလုံ၏နောက် အတော်အလှမ်းကွာသော နေရာမှလိုက်ကာ စက်ာပူရပ်ကွက် (ယခုပုဇွန်တောင်ရပ်ကွက်)မှ ထွက်၍လာသည်ကို မြင်ရလေ၏။ ထိုအခါ မောင်သာရသည် ကိုယ်ရှိန်သတ်လျက် နောက်ယောင်ခံကာ ပြန်၍လိုက်ပြန်လေရာ မောင်ဘလုံ ပျောက်ကွယ်သွားပြီး မြင်းရထားတစ်ခုပေါ်သို့တက်သော တင်မေကြီးကိုသာ မြင်ရလေ၏။ ထိုအခါ မောင်သာရသည်လည်း အခြားမြင်းရထားတစ်စင်းနှင့် တင်မေကြီး၏နောက်သို့ လိုက်လေရာ တင်မေကြီးသည် မိမိလာခဲ့သောလမ်းကိုပင် ပြန်၍ သွားကြောင်း တွေ့မြင်ရလေ၏။ မိမိလည်း စာအုပ်ဆိုင်သို့ ပြန်၍လာလေရာ ခါလာသော့ ထမင်းပွဲနှင့် အသင့်စောင့်၍နေသည်ကို တွေ့ရှိရလေ၏။

ခါလာ။ ။ ''ကိုင်း.....သူငယ်၊ ထမင်းစားကွယ်၊ သည်ကနေ့
နေမြင့်လှချည်လား''

သာရ။ ။ ''ဟုတ်ကဲ့ ခါလာ၊ ကျွန်တော် ဆာတော့မှ စားပါရစေ၊
နည်းနည်းခေါင်းထဲမှာအုံနေလို့ ခဏကလေး တုံး
လုံးလှဲပါရစေဦး''

ဟုပြောပြီး မိမိ၏အခန်းထဲသို့ သွားလေ၏။

ဦးသာဖ်။ ။ (ဒေါ်သော့အားလှမ်း၍)'' ဟိုဒင်ရာ ဟိုဒင်ရာ ဘယ်တော့မှ စိတ်ချရမှာ မဟုတ်ဘူး၊ အခုလဲ ဥပဒေတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်နေပြန်တယ်၊ စုံထောက်အလုပ်ကိုလဲ ရပ်ဦးမှာ မဟုတ်ဘူး။ သည့်ဆိုင်က အလုပ်တွေကိုလဲ မလျှော့၊ ဆရာသိန်း အလုပ်ကလဲ များပြား၊ သည်နွားမှ မရှုံးရင် ဘာမို့လို့လဲ၊ ဘယ်အရာမှာမှ လျှော့လျှော့ပေါ့ပေါ့ မလုပ်၊ အလွန်ချည်း လုပ်တာပဲ၊ လူရိုက်ခံတာတောင် သက်သက်သာသာ မခံခဲ့ဘူး။ သေလုမြောပါးဖြစ်အောင် ခံခဲ့တဲ့အကောင်ပဲ၊ ငါဖြင့် သည် ကောင့်အတွက် အင်မတန် အသက်ရှုကြပ်တာပဲ၊ ဝီရိယ လွန်လို့ နွားဖြစ်တာ သည်လိုအကောင်မျိုးပဲ၊ သွားပြောလိုက် ထမင်းကို ဝင်သလောက် စားပါစေ၊ အတန်ကြာလို့ အဆာလွန်ပြီး မစားနိုင် ဘဲနေရင် ဒုက္ခဖြစ်လိမ့်မယ်၊ သည်လိုအကောင်မျိုးတော့ သေပဲ မသေနိုင်ဘူး''

ထိုအခါ မသော့က–

''နေပါစေဦး မောင်၊ နည်းနည်းမောလာတယ် ထင်ပါ ရဲ့၊ မောတဲ့လူဟာ ထမင်းကို မစားနိုင်ဘူး''

ဟုပြောပြီး ခါလာသော့သည် လက်ဘက်ရည်ကလေး တစ်ခွက်ကိုဖျော်ကာ မောင်သာရအား သွား၍ပေးလေ၏။ မောင်သာရက–

''အမလေး ခါလာရယ်၊ ဒုက္ခရှာလိုက်တာ''

ဟုပြောကာ ခုတင်ပေါ်၌ထိုင်ရင်း လက်ဘက်ရည်က သောက်ကာ ပန်းကန်ကို ခါလာသော့အား ပြန်၍ပေးလေ၏။ ခါလာသော့က–

''အေးအေး.....တရေးတမော အိပ်ဦး၊ ညကလဲ ညဥ့် နက်ခဲ့တယ်''

ဟုပြောကာ ဆင်း၍သွားလေ၏။





မောင်သာရသည်ကား အိပ်ဖို့အလုပ်ကို မတွေးမိကာ တင်မကြီးကိုသာ တွေးမိလေ၏။ မိမိ၏ စုံထောက်ခြင်းကို အောင်မြင်ရန်အရေး တင်မကြီးကို တွေးမိသည့်အခါ အားတက် လေ၏။ ယခုသည်ကား တင်မကြီးကို တွေ့ရသောကြောင့် အားယုတ်လေ၏။ အကြောင်းမူကား မိမိ၏စိတ်၌ အလွန်တရာ မြင့်မြတ်သည်ဟု ထင်မှတ်၍ထားသော တင်မကြီးသည် မောင် ဘလုံကို တွေ့ဖို့ရန် ထိုကဲ့သို့သောနေရာသို့ လာရောက်သည်မှာ မိမိ၏စိတ်၌ မခံမရပ်နိုင်အောင်ရှိလျက် စိတ်ထဲတွင် မခံချင်သလို ဖြစ်နေလေ၏။

တင်မကြီးအပေါ်၌ အဘယ်ကဲ့သို့စိတ်ကို မိမိ ထားသည်ဟု မိမိကိုယ်တိုင်ပင် သဲသဲကွဲကွဲ မသိရသကဲ့သို့ ဖြစ် သော်လည်း မိမိအပေါ်၌ ရန်သူကဲ့သို့သဘောထားသော မောင် ဘလုံနှင့် ဤမျှလောက် အရောတဝင်ဖြစ်ကြောင်း တွေ့ရှိရသော အခါ မိမိ၏စိတ်၌ရှိသော ကြီးစွာသောမျှော်လင့်ခြင်းတစ်ခု ကွယ် ပျောက်၍သွားသကဲ့သို့ဖြစ်လေ၏။

စင်စစ်မှာ မောင်သာရသည် တင်မကြီး၏အပေါ်၌ ဖြစ်နိုင်သောအကြံသဘောမျိုးကို ထားသည်ဟု မိမိကိုယ်မိမိ သိလျက် မိမိ၏စိတ်ကို မကြာခဏ ဆုံးမရသော်လည်း ထို ကြီးမြားသောစိတ်သဘောသည် အဘယ်အခါမှ လုံးလုံးကြီး ပျောက်ဘဲနေလေရာ မောင်ဘလုံထံသို့ တင်မကြီး လာ သည်ဟု တွေးတောသိရှိခဲ့ရခြင်းသည် မိမိစိတ်အားကို ကုန်ခန်း အောင် ဖြိုဖျက်သကဲ့သို့ ဖြစ်လေ၏။ ထို့နောက်–'ဟယ် ဘတ်နိုင်ပါဘူး၊ ငါသည့်ထက် ပိုမို၍သိရအောင် သူတို့နှစ် ယောက်ကို ငါ စုံထောက်တော့မည်၊ ငါ၏အမှုကို ခေတ္တရပ်ဆိုင်း



www.burmeseclassic.com

www.burmeseclassic.com



၍ထားဦးမည်' ဟု စိတ်အကြံပြုလိုက်လေ၏။

မောင်သာရသည် စိတ်လက်က ခပ်လေးလေးမို့ ဆို
တွင်အလုပ်အကိုင်ကလေးများကို ရှင်းလင်း၍ပြီးသောအခါ ညနေ
အချိန်တွင် ကန်တော်ကြီးသို့ ရောက်သွားလေ၏။ ကန်တော်ကြီး
၌ တစ်ကိုယ်တည်းလှည့်ပတ်၍ သွားလာနေပြီးမှ ပြတ်ပြတ်သား
သား ကျယ်စွာမြည်၍လာသော အချက်မှန်သော မြင်းခွာသံ
မိမိ၏နောက်မှကြားရလေလျှင် လှည့်၍ကြည့်လိုက်ရာ တစ်ကိုယ်
တည်း ဒေါက်ကပ်မောင်းနှင်၍လာသော အင်္ဂလိပ်မလေးတစ်
ယောက်ကို မြင်ရလေ၏။

ထိုအင်္ဂလိပ်မလေးသည် မောင်သာရကို မြင်လျှင်မြ
ခြင်း ပြုံးရယ်ကာ မြင်းကိုဆွဲ၍ ရပ်လေရာ ၎င်းအင်္ဂလိပ်မလေး
၏မျက်နှာသည် တင်မေကြီး၏မျက်နှာဖြစ်၍နေသည်ကို မော
သာရ တွေ့မြင်အံ့သြ၍နေပြီးမှ ဒေါက်ကပ်အပါးသို့ကပ်ကာ နှုတ်
ဆက်လေ၏။

''ဘယ့်နှယ့်လဲ ကိုသာရ၊ ရှင့်အတွက် နေရာကျဖို့လမ်း
များ ပေါ်ပလား''

သာရ။ ။ ''မပေါ်သေးပါဘူးဗျာ၊ အခုထက်တိုင် ယီးတီးယားတား
နေသေးတာပါပဲ''

တင်။ ။ ''ရှင် စိတ်လျှော့ပလား''

သာရ။ ။ ''စိတ်ကတော့ လျှော့ရိုးလားလေ၊ ငုပ်မိသဲတိုင်
တက်နိုင်ဖျားရောက်တဲ့ ယနေ့ အချက်မပေါ်ရင် နက်ဖြန်
ပေါ်မှာပေါ့''

တင်။ ။ ''ကျွန်မသည်စကားကို ကြားရတာ အင်မတန်ဝမ်းသာ
ပါတယ်''





ဟုပြောကာ မောင်သာရ၏မျက်နှာကို ပြုံးချိုစွာကြည့်လေ၏။
မောင်သာရ၏မျက်နှာသည်မော့ကာ တင်မေကြီး၏ ချစ်
ဖွယ်ကောင်းသောမျက်လုံးများကို ငေးစိုက်ကာ ကြည့်၍နေ လေ၏။

ထို့နောက် တင်မေကြီးက—

''ကိုင်း.....နေနည်းပြီ ကိုသာရ၊ ကျွန်မ သွားဦးမယ်''

ဟု ပြောရင်း မိမိ၏ နူးညံ့ပျော့ပြောင်းဖွယ် ကောင်း
သောလက်ကို လှမ်းကာပေးလေရာ မောင်သာရသည် ဆွဲကိုင်
နှုတ်ဆက်ရင်း နူးညံ့သောလက်များကို တွေ့ထိခြင်း စိတ်အစွမ်း
ကြောင့် ရုတ်တရက် ပြန်၍ လက်များကို မလွှတ်ဘဲ တင်းကြပ်
မြဲမြံစွာ ဆုပ်ကိုင်ကာ တင်မေကြီး၏မျက်နှာကို ဝမ်းနည်းသော
ကြည့်ခြင်းမျိုးဖြင့် ကြည့်ကာသာ နေမိလေ၏။ တင်မေကြီး
သည်လည်း လက်ကို ပြန်၍ရုတ်သိမ်းရန် သတိမရ၊ မောင်သာရ
၏မျက်နှာကို သနားကြင်နာသောမျက်လုံးများဖြင့် ကြည့်၍နေ
လေ၏။

ထိုကဲ့သို့ အတန်ကြာကလေးနေပြီးမှ မောင်သာရက
လက်ကိုလွှတ်လိုက်သောအခါ တင်မေကြီးသည် မြင်းကြိုးသရေ
ကြိုးကို လက်နှစ်ဘက်နှင့်ကိုင်ကာလှုပ်ရင်း.....

''ကျွန်မ သွားတော့မယ်''

ဟုပြောပြီး ခေါင်းငုံ့လျက် ပါသွားပြီးမှ အတန်ကလေး
ဝေးသောအခါ နောက်သို့လှည့်ကာ ကြည့်လေလျှင် ရပ်၍
ကြည့်ရစ်သော မောင်သာရကိုမြင်ရလျက် ဖြူဝင်းသော လက်
ကလေးကို ပြကာ နှုတ်ဆက်၍ မောင်းသွားလေ၏။ မကြာမီ
သစ်ပင်အကွေ့တွင် ပျောက်ကွယ်၍ သွားလေရာ မြင်းခွာသံမှာ
သည်း တဖြည်းဖြည်းဝေး၍ ပျောက်လေသတည်း။ မောင်သာရ



www.burmeseclassic.com

www.burmeseclassic.com



သည် အိမ်သို့ လျှင်မြန်စွာပြန်ပြီး ထမင်းမစားဘဲ မိမိအခန်းသို့ ဝင်ကာ နဖူးထက် လက်တင်လျက် တွေ့ကြုံရပုံများကို စဉ်းစားဆင်ခြင်၍နေလေ၏။ ဘင်မေကြီး၏ စိတ်နေသဘောထား အမှုအရာမှာ အကဲခတ်ဖို့ရန် များစွာခက်၍နေလေ၏။

ထိုနေ့ညဥ့် ၉-နာရီခန့်အချိန် မောင်သာရသည် စကား ပူမြေ (ယခု ပုစွန်တောင်နယ်မြေ)ထဲသို့ တစ်ကိုယ်တည်း ထွက်သွားလေ၏။ အလင်း၏အင်အားကို ကျယ်မားစွာ ပျံ့နှံ့ ပို့ဆောင်ခြင်းငှာ မစွမ်းနိုင်သော လမ်းမီးတိုင်တို့သည် တစ်ခု နှင့်တစ်ခု အလှမ်းဝေးကြသဖြင့် အထီးကျန်ပမာ တစ်ကိုယ် တည်းနေသော လက္ခဏာဖြင့် ဝမ်းနည်းသော အမှုအရာကို ပြကြလျက် မှေးမှိန်လှစွာသော အလင်းကို ဆောင်ကြလေ၏။ ၎င်းရပ်ကွက်မှာ လမ်းမီးတိုင်တို့၏ အလင်းဓာတ် အားနည်း သည့်အပြင် ကျဉ်းမြောင်းသော လမ်းကွေ့လမ်းမြောင်တို့ ကွေ့ကောက်များပြားခြင်းကြောင့် သာ၍ပင် မှောင်သည်ဟု မှတ်ထင်ရပေသည်။ တစ်ခါတစ်ခါ အိမ်များ၌ ထွန်း၍ထားသော မီးအိမ်တို့၏ အလင်းရောင်ကို လမ်းလျှောက်သူတို့သည် အားပြု ကြရ၏။

အဆိုပါ ညဥ့်၌အထူးစိတ်ငြိမ်လျက် ပုစွန်တောင် ဓာတ် ရထားလမ်းကြီး၌ သွားလာ၍နေသော ဓာတ်ရထားများ၏ အသံ မှတစ်ပါး အခြားအသံကို များစွာမကြားရချေ။ မြစ်ဘက်မှ ကွေ့တက်၍လာဟန်ရှိသော လေပြေလေညင်းသည်ကား တား ဆီးပိတ်ဆို့သော ခြံ၊မြေ၊သစ်ပင်၊ အဆောက်အဦတို့၏အစွမ်း ကြောင့် ထွင်းဖောက်ကာ မရောက်လာနိုင်ဘဲ လမ်းကွေ့လမ်း ကောက် အကြိုအကြားတို့တွင် ချုပ်ငြိမ်းပျောက်ပျက်၍နေဟန်





သောကြောင့် ပူအိုက်သောလေသည် ထူထပ်သော တင်းတိမ် မှာ တစ်ရပ်လုံးကို ပိတ်ဆို့လွှမ်းခြုံ၍ နေသကဲ့သို့ မှတ်ထင်ရ သ၏။

အိမ်၌ထွန်းညှိသော မီးအိမ်တို့သည်ကား အခါခပ်သိမ်း သမ်းဘက်သို့ မရောက်နိုင်ကြသောကြောင့် မှောင်ကျသော နေရာများ၌ တစ်ကိုယ်ရည်တစ်ကာယ လမ်းလျှောက်သောသူ ၏ စိတ်ကို များစွာချောက်ချားစေ၏။ အကြောင်းမူကား ထိုရပ် ကွက်သည် လူဆိုးသူဆိုးတို့၏ကျက်စားရာ ရပ်ကွက်ဖြစ်သည် ဟု အထူးပင် နာမည်ရရှိလေသည်။

မောင်သာရသည် တစ်ကိုယ်တည်းလျှောက်၍သွားရာ ထက်ဖော်ပြခဲ့သောအိမ်နှင့် မနီးမဝေးသို့ရောက်သောအခါ တိုး င်မှောင်ကျလျက် ရှေ့သို့မတိုးဝံ့ဘဲ တစ်ကိုယ်တည်းရပ်ကာ ်တစ်အိမ်မှကြားရသော ပဆစ်ပြွစ်သံကို နားထောင်လျက် ဆိုပါအိမ်ကို ရှုမျှော်၍နေ၏။ ၎င်းအိမ်မှာ အောက်ထပ်တွင် င်ကျလျက် အပေါ်ထပ်တွင် ပြတင်းတစ်ပေါက်မျှသာ ပွင့် နေသည်ကို မြင်ရ၏။ ၎င်းပြတင်းတံခါးအတွင်း၌ရှိသော မီး ောင်၏အစွမ်းဖြင့် အတွင်း၌ မည်သူမည်ဝါရှိမည်ကို ကြည့်၍ ရာ မီးရောင်အောက်တွင် ရပ်လာသော အလွန်လှသော ျက်မှန်နှင့် ယောကျ်ားပျိုတစ်ယောက်ကို မြင်ရလေ၏။

ထိုယောကျ်ားပျိုမှာ သက္ကလပ်အကျီရင်စေ့အနက်နှင့် ာလုံချည်ကို ဝတ်ဆင်၍ထားလေ၏။ ခေါင်းပေါင်းမှာ ီးရောင်အဆင်ရှိလေ၏။ ထိုယောကျ်ားပျိုသည် မီးရောင် ာက်၌ အတန်ကြာစွာ ရပ်နေပြီးမှ ပြတင်းပေါက်ရှိရာသို့ ်းကပ်လာပြီးလျှင် အပြင်ဘက်သို့ ရှုမျှော်နေ၏။ ၎င်း၏

www.burmeseclassic.com



အမှုအရာမှာ လာရောက်မည်ဖြစ်သော အဖော်အပေါင်းများကို စောင့်မျှော်နေဟန် လက္ခဏာရှိလေသတည်း။

အတန်ကလေးကြာသောအခါ တံခါးကိုပြန်၍စေ့ပြီးလျှင် အတွင်း၌ရှိသော မီးရောင်သည် မှေးမှိန်၍သွားလေ၏။ မောင်သာရလည်း အတန်ကြာစွာ ဆက်လက်၍ကြည့်နေပြီးနောက် တစ်စုံတစ်ရာကိုမျှ မမြင်ရတော့သည် ဖြစ်လေရကား လှည့်၍ပြန်လာခဲ့လေ၏။

ယင်းကဲ့သို့ တဖြည်းဖြည်းလာခဲ့လေရာ ၎င်းရပ်ကွက်မှ ထွက်ခါနီးသောအခါ၌ မိမိ၏နောက်မှခပ်မြန်မြန်လိုက်၍လာသော ခြေသံကို ကြားရသဖြင့် ရုတ်တရက်လှည့်၍ကြည့်လိုက်ရာတွင် မိမိအပါးသို့ လျင်မြန်စွာကပ်၍ရောက်လာသော ယောကျ်ားတစ်ယောက်၏သဏ္ဌာန်ကိုမြင်ရသောကြောင့် နဂိုက ထိတ်လန့်ပြီးဖြစ်သည်ကတစ်ကြောင်း၊ အထက်ကတစ်ကြိမ် တွေ့ကြုံဖြစ်ပွားခဲ့ရသောကြောင့်တစ်ကြောင်း မိမိကို ရန်မူရန် ကပ်ရောက်၍ လာသည်ဟု မှတ်ယူကာ အားရှိသမျှ ဆီး၍တွန်းလိုက်လေရာ ချဉ်းကပ်၍လာသူသည် အုတ်လမ်းပေါ်နောက် ပက်လက်နောက်ပြန်လဲကျ၍သွားပြီးလျှင် လမ်းနံဘေးမီးတိုင်ဘက်သို့ လိမ့်ဆင်းသွားလေ၏။ ပေါင်းရစ်၍ထားသော ခေါင်းပေါင်းမှာ လွင့်စင်၍ အနီးတွင် ပုံလျက်နေ၏။

ထိုအခါ မောင်သာရသည် အနီးအပါး၌ တစ်စုံတစ်ယောက်ကိုမျှ မမြင်ရသောကြောင့် အနီးသို့မြန်စွာ ပြေးကပ်၍ ကြည့်လေရာ မီးရောင်အောက်၌ ပက်လက်နေသောမျက်နှာကို မြင်ရသောအခါ အလွန်တရာ အံ့ဩမိန်းမော၍သွားလေ၏။ အကြောင်းမူကား ထိုမျက်နှာသည် အခြားမျက်နှာမဟုတ်၊ တင်





မေကြီး၏မျက်နှာဖြစ်နေသည်ကို သိရလေ၏။

ထိုအခါ ပွေ့ယူထူမည့်အကြံနှင့် အနီး၌ထိုင်လိုက်သောအခါ ဦးခေါင်းအနီး မြက်ပေါ်၌ မည်းသောအရာကလေးတစ်ခုကို တွေ့မြင်ရသောကြောင့် ကောက်ယူ၍ ကြည့်လိုက်သောအခါ ငှက်ခမ်းမွေး အတုကလေးတစ်ခုဖြစ်ကြောင်းကို တွေ့ရှိရလေ၏။ အနီး၌ ဝင်းလက်သောရွှေမျက်မှန်ကိုလည်း တွေ့မြင်ရလေ၏။ ထို့နောက် အဝတ်အစားများကို ကြည့်လိုက်သောအခါ မကြာမီက [illegible]ပေါ်တွင်မြင်ခဲ့ရသော ယောကျ်ားပျို၏ အဝတ်အစား ဖြစ်သည်ကို သိရလေ၏။

ယင်းကဲ့သို့ကြည့်နေခိုက်တွင် ဝီစီသံများနှင့် ပြေး၍လာသောခြေသံများကိုကြားရသောကြောင့် မောင်သာရသည် ထိုင်ရာမှထ၍ လွတ်ရာလွတ်ကြောင်း ပြေးရှာလေရာ မှောင်ထဲတွင် ထွက်မြောက်၍ ပုဇွန်တောင်လမ်းမကြီးသို့ ရောက်လာခဲ့လေ၏။

ပုလိပ်များလည်း လိုက်၍မမီကြသောကြောင့် လဲ၍နေသော တင်မေကြီးကို ဝိုင်းအုံကြည့်ရှု ထူမကြလေ၏။ ၎င်း၏ မျက်နှာကို လမ်းမီးတိုင်အောက်တွင် ကြည့်ရှုကြလေ၏။ ထိုခိုက်တွင် မောင်ဘလုံသည် မောင်စောနှင့်အတူ လျှောက်လာကြရာ တင်မေကြီးကို မြင်ကြရသောအခါ သေချာစွာကြည့်ကြလျက် စကားမပြောကြဘဲ တစ်ယောက်ကိုတစ်ယောက် လက်ကုတ်ပြီး မိမိတို့လမ်းကို မိမိတို့ လျှောက်သွားကြလေ၏။

တစ်ယောက်က.....

''ဘယ့်နှယ့်လဲ အိုင်ဆေး တင်မေကြီးပါကလား''

ဟုပြောလေ၏။

တစ်ယောက်က.....



www.burmeseclassic.com

www.burmeseclassic.com



''အသာနေ၊ တို့ အကွက်ပေါ်တော့မယ်၊ ငါတို့နဲ့ မတွေ့လို့ ပြန်လာတာနဲ့တူတယ်၊ အရင်တစ်ညက ကျုပ် မပြောဘူးလား''

ဟုပြန်ပြောလေ၏။ ၎င်းတို့သည် အိမ်သို့ရောက်သွားသောအခါ အိမ်ပေါ်တွင် ပျာယီးပျာယာ သွားလာလှုပ်ရှားကာ များစွာပင် အကြံအစည် များနေဟန် ရှိလေ၏။

မကြာမီ တင်မေကြီးသည် သတိရ၍ လာသောအခါ တင်မေကြီးသည် မိမိ၌ အဘယ်သို့သော အခြင်းအရာ ဖြစ်ပွားသည်ကို သတိမရသောကြောင့် အတန်ကလေးကြာစွာ စဉ်းစား၍နေပြီးမှ လူတစ်ယောက် တွန်း၍လှဲလိုက်သည်ကို သတိရ၍ ရုတ်တရက် ဉာဏ်ပေါ်လာပြီးလျှင်–

''ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ မတော်တဆ ချော်လဲရင်း အုတ်ခဲနှင့်ဆောင့်မိ၍ မေ့နေတာပါ''

စသည်ဖြင့် အတန်တန် ပြောပြလေ၏။ ထိုအခါ ပုလိပ်များသည် ၎င်းကို လွှတ်လိုက်ကြလေ၏။ ထို့နောက် တင်မေကြီးသည် မြင်းရထားတစ်စီးခေါ်ပြီးလျှင် ဝင်ဆာလမ်း(ယခု ရှင်စောပုလမ်း)သို့ ပြန်သွားလေ၏။ မောင်သာရလည်း လန်ချားတစ်စင်းနှင့် အိမ်သို့ပြန်သွားလေ၏။ အိမ်သို့ရောက်သောအခါ မည်သူနှင့်မျှ စကားမပြောဘဲ ဆိုင်၌ သိမ်းစရာဆည်းစရာ ရှိသမျှတို့ကို သိမ်းဆည်းပြီးလျှင် မိမိအခန်းသို့ တက်ကာ အိပ်ရာထဲတွင် လှဲလိုမ့်စဉ်းစားလျက်နေလေ၏။

ထိုကဲ့သို့နေခိုက်တွင် ခါလာသော့သည် လက်ဘက်ရည်ကို ယူလာခဲ့လေ၏။ မောင်သာရသည်ကား စကားမပြောဘဲ ထ၍ထိုင်ပြီး လက်ဘက်ရည်ကို တစ်ကျိုက်နှစ်ကျိုက်မော့၍ သောက်ပြီးလျှင် အိပ်ရာထဲသို့တစ်ဖန် မိမိ၏ကိုယ်ကို လှဲပစ်၍





ချပြန်လေရာ ခါလာသော့သည် ၎င်းကို ရပ်ကာကြည့်ပြီးလျှင် ဆင်းသွားလေ၏။

ဦးသာဇံသည်ကား တဖျစ်တောက်တောက်မြည်တွန်ကာ

''သည်တစ်ခါဖြစ်လျှင် သေလိမ့်မယ်၊ သည်ကောင်မကြီးဟာ အင်မတန် အလိုလိုက်တာကလား''

စသည်ဖြင့် မြည်တွန်ပြောဆိုကာ နေလေ၏။

မောင်သာရသည်ကား တစ်ကိုယ်တည်း တွေးတော၍ နေသည်မှာ ဤမိန်းမသည် အလွန်တရာမှ တွေးရခက်သော မိန်းမပေတကား။ အဘယ်သို့သောအကြောင်းကြောင့် ဒီအိမ် ကို သွားသွား၍ နေရပါသနည်း။ ဟိုအကောင်၏လက်တွင်းသို့ သူအပိုင် သက်ဆင်း၍နေပြီလား။ လူသူလေးပါး သိမည်ကို စိုးသည့်အတွက် အရုပ်အဆင်းကိုဖျက်ပြီး မိန်းမသားတန်မဲ့ ယောကျ်ားရှိရာကို ဘန်းတန်းစွဲ လာရောက်၍ နေလေသည်တကား။ ဖခင်ကလည်း အလိုလိုက်၊ စရိုက်ကလဲ ဘိုဆန်၊ စိတ်ရှိတိုင်း ကြံ၍နေတာကို မသိသူ ဖခင်ဟာ စွန့်ပစ်ခဲ့သွား၍နေလေသည်၊ သူ့ဖခင် မပြန်လာသမျှ ထချင်တိုင်းထ၍ နေတော့မှာပဲ။ ငါနှင့်တွေ့သည့်အခါ သူ့မျက်နှာတစ်မျိုးချိုပြီး အဆိုးပိုကာ တိတ်တိတ်ပုန်းလျက် ကြိတ်ကြိတ်ကလေး ဤနေရာလာ၍ပြုံးပြီး အချစ်လုံး အပင်းသျှိကာ အကမြင်း ပို၍နေတာပဲ။

ဩော်.....မိန်းမဆိုတာ အလွန်တရာမှ အတွေးရ အကြံရ အသိရ ခက်ပါကလား။ ဤမျှလောက် သူ့စိတ်ဟာ ကြိတ်ကာသာ ကစား၍နေပါလျက် အဘယ်အတွက် ငါ့ အပေါ်မှာ မျက်နှာချို သွေးပါသနည်း။ ငါ၌ရှိသော အရှုံးစိတ်ကို အတူးပင် ရိပ်မိလျက် ငါ့အား ရှုံးသည်ထက်ရှုံးအောင် ပြုလေသလား။ ဘယ့်ကောင်.....ငါ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ တွေးပါလိမ့်။ မရေမရာ သူနဲ့ငါဟာ အဘယ်မှာ ဆက်ဆံဖူးပါသတုံး။ ငါ၏စိတ်မှာသာ တစ်မျိုးထင်လျက် ပိုးချင်တိုင်း ပိုး၍နေရာ သူမသိ ငါပိုး ဆိုတာလို မရေမရာ ဖြစ်၍နေပါတကား။ ငါ၏အလုပ်သည် ဤအရာမျိုးနှင့် တစ်စုံတစ်ရာ မသက်ဆိုင်။ ငါ ရေလိုက်လွဲ၍ နေပေပြီ။ တင်မေကြီး၏ အလုပ်နှင့် ငါ၏အလုပ်သည် အဟုတ်တကယ် စခန်းကွာသောကြောင့် ပရမ်းပတာ သူ့ဘာသာသူ ဖြစ်၍နေတာကို ဘယ့်အတွက် ငါပူ၍နေပါသနည်း.....စသည်ဖြင့် တွေးတောကာ မိမိ၏စိတ်ကို အနိုင်နိုင်ဆုံးမလျက် မိမိ၏အလုပ်ကိုသာ တွင်ကျယ်အောင် လုပ်ဖို့ရာ စိတ်အကြံပြုရရှာလေသတည်း။

♛ ♛ ♛





## အခန်း(၁၄)

နောက်တစ်နေ့ည မောင်သာရသည် ဦးထွန်းသိန်း အသစ်ခံရသော ထမင်းဆိုင်သို့ သွားရောက်လေရာ ဆိုင်ရှင်မိန်းမကြီးက.....

''အလို.....မင်း ရောက်လာပြန်ပလား၊ အခု ဘယ်မှာ နေသလဲ၊ ဘာကိစ္စရှိသလဲ''

စသည်ဖြင့် မေးမြန်းလေ၏။

မောင်သာရက......

''ကျွန်တော် ခင်ဗျားအခန်းကို ကြည့်ရှုဖို့ လာပါတယ်''

ဟုပြောလေ၏။ ဆိုင်ရှင်မိန်းမကြီးက ၎င်းကို များစွာ စကားပြောလိုသောဆန္ဒ မရှိသဖြင့်.....

''အခန်းတွေတစ်ခုမှ မအားဘူး၊ မင်း ပြန်နေချင်သလား''

ဟုမေးလေရာ မောင်သာရက.....



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် ပြန်မနေချင်ပါဘူး၊ ဦးထွန်းသိန်းသေတဲ့ အခန်းကို သေသေချာချာထပ်ပြီး စုံစမ်းချင်လို့ပါ''ဟုပြောလေ၏။

မိန်းမကြီး။ ။ ''မင်း ဘာစုံစမ်းဖို့ ရှိသလဲ၊ ရုံးမင်းက မင်းအပေါ် အပြစ်မရှိဘူးဆိုပေမယ့် မင်းအပြစ်ဟာ အရပ်ထဲမှာ ထင်ရှားပြီး ဖြစ်နေတယ်၊ မင်း ဘာကို စုံစမ်းချင်သလဲ''

သာရ။ ။ ''ကျုပ် ဘာကို စုံစမ်းသည်ဖြစ်စေ ခင်ဗျားနှင့် မဆိုင်ဘူး၊ ကျုပ်မှာ စုံစမ်းဖို့ အခွင့်ရှိတယ်၊ ကျုပ်ကို ပိတ်ပင်ရင် ခင်ဗျားတို့အပေါ်မှာ အမှုပတ်ပါလိမ့်မယ်၊ သည်အမှုဟာ မအေးသေးဘူး''

ဟုခြောက်လှန့်ကာပြောဆိုပြီး အခန်းရှိရာ အပေါ်ထပ်သို့ အတင်းတက်သွားလေရာ မိန်းမကြီးသည် စကားတစ်လုံးမျှ မပြောဝံ့ဘဲ နောက်က လိုက်လာလေ၏။ အခန်းမှာ ပိတ်၍ထားသည်ကို တွေ့ရှိရလေ၏။

အခန်းမှာ ပိတ်၍ထားသည်ကို တွေ့ရှိရလေ၏။ မောင်သာရက ၎င်းအခန်းကို အဖွင့်ခိုင်းလေရာ မိန်းမကြီးသည် တုန်လှုပ်ခြောက်ခြား စိတ်လက်လှုပ်ရှားသော အမူအရာနှင့် ကပျာကယာ ဖွင့်၍ပေးလေ၏။ အခန်းသည် မှောင်၍နေသောကြောင့် မိန်းမကြီးအား ဖယောင်းတိုင်တစ်ခုကို အယူခိုင်းရာ ဖယောင်းတိုင်ရောက်၍လာသောအခါ ဖုန်များနှင့်အခန်းမှာပြည့်လျက် မည်သူမှ မနေသေးသော လက္ခဏာကို တွေ့ရှိရလေ၏။

မောင်သာရသည် ၎င်းအခန်းကို သေချာစွာကြည့်ရှုလေရာ မျက်နှာကျက်မှစ၍ နံရံအားလုံးတို့မှာ ကောင်းစွာလုံခြုံလျက်





မည်သူမျှ ဝင်နိုင်ထွက်နိုင်ဖို့ရာ နည်းလမ်းမရှိသည်ကို တွေ့ရလေ၏။ ထိုအခါ မိန်းမကြီးက.....

''မင်း ငါတို့အပေါ်မှာ ဘယ်လိုပဲ ဝါစေကာမှု မဖြစ်နိုင်ပါ၊ သည်အခန်းဟာ အင်မတန် လုံပါတယ်၊ ဖြစ်ပျက်တဲ့ ညတုန်းက ဒီအခန်းထဲမှာ မင်းတစ်ယောက်နှင့် ဦးထွန်းသိန်းတစ်ယောက်သာ ရှိတာပဲ၊ သည်အပြစ်ကို ဘယ်သူ့အပေါ်မှာ မင်းက လာပြီး ရောက်စေချင်သေးသလဲ၊ မင်းကိုလဲ ရုံးက လွှတ်လိုက်ပြီ၊ မင်းအေးအေးနေပါတော့လား၊ ဘာပြုလို့ ဒုက္ခရှာရသလဲ'' ဟုပြောလေ၏။

မောင်သာရသည် ထိုစကားများကို ဂရုမထား ရှာမြဲတိုင်းဆက်၍ရှာလေရာ မျက်နှာကျက်ပျဉ်ပြားတစ်ခုကို ဆွဲ၍ ခွာမိလေလျှင် အလျားတစ်တောင်ခန့်ရှိသော ပျဉ်ပြားပိုင်း တစ်ခု ပြုတ်၍လာသည်ကို တွေ့ရလေ၏။ ထိုပျဉ်ပိုင်းကို မောင်သာရသည် သေချာစွာ ကိုင်၍ကြည့်သောအခါ သံရိုက်သောနေရာများ၌ သွေ့ခြောက်၍နေသော ပွဲညက်များကို တွေ့ရလေ၏။

၎င်းပျဉ်ပြား၏အလယ်ခေါင်၌ အတွင်းဘက်မှာ ခိုင်မာမြဲမြံသော ဝက်အူကလေးတစ်ခုနှင့် ဆွေးမြေ့သောကြိုးစများကို တွေ့ရလေ၏။ ၎င်းပျဉ်ပြားကို ပြန်၍ကပ်ကြည့်လိုက်သောအခါ ထိုနေရာတွင်အံကျဖြစ်လျက် တစ်စုံတစ်ရာ ထူးခြားသော အသွင်မရှိချေ။ မိန်းမကြီးသည် ထိုအရာကို မြင်သောအခါ မျက်နှာပျက်၍သွားလေ၏။ မောင်သာရသည် ၎င်းအပေါက်ထဲသို့ ခေါင်းလျှို၍ ကြည့်လိုက်သောအခါ ခေါင်းဝင်ကိုယ်ဆန့်ဖြစ်၍ နေသည်ကို တွေ့ရလေသတည်း။

ထိုပျဉ်ပြားကို မောင်သာရသည် ကြည့်ရှုစဉ်းစားလိုက်

www.burmeseclassic.com



သောအခါ အတွင်းမှသေးငယ်သော လွှနှင့်ဖြတ်၍ ဖွင့်သောပျဉ်ပြားဖြစ်ကြောင်းကို သိရှိရလေ၏။ ပွဲညက်များမှာ မည်သူမျှမသိရအောင် ပြန်၍ကပ်ထားဖို့ဖြစ်ကြောင်းကို သိရလေ၏။ ဝက်အူမှာ ခိုင်သည်ထက်ခိုင်အောင် ကြိုးနှင့်ဆိုင်းပြီး တစ်ခုခုမှာ တွယ်ချိတ်၍ထားရန်ဖြစ်ကြောင်းကို ကြိုးအစများက သက်သေပြလေ၏။ ဦးထွန်းသိန်းသေပြီးစအခါက စုံထောက်များ၊ ရဲများ လာရောက်စုံထောက်သောအခါ ၎င်းကြိုးနှင့် ပွဲညက်များမှာ လွန်စွာခိုင်၍နေသောကြောင့် မသိသာချေ။ ယခုမှာ ဆိုင်း၍ထားသောကြိုးမှာဆွေး၍ ပွဲညက်များလည်း သွေ့ခြောက်ပြီးလျှင် အနည်းငယ်ဟ၍နေသောကြောင့် သိရလေ၏။

မောင်သာရသည် ၎င်းအပေါက်ထဲသို့ ခေါင်းလျှိုပြီးလျှင် တက်သွားလေရာ မှောင်သောမျက်နှာကျက်အတွင်းသို့ ရောက်သွားလေ၏။ ထိုနေရာမှ အုတ်ကျွတ်များကို ကြည့်သောအခါ လွယ်ကူစွာ ဖွင့်၍ရသည်ကို တွေ့ရသောကြောင့် အုတ်ကျွတ်များကို လှန်ပြီးလျှင် အမိုးပေါ်သို့တက်၍ ကြည့်လေရာ နံဘေးရှိ တိုက်တစ်ခု၏အမိုးပေါ်သို့ လွယ်ကူစွာ ကူးသွားနိုင် ကြောင်းတွေ့ရှိရလေ၏။ အကယ်၍ ရန်သူလာလျှင် ဤလမ်း ဖြင့်သာ လာနိုင်ဖွယ်ရာ ရှိ၏။ အခြားလမ်းကို မမြင်ချေ။ မောင်သာရသည် အမိုးပေါ်၌ အတန်ကြာရပ်ကာ ကြည့်နေပြီး မျက်နှာကျက်အတွင်းသို့ ပြန်၍ဆင်းလိုက်သောအခါ အခွေလိုက်ပုံလျက်နေသောအရာတစ်ခုကို မြင်ရသဖြင့် ကောက်ယူကာကြည့်လိုက်သောအခါ ကြိုးလှေကားကလေးတစ်ခုဖြစ်ကြောင်းကို သိရှိရလေ၏။

၎င်းကြိုးလှေကားကလေးကို မျက်နှာကျက်မှ အခန်းထဲ





သို့ ချလိုက်သောအခါ အခန်း၏ကြမ်းခင်းကို ကောင်းစွာမိလျက်အောက်တွင် တစ်ပိုင်းပုံ၍နေသည်ကို တွေ့မြင်ရသောအခါ မိမိကိုယ်တိုင် လှေကားမပါဘဲ လွယ်ကူစွာ ဆင်းနိုင်တက်နိုင်သောနေရာ၊ ထိုကြိုးလှေကားနှင့် ဆင်းရတက်ရသော လူဆိုးပေဘည်းဟု တွေးတောကာ ငုံနေမိလေ၏။

အကယ်၍ ဤကြိုးလှေကားနှင့် မိမိဆင်းလျှင် ကြိုးလုံးဟာ သေးငယ်သောကြောင့် ပြတ်၍ကျဖွယ်ရာ ရှိလေ၏။ ထိုအကြောင်းများကို စဉ်းစားလိုက်သောအခါ မောင်သာရမှာ များစွာအကြံရကျပ်၍နေလေ၏။ မောင်သာရလည်း ၎င်းကြိုးကို ထွေးလုံးရစ်ပတ်ကာ မိမိ၏အင်္ကျီအိတ်ထဲသို့ထည့်ပြီးလျှင် တိုက်ပေါ်ကဆင်း၍လာလေ၏။ မောင်သာရသည် ထိုမျှထက် တစ်စုံတစ်ရာပိုမို၍မသိသောကြောင့် လမ်းစတုံးပြီးလျှင် မိမိ၏လုပ်ငန်းအဆုံးသို့ ရောက်လေပြီဟု မှတ်ထင်ရာ များစွာမကျေမချမ်းဖြစ်၍နေသတည်း။

ဦးဘိုးသိန်းလည်း ပြန်ရောက်၍လာသဖြင့် အလုပ်များကို ဆက်လက်၍လုပ်ရင်း ကြိတ်ကာပင် ကြံစည်လျက် လမ်းစလမ်းန အဘယ်ပုံ ပေါ်မည်ကို အမြဲပင်တွေးကာ ကြံနေလေသတည်း။ ထိုနေ့မှ မတွေ့ရ၊ တွေ့ဖို့အကြောင်းကိုလည်း ဂရုမထား၊ စာမေးပွဲဝင်ရန် စာကိုကျက်ရင်း မိမိအလုပ်များကိုသာ ကြိုးစားလုပ်ကိုင်နေလေ၏။

တစ်နေ့သ၌ ညချမ်းအချိန် မောင်သာရသည် အလုံရပ်မှ ဝင်ဆာလမ်း (ယခု ရှင်စောပုလမ်း) ဘက်သို့ သွားရကောင်းမလားဟု တွေးတောကာ တစ်ခုသောလမ်းထောင့်၌ ရပ်လျက်နေလေ၏။ ယင်းကဲ့သို့နေခိုက်တွင် မြင်းခွာသံကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရလေရာ လှည့်၍ကြည့်လိုက်ရာ တွင် ပထမတန်း မြင်းရထားတစ်စင်းကို တွေ့မြင်လိုက်ရလေ၏။

ရထားပိုင်အတွင်းသို့ကြည့်လိုက်သောအခါ တင်မေကြီး၏မျက်နှာနှင့်ဆိုင်၍နေသည်ကို တွေ့မြင်ရလေ၏။ တင်မေကြီးသည် ရထားကို (ဟိုး)ဟု အရပ်ခိုင်းလေ၏။

မောင်သာရလည်း ရထားအပါးကပ်ကာ ခြေနင်းကိုနင်းတက်ပြီးလျှင် တင်မေကြီးနှင့် စကားပြောလေ၏။ တင်မေကြီးက မိမိအပျင်းပြေ ကန်တော်ကြီးသို့ သွားမည်ဟုပြောပြီးလျှင်–

''ရှင့်အလုပ် ဘယ့်နှဲ့လဲ''

ဟုမေးလေ၏။ မောင်သာရက စိတ်ပျက်ပြီးလျှင် မိမိ၏အလုပ် နေရာမကျကြောင်းနှင့် ပြောပြပြီးလျှင် ရထားနံဘေးမှ မဆင်းသေးဘဲ ခဏကလေးမှီ၍နေလေရာ တင်မေကြီးသည် စကားမပြောဘဲ မောင်သာရ၏မျက်နှာ၌ ဝမ်းနည်းသောအမူအရာကိုသာ ကြည့်၍နေလေ၏။ အတန်ကလေး ကြာသောအခါ တင်မေကြီးက.....

''ကိုသာရ မြင်းရထားပေါ် တက်ပါလား၊ ကျွန်မတစ်ယောက်ထဲပဲ''

ဟု ပြောလေ၏။ မောင်သာရမှာ ရေတော်တုန်း ရေတွင်းထဲ ကျသည့်ပမာ ဟန်ဆောင်ရှုံ့မှု ငြင်းဆန်ခြင်းကိုပြုရန် သတိမရဘဲ မြင်းရထားပေါ်သို့ ရောက်သွားလေ၏။ မြင်းရထားလည်း ထွက်သွားလေ၏။

တင်မေကြီးအပေါ် အဘယ်သို့ပင် အထင်ရှိစေကာမူ နှစ်ယောက်တည်းအတူ မြင်းရထားစီး၍ သွားရသောအခါ အထင်သဘောရှိသမျှပျောက်လျက် အတိုင်းမသိ ကြီးလှစွာသော





ချမ်းသာသုခကို ခံစားရပြီးလျှင် မိမိ၏အလုပ်အကိုင် အကြံအစည် ဟူသမျှကို အကုန်အစင် မေ့လျော့လေ၏။

ညနေချမ်း လေပြေသည် သင်းပျံ့မွှေးကြိုင်သော ပန်းရနံ့တို့ကို ဆောင်ယူကာ ရထား၏ပြတင်းပေါက်အတွင်းသို့ ပို့ဆောင်ယူလာကြလေ၏။

သွေ့ခြောက်သော နွေဥတု ညနေချမ်းအချိန်သည် အတိုင်းမသိသာယာလျက် ကန်တိုမင်ရပ်ကွက်ကို ဆန်းကြယ်သောအဆင်းအရောင်တို့ဖြင့် တန်ဆာဆင်လေရာ အနောက်ဘက်၌ ပြိုးပြိုးပြက်တောက်လောင်၍နေသော နေမင်း၏ အဆင်းအရောင်တို့သည် ဆေးပန်းချီကို ကြံဆောင်၍မရသော ကျက်သရေ အဆင်းအရောင်တို့ကို အစွမ်းကုန် ဖြန့်ဖြူးလေ၏။

သစ်လွင်သော လောကဓာတ်သည် နွေဥတု၏ သန့်ရှင်းသော အဆင်းအရောင်တို့ကို အစွမ်းကုန် ဝတ်ဆင်ကာ သစ်ပင်ပန်းပင်တို့မှာ လေထဲတွင် လှုပ်ရှားယိမ်းနွဲ့လျက် ယိုးဒယားဟန်ဖြင့် ဆော့ရွှင်ကခုန်၍ နေကြလေ၏။

မောင်သာရသည်ကား နတ်ကညာတစ်ယောက်နှင့် နတ်ရထားတွင် စီးနင်းကာ နတ်ပြည်သို့ လိုက်ပါသကဲ့သို့ စိတ်ထဲထင်မှတ်ထင်လျက် တင်မေကြီး၏မျက်နှာကို တစိမ့်စိမ့်ကြည့် ရင်းပြုံးဖြိမ့်ကလေး ပါသွားလေသတည်း။

သို့သော်လည်း ၎င်း၏မျက်နှာမှာ ဝမ်းနည်းသောမျက်နှာသည် အမြဲပင် တည်ရှိ၍နေသောကြောင့် တင်မေကြီးသည် ၎င်း၏မျက်နှာကိုကြည့်ကာ အတန်ကလေးကြာစွာ စကားမပြောဘဲနေပြီးမှ–

''ကိုသာရ၊ အင်မတန်မှ စိတ်လက်ပူပန်နေသလား''



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလေ၏။

သာရ။ ။ ''လောကမှာ မျှော်လင့်ခြင်း လုံးလုံးကြီး ကင်းနဲ့သော လူတစ်ယောက်၏ဘဝမှာ စိတ်နှလုံး၏ ချမ်းမြေ့ခြင်း အဘယ်မှာ ရှိနိုင်ပါ့မလဲ''

တင်မေကြီး။ ။''အို.....ဒီလောက်တောင်လဲ စိတ်မလျှော့စမ်းပါနဲ့ ယောက်ျားတို့ထုံး ဆိုတာ အဆုံးရှိတာ မဟုတ်ဘူး ကိုသာရရယ်၊ ကံကြမ္မာဆိုတဲ့ အဆွေခင်ပွန်းဟာလဲ မြင်ကောင်းတာမျိုး မဟုတ်သဖြင့် ဘွားခနဲ ပေါ်ပေါက်၍လာကာမှ သိရပါတယ်''

သာရ။ ။ ''ကံကြမ္မာဆိုတဲ့ အဆွေခင်ပွန်းဟာ လာမယ် မလာမယ်ကို မသိရပါ၊ ယခုအခါမှာဖြင့် လူ့ဘဝမှာ တစ်ကိုယ်ရည်တစ်ကာယဆိုတာလို ဖြစ်၍နေတော့တာပါပဲ''

တင်မေကြီး။ ။''ဒီလောက်တောင် အားငယ်စရာ မရှိပါဘူး အဆွေခင်ပွန်းကောင်းဆိုတာမှာ လုံးလုံးကြီးမကင်းနိုင်ပါ၊ လူတစ်ယောက်ထဲကို တစ်ကမ္ဘာလုံးက ဝိုင်းပြီး မုန်းတယ်လို့ ရှေးထုံး အဘယ်မှာ ရှိပါ့သလဲ''

သာရ။ ။ ''မတင်မေကြီးပြောတဲ့စကားဟာ မှန်ကောင်း မှန်ပါလိမ့်မယ်၊ သို့သော်လဲ ကျုပ်မှာဖြင့် ယခုထက်တိုင် အဆွေခင်ပွန်းကောင်း မရှိသည့်အတွက် စိတ်လက်အင်မတန်မှ ညှိုးငယ်၍နေသည့်အထဲမှာ ကြင်နာလေးစားတဲ့ ပုဂ္ဂိုလ်လိုလို တစ်ယောက်တစ်လေ ပေါ်ပေါက်၍လာပြီးမှ သေသေချာချာ စဉ်းစား





ပြီး ကြည့်လိုက်သည့်အခါ အားကိုးရာ မရ။ တစ်ကိုယ်ရေ ညှိုးငယ်၍ နေရသည်မှာ အပျက်အပျက် မြူလာ၍ပြီး ပြောင်လှောင်၍ ကစားသလို ပြုလုပ်သူများသာ ပေါ်ပေါက်လာတာပါပဲ''

ဟုပြောကာ တင်မေကြီး၏မျက်နှာကို မော်၍ကြည့်လေ၏။

တင်မေကြီး၏မျက်နှာမှာ ဝါဝင်းလျက် သွေးရောက်ဖြင့် လက်လက်တောက်ကာ ပြောချင်တဲ့အရာတစ်ခုကို မပြောဝံ့ဘဲ ချုပ်တည်းကာ နေရသကဲ့သို့ မောင်သာရကို သနားကြင်နာသော မျက်လုံးများနှင့် စိုက်ကာကြည့်၍ နေရှာလေသတည်း။

မောင်သာရသည် စက်ာပူအရပ်၌ မိမိကြုံတွေ့ခဲ့ရသော အကြောင်းကို အရိပ်နိမိတ်မျှ ပြောပြချင်သော်လည်း မပြောဝံ့ဘဲ စိတ်ကိုချုပ်တည်းထားရလေ၏။

သာရ။ ။ ''ယခုအခါ ကျွန်တော့်ခေါင်းပေါ်မှာ မည်းမှောင်တဲ့ တိမ်ပုပ်ကြီးပမာလို ဆိုးယုတ်တဲ့သတင်း နာမည်ဟာ လွှမ်းအုပ်၍နေပါတယ်၊ ဤအရာကို ရှင်းလင်းအောင် လုပ်ရတဲ့အရေးထဲမှာ ကျွန်တော်၏စိတ်ကို အရှုံးဆေးလာ၍တိုက်ပြီး တလှုပ်ပမာ စမ်းသပ်၍ မရနိုင်တဲ့ အခြင်းအရာတစ်ခုဟာလဲ ယခု လတ်တစ်လော ပေါ်ပေါက်၍နေပါတယ်၊ အလွန်တာရာမှ ကြီးကျယ်တဲ့ တောင်ကြီးများဟာ အဝေးကနေပြီး ကြည့်လိုက်ရင် အင်မတန်မှ စိမ်းစိုနုပျိုလျက် အင်မတန်မှ မက်မောတမ်းတ ဖွယ်ရာ ဖြစ်ပါတယ်၊ အပါးကို ရောက်လာပြီ ဆိုမှဖြင့် ချောက်ကြီး၊ မြောင်းကြီး၊ ကမ္ဘားကြီးတွေ ကာဆီး



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဆို့သဖြင့် အထက်ကို မတက်နိုင်အောင် ရှိပါတယ်။ အခုလိုဖြစ်နေတဲ့ သောကအပူဟာ အမှုကို စုံထောက်ရတဲ့ ဒုက္ခထက် အဆပေါင်းများစွာ ပိုမိုကြီးမား၍ နေတော့တာပါပဲ၊ အခုညနေလဲ စုံစမ်းရန် အကြောင်းကလေးတစ်ခု ရှိသည့်အတွက် အလုံရပ်ကို ထွက်ပြီး လာခဲ့ရာမှာ မတင်မေကြီးနှင့် ယခုလို တစ်ဖန် လာ၍တွေ့ပြီး မတင်မေရဲ့ ကျေးဇူးကြောင့် ရထားကိုပင် အတူစီး၍လာခဲ့သည်မှာ ကိစ္စပြီးစီးဖို့ ဖြစ်လေသလား၊ မည်သည့်ကိစ္စမှ မပြီးရဘဲ အချည်းနှီးဖြစ်ဖို့များ ကြုံကြိုက်လေသလားဆိုတာကို အင်မတန်မှ တွေးကြံဆရန် ခက်တော့တာပဲ''

တင်မေကြီး။ ။ ''သြော်.....ဖြစ်မှဖြစ်ရလေ၊ ဘာတွေ လျှောက်ပြီး ကတောက်ကတက် ပြော၍နေပါလိမ့်မလဲ ကိုသာရှရယ်၊ အကြောင်းကိစ္စလုပ်ငန်းတစ်ခု ကြံစည်ရာမှာ ကြင်နာတဲ့ မိတ်ဆွေတစ်ယောက်နှင့် ယခုလို တွေ့ရခြင်းဟာ အောင်မြင် ခြင်းနိမိတ်တစ်ခုလို့ မှတ်ယူရန် သင့်ပါတယ်''

သာရှ။ ။ ''သည်အတိုင်းမှန်လျှင် ကောင်းပါသေးရဲ့ခင်ဗျား ကျွန်တော့်စိတ်ထဲမှာဖြင့် အမှုကို စုံထောက်ခြင်းထက် ယခုလို တွေ့ရခြင်း၏ နိမိတ်လက္ခဏာကို စုံထောက်ဖို့အရေးဟာ ပိုမို၍ကြီးနေတာပါပဲ၊ မတင်မေဟာ ကျုပ်အရေးကို အလွန်တရာမှ အလေးဂရုပြုပါတယ်၊ ကျုပ်အပေါ်မှာ ကြင်နာတဲ့





သဘောကို ထားတယ်ဆိုတာ ထင်ရှားပြီးဖြစ်ပါတယ်၊ သည်အရာများကို မတင်မေ မငြင်းနိုင်တော့ပါ၊ အလွန်တရာမှလဲ ကျေးဇူးတင်လှပါတယ်၊ သို့ရာတွင် အတိအလင်း ယခုပင် ပွင့်လင်းစွာ ပြောရသည့်အတွက် မတင်မေစိတ်ထဲမှာ ကျွန်တော့်ကို ရှုတ်ချလျှင် အမှန်ပင် ခံရပါတော့မယ်၊ ဖြစ်ပျက်ရတဲ့အကြောင်းက ကျွန်တော်၏ အပြစ်မဟုတ်၊ မတင်မေ၏အပြစ်ပါ၊ ခွေးကလေးကို အရောဝင်လျှင် ပါးကို အလျက်ခံရမယ်ဆိုတာကို မတင်မေ သိသင့်တယ်၊ အဆွေခင်ပွန်းကောင်း မရှိသဖြင့် အလွန်တရာ စိတ်အားငယ်၍နေရသူတစ်ယောက်အပေါ်မှာ အလွန်တရာမှ ကြည်ညိုလေးမြတ်စရာကောင်းတဲ့ နတ်ကညာကလေးတစ်ယောက်က အကြင်နာသဘောတရားကို လာ၍ ပြမှုဖြင့် အကြင်နာခံရသူ၏ စိတ်မှာ အလွန်တရာကြီးမားတဲ့ ကြည်ညိုခြင်း သဘောတရားဟာ ဘွားခနဲ ပေါ်၍လာတတ်ပါတယ်၊ အဲသည်လို ပေါ်လာတဲ့ အကြည်ညိုဓာတ်မှာ အချစ်ဆိုတဲ့ အဆိပ်ဟာ ဝင်လို့ပတ်ပြီ ဆိုမှုဖြင့် ကြိုက်မရှက်၊ ငတ်မရှက်၊ ငိုက်မရှက် ဆိုတဲ့ အရှက်ကြီးသုံးပါးသည် အချစ်၏ဖမ်းစားခြင်းကို ခံရတတ်ပါတယ်၊ သည့်အတွက် မတင်မေ၏ အကြောင်းကို တွေးတွေးပြီး မတင်မေ၏မျက်နှာကလေးကိုသာ မြင်နေရသည့်အတွက် စုံထောက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အမှုကိုတောင် စိတ်သွင်း၍ မရတော့ပါ၊ ယခု
လို စွန့်စား၍ပြောရသည့်အတွက် မြင်းရထားပေါ်က
ဆင်းခိုင်းရင်လဲ ဝမ်းနည်းပက်လက် ဆင်း၍သွားရ
ပါတော့မည်၊ မတင်မေ ကျုပ်ကို အမှန်သနားတယ်
မဟုတ်လား''

ဟု မျက်နှာကိုကြည့်ကာ အတိအလင်း ပြောရာလေ၏။

တင်မေကြီးသည် ခေါင်းငုံ့၍နေရှာလေသတည်း။ မောင်သာရလည်း ဆိတ်ငြိမ်စွာနေရှာလေ၏။ ထို့နောက် မောင်သာရသည် တံခါးကိုဖွင့်ကာ.....

''မတင်မေ ကျုပ် ဆင်းရတော့မလား''

ဟုပြောလေလျှင် တင်မေကြီးသည် ငုံ့လျက်ရှိသော မျက်နှာကိုအသာအယာမော့လျက် မြင်းရထားသမားအား-

''ဟေ့.....ဒိုင်းနားဂျောင်း''

ဟု အော်၍ပြောလေ၏။

မြင်းရထားလည်း ငါးထပ်ကြီးဘက်သို့သွားသော လမ်းအဝနားသို့ ရောက်သွားလေ၏။

တင်မေကြီး။ ။ ''ကိုသာရ၊ ကန်တော်ကြီးထဲကို ဝင်ရင်
အလကားပဲနေလိမ့်မယ်ထင်တယ်''

သာရ။ ။ ''ဟုတ်ကဲ့ မတင်မေ၊ လူတွေလဲ အင်မတန်
များတာပဲ''

ဟုပြောရင်း တံခါးကိုပြန်၍ဆွဲလျက် မောင်သာရက-

''ဟေ့.....ဘားရား''

ဟု အော်လိုက်လေရာ ရထားသည် ငါးထပ်ကြီးဘက်သို့ ဝင်သွားလေ၏။ ထိုအခါ တင်မေကြီးက နှုတ်ခမ်းကိုစူကာ





မောင်သာရကို မျက်စောင်းထိုးလျက်-

''ကိုသာရ၊ ရှင် ကျွန်မကို ဘယ်ခေါ်သွားမလို့လဲ''

ဟု ပြောကာ ခြေကိုဆောင့်လျက် ခေါင်းခါရင်း-

''အမယ်လေး နေလဲဝင်တော့မယ်၊ ပြန်ပါရစေတော့ ကိုသာရရဲ့''

ဟုပြောလေ၏။

ထိုအခိုက်တွင် နေမင်းသည် ရက်ကန်းယှဉ်သည့်ပမာ ယှဉ်၍ထားသောအလင်းရောင်၏ ရွှေချည်ငွေချည်တို့ကို တစ်ခုသောတောင်စောင်းကနေ၍ ရုတ်သိမ်းလိုက်လေရာ ညိုမှိုင်းသော မှောင်ရိပ်သည် လွှမ်းအုပ်၍လာလေသတည်း။

ထိုအခါ မောင်သာရသည် မိမိနေရာမှထ၍ တင်မေကြီး အနီး၌ ဘေးတိုက်လာ၍ထိုင်ပြီး တင်မေကြီး၏လက်နှစ်ဘက်ကို ကိုင်ဆုပ်ပြီးလျှင်-

''မကြောက်ပါနဲ့ မတင်မေကြီးရဲ့၊ မတင်မေ၏ သန့်ရှင်း သပ်နူးညံ့သိမ်မွေ့လှတဲ့ ဟောဒီ ကိုယ်ခန္ဓာကလေးမှာ မှဲ့တစ်ပေါက် မစွန်းစေရပါဘူး၊ စိတ်ချလက်ချ နေပါ၊ မကြာမီ အိမ် အရောက် ပြန်ပို့ပါမည်''

ဟုပြောလေ၏။

တင်မေကြီးသည် ရထားထောင့်ကို ကပ်လျက် မော့ လျက်ရှိသောမျက်နှာနှင့် မောင်သာရမျက်နှာကို အားငယ်စွာ ကြည့်ရင်း လက်နှစ်ဘက်ကို ပြန်၍မရုတ်သိမ်းနိုင်ဘဲ ကြောက် ရွံ့သောမျက်နှာနှင့် ပင့်သက်ရှူကာ နေလေရာ ကြွချည်နိမ့်ချည် နေသောရင်မှ နွေးသောအငွေ့သည် မောင်သာရ၏ရင်ကို လာ၍ ဟပ်လေ၏။ နှာခေါင်းမှ ထက်သန်စွာထွက်သော သင်း ပျံ့သော



www.burmeseclassic.com

www.burmeseclassic.com



ထွက်သက်လေသည့် မောင်သာရ၏မျက်နှာကို ဖြန်း ပက်လေ၏။ မြင်းရထားသည်ကား ဆိတ်ငြိမ်ရိပ်မှောင်သော လမ်းကြားကို ကွေ့ကာဝင်လျက် အစဉ်တစိုက် မောင်း၍ သွားလေ၏။

♛ ♛ ♛





## အခန်း(၁၅)

ထို့နောက် သုံးရက်လောက်ကြာသောအခါ ရန်ကုန်မြို့၌ ကြီးကျယ်သော သတင်းများ ဖြစ်ပွားလေ၏။ ထိုသတင်းသည် သတင်းစာအပေါင်းတို့၌ ပါရှိလေ၏။ ၎င်းသတင်းသည်ကား အခြားမဟုတ်၊ တရားဝန်ကြီး ဦးမြတ်စံ၏သမီး တင်မေကြီး ပျောက်ကွယ်၍သွားသည် ဟူသောသတင်းဖြစ်လေ၏။

မောင်သာရသည် ထိုသတင်းကို ကြားရသောအခါ အလွန်တရာမှ စဉ်းစားရန် ခက်နေလေ၏။ ဤမိန်းမသည် တွေ့ရာ၌ပျော်ပါး မျက်နှာများလျက် လိုက်စားတွယ်တာ၊ ဘလုံဆိုတဲ့ ဟိုအကောင်ဟာနှင့် လိုက်ပါ၍သွားလေပြီလား၊ သို့တည်းမဟုတ် တစ်ကိုယ်ရေတစ်ကာယ သွားရောက်လည်ပတ်တတ်သောအလေ့ကြောင့် လူဆိုးသူဆိုးတို့၏လက်သို့ရောက်ပြီလား၊ ဟိုယမန်တစ်နေ့ညက ငါနှင့်အတူ နှစ်ကိုယ်တည်း လည်ပတ်ကာ လတ်တလောကြည်ဖြူ၍ နေခဲ့ပါလျက် ယခုချက်ချင်း ဘလုံ၏လက်တွင်းသို့ သက်ဆင်း၍ သွားရန်မှာလည်း အထောက်မတန်ဖြစ်လေသည်၊ ဒင်း ဘယ်ဆီကိုရောက်၍ ဘယ်ချောင်မှ ပျောက်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ပါသနည်း၊ စသည်ဖြင့် တွေးကြ၍ မရနိုင်အောင် ရှိလေသတည်း။ မောင်သာရသည် စက်ာပူမြေထဲ၌ရှိသောအိမ်သို့ သုံးညတိုင် သွားရောက်ကြည့်ရှုလေရာ အိမ်မှာ ပြတင်းပေါက်များအကုန်အစင် ပွင့်လျက် မီးရောင်များ ထိန်ထိန်လင်း၍နေသည်ကို တွေ့ရလေ၏။

မောင်စော၊ မောင်ဘလုံမှစ၍ အခြားသူများ ပျော်ပါးတီးမှုတ်ကစား၍နေသည်ကို ကောင်းစွာတွေ့မြင်နေရလေ၏။ ထိုမှတစ်ပါး ထူးခြားသောလက္ခဏာ အရိပ်အမြွက် တစ်စုံတစ်ရာမျှ မတွေ့မရှိချေ။ မောင်သာရမှာ အလုပ်နှင့်ကြုံလျက်နေ၏။ ထိုအလုပ်နှစ်ခုသည်ကား အခြားမဟုတ်။ မိမိ၏အမှုကို စုံစမ်းရန်အရေးကတစ်ခု၊ ၎င်းနှစ်ခုဖြစ်လေသည်။

တရားဝန်ကြီးဦးမြတ်စံလည်း မိမိ၏သမီးအကြောင်းကို ကြားရသည်နှင့် တစ်ပြိုင်တည်း အိမ်သို့ပြန်၍လာလေ၏။ ရန်ကုန်မြို့၌ရှိသော စုံထောက်အပေါင်းတို့သည်လည်း ခြေချင်းလိမ်လျက် အနှံ့အပြား စုံထောက်ရှာဖွေကြလေ၏။

မောင်သာရသည် ညဥ့်အခါ တစ်ကိုယ်တည်း သွားလာသည့်အခါ မိမိ၏နောက်၌ လူတစ်ယောက်ပါလာသည်ဟု အမြဲမှတ်ထင်ရလေ၏။ မောင်ဘလုံသည်ကား မြို့ထဲသို့ မော်တော်ကားတစ်စင်းနှင့် ပျာယီးပျာယာ သွားနေသည်ကို တွေ့မြင်နိုင်လေ၏။ ၎င်း၏အမူအရာမှာ တင်မေကြီးအတွက် များစွာစိတ်လက်ပူပန်နေသော အမူအရာဖြစ်လေသည်။

တစ်နေ့သ၌ မောင်သာရသည် အကြောင်းကို မေးမြန်းစုံစမ်းပြောဆိုရန် တရားဝန်ကြီးအိမ်သို့ သွားလေရာ တရားဝန်ကြီးနှင့်မောင်ဘလုံသည် အတူတကွထိုင်ကြလျက် ညိုးငယ်သော





မျက်နှာနှင့် စကားပြောဆိုတိုင်ပင်လျက်နေကြသည်ကို တွေ့မြင်ရလေ၏။ မောင်သာရကို မြင်ကြရသောအခါ နှစ်ယောက်သားအံ့အားသင့်၍နေကြသောအမူအရာနှင့် ထ၍လာကြပြီးလျှင် မောင်ဘလုံက–

''ခင်ဗျား ဘာကိစ္စလာသလဲ''

ဟုမေးလေ၏။ မောင်သာရသည် မောင်ဘလုံကို မကြည့်ဘဲ တရားဝန်ကြီး၏မျက်နှာကို ကြည့်ကာ–

''ကျွန်တော် မတင်မေကြီးသတင်းကိုကြားလို့ စုံစမ်းမေးမြန်းရန် လာပါတယ်''

ဟုပြောလေ၏။

တရားဝန်ကြီးသည် အထက်ကကဲ့သို့ ပျူပျူငှာငှာမျက်နှာမထား။ ရှုံးမင်း၏ မျက်နှာကဲ့သို့ အိခြေ ကြီးစွာထားပြီးလျှင်–

''မတင်မေကြီးနဲ့ မင်းနဲ့ အတော်ကလေးအကျွမ်းဝင်မိတယ်ထင်ပါရဲ့၊ တင်မေကြီးဟာ လူတစ်ယောက်အပေါ်မှာကြင်နာတတ်တဲ့ စိတ်သဘောရှိတယ်၊ သည့်အတွက် မင်းနှင့်မိတ်ဆွေဖြစ်တယ်လို့ထင်ရင် မင်း အထင်မှားလိမ့်မယ်၊ သို့သော်လဲ ယခုလို ဂရုစိုက်ပြီး လာမေးတယ်ဆိုတာ ကျေးဇူးတင်စရာပါ၊ ယခု စုံထောက်များ၊ ရဲများ လွှတ်ထားပါတယ်၊ အင်မတန်ကြီး စိတ်ပူစရာ မရှိပါဘူး၊ ဘယ်မှာ ရှိတယ်ဆိုတာ မကြာမီသတင်း ရပါလိမ့်မယ်''

ဟု မောင်သာရ၏မျက်နှာကို သေချာစွာ ကြည့်၍ပြောပြီးလျှင် ဝင်သွားလေ၏။

မောင်သာရလည်း မိမိကို စကားလက်ခံ မပြောလို



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းသိသဖြင့် ထွက်၍လာခဲ့လေ၏။ မောင်ဘလုံသည် ကားတရားသူကြီးအား တင်မေကြီးနှင့် မောင်သာရ မကြာခဏတွေ့ကြုံကြဟန်ရှိကြောင်းများကို ပြောပြ၍နေလေ၏။ မောင်သာရသည် မိမိကို စကားလက်ခံ မပြောလိုသော်လည်း တင်မေကြီးအတွက် စိတ်မပျက်ဘဲ ဆက်လက်စုံထောက်ရန် စိတ်အကြံနှင့်သာ ပြန်လည်၍ လာရှာလေသတည်း။

ညတစ်ည၌ မောင်သာရသည် ကမ်းနားလမ်းတွင် တစ်ကိုယ်တည်း လမ်းလျှောက်၍နေရာ မောင်ဘလုံသည် လန်ချားစီး၍ သွားသည်ကို မြင်ရလေ၏။ ထိုအခါ မောင်သာရသည် မြင်းရထားတစ်စင်းကိုငှားလျက် ၎င်းလံချားနောက်သို့ မယောင်မလည်လိုက်ရန် မြင်းရထားကုလားကိုမှာထားပြီးလျှင် စီးနင်းလိုက်ပါ၍ သွားလေ၏။

ယင်းကဲ့သို့ လိုက်ပါသွားလေရာ ဆယ်နာရီခန့် အချိန်လောက်ကျရောက်သောအခါ လမ်းမတော်ရပ်ရှိ လမ်းကြားတစ်ခုသို့ ရောက်သွားလေ၏။ ၎င်းလမ်းကြား၌ ဂိုဒေါင်ကြီးနှင့်တူ သောတိုက်ခန်းကြီးတစ်ခုထဲသို့ မောင်ဘလုံ ဝင်သွားသည်ကို မြင်ရသောအခါ မောင်သာရသည် မြင်းရထားပေါ်မှဆင်းပြီးလျှင် ထိုနေရာကို စီးစောင်းကြည့်ရှုလေ၏။

၎င်းတိုက်ခန်းကြီးမှာ လွန်စွာလုံခြုံလျက် အနည်းငယ်မျှသော အသံကိုမျှ မကြားရ၊ အလင်းရောင်ကိုလည်း အတွင်း၌ မမြင်ရချေ။ မောင်သာရသည် ဤနေရာ၌ အတန်ကြာစွာ နေပြီးမှ လှည့်ပြန်၍လာခဲ့လေရာ အတန်ကလေး သွားမိလတ်သော် မိမိနောက်၌ ခြေသံကိုကြားရသဖြင့် လှည့်၍ကြည့်လေလျှင် ဇေတပါဒီကုလားတစ်ယောက် မိမိ၏အပါးသို့ ရောက်လာပြီး





နံဘေးတိုက်ကြားတစ်ခုသို့ ဝင်သွားသည်ကို တွေ့ရှိရလေ၏။ ထို့နောက် မောင်သာရသည် လန်ချားတစ်စင်းကိုခေါ်ပြီးလျှင် အိမ်သို့ပြန်လာခဲ့လေ၏။

နောက်တစ်နေ့နံနက်၌ မောင်သာရသည် ထိုနေရာသို့ ပြန်၍လာလေရာ ဂိုဒေါင်ကြီး ပွင့်လှစ်နေသည်ကို တွေ့မြင်ရလေ၏။ အတွင်းသို့ကြည့်လိုက်သောအခါ ဟာလာဟင်းလင်းဖြစ်လျက် တစ်စုံတစ်ရာကိုမျှ မတွေ့ရချေ။

ထိုအခါ သေချာစွာသိရအောင် စုံစမ်းရန် ခြေဖျားထောက်၍ ဝင်သွားလေရာ လိုက်ကာ အဟောင်းကလေးတစ်ခု ကာထားသည်ကို ခပ်လှမ်းလှမ်းမှ မြင်ရလေ၏။ လိုက်ကာ အနီးသို့ ဖြည်းဖြည်း ကပ်၍သွားလေရာ အတွင်း၌တီးတိုး စကားပြောသံများကို ကြားရလေ၏။ မောင်သာရသည် လိုက်ကာ အနီးသို့ ချဉ်းကပ်ကာ နားစိုက်၍ ထောင်လေရာ အဘိုးကြီး၊ အမယ်ကြီးနှစ်ယောက် စကားပြောသောအသံဖြစ်ကြောင်းကို ကြားသိရလေ၏။

အဘိုးကြီး။ ။ ''ဘာမသိ ညာမသိနဲ့ ငါတို့တော့ အမှုရောက်နေလိမ့်မယ်''

အမယ်ကြီး။ ။''ရှင့်ကို ကျုပ် အစက မပြောဘူးလား၊ ဦးဘိုးကြူးဟာ ဘယ်နေရာမှာမှ အမြဲမနေဘူး၊ မောင်စောဆိုတဲ့အကောင်ဟာ သူနဲ့ ဘာတော်သလဲ မသိဘူး''

အဘိုးကြီး။ ။ ''သူတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် မယုံကြည်ကြဘူး၊ သို့သော်လဲ ဦးဘိုးကြူးက သူ့ကို နိုင်းစေထားတာနဲ့တူတယ်၊ အရှင်



www.burmeseclassic.com

www.burmeseclassic.com



တလောကလဲ မိုးကုတ်ကို ကျောက်များ အဝယ် နိုင်းတယ်လို့ ပြောသံကြားတယ်''

အမယ်ကြီး။ ''တစ်နေ့လဲ ကိုဘိုးကြူးက ဒီစာကို မင်းဆီမှာ ထားလို့ ဘာလုပ်မလဲလို့ မောင်စောကို ပြောတာ ကြားလိုက်ရတယ်''

အဘိုးကြီး။ ''အေး.....အဲဒီစာဟာ တော်တော် ရှုပ်နေတဲ့ လက္ခဏာရှိတယ်၊ ခင်းတို့နှစ်ယောက်တွေ့တိုင်း ဒီစာအကြောင်းကို ပြောတယ်၊ မောင်စောကလဲ ခင်ဗျား ကျုပ်ကို သတ်ယူမှပဲ ဒီစာရမယ်လို့ ပြောသံကြားလိုက်ရတယ်၊ ဒီတော့ ကိုဘိုးကြူးက မင်း ကိုထွန်းသိန်းလို ဖြစ်ချင်သလားလို့ ပြန်ပြော လိုက်တယ်''

အမယ်ကြီး။ ''ကိုထွန်းသိန်းဆိုတာ ဘယ်သူလဲ''

အဘိုးကြီး။ ''မင်း မကြားဘူးလား၊ သာရ ဆိုတဲ့ကောင်က လေးကို ဖမ်းထားတဲ့အမှုဟာက ဒီကောင် ကလေးဟာက အခုမအေးလို့ သူတို့မှာ တော် တော်ဒုက္ခ များနေတယ်''

အမယ်ကြီး။ ''နို့.....မနေ့တစ်နေ့က သူငယ်မလေးကို ခင်းတို့ ဘယ့်နှယ့်လုပ်ကြမလို့လဲ''

အဘိုးကြီး။ ''အဲဒါလဲ သာရနဲ့ပတ်သက်တာပဲ ရှင်မရဲ့''

ထို့နောက် အသံများ တိတ်၍သွားလေ၏။ မောင်သာရ လည်း ခြေဖျားထောက်၍ ထွက်လာခဲ့ပြီးမှ ၎င်းအဘိုးကြီးနှင့် အမယ်ကြီးကိုတွေ့ရအောင် ခြေလှမ်းကို ခပ်နာနာနင်း၍ ၎င်း ဂိုဒေါင်ကြီးထဲသို့ ထပ်မံ၍ဝင်သွားလျှင် အဘိုးကြီးနှင့် အမယ်ကြီး





ထွက်လာပြီးလျှင် အဘိုးကြီးက–

''မောင်ရင် ဘာကိစ္စလဲ''

ဟုမေးလေ၏။ မောင်သာ ရက–

''ဒီဂိုဒေါင်ကြီး မငှားဘူးလား''

ဟုမေးလေ၏။

အမယ်ကြီးက–

''ငှားမယ်၊ မငှားမယ်တော့ မပြောတတ်ပါဘူး၊ မောင့် ကြီးတော်တို့တော့ နေစရာမရှိလို့ သခင့်ရင်များကိုပြောပြီး လာနေ တာပါပဲ''

သာရ။ ''သခင့်ရင်များကော ဘယ်မှာပါလဲခင်ဗျာ''

အဘိုးကြီး။ ''အရှေ့ပိုင်းမှာ နေတယ်၊ တစ်ခါတစ်ခါမှ လာကြတာကလား မောင်ရဲ့၊ ဘယ်တော့ တွေ့ နိုင်မယ်ဆိုတာ ဒို့ မပြောနိုင်ဘူး''

ထို့နောက် အတန်ကလေးကြာစွာ ဆက်လက်၍စကား ပြောကြပြီးလျှင် မောင်သာရသည် ၎င်းတို့၏ပုံသဏ္ဌာန်ကို သေချာစွာ မှတ်ခဲ့ပြီးနောက် ထွက်၍လာခဲ့လေ၏။

ထို့နောက် မောင်သာရသည် တစ်နေ့ပြီးတစ်နေ့ ဆက်လက်ပြီး စုံထောက်လေရာ အစအန တစ်စုံတစ်ရာကိုမျှ မတွေ့ရချေ။

မိမိအလုပ်များကိုလုပ်ကာ (ဘီအယ်လ်)စာမေးပွဲကို ဝင်ရန် အချိန်လည်း နီးကပ်ဆိုက်ရောက်၍လာသောကြောင့် စာများကိုကြိုးစား၍ ကျက်ရတက်ရလေ၏။

နောက်ရက်အနည်းငယ်အတွင်း စာမေးပွဲကို ဝင်လေရာ ချောချောမောမောပြီးစီးသဖြင့် စိတ်ချလက်ချထပ်မံ စုံထောက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းအလုပ်ကို လုပ်ပြန်လေ၏။ သို့ပင် စုံထောက်သော်လည်း တစ်လပြီးတစ်လ အချိန်လွန်၍သွားလေရာ အဘိုးကြီးနှင့် အမယ်ကြီးထံမှကြားသိရသော အကြောင်းအရာများမှတစ်ပါး တစ်စုံတစ်ရာ ပိုမို၍ မသိရချေ။ ၎င်းအဘိုးကြီးနှင့် အမယ်ကြီးတို့ ပျောက်ကွယ်၍မသွားရအောင်သာလျှင် နေ့စဉ်ဂရုစိုက်၍နေရလေ၏။

♛ ♛ ♛





## အခန်း (၁၆)

မတင်မေကြီး ပျောက်ကွယ်၍သွားသောညဌ် ခါတိုင်းနှင့်တွေ့ တင်မေကြီးသည် စက်ပူမြေ (ယခု ဗုစွန်တောင်နယ်မြေ) ၌ရှိသောအိမ်သို့ သွားရောက်လေ၏။ ၎င်းအိမ်၌ မောင်ဘလုံ၊ မောင်စောတို့နှင့်တကွ လောင်းကစား၍နေလေ၏။

တင်မေကြီးသည် ၎င်းအိမ်၌ ကောလိပ်ကျောင်းသားတစ်ယောက်အဖြစ်ဖြင့် သွားရောက်ကာ လောင်းကစားရင်း မောင်သာရ၏အမှုအကြောင်းကို အစအန သိရအောင် စုံစမ်း၍နေခြင်းဖြစ်လေ၏။ မောင်ဘလုံနှင့် မောင်စောတို့သည်လည်း ဆိုးမိကြချေ။ တင်မေကြီးကို ပုလိပ်တို့၏လက်ထဲ၌တွေ့ရှိရသောညကျမှသာ တင်မေကြီးဖြစ်ကြောင်းကို တွေ့ရှိရလေ၏။

ထိုညမှစ၍ တင်မေကြီးကို ဖမ်းဆီးပျောက်ဖျက်ရန် ကြံစည်၍နေကြလေ၏။ မောင်ဘလုံမှာမူ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသော စကားကဲ့သို့ မောင်သာရ၏အမှု၌ အကူအပံ့ဖြစ်သော တင်မေကြီး၏အလုပ်ကို ကန့်ကွက်ရန် အရေးကတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တင်မေကြီးကို မိမိပြန်၍ကယ်ဆယ်ရသော အဖြစ်မျိုးသို့ရောက် အောင် ကြံဆောင်၍တင်မေကြီးကိုရအောင် စီမံဖို့အရေးကတစ်ခု ၄င်းအရေးနှစ်ခုပြီးစီးဖို့ ရှိလေ၏။

တင်မေကြီးသည် အဆိုပါည၌ အိမ်သို့အပြန် စကော့ မြေ (ယခု ပုဇွန်တောင်နယ်မြေ)မှအထွက်တွင် မော်တော်ကားနှင့် တင်ယူခြင်းကို ခံရလေ၏။ တင်ဆောင်သောသူတို့သည်ကား တင်မေကြီးနှင့် တွေ့ဖူးသူများ မဟုတ်သဖြင့် မိမိကို အခြား လူဆိုးများ ဖမ်းဆီးလေသည်ဟု မှတ်ထင်ကာ လိုက်ပါ၍ သွားရလေ၏။

နောက်ဆုံး၌ ရန်ကုန်မြို့ မည်သည့်ရပ်ကွက်မှန်းမသိ တစ်ခုသော တိုက်ခန်းအတွင်းတွင် ချုပ်နှောင်ထားခြင်းကို ခံရ လေရာ ကြောက်မက်ဖွယ်သော အစောင့်အကြပ်၏လက်တွင်း မှ မလွတ်မြောက်နိုင်ဘဲရှိလေ၏။ ထိုအစောင့်အကြပ်သည်ကား အလွန်တရာ လျှင်မြန်သန်စွမ်းသော ကုလားဒိန်လူပုကလေး တစ်ယောက်ဖြစ်လေ၏။

ထိုလူပုကလေး၏အရပ်မှာ ခြေလက်တိုတိုနှင့် ကလေး သူငယ်၏အရပ်မျှသာရှိသော်လည်း ၄င်းလက်ခြေများမှာ လူကြီး ၏လက်ခြေများကဲ့သို့ သန်မာလျက် ကားသောရင်အုပ်မှာ ကြီး မားသောအားသည် စု၍နေလေ၏။

တင်မေကြီးသည် မိမိနေသောနေရာကို ရန်ကုန်မြို့ အနောက်ပိုင်းဖြစ်ကြောင်းကို သိရသော်လည်း မည်သည့်လမ်း မည်သည့်တိုက်ဟု မသိရချေ။ တိုက်မှာလွန်စွာလုံခြုံလျက် အပြင်ဘက်ကိုကြည့်ရန် အပေါက်တစ်စုံတစ်ရာကိုမျှ မတွေ့ရ ချေ။ မိမိမှာ တစ်စုံတစ်ရာ ချို့ယွင်းခြင်းမရှိ။ စားကောင်းသောက် ဖွယ်





အိပ်ရာခမ်းနား သားနားစွာနှင့် နေရသော်လည်း လွတ်လပ် စွာနေခဲ့ရသော မိန်းကလေးမှာ ထိုကဲ့သို့ အကျဉ်းခံ၍နေရသော အခါ အတောင်ကျိုးသော ငှက်ပမာ ကြီးစွာသော စိတ်၏ဆင်းရဲ ခြင်းနှင့် ကြုံတွေ့ရရှာလေသတည်း။

ထိုကဲ့သို့ နေရသည့်အခိုက်တွင် မောင်သာရကို အစဉ် မပြတ် သတိရလျက် ငါ့အား သူသည် လာရောက်ကယ်ဆယ်နိုင် ပါမည်လား။ ကိုသာရသည် သူရသတ္တိရှိသော သူတစ်ယောက် ဖြစ်၏။ ကေန် ငါ့ကို တွေ့အောင်ရှာလိမ့်မည်။ ငါ့ကို သူတို့သည် အဘယ်နည်းနှင့်မျှ တစ်သက်လုံးချုပ်နှောင်၍မထားနိုင်ကြချေ။

သို့သော်လဲ ကိုသာရသည် ငါ့ကို လူတစ်ယောက်နှင့် လိုက်ပြေးပြီဟုထင်မှတ်၍ စိတ်နာ၍ပဲနေမလား စသည်ဖြင့် တွေးတောကာ ပူပင်မိလေ၏။ မောင်သာရမှာမူ ခြေရာလည်း ပျောက်၊ ရေလည်း နောက်ဟူသော စကားကဲ့သို့ တင်မေကြီး၏ အစအနကို လုံးလုံးကြီး ရှာကြံ၍မရ၊ လက်မှိုင်ချ၍ နေရသည့် အထဲတွင် တရားဝန်ကြီးနှင့်တကွ များစွာသောသူတို့က တင်မေကြီး၏ အကြောင်းနှင့်ပတ်သက်၍ မောင်သာရအပေါ်တွင် သင်္ကာယန မကင်း ဖြစ်၍နေကြလေ၏။

ထိုအတွင်းတွင် သတင်းစာများ၌ စုံထောက်၍မရသော အမှုများအကြောင်းဟူ၍ ခေါင်းတပ်ကာ ရေးသားဖော်ပြသော အခန်းတစ်ခုပါရှိလေရာ တင်မေကြီး ပျောက်ကွယ်သော အမှုနှင့် တကွ မောင်သာရ၏ လူသတ်မှုအကြောင်းပါ ထိုစာထဲ၌ အကျယ်တဝင့် ရေးသားပါရှိလေ၏။

ထိုအခါ မောင်သာရ၏အမှုအကြောင်းကို အရပ်ထဲတွင် ထပ်မံအရေးတယူပြုလုပ် ပြောဆိုကြလေ၏။ ယင်းကဲ့သို့ ပြောဆို



www.burmeseclassic.com

www.burmeseclassic.com



ကြသောအခါ မောင်သာရမှာ အမှုဖြစ်ပွားစအခါမှာကဲ့သို့ အထူးပင် အနေကျုံ့ပြီးလျှင် ရန်ကုန်မြို့၌ မနေနိုင်အောင်ဖြစ် ပြန်လေ၏။ (ဘီအယ်လ်) စာမေးပွဲကို အောင်မြင်သော်လည်း အမှုကိုလိုက်ရန် ငှားရမ်းသူ တစ်စုံတစ်ယောက်မျှ မပေါ်လာချေ။ တင်မေကြီးအတွက် စိတ်လက်ပူပင်သောကဖြစ်ခြင်းကတစ်မျိုး မိမိကိုယ်တိုင် လက်ညှိုးထိုးခံ၍ နေရခြင်းကတစ်သွယ်၊ မျက်နှာကို ရဲရဲစွာ မော်၍ လမ်းမလျှောက်နိုင်အောင် ရှိရှာလေ၏။

တစ်နေ့သ၌ ဦးဘိုးသိန်း၏ထံတွင် အလုပ်လုပ်လျက် ရှိနေရာ ဦးဘိုးသိန်းက–

''မောင်သာရ၊ မင်း တော်တော်ကိစ္စများနေတယ် ထင်ပါရဲ့၊ အရပ်ထဲမှာ ပြောကြဆိုကြတာကို မင်းကြားရဲ့လား''

သာရ။ ။ ''ဘယ်လိုပြောကြပါသလဲ ဦးမင်းရယ်''

သိန်း။ ။ ''ပြောကြတာကတော့ တယ်မကောင်းလှဘူး မောင်ရဲ့၊ မင်းအကြောင်းကို အနှံ့အပြား ပြောနေကြတာပဲ၊ အခု တရားဝန်ကြီးသမီး ပျောက်ကွယ်သွားတာလဲပဲ မင်းနဲ့ပတ်သက်သလိုလို ဖြစ်နေတယ်၊ ဒီတော့ အသွားအလာ၊ အနေအထိုင်၊ အပြောအဆိုမှစ၍ အင်မတန်ကြီး ဆင်ခြင်နိုင်မှ တော်ရုံကျမယ် တူမောင်၊ အနည်းငယ်မျှ မသက်ာရင် မင်းကို ဖမ်းမှာတောင် စိုးရသေးတယ်၊ သို့ရာတွင် ဦးနှင့်ပတ်သက်နေသည့် အတွင်းမှာ မောင့်ကိုတော့ ရတ်တရက် ရန်ရှာနိုင်ကြမယ် မဟုတ်ပါဘူး''

သာရ။ ။ ''နို့.....ဦးကော ဘယ့်နှယ့်သဘောရသလဲ''

သိန်း။ ။ ''ဦးက မောင့်အပေါ်မှာ သူတို့လို သဘောရရင် မောင့်ကို





ဦး လက်ခံထားမလား၊ ဦး၏ထင်မြင်ချက်နှင့် အများပြည်သူတို့၏ထင်မြင်ချက်ဟာ အမြဲလိုလို ကွဲလွဲခြင်းဖြစ်တာမို့ သည်အရေးမှာလဲ မောင့်ဘက်ကနေပြီး များစွာပင် အတိုက်အခံ ပြောခဲ့ရတာပါပဲ၊ တစ်နေ့ကတောင် တရားဝန်ကြီးနှင့် သည်အကြောင်းကို ပြောခဲ့ရသေးတယ်၊ တရားဝန်ကြီးကဖြင့် မင်းအပေါ်မှာ အတော်ကြီး အထင်လွဲနေရှာတာပဲ''

သာရ။ ။ ''ဘယ်သူက ဘယ်လိုပဲ ထင်သည်ဖြစ်စေ၊ ဦးစိတ်က မထင်ရင် ကျွန်တော် စိတ်အေးပါပြီ''

သိန်း။ ။ ''ဦးကတော့ ဘယ်လိုမှ သဘောမထားဘူးကွဲ့၊ မင်းအပေါ်မှာ သူတစ်ပါး ထင်မြင်တာတွေ ပပျောက်သွားရင် ဦးဝမ်းသာတာပါပဲ၊ ကိုင်း.....ယခု သည်အကြောင်းကို ပြောရသည့်အတွက် မင်းလဲ စိတ်မကောင်းဖြစ်ပြီး ယနေ့အတွက်မှာ အလုပ်ကို ကောင်းစွာလုပ်နိုင်တော့မည် မထင်ဘူး၊ အခြားမှာ ကိစ္စရှိရင် ယနေ့အတွက် တူမောင် သွားချင်လျှင် သွားပေဦးတော့''

ဟု ခွင့်ပြုလိုက်လေ၏။

မောင်သာရသည် ဦးဘိုးသိန်းအား ကျေးဇူးတင်လျက် အလုပ်များကို သိမ်းလျက် ထွက်လာခဲ့လေ၏။ မောင်သာရသည် ဉာဏ်စွမ်းဉာဏ်စ သူရသတ္တိများစွာပင် ပြည့်စုံသူဖြစ်သော်ငြားလည်း ဤခက်ခဲသောအရေး၌ သံချောင်းသံခဲကို ကိုက်ခဲဖဲ့ရွဲ့ရသည့်အလား အတိုင်းမသိ ကြီးမားသောခက်ခဲခြင်းကို ကြုံတွေ့၍နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကစ အဘယ်ပုံ စုံစမ်းရမည်ကို အကြံညာဏ် ထုတ်၍မရ လုံးလုံးကြီးစိတ်လျှော့ကာ ကံကြမ္မာကိုသာလျှင် အားကိုးပြုရတော့မည့်ကဲ့သို့ဖြစ်နေလေ၏။ တစ်ခါတစ်ရံ တင်မေကြီးနှင့်အတူတကွ တွေ့ကြုံသွားလာပြောဆိုနေထိုင်ခဲ့ရသော နေရာများသို့ တစ်ကိုယ်တည်း သွားရောက်ကာ နေဝင်မိုးချုပ်သည့်တိုင်အောင် ထိုင်လျက် မှိုင်တွေချ၍နေလေ၏။ ညဦးနက်သောအခါ ဆိုင်ကိုပြန်လာသည့်အခါ ဆိုင်ရှင်ဦးသာဖံနှင့် ခါလာသော့တို့ သည် မောင်သာရ၏စိတ်၌ ဖြစ်ပျက်သော သောကကို ရိပ်မိ ကြလျက် စိတ်ဒုက္ခ တိုးတက်မည်စိုးသောကြောင့် ညဦးနက် သည်ဟူ၍ ပြည်တွင်းနှန်တောက်တီးခြင်းများကို မပြုဝံ့ကြဘဲ မောင်သာရနှင့် အလားတူစွာ စိတ်လက်မချမ်းမသာ ဖြစ်၍ နေရှာလေသတည်း။

ပျော်ရွှင်ဖွယ်သောဆိုင်မှာ ဆိတ်ငြိမ်လျက် ညှိုးမှိန်နွမ်းမေးပြီးလျှင် အလင်းရောင်မရှိသကဲ့သို့ ဖြစ်၍နေလေ၏။ အကြောင်းမူကား မောင်သာရ၏သောကကို ခါလာသော့နှင့် ကုလားကြီး ဦးသာဖံသည် ဝေမျှကာ ယူကြရှာလေသတည်း။

တင်မေကြီးသည် မောင်သာရ၏စိတ်၌ အလွန်တင် ထူးကဲမြင့်မြတ်သော မိန်းမတစ်ယောက်ဖြစ်၍နေလေရာ တင်မေကြီးကို တွေ့ရသည့်နေ့ကစ၍ မက်မောတမ်းတသောစိတ်သည် အစဉ်တစိုက် ပေါ်ပေါက်လျက် မတူမတန် မဖြစ်မြောက်နိုင်သော အရာကို ကြံမိသည့်အလား မိမိကိုယ်ကို ရှုံးသွပ်သောသူကဲ့သို့ သဘောထားလေ၏။

ယခုသည်ကား ထိုရှုံးသွပ်သောအကြံသည် အံ့ဖွယ်သော နည်းနှင့်အထမြောက်ကာ မမြင်နိုင်ဟု မှတ်ထင်ရသောကြောင့် နှစ်ကိုယ်တည်း နှစ်ယောက်တည်း အချစ်၏စကားကို ကိုယ်





သက်ရောက် မျက်နှာချင်းကပ်ကာ ပြောဆိုအောင်မြင်အထမြောက်ခဲ့လေ၏။ မေခလာ၏ ရင်ခွင်ထက်သို့ ကျရောက်သော နက္ခမင်း၏စည်းစိမ်သည် ဟိုနေ့ညဦးမြင်းရထားပေါ်၌ မောင်သာရ တွေ့ကြုံခံစားခဲ့ရသော သုခစည်းစိမ်ထက် ပိုမို၍ကြီးကျယ်ခမ်းနားမည် မဟုတ်ချေ။ ယခုသည်ကား ထိုမျှလောက်ကြီးကျယ်သောမျှော်လင့်ချက်နှင့် ထိုမျှလောက် မွန်မြတ်သော သုခချမ်းသာတို့သည် ရုတ်တရက် လတ်တလော ချုပ်ငြိမ်းကွယ်ပျောက်ကာ အဘယ်ကိုရောက်၍ ကုန်ပါဘိသနည်းဟု မောင်သာရ၏စိတ်ထဲ၌ တည်ဆောက်ဖန်ဆင်း၍ထားသော ခမ်းနားကြီးကျယ်ခြင်းဟူသမျှတို့သည် လျှပ်စစ်တစ်ပြက်၊ လက်ဖျောက်တစ်တွတ်အတွင်း ရှိခြင်းဘဝမှ မရှိခြင်းဘဝသို့ ဆိုက်ရောက်၍သွားကြလေ၏။ ၎င်း၏စိတ်အကြံတို့သည် သံပုံစေတီပမာ မိုးလေတို့အလားတွင် သက်လျှော့ကျဆင်း ပျောက်ပျက်ခြင်းသို့ ရောက်ကြလေ၏။

မောင်သာရ၏စိတ်၌ တင်မေကြီးဟု ခေါ်ဆိုအပ်သော စိတ်ကညာတစ်ဦးနှင့်သက်ဆိုင်သည့်, မျှော်လင့်ခြင်း၏ဓာတ်မီးသည် မကောင်းသောကံကြမ္မာတည်းဟူသောလက်ဖြင့် စက်ခလုတ်ကိုနှိပ်မိလေရာ လတ်တလော မှောင်ကျ၍သွားလေ၏။

ထိုမျှလောက် ဆန်းကြယ်စွာလှည့်စားသော၊ ကံကြမ္မာ၏လက်ဖြင့် ဖေ့ရမ်းခြင်းကို ခံရသော မောင်သာရ၏စိတ်သည် အဘယ်မှာ နှစ်သိမ့်ဖြေဖျော်၍ ရနိုင်ပါမည်နည်း။ မြင့်လှစွာသော တောင်ထိပ်၌ရပ်ကာ လှပသောလောကဓာတ်ကို ရှုစားလျက် ထိုလောကကို အစိုးရတော့မည်ကဲ့သို့ တက်ကြွကာနေသောသူသည် ပြင်းထန်သောလေအဟုန်ဖြင့် တောင်အောက်တောင်ကြား ချောက်ကမ်းပါးသို့ လွင့်စင်ကျရောက်သည့်အလား ကြီးမားလှစွာ



www.burmeseclassic.com

www.burmeseclassic.com



သောဒုက္ခကို တွေ့ကြုံရရှာလေသတည်း။

တင်မေကြီးနှင့် တွေ့ကြုံခဲ့ရသမျှသော အခိုက်အတန့် အခါအခွင့်တို့သည် အလွန်တရာကြီးမားသော ပျော်ရွှင်ခြင်းကို ဖြစ်စေသည့် အိပ်မက်နှင့်တူ၏။ ထိုကဲ့သို့သော အိပ်မက်ကို မြင်မက်၍နေရာမှ တအာအာမြည်သော ကျီးငှက်တို့၏အသံကို ကြားရလျက် ဘွားခနဲနိုး၍လာသောသူ၏စိတ်သည် အဘယ်မျှ နှစ်သိမ့်ခြင်း ဖြစ်နိုင်ပါမည်နည်း။

ယခုသည်ကား ကံကြမ္မာတည်းဟူသော မကောင်း ဆိုးဝါးသည် နှောင့်ယှက်လာရောက်ဖျက်ဆီးခြင်းကို ပြုလေ၏ မည်းနက်သောကျီးကန်းပမာ မောင်သာရ၏ဦးခေါင်းပေါ်တွင် ပျံလျက် မောင်သာရကို ပြောင်လှောင်ကဲ့ရဲ့ ရှုတ်ချ၍နေလေ၏

မွန်မြတ်သောအိပ်မက်တွင် ပေါ်ပေါက်၍လာသော နတ် ကညာနှင့်တူသော တင်မေကြီးသည် ပျောက်ကွယ်၍သွား၏ အဘယ်မှာ ရှိပါသနည်း။ အဘယ်မှာ ရှိပါသနည်း။ အဘယ်ကို လိုက်ရပါမည်နည်း။

ထိုအကြောင်းကို တွေးလေတွေးလေ ဆွေးမပြေဟူသော စကားကဲ့သို့ မောင်သာရမှာ ယူကျုံးမရဖြစ်၍နေရှာလေသ တည်း။

♛ ♛ ♛





## အခန်း (၁၇)

ညဥ့်သန်းခေါင်ကျော်ခန့်အချိန် ရန်ကုန်မြို့အနောက်ပိုင်း တစ်ခုသော တိုက်ခန်းတွင် လူသုံးယောက်တီးတိုးကြိတ်ကာ စကားပြော၍နေကြလေ၏။ ၎င်းသုံးယောက်တို့သည်ကား ဦးဘိုးကြူး ၊ မောင်ဘလုံ၊ မောင်စော ဖြစ်ကြလေ၏။

ဘလုံ။ ။ ``အခု - ကျွန်တော်တို့သုံးယောက်ဟာ ဆိုးတူ ကောင်းဘက် ဆိုတာလို ကြံစည်လုပ်ကိုင်ပြီး ဆရာကြီး၏စီမံရာကို လိုက်နာဆောင်ရွက်ပြီး နေကြရပါတယ်၊ သစ်တစ်ပင်ကောင်းလျှင် ငှက် တစ်သောင်းခိုရ ဆိုတဲ့စကားလို ကျွန်တော်တို့ လူစုအနက် တစ်ယောက် ကောင်းစားလျှင် အားလုံး ကောင်းစားဖို့ပါပဲ``

ကြူး။ ။ ``ဒီစကား အင်မတန်မှန်ပါတယ်၊ သို့သော်လဲ တစ်ယောက်ကိုတစ်ယောက် မယုံကြည်ကြ ဘူးဆိုရင် ပျက်စီးခြင်း၏အကြောင်း ဖြစ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဟိုယခင်က ဦးထွန်းသိန်းဟာ ငါတို့ အသင်းထဲမှာ ဉာဏ်ရည်ဉာဏ်သွားနှင့် အတော်ပင် ပြည့်စုံတဲ့ ယောကျ်ားပါပဲ၊ သို့သော်လဲ ယခုမောင်စောလက်မှာ ရောက်ရှိနေတဲ့စာနှင့် ပတ်သက်ပြီး တစ်ယောက်နှင့်တစ်ယောက် စိတ်ဝမ်းကွဲသည့်အတွက် ယခုလို ဖြစ်ပျက်ကြရတာပါပဲ၊ ယခုလဲ မောင်စောဟာ ဒီစာကို မရမက ယူပြီးထားခြင်းဟာ စိတ်ဝမ်းကွဲဖို့ ဖြစ်နေတယ် မဟုတ်လား''

မောင်စော။ ။ ''ဒီစာဟာ အလွန်တရားကြီးမားပြောက်မြားတဲ့ ရတနာတို့၏ သိုမှီးရာနေရာအတွက် လမ်းပြ လမ်းညွှန် ဖြစ်ပါတယ်၊ သို့သော်လဲ ဆရာကြီး တစ်ဦးသာ အဓိပ္ပာယ်သိပြီး ကျွန်တော်တို့မှာ တစ်စုံတစ်ရာမျှ ရမ်းဆ၍ မရပါ၊ ဆရာကြီးကလဲ ဤနက်နဲသော စာများ၏အဓိပ္ပာယ်ကို ကျွန်တော် တို့အား ပြောပြရန် ဆန္ဒမရှိ၊ အဘယ်ပုံ ဆရာ ကြီးကို ယုံကြည်ပြီး ပြန်၍အပ်နိုင်ပေမလဲ''

ကြာ့။ ။ ''ဒါတွေကို ပြောနေစရာ မရှိပါဘူး တပည့်ရယ်၊ နောင်ခါကျလို့ အတူတကွ အကျိုးခံစားကြရရင် ပြီးရော မဟုတ်လား၊ အဓိပ္ပာယ်မသိဘဲနဲ့ မင်းလက်ထဲထားရင် အဘယ်ပုံ အကျိုးရှိပါ့မလဲ''

ဘလုံ။ ။ ''ဒါတွေကို ထားလိုက်ပါ ဆရာကြီးရဲ့၊ ယခု အရေးဟာက အင်မတန်ကြီးနေတယ်၊ တင်မေ ကြီးဟာ ကျွန်တော်တို့ကို မသက်ာဘဲ သာရက်





ကြိုက်ပြီး သာရဘက်ကနေ၍ အမှုကို စုံစမ်းနေ ပါတယ်၊ သူ့ကို တစ်သက်လုံး ချုပ်နှောင်၍လဲ မထားနိုင်ဘူး၊ သတ်ပစ်မယ်ဆိုရင်လဲ အင်မတန်မှ ရက်စက်ဆိုးသွမ်းရာ ကျပါလိမ့်မယ်၊ ဒီတော့ မြွေမသေ တုတ်မကျိုး ဆိုတာလို အားလုံး အကျိုးရှိအောင် စီမံဖို့အရေး ရှိပါတယ်''

ကြာ့။ ။ ''ဘယ်လို စီမံချင်သလဲ''

ဘလုံ။ ။ ''ကျွန်တော်နှင့် သူနှင့် ညားရင် ကျွန်တော့် ဘက်ကို လုံးလုံးပါပြီး ခင်ဗျားတို့ ကျွန်တော်တို့ကို ဘယ်အခါမှ နှောင့်ယှက်တော့မှာ မဟုတ်ပါဘူး''

ကြာ့။ ။ ''သူက မင်းကို မကြိုက်ရင် ဘယ့်နှယ့်လုပ်မလဲ''

ဘလုံ။ ။ ''ကြိုက်အောင် ဉာဏ်ဆင်ရတာပေါ့ ဆရာ ကြီးရဲ့''

ကြာ့။ ။ ''ဘယ်လို ဉာဏ်ဆင်မတုံး''

ဘလုံ။ ။ ''သူ့ကို လူဆိုးများလက်မှ ကျွန်တော်ဝင်ပြီး ကယ်တယ်လို့ အထင်ရောက်အောင် ကြံဆောင် ရရင် မကောင်းဘူးလား''

...စကားကို အတန်ကလေးကြာစွာ စဉ်းစား၍နေကြ ပြီးနောက်

...ာင်စော။ ။''ဒီအကြံ ကောင်းတဲ့အကြံပဲ ဆရာကြီးရဲ့၊ ကျုပ်တို့အထဲက လူတစ်ယောက် တရားဝန်ကြီး ၏သမက်ဖြစ်လျှင် အင်မတန် နေရာကျမှာပဲ၊ ဟုတ်တာကို ပြောရမှာဖြင့် ကျွန်တော်တို့၏ အသက်မွေးပုံက အင်မတန်ကြီး ကောင်းလှတယ် မဟုတ်ဘူး၊ လုယက်လောင်းစား လိမ်လည်တဲ့ အသက်မွေးမှု ဖြစ်ပါတယ်၊ သည်တော့ အားကိး

www.burmeseclassic.com



ဖို့ရာ တစ်ယောက်ယောက်ရှိရင် သာကောင်း မှာပဲ၊ ဒီလို ကြံကြစို့ရဲ့၊ ကုလားဒိန်ကို သေသေ ချာချာ မှာထားပြီး ကုလားဒိန်ထံ အတင်း ဝင်ရောက် ရိုက်နှက်ပြီး တင်မေကြီးကို လုယူ ဟန်ဆောင်ရမယ်၊ သည့်နောက် ဆက်လက် နေရာကျဖို့ အရေးများမှာကိုဘလုံကပဲ ဉာဏ် ရှိသလောက် ကြံဆောင်အားထုတ်ဖို့ ရှိပါ လိမ့်မယ်''

ကြုံး။ ။ ''ကိုင်း.....ဒါတော့ မောင်တို့သဘောပဲ၊ ကောင်း သလို ကြံညှ်၍စီမံကြပေတော့''

ဟုပြော၍ ထိုင်ရာမှထလေ၏။ မောင်စောနှင့် မောင်ဘလုံသည် အတူထ၍ ၎င်း၏ နောက်သို့ လိုက်သွားကြလေ၏။

ကိုဘိုးကြုံးသည် လူလုံးလူဟန် သေးငယ်လျက် များစွာ ပင် သိမ်ဖျင်းသောသဏ္ဍာန်ရှိသော်ငြားလည်း မကောင်းမကန်း တိတ်တဆိတ်ကြံစည်ခြင်းအလုပ်များ၌ အလွန်တရာ ဉာဏ်ကြီး သူတစ်ယောက်ဖြစ်လေရာ ဂုဏ်သရေရှိ စစ်ကဲကြီး၏သား မောင်ဘလုံနှင့်တကွ မောင်စောသည် ကြောက်ရွံ့သောအမူအရာ နှင့် နောက်က လိုက်ကြရလေ၏။

၎င်းဦးဘိုးကြုံးမှာ အသက်ငါးဆယ်ခန့်မျှရှိလေရာ မိမိ ၏ထက်မြက်စူးရှကြီးမားသောဉာဏ်ကို ကောင်းမြတ်သောနေရာ တစ်ခုခု၌ အသုံးချချေက လူသတ္တဝါတို့အား ကြီးမားသောအ ကျိုးကျေးဇူးကို ဖြစ်ထွန်းအောင် လုပ်နိုင်မည်ဖြစ်သော ပုဂ္ဂိုလ် တစ်ယောက်ဖြစ်လေ၏။ ၎င်းသည် မောင်ဘလုံနှင့်မောင်စောကို ဂရုမစိုက်ဘဲ ဆင်း၍သွားလေရာ မောင်ဘလုံနှင့် မောင်စော





သည် ကုတ်ကုတ်ကလေး လိုက်ပါသွားကြလေ၏။

နောက်တစ်နေ့ည ကိုးနာရီခန့်အချိန် တင်မေကြီးကို ချုပ်၍ထားသော အခန်းဝ၌ ရုန်းရင်းဆန်ခတ်အသံများ ကြား လေရာ တင်မေကြီးသည် ခုတင်ပေါ်မှပြေးဆင်း၍ကြည့်လေလျှင် မောင်ဘလုံနှင့် ကုလားဒိန်ကလေးမှာ သူတစ်ပြန် ငါတစ်ပြန် ထွေးလုံးရစ်ပတ်၍ ရန်ဖြစ်နေသည်ကို တွေ့ရလေ၏။

အတန်ကြာသောအခါ ကုလားဒိန်သည် ကြမ်းပြင်တွင် ခွေလျက်လဲနေလေ၏။ ထို့နောက် မောင်ဘလုံသည် တင်မေကြီး ထံသို့ ပြေးဝင်၍သွားလေရာ တင်မေကြီးသည် လက်နှစ်ဘက် ကိုဆန့်လျက်–

''အမယ်လေး ကိုဘလုံ၊ ကျွန်မကို ကယ်ပါဦး''

ဟုပြောကာ မောင်ဘလုံ၏ရင်ခွင်ထဲသို့ ပြေးဝင်၍ လာရှာလေသတည်း။ မောင်ဘလုံသည်လည်း အားရှိသမျှနှင့် တင်မေကြီးကိုပွေ့ယူကာ ကျဉ်းမြောင်းသောလှေကားတစ်ခုမှ အထက်သို့ ပြေးတက်၍ လာလေရာ ကျယ်သောဂိုဒေါင်ကြီးထဲသို့ ရောက်လာလေ၏။ လမ်းသို့ထွက်သောအခါ အသင့်စောင့်၍ နေသော မော်တော်ကား တစ်စင်းပေါ်သို့ ရောက်ကြပြီးလျှင် မော်တော်ကားကို မောင်းနှင်ထွက်သွားကြလေ၏။

တင်မေကြီးမှာ ရန်သူများ၏လက်ကို တစ်ဖန်ပြန်၍ ရောက်မည်စိုးသည့်အလား ကြောက်ရွံ့သဖြင့် မောင်ဘလုံ၏ ရင်ခွင်အကြားမှ မထွက်ဝံ့ဘဲ ငြိမ်သက်စွာ လိုက်ပါ၍သွားလေ၏။ မောင်ဘလုံသည်လည်း တင်မေကြီးကို မိမိ၏ရင်ခွင်ကြားမှ အတင်းအဓမ္မ ဆွဲခွာ၍ မလုပ်ဝံ့ဘဲ အားပေးသောအမူအရာနှင့် ကျောကိုသပ်ကာ ဆောင်ကြဉ်း၍ လာခဲ့လေရာ မကြာမီ ကန်တို



www.burmeseclassic.com

www.burmeseclassic.com



မင်နယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်၍လာလေသတည်း။

မောင်ဘလုံသည် မော်တော်ကားကို မည်သည့်နေရာကိုမှ ကွေ့ကောက်၍ မောင်းနှင်ခြင်းကို မပြုဘဲ ဝင်ဆံလမ်း (ယခု ရှင်စောပုလမ်း) သို့ တည့်တည့်ကြီး အမောင်းနိုင်းလေရာ မကြာမီ တရားဝန်ကြီးအိမ် သင်ဝင်အောက်သို့ ရောက်သွားပြီးလျှင် မော်တော်ကားဟွန်းကို ပြင်းထန်စွာ ပေးလေ၏။

ထိုအခါ အိမ်တွင်းမှ လျင်မြန်သောခြေသံများကို ကြားကြရလေ၏။ စက္ကန့်အနည်းငယ်အတွင်း တံခါးများသည် တဟုန်တည်း ပွင့်၍လာကြလေရာ အတွင်း၌ရှိသော ဝတ်မီးရောင်တို့သည် ဝင်းပြောင်သောအဆင်းဖြင့် မော်တော်ကားကို အလင်းရောင်ဖြင့် လွှမ်းအုပ်ကြလေ၏။ တရားဝန်ကြီးသည် လက်နှစ်ဘက်ကိုဆန့်ကာ–

''သမီး.....သမီး၊ ဖေဖေ့ သမီးကြီးပါလား''

ဟု မော်တော်ကားရှိရာသို့ ပြေးဆင်း၍လာလေ၏။

တင်မေကြီးသည်လည်း မော်တော်ကားပေါ်မှ ခုန်ဆင်းကာ–

''ဖေဖေ.....ဖေဖေ''

ဟုနှစ်ခွန်းမျှသာ ခေါ်ဆိုပြီး ဖခင်၏ရင်ခွင်ထဲသို့ ရောက်သွားလေ၏။ သားအဖနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ကာ အကြာကြီး ရှိုက်ငင်၍ နေကြရှာလေသတည်း။

မောင်ဘလုံသည်ကား စီးကရက်ကိုဖွာလျက် ၎င်းတို့ ကို မကြည့်ဘဲ ကျောခိုင်းကာ ရပ်ပြီးလျှင် လမ်းဘက်သို့ရပ်ကာ ကြည့်၍နေလေသတည်း။ ထို့နောက် သားအဖနှစ်ယောက်





အားရဝမ်းသာ စကားပြောကြရာတွင် တင်မေကြီးက အကျိုးအကြောင်းတို့ကို အကျဉ်းအားဖြင့် ပြောပြလေရာ တရားဝန်ကြီးက မောင်ဘလုံ၏ရဲရင့်ခြင်းအကြောင်းကို သေချာစွာ သိရလျှက် မောင်ဘလုံထံသို့ ပြေး၍လာပြီး လက်ဆွဲကာ အိမ်ထဲသို့ဝင်ပ်ကာ ခေါ်လေ၏။

တင်မေကြီးကလည်း–

''အမယ်လေး ကိုဘလုံရဲ့၊ ကျေးဇူးရှင်ကြီးရဲ့ လာပါဦး၊ ဘန်ကြီးပန်ကြီး လုပ်မနေပါနှင့်၊ ရှင့်မော်တော်ကားကို ပြန်လွှတ်လိုက်ပါ၊ ကျွန်မတို့အိမ်မှာ မော်တော်ကားရော၊ ရထားလုံးရော၊ မက်လက်ရထားရော ရှိပါတယ်''

ဟုပြောလေရာ မောင်ဘလုံသည် စကားတစ်လုံးမှ ပြန်၍မပြောဘဲ အိမ်အတွင်းသို့ ၎င်းတို့နှင့်အတူ လိုက်၍ ဝင်ခဲ့လေ၏။

တရားဝန်ကြီးသည် ကားသမားအား အခကို ထုတ်၍ ပေးလေရာ ပေးသောအခမှာ အတော်ပင် များသောကြောင့် မော်တော်ကားမောင်းသမားသည် အလွန်တရာ ကျေးဇူးတင်၍ နှုတ်ဆက်ကာ ပြန်သွားလေ၏။

အိမ်အတွင်းသို့ရောက်သောအခါ တရားဝန်ကြီးသည် အစေခံများအား စားကောင်းသောက်ဖွယ် ချိုချဉ်ခဲဖွယ်တို့ကို လျင်မြန်စွာ အပြင်ခိုင်းလေ၏။ တင်မေကြီးမှာ များစွာပိန်ချုံး၍ နေလေရာ ညတွင်းချင်း ပြန်၍ဝအောင် စိတ်အကြံပြုသကဲ့သို့ စားဖွယ်သောက်ဖွယ်တို့ကို မြိန်မြိန်ကြီး အစားခိုင်းလေ၏။ မောင်ဘလုံကိုလည်း တရားဝန်ကြီးက–

''စားပါသောက်ပါ မောင်ရင်၊ ကျုပ်သမီးကို အသက်



www.burmeseclassic.com

www.burmeseclassic.com



စွန့်ပြီး ကယ်ရသဖြင့် အင်မတန်ကြီး မောပန်း၍ လာမှာပါဘဲ၊ ဩော်.....ဒုက္ခ.....ဒုက္ခ၊ ပေဖေ့စကားကို နားမထောင်သည့်အတွက် မောင်ဘလုံ သူ့ခမျာမှာတောင် အကောင်းမနေရ၊ တမင်သက်သက် ဝင်ရောက်ပြီး ဒုက္ခခံရတာပါပဲ၊ ကိုင်း..... မှတ်ကြွ သမီးရဲ့၊ ဒီတစ်ခါ ဆရာပဲ၊ နောင် ဖေဖေ့စကားကို နားမထောင်လျှင် သည့်ထက်ပိုပြီး ဒုက္ခရောက်မှာကို စိုးရတယ်၊ ကြပ်ကြပ်ကြီး သတိထားပါနော်၊ ယခုတစ်ကြိမ် ကံကောင်းထောက်မလို့ ကယ်မယ့်လူ ပေါ်လာသော်လဲ နောင်မောင်ဘလုံက သမီးကို အမြဲကယ်ဆယ်နေနိုင်လိမ့်မယ် မဟုတ်ဘူး''

စသည်ဖြင့် ပြောပြလေ၏။

မောင်ဘလုံက–

''အင်မတန် အတင့်ရဲတာကလား ဦးရဲ့၊ ယောကျ်ားကလေးလို ဖြစ်နေတာပဲ၊ ဂါဝန်ဝတ်ပြီး သွားတဲ့အခါမှာ ဒီလောက်ကိစ္စမရှိဘူး၊ မြန်မာလို ထဘီနှင့် သွားတဲ့အခါမှာ ဂါဝန်စိတ်ပေါက်ပြီဆိုမှဖြင့် အနှောင့်အယှက်တွေ အင်မတန် များတတ်တာပါပဲ၊ ကာလက အသောင်းကြမ်းသားကလား ဦးရဲ့၊ ကျွန်တော်တို့ ယောကျ်ားတောင် အသွားအလာမှာ အင်မတန်ကြီးဆင်ခြင်နိုင်မှ တော်ရုံကျတာကပဲ''ဟုပြောပြလေ၏။

ထို့နောက် အင်မတန်ကြီး ညဉ့်နက်အောင် ဆက်၍စကားပြောပြီးနောက် မောင်ဘလုံကို အိမ်သို့ပြန်ဖို့ရန် အခွင့်မပေးဘဲ ဤအိမ်မှာ အိပ်ဖို့ရန် တောင်းပန်ပြောဆိုကြလေရာ မောင်ဘလုံမှာ ငြင်းဆန်ခြင်းငှာ မစွမ်းနိုင်ဘဲ ခမ်းနားစွာ ပြင်ဆင်ထားသော အိပ်ရာတွင် အိပ်ရလေ၏။

တင်မေကြီးမှာ အိပ်ရာသို့ဝင်သည်နှင့် တပြိုင်တည်း





ဘစ်စုံတစ်ရာကိုမျှ တွေးတောခြင်း မရှိဘဲ ကလေးပမာ အိပ်မောကျ၍သွားရှာလေ၏။ မောင်ဘလုံမှာမူ မိမိ၏အကြံ အောင်မြင်ခြင်းကြောင့် ဝမ်းသာလုံးဆို့ကာ တစ်ညလုံး မအိပ်နိုင်ဘဲ အိပ်ရာထဲတွင် ထိုင်ချည်လှဲချည်နှင့်သာ မိုးလင်းမည်ကိုမျှော်လင့်လျက်နေလေ၏။ အကြောင်းမူကား မိုးလင်းလျှင် တင်မေကြီး၏ လတ်ဆတ်သောမျက်နှာကိုကြည့်ကာ အတူတကွ လက်ဘက်ရည်သောက်ရဦးမည်ဖြစ်သော အောင်ပွဲမင်္ဂလာကို မျှော်လင့်ကာနေရှာလေသတည်း။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ထိုနေ့မှစ၍ မောင်ဘလုံသည် တရားဝန်ကြီး၏အိမ်သို့ အချိန်မရွေး ဝင်ထွက်သွားလာခွင့်ကို ရရှိလေ၏။ တရားဝန်ကြီးသည်လည်း တင်မေကြီးနှင့် မောင်ဘလုံ နှစ်ယောက်တို့သည် တွေ့ကြုံစကားပြောကြသည်ကို ကြည်ဖြူစွာ အခွင့်ပေးထားလေ၏။

မောင်ဘလုံ၏ဖခင် စစ်ကဲကြီးနှင့် မောင်ဘလုံ၏နှမ သည်လည်း တင်မေကြီး၏ထံသို့ မကြာခဏ လာရောက်ကာ မောင်ဘလုံ၏အကြောင်းကိုသာ ပြောဆိုကြလျက် မောင်ဘလုံ၏ အလုပ်အကြံအစည် ကြီးကျယ်ခြင်းအကြောင်းတို့ကို အမြဲပင် ဗန်းတင်၍ ပြောကြလေ၏။

နောက်ဆုံး၌ တစ်စတစ်စ သတင်းများဖြစ်ပွား၍ လာကြလေ၏။ ထိုသတင်းများမှာ အခြားမဟုတ်။ မောင်ဘလုံနှင့် တင်မေကြီး ထိမ်းမြားမင်္ဂလာပြုမည်ဆိုသော အကြောင်းများ ဖြစ်လေ၏။





တင်မေကြီးသည် မောင်ဘလုံကို အသက်သခင်ကျေးဇူးရှင်အဖြစ်နှင့် ကြည်ဖြူစွာ လက်ခံရသော်လည်း မောင်သာရကို အဘယ်အခါမှ လုံးလုံးကြီး မမေ့ချေ။ တခါတခါ မောင်ဘလုံနှင့် နှစ်ကိုယ်တည်း ယှဉ်တွဲကာ ထိုင်လျက် စကားပြောဆို၍ နေသည့်အထဲမှာပင် ပျံ့လွင့်သောစိတ်ဖြင့် ဒိန်းမောကာ မောင်သာရ၏အကြောင်းကို တွေးတောကာ ငေးမိလေ၏။

မောင်သာရကို စွဲလျက်ရှိနေသော စွဲရင်းတိုင်းစိတ်သည်ကား တင်မေကြီး၏နှလုံးအိမ်တံခါးဝသို့ လာရောက်ကာ အမြဲတီးခေါက်ခေါ်သကဲ့သို့ မှတ်ထင်ရလေ၏။ နှစ်ယောက်တည်း မြင်းရထားစီး၍ သွားရသည့် မမေ့နိုင်သောညဥ့် အကြောင်းကို ပြန်လှန်တွေးတောလိုက်သောအခါ ငြိမ်ဝပ်လျက်ရှိသော အချစ်၏ပြာပုံမီးခဲမှ မီးတောက်မီးလျှံသည် တဟုန်တည်း ကြွ၍လာသည်ဟု မှတ်ထင်ရလေ၏။

ကိုသာရ ဘယ်မှာ နေပါသလဲ။ သူဘယ်လိုများဖြစ်၍ နေပါသလဲ။ ငါ့အကြောင်းကို တွေးတောကာ သောကကြီး ရောက်၍နေပြီလား စသည်ဖြင့် တမ်းတကာနေပြီးမှ အလို ငါ ဘာတွေကိုတွေးနေပါလိမ့်မလဲ၊ သူနှင့်ငါ အဘယ်မှာ သက်ဆိုင်ပါသနည်း။ ကိုဘလုံသည် ငါ၏ကျေးဇူးရှင်ဖြစ်၏။ ကိုဘလုံသည် ငါ၏ အသက်သခင်ဖြစ်၏။ ကိုဘလုံကိုသာ ငါချစ်၏။ ကိုဘလုံမှ တစ်ပါး မည်သူကိုမျှ ငါမချစ်နိုင်။ ဘာမဆိုင်ညာမဆိုင် ဘယ်အတွက် သည်လူ၏အကြောင်းကို တွေးတော၍ နေရပါသတုံးဟူ၍ မိမိ၏စိတ်ကို ဆုံးမကာ ပျံ့လွင့်သောစိတ်ကို သိမ်းဆည်းရှာလေသတည်း။

လသာသောညတစ်ည၌ တင်မေကြီးသည် ပန်းခြံထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် တစ်ကိုယ်တည်းထိုင်၍နေရာ မောင်ဘလုံသည် ရောက်လာပြီးလျှင် အပါး၌ ယှဉ်၍ထိုင်ကာ လက်တစ်ဘက်နှင့် တင်မေကြီး၏ခါးကို ပွေ့ယူမည်ပြုလေ၏။ တင်မေကြီးသည်ကား မောင်သာရ၏အကြောင်းကို တွေးတောနေခိုက်နှင့် ကြုံ၍နေသဖြင့် မောင်ဘလုံ ထိုကဲ့သို့လာရောက်ပြုလုပ်သောအခါ ထိတ်လန့်လျက် ထိုင်ရာမှ ရှတ်တရက်ထလိုက်လေ၏။ ထိုအခါ မောင်ဘလုံက—

''အမယ်လေး တင်မေကြီးရဲ့၊ ဒီလောက်တောင် ဖြစ်သလား၊ ကျုပ်တို့နှစ်ယောက်မှာ အကြောင်းဆက်ဖို့ရာ အသေအချာပြောဆိုပြီးဖြစ်ပါတယ်၊ ဘယ်အတွက် သည်လောက်တောင် ကြောက်ရတာတဲ့တုံး၊ ကျုပ်ကို သရဲတစ္ဆေ မှတ်ထင်တုန်းပဲ ရှိသေးသလား''

ဟုပြောလေ၏။

တင်မေကြီး။ ။''ဒီကိစ္စဟာ နီးနီးကလေး ရှိပါတော့တယ်၊ ကျွန်မမှာ
အပျို၏ဘဝမှ ဆုံးခန်းသို့ရောက်ဖို့ရန် တစ်ရေး
တစ်ခြား နီးကပ်၍လာပါပြီ၊ ဒီတိုတောင်းတဲ့အချိန်
အတွင်းမှာ အပျိုစင်အဖြစ်နှင့် အားရအောင်
နေပါရစေ၊ ဒီလောက်မှ သည်းညည်းမခံနိုင်ဘူး
လား ကိုဘလုံရဲ့''

ဟုပြောဆိုကာ ပန်းပင်တစ်ပင်ကို ကိုင်လျက် မောင်ဘလုံ၏မျက်နှာကို စောင်းငဲ့ပြုံးရယ်လျက် ကြည့်လေလျှင် ဖြူစင်သောသွားကလေးများသည် လရောင်တွင် ဖိတ်ဖိတ်တောက်လျက်နေလေ၏။

မောင်ဘလုံသည် ၎င်း၏မျက်နှာကို သေချာစွာ စိုက်၍ ကြည့်ပြီး—

''တင်မေကြီးရဲ့ ဒီရက်ကလေးအနည်းငယ်အတွင်းမှာ ဒီလောက်တောင် ကုတ်ကုတ်စ ဖြစ်နေလျှင် ထိမ်းမြားမည့်ရက်ကိုမရောက်မီ ကျုပ်မှာ ရင်ကွဲပြီးသေဖို့သာ ရှိပါတော့တယ်၊ ဘယ်အတွက် သည်လောက်တောင် ချုပ်ချယ်ရပါသလဲ''

ဟု ပြောကာ အပါးသို့ ချဉ်းကပ်သွားပြန်လေရာ တင်မေကြီးသည် ရယ်မောလျက် ပန်းပင်တစ်ပင်ဘက်သို့ ကွေ့ရှောင်သွားပြန်လေ၏။

မောင်ဘလုံသည် တစ်ဖန်လှည့်၍ လိုက်ပြန်လေ၏။ တင်မေကြီးသည်လည်း ပေါ့ပါးလျင်မြန်သော ရွှေသမင်မကလေး၏အလား ပန်းရုံတစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းကူးသန်း၍သွားလေရာ နောက်ဆုံး၌ မောင်ဘလုံသည် မမိနိုင်တော့သည်ဖြစ်သောကြောင့် စိတ်ဆိုးသောအမူအရာနှင့် မတ်တတ်ရပ်ကာ တင်မေကြီးအား လက်ညှိုးငေါက်ငေါက်ထိုးပြီးလျှင်—

''မင်းကလေးနော်၊ မင်းကလေးတော့ ကြပ်ကြပ်သတိထားပါ၊ နောင်ခါကျရင် သိရရောပေါ့''

ဟုပြောပြီး ခြေကိုဆောင့်လျက် နောက်သို့လှည့်၍ကာ ထွက်၍သွားလေ၏။

အတန်ကလေးကြာသောအခါ တင်မေကြီးသည် ထွက်၍လိုက်သွားပြီးလျှင် စီးစောင်းကြည့်ရှုလေရာ မောင်ဘလုံ အဟုတ်ပြန်သွားသည်ကို မြင်လိုက်ရလေသတည်း။ တင်မေကြီးသည် တံခါးတိုင်ကို မှီ၍ကိုင်လျက် အတန်ကြာကြည့်၍နေလေရာ မောင်ဘလုံသည် တစ်ခုသောလမ်းအကွေ့တွင် ပျောက်ကွယ်၍ သွားသည်ကို မြင်လိုက်လေသတည်း။

တင်မေကြီးသည် တံခါးရှေ့တံတားလက်ရမ်းပေါ်တွင်




www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကာ တောင်မြှောက်လေးပါး တွေးတောရင်း သီချင်းကလေး တစ်ပုဒ်ကို ညည်းညူ၍နေလေ၏။ ထိုကဲ့သို့ ညည်းညူနေခိုက်တွင် မောင်သာရ၏ညှိုးငယ်သောမျက်နှာကို မြင်မိထင်မိသဖြင့် တေးသီချင်းရပ်ကာ မောင်သာရအကြောင်းကိုသာ ဆက်လက်၍တွေးတောကာ နေမိရှာလေသတည်း။ အတန်ကြာတွေးတော၍နေလတ်သောအခါ မိမိ၏အပါးသို့ နီး၍လာသောဘိနပ်သံကို ကြားရသဖြင့် မော်၍ကြည့်လိုက်သောအခါ မိမိရှေ့မနီးမဝေးတွင် မားမားရပ်ကာနေသော သဏ္ဌာန်တစ်ခုကို တွေ့ရသဖြင့် ထိတ်လန့်၍ထပြေးတော့မည်အပြုတွင် မောင်သာရဖြစ်ကြောင်းကို သိရှိရလျက် ရပ်တန့်တွေဝေမိန်းမောကာ နေမိရှာလေသတည်း။

၎င်းတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ခေါ်ဖို့ပြောဖို့ရန် သတိမရ။ နှစ်ယောက်စလုံးပင် အံ့အားသင့်၍ နေကြဟန်ရှိလေ၏။

မောင်သာရမှာ အလွန်တရာညှိုးငယ်သော သဏ္ဌာန်ရှိသည်ကို တင်မေကြီး တွေ့မြင်ရလေ၏။ တင်မေကြီး၏တမ်းတသောမျက်နှာသည် မော့ကာ တံတားလက်ရမ်းကို လက်နှစ်ဘက်နှင့် နောက်ပြန်ကိုင်လျက် မောင်သာရ၏မျက်နှာကိုတည့်တည့်ကြီးကြည့်၍နေလေ၏။

တင်မေကြီး၏စိတ်သည် ကိုယ်ခန္ဓာအတွင်းမှ လုံးလုံးလျားလျားကြီး ထွက်ခွာပြီးလျှင် မောင်သာရ၏ထံသို့ သွားရောက်ချဉ်းကပ်သည်ဟု မှတ်ထင်ရလေ၏။ အကြောင်းမူကား တင်မေကြီး၏ကိုယ်ခန္ဓာသည် မော့ကာရပ်လျက်နေသောအခိုက်တွင် အသက်ဓာတ် လုံးလုံးကြီး ကင်းပြတ်သည်နှင့် တူ၍နေလေသတည်း။





ထိုအတွင်း မောင်သာရသည် ``တင်မေကြီး´´ဟုခေါ်ကာ လက်တစ်ဘက်ကိုဆန့်လျက် အပါးသို့ကပ်၍လာလေရာ တင်မေကြီးသည် သတိရပြီးလျှင် မိမိစိတ်ကို သိမ်းဆည်းချုပ်တည်း လျက် ကားတစ်လုံးမှ ပြန်မပြောဘဲ ခြံအတွင်းသို့ပြေးဝင်၍ လာခဲ့လေရာ မောင်သာရမှာ ငေး၍ကျန်ရစ်ရှာလေသတည်း။

ထိုညမှစ၍ မောင်သာရသည် အိမ်အနီးသို့ ၃-ရက် ၄-ရက်မျှ ညတိုင်းဆက်လက်၍လာလေ၏။ ထိုကဲ့သို့လာသည့် အခါ မိမိ၏စိတ်မှာ ဖြေဖျော်ရာမရ အသည်းနှလုံးပါ တစ်ရင်လုံး ကျင်၍သာလျှင် ပြန်ရရှာလေ၏။ အကြောင်းမူကား မိမိလာရောက်ကြည့်ရှုသည့်အခါတိုင်း တင်မေကြီးနှင့် မောင်ဘလုံတို့ နှစ်ယောက်တည်းသော်လည်းကောင်း၊ အစေခံများနှင့် ပျော်ပျော်ရွှင်ရွှင် ကစား၍နေကြသည်ကိုလည်းကောင်း တွေ့မြင်ရမြဲဖြစ်လေ၏။

နောက်ဆုံး၌ မောင်သာရသည် စိတ်လျှော့ကာ တင်မေကြီးကို အပြစ်မတင်၊ မောင်ဘလုံကိုလည်း မုန်းထားခြင်းမရှိ မိမိ၏မကောင်းသော ကံကြမ္မာကိုသာ ဆင်ခြင်ကာ အသွားသောကို ပြတ်၍ နေရှာလေသတည်း။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

မောင်သာရမှာ ဘီအယ်လ်စာမေးပွဲကိုအောင်မြင်ပြီးသည်မှာ ရက်လ အတော်ကြာမြင့်ပြီဖြစ်သော်လည်း ရှေ့နေမလိုက်ရ။ တင်မေကြီးနှင့်လည်း ပင်လယ်သမုဒ္ဒရာကြီးခြား၍သွားသကဲ့သို့ ဖြစ်လေရာ မိမိ၏အမှုအကြောင်းကို ဆက်လက်၍ ထောက်ရန်ပင် စိတ်အားမသန်တော့သည် ဖြစ်လေရကား ဤမြန်မာပြည်၌နေလို့ အကျိုးမရှိ။ တစ်တိုင်းတစ်ပြည်ကို စွန့်ခွာ၍သွားလေမှ တော်ချေမည်ဟု စိတ်အကြံပေါ်ပေါက်၍လာလေ၏။

ယင်းကဲ့သို့စိတ်အကြံပေါ်ပေါက်၍လာသည်ကို မည်သူ့ကိုမျှ မပြောပြဘဲ လွတ်ဖို့ရန် လမ်းခွင်ကိုသာ ကြံစည်၍နေရှာလေသတည်း။

ယင်းကဲ့သို့နေခိုက်တွင် တစ်နေ့သ၌ နံနက်သတင်းစာတစ်စောင်တွင် ယောကျ်ားကိုသတ်သော မိန်းမပျိုတစ်ယောက်၏အကြောင်းကို ဖတ်ရှုရလေရာ စိတ်ထဲ၌မသင်္ကာသဖြင့် အချုပ်ထောင်သို့သွားရောက်ကြည့်ရှုလေလျှင် အချုပ်ခံ၍နေရသော





မိန်းမပျိုကိုမြင်လျှင် များစွာပင် အံ့အားသင့်၍နေရှာလေ၏။

အကြောင်းမူကား ထိုမိန်းမပျို၏မျက်နှာသည် မိမိနှင့်အသိအကျွမ်းဖြစ်ဖူးသော မျက်နှာဖြစ်သည်ကို ကောင်းစွာသိရလေ၏။ သို့သော်လည်း အဘယ်မှာ တွေ့ဖူးကြုံဖူးသည်ကို ကောင်းစွာ မမှတ်မိသောကြောင့် ဆက်လက်ကြည့်ရှုကာ အတန်ကြာ စဉ်းစား၍နေသောအခါ စိတ်ဉာဏ်အတွင်းအလင်းဓာတ်ပေါ်၍ လာလေ၏။

ထိုမိန်းကလေးသည် အခြားမဟုတ်။ မိမိ၏အမှုဖြစ်ပြီးနောက်တစ်ညသ၌ စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း)၌ကြုံတွေ့ခဲ့ရသော ဖွားဥ ခေါ် မိမိကို သွေးဆောင်သူ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်းကို တွေ့ရှိရလေ၏။

ထိုမိန်းကလေးသည် မိမိဆင်းရဲဒုက္ခရောက်၍နေစဉ် ငွေကြေးအနည်းငယ်မျှ ထောက်ပံ့လိုက်သည်ကို သတိရသောအခါ မောင်သာရ၏ ကျေးဇူးတင်သောစိတ်သည် သနားသောစိတ်၊ ကိုယ်ချင်းစာသောစိတ်နှင့် ပူးပေါင်းကာ ထက်သန်စွာ ပေါ်၍လာလေ၏။

ငါသည် အဘယ်ပုံ ကူညီစောင်မရပါမည်နည်း။ ငါကဲ့သို့ပင် မဟုတ်မတရား စွပ်စွဲခြင်းကို ခံရရှာလေသလား။ ဤသူငယ်မသည် မည်သူ့ကို သတ်ပါသနည်း စသည်ဖြင့် တွေးတောကာ ၎င်း၏အပါးသို့ ချဉ်းကပ်ပြီးလျှင်–

''ဟော့.....သူငယ်မ၊ မင်း ငါ့ကိုသိရဲ့လား''

ဟုမေးလေ၏။

မိန်းမပျိုသည်ကား ကြောက်ရွံ့ခြင်းကြောင့် သတိဉာဏ်ကင်းမဲ့လျက် တစ်စုံတစ်ရာကိုမျှ မမှတ်မိချေ။ ဤသားနားစွာ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စား၍လာသောသူသည် အဘယ်သို့သော အရာရှိပေနည်းဟု တွေးတောကာ တိုး၍ကြောက်ရွံ့သောလက္ခဏာကိုသာ ပြရှာလေ၏။ မောင်သာရက–

''ဟော့.....မင်း ငါ့ကို မမှတ်မိဘူးလား၊ စပတ်လမ်း (ယခုဗိုလ်အောင်ကျော်လမ်း)မှာ မင်းနဲ့ငါ ညတစ်ညမှာ တွေ့ခဲ့တာကို မင်း သတိမရဘူးလား၊ မင်းကျေးဇူး ငါ့မှာ ရှိသည့်အတွက် မင်းကို ငါ ကြည့်ရှုစောင်မဖို့ရန် ငါ လာခဲ့တယ်''

ဟုပြောလေသောအခါ မိန်းမပျို၏မျက်နှာ၌ အကြောက် စိတ်ပပျောက်ကာ အလင်းရောင်ပေါ်၍လာပြီးလျှင်–

''သြော်.....ရှင် အရင်ကလို မဟုတ်ပါလား၊ ကျွန်မ ရှင့်ကို အင်စပက်တော်တစ်ယောက်လို့ မှတ်ထင်မိပါတယ်''

မောင်သာရ။ ''ငါ အင်စပက်တော် မဟုတ်ဘူး၊ ငါ ရှေ့နေဖြစ်တယ်၊ မင်းကို ငါ ကယ်ဆယ်မလို့လာခဲ့တယ်၊ အားမငယ်နှင့် စိတ်ကိုတင်းပါ၊ ငါဟာ မင်းကို ဂရုပြုတဲ့ မိတ်ဆွေတစ်ယောက်ဖြစ်ပါတယ်''

ဖွားဥ။ ''ကျွန်မ အင်မတန်ကြောက်ပါတယ်၊ ကျွန်မ ဘာမှ မလုပ်မိပါဘူး၊ ကျွန်မကို တတ်နိုင်ရင် ကယ်ပါ၊ ကျွန်မကို သူတို့ ဘာဖြစ်လို့ ဖမ်းကြလဲ မသိဘူး၊ ကျွန်မနဲ့သူနဲ့ နည်းနည်း စကားများပါတယ်၊ သူဟာ တခြားမိန်းမတစ်ယောက်နဲ့ ပျော်ပါးနေသည့်အတွက် ရှင့်ကိုကျွန်မ သတ်ပစ်မယ်လို့ ပါးစပ်က လွှတ်ခနဲ ပြောမိပါတယ်၊ မနက်မိုးလင်းတော့ သူ့ရင်ဘတ်မှာ ဓားကြီးစိုက်ပြီး သေနေတာပါပဲ၊ မသေမီညမှာ သူ့ကို ပြောမိဆို





မိသည့်အတွက် ကျွန်မ အသည်းနာတာပါပဲ၊ ကျွန်မ အင်မတန် ချစ်တဲ့လင်ပါ၊ ကျွန်မ သူ့ကို တကယ် သတ်ဖို့ပြောတာ မဟုတ်ပါဘူး''

ဟုပြောကာ မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ ရှိုက်ငင်၍ ငိုရှာလေ၏။

မောင်သာရသည် ၎င်းကို အားပေးပြီးနောက် ဂါတ်စစ်ဆေး၍နေသော သက်သေများကို လာရောက်နားထောင်လေရာ ဖွားဥ၏အခန်းနှင့်ယှဉ်၍နေသော မိန်းမတစ်ယောက် အစစ်ခံ၍နေသည်ကို တွေ့မြင်ရလေ၏။

၎င်း၏အစစ်ခံချက်အရ ဖွားဥသည် သေဆုံးသူနှင့်အတူ ထိုအခန်း၌နေသည်မှာ တစ်လခန့်ကြာလေပြီဖြစ်ကြောင်း၊ မသေမီညဦး၌ လင်မယားနှစ်ယောက် ခိုက်ရန်ဖြစ်ပွားပြီးလျှင် ဖွားဥက မိမိလင်ကို သတ်မည်ဟု ကြိမ်းမောင်းကြောင်းများကို သိရလေ၏။

ဖွားဥ၏အစစ်ခံချက်မှာလည်း ထိုအကြောင်းများ ပါရှိလေရာ ဖွားဥအပေါ်၌ လုံးလုံးကြီး အပြစ်ရောက်၍ နေရှာလေ၏။ ဖွားဥမှာ အပျော်မိန်းကလေးဖြစ်သဖြင့် ထိုပြစ်မှုကို သူပင် ကျေနပ်ပြုမည်။ အခြားမည်သူမျှ လာရောက်၍မပြုနိုင်ဟု ပုလိပ်နှင့်တကွ ကြားသိရသူအားလုံးတို့၏စိတ်၌ ယုံကြည်ကြသည်ဖြစ်လေရာ ဖွားဥ၏အမှုမှာ ခုခံပြင်ဆင်နိုင်ရန် အကြောင်းမရှိ၊ အသေအချာ ဆင်ရှား၍နေလေသတည်း။

အဆိုပါမိန်းမ၏စစ်ချက်ကိုယူပြီးသောအခါ အသက်ငါးဆယ်ခန့်ရှိသော ယောက်ျားကြီးတစ်ယောက်သည် ၎င်းအမှု၌ အစစ်ခံရန်အတွက် ဝင်ရောက်၍ လာလေ၏။

၎င်းယောက်ျားကြီးကို စစ်မေးရာ၌ အသတ်ခံရသူသည်



www.burmeseclassic.com

www.burmeseclassic.com



မိမိနိုင်းစေ၍နေသူဖြစ်ကြောင်း၊ မိမိ၏ စာရေးကြီးဖြစ်ကြောင်း။ လွန်ခဲ့သော တစ်လနှစ်လခန့်အတွင်း ၎င်းတို့သည် များစွာ စိတ်လက်လေး၍နေဟန်ရှိကြောင်း စသည်ဖြင့် ထွက်ဆို၏။

၎င်း၏ထွက်ချက်၌ အသတ်ခံရသူသည် မည်သူမည်ဝါဖြစ်သည်ဟူသောအကြောင်းမှတစ်ပါး အခြားအရေးကြီးသော အချက်များ မရှိ။ ဖွားဥ၏အပေါ်၌ ထင်ရှားလျက်နေသော အပြစ်ကို ပေါ့လျော့ခြင်းဖြစ်စေနိုင်သော ထွက်ဆိုချက် မဟုတ်ချေ။

ထိုသက်သေနာမည်မှာ ဦးစိန်ဖြစ်လေသည်။ မောင်သာရလည်း ၎င်းစစ်ချက်များကို နားထောင်၍ပြီးသောအခါ တရားခံ၌ ဖြစ်ပျက်၍နေသောအမှုသည် မိမိတွေ့ကြုံရသောအမှုနှင့် မခြားမနား အလွန်ထင်ရှား၍နေသည်ကို တွေ့ရှိရသောကြောင့် သူငယ်မကလေးအား ကယ်ဆယ်ပါမည်ဟု ကတိထားမိသော်လည်း လွတ်မြောက်အောင် ကယ်ဆယ်နိုင်ဖို့ နည်းလမ်းကို အဟုတ်အဟတ် တွေးကြံ၍ မရသောကြောင့် စိတ်အား ခပ်ငယ်ငယ်နှင့် ပြန်သွားရလေ၏။

ထို့နောက် မောင်သာရသည် အလောင်းကို သွားရောက်ကြည့်ရှုလေရာ အသတ်ခံရသူသည် မောင်စောဖြစ်ကြောင်းကိုတွေ့ရ၍ လွန်စွာအံ့အားသင့်၍နေလေ၏။ ထို့နောက် မောင်စော၏အကြောင်းကို ပိုမိုသိရှိနိုင်ဖို့ရန် ဦးစိန်ထံသို့သွားရလျှင်တော်မည်ဟု အကြံပြုပြီးလျှင် ဦးစိန်ထွက်ဆိုသော ရန်ကုန်မြို့ အရှေ့ပိုင်းသို့ သွားရောက်လေ၏။

ဦးစိန်၏နေအိမ်သည် လွန်စွာတိတ်ဆိတ်သောအိမ်ဖြစ်လေ၏။ ၎င်းနေသောအရပ်မှာလည်း ရန်ကုန်မြို့အရှေ့ပိုင်းတစ်ခုသောအစွန်ပိုင်းဖြစ်လေရာ လူသူအသွားအလာ လွန်စွာနည်း





ပါးသောရပ်ကွက်ဖြစ်လေ၏။

၎င်းအိမ်မှာ တံခါးများကိုပိတ်လျက် လူသူမရှိသောအိမ်အသွင်နှင့်တူလေရာ ကျယ်သောခြံနှင့်အိမ်၏အခြေအနေမှာ အတော်ပင် ခန့်ညားသောကြောင့် သာမန်မျှသောသူတို့သည် စွန့်စားဝင်ရောက်ခြင်းငှာ မဝံ့ကြချေ။

၎င်းအိမ်၌နေသူမှာ အထက်မြန်မာပြည်မှလာရောက်နေထိုင်သော လက်ကားကျောက်ကုန်သည် သူဌေးကြီးတစ်ယောက်ဖြစ်သည်ဟု သတင်းဖြစ်ပွားနေလေ၏။ မောင်သာရ သည် အိမ်ရှေ့ဆင်ဝင်အောက်သို့ ရောက်သွားသောအခါ တစ်ယောက်တည်း တမာကူသောက်၍နေသော အိမ်စောင့်ဒလဝမ်ကုလားကို တွေ့မြင်ရလေ၏။ ထိုအခါ မွန်းလွဲချိန်ဖြစ်လေရာ လွန်စွာတိတ်ဆိတ်၍နေလေသတည်း။

မောင်သာရသည် ဒလဝမ်ကုလားအား အိမ်ရှင်ကို တွေ့လိုကြောင်းနှင့် ပြောဆိုအခွင့်တောင်းလေရာ ဒလဝမ်ကုလားသည် မောင်သာရကို ခေတ္တအစောင်းနိုင်းခဲ့ပြီးလျှင် အိမ်ပေါ်သို့ တက်သွားလေ၏။

အတန်ကလေးကြာသော ဒလဝမ်ကုလားသည် ဆင်း၍လာပြီးလျှင် မောင်သာရကို အိမ်ပေါ်သို့တက်ရန် ခေါ်၏။ မောင်သာရလည်း အိမ်ပေါ်သို့တက်၍ လိုက်သွားပြီးလျှင် အိမ်ရှေ့ခန်း ကုလားထိုင်ပေါ်တွင် ထိုင်ကာ စောင့်၍နေလေ၏။

အိမ်ပေါ်၌ တစ်စုံတစ်ရာမျှသောအသံကို မကြားရ။ အလွန်တရာ ဆိတ်ငြိမ်သည်ကို သိရှိရလေ၏။ အတန်ကြာ စောင့်နေသောအခါ အတွင်းမှချောင်းဆိုးသံကို ကြားရပြီးနောက် ခြေသံကို ဆက်၍ကြားရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဦးစိန်သည်အပြင်သို့ထွက်၍သွားပြီးလျှင် မောင်သာရ၏အနီး၌ရှိသော ကုလားထိုင်တစ်ခုကို ဆွဲယူကာထိုင်ပြီးလျှင်–

''မောင်ရင် အဘယ်ကိစ္စနှင့်ရောက်လာသလဲ''ဟုမေးလေ၏။ မောင်သာရက မိမိသည်အခြားအကြောင်းနှင့်လာသည်မဟုတ်။ မောင်စော၏အကြောင်းကို ပိုမိုသိလိုသဖြင့်လာကြောင်းကို ပြောဆိုလေ၏။

ဦးစိန်။ ။ ''ဦးသိသလောက် အကုန်အစင် အစစ်ခံခဲ့ပါပြီ၊ ထိုအစစ်ခံချက်ဟာ ဦးသိသလောက် အကုန်အစင်ပါပဲ၊ မောင်ရင် ဘာကို ပိုမို၍ သိချင်ပါသလဲ''

သာရ။ ။''ကျွန်တော်သိချင်တာက ဦးဆီမှာ သူဘယ်လို အလုပ်မျိုး လုပ်ရတယ်ဆိုတဲ့အကြောင်းပါပဲ''

ဦးစိန်။ ။ ''သူ့အလုပ်က အခြားမဟုတ်၊ ဦး၏အလုပ် များကို ကူညီလုပ်ပေးရတဲ့ အလုပ်များပင်ဖြစ်ပါတယ်၊ တစ်ရံတစ်ခါ သူ့ကို ဘုံဘိုင်မြို့သို့ အသွားခိုင်းပြီး၊ တစ်ခါတစ်ခါ ကျောက်များကို ယူရန် အထက်မိုးကုတ်ကို လွှတ်ရပါတယ်၊ သူ၏အလုပ်မှာ ဦး၏ကိုယ်စားလှယ် ကျောက်ကုန်သည်လို ဖြစ်ပါတယ်၊ တခြားအလုပ် မရှိပါဘူး၊ တစ်ရံတစ်ခါ ဦးဆီမှ စာရင်းအင်းများကို ကိုင်ပြီး စာပေးစာယူများကို လုပ်ရပါတယ်၊ မောင် သည်အမှုမှာ ဘယ်လိုဆောင်ရွက်ပါသလဲ''

သာရ။ ။ ''ကျွန်တော် သည်အမှုမှာ တရားခံဘက်က ရှေ့နေပါပဲ''

ဦးစိန်။ ။ ''ဩော်.....မောင်ရင်က ရှေ့နေကိုး၊ သာရ....,သာရ





ဒီတရားခံမိန်းကလေးဟာ ခိုကိုးရာမဲ့ ဖြစ်နေရှာတယ် ထင်ပါရဲ့၊ အလွန်တရာမှ သနားစရာကောင်းနေတာပါပဲ၊ သည်သူငယ်မလေး၏ ပုံပန်းဟာ သည်လောက်တောင် ရဲတင်းရက်စက်နိုင်မယ့် လက္ခဏာ မရှိပါဘူး၊ အမှုဆိုတာ အင်မတန် ထင်ရှားတယ်လို့ အောက်မေ့ရပေမယ့် ဟုတ်ချင်မှ ဟုတ်တာကလား၊ ဟို အရင်က မောင်သာရဆိုတဲ့ သူငယ်ကလေးအမှုမှာ ဦးတို့ ကြားလိုက်ရပုံဖြင့် အင်မတန်မှ အံ့ဩစရာကောင်းတာပဲ၊ အခုအမှုဟာလဲ သည်နည်းအတိုင်း ဖြစ်ချင်ဖြစ်နေမှာပဲ၊ မောင်စော ဆိုတဲ့အကောင်က ငယ်ပေမယ့် အတော်ရုပ်သား မောင်ရင်ရဲ့ သည် တော့ သူ့မှာလည်း ရန်သူများ ကင်းမှာမဟုတ်ဘူး၊ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဆိုတာလို သည် သူငယ်မလေးအပေါ်မှာ မတော်တဆ အပြစ်များ ရောက်နေသလား မသိဘူး၊ ကြိုးစားပါ မောင်ရင်ရဲ့ လွတ်အောင် အားထုတ်ပါ၊ ဦးဖြင့် ယနေ့မနက် သနားလွန်းလို့ မျက်နှာတောင် မကြည့်ရက်ပါဘူး''

ဟုပြောပြီး ဆက်လက်၍ စကားပြောကြလေရာ မောင်သာရသည် တစ်စုံတစ်ရာ ပိုမို၍ မသိရ။ ဦးစိန်မှာ ကောင်းစွာမကျန်းမာသူဖြစ်ကြောင်းကိုသာ သိရလေ၏။

သို့ရာတွင် မောင်သာရ၏စိတ်၌ သံသယမကင်းဖွယ် အခြင်းအရာတစ်ခု ပေါ်ပေါက်၍နေသည်မှာ အခြားမဟုတ်၊ ၎င်း ဦးစိန်သည် လမ်းမတော်ရပ် ဂိုဒေါင်ကြီးမှ ကြားခဲ့ရသော မောင်စော၏ ခိုင်းစေသူပင် ဖြစ်လေသလားဟူသော အခြင်းအရာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ငင်းအကြောင်းကို ဆက်လက်၍တွေးတောလိုက်သော အခါ ထိုအကြောင်းသည် သာလွန်ထင်ရှား၍လာလျက် မောင်စောနှင့် အပြန်အလှန် တစ်ယောက်ကိုတစ်ယောက် ကြောက်ရွံ့နေသည် ဆိုသောသူသည် ထိုသူပင် ဖြစ်တန်ရာ၏ဟု ဒီဌပင်သိရလေ၏။

မောင်စော၏ထံ၌ ရှိသည်ဟု ကြားသိရသောစာသည်လည်း ငင်း၏လက်တွင် ရှိတန်ရာ၏။ ထိုစာသည် အဘယ်သို့သောစာပေတည်း။ ထိုစာကိုရလျှင် ငါ့အား အဘယ်ကဲ့သို့သော အယောက်အပံ့ကို ဖြစ်စေနိုင်မည်နည်း စသည်ဖြင့် တွေးတောလေ၏။

မောင်သာရသည် အိမ်သို့ရောက်၍သွားသောအခါ လက်ဘက်ရည်ကို လျင်မြန်စွာသောက်ပြီး ဦးဘိုးသိန်း၏ထံသို့ သွားရောက်ကာ အလုပ်လုပ်ရင်း တိုင်ပင်နှီးနှောကာ အကျိုးအကြောင်းကို ပြောပြလေ၏။ ထိုအခါ ဦးဘိုးသိန်းက–

''ယခု တူမောင်၏အရေး ပေါ်ပြီ၊ တူမောင်၏နာမည်ကောင်းဖို့ ဖြစ်ပွားလာတဲ့အရေးပဲ၊ သည်အမှုမှာ တူမောင် အရေးသာဖို့ အကြောင်းရှိတယ်၊ သည့်အတွက် တူမောင်၏အရေးက ဦးထံမှာ အလုပ်လုပ်ဖို့ အရေးထက် ပိုမိုကြီးမား၍နေပါတယ်၊ ဦး၏အလုပ်များကို တူမောင်စောင့်ဆိုင်း၍ထားပြီး တူမောင်၏အလုပ်များကိုသာ ကြိုးစားပါဦး''

ဟုပြော၍ အခွင့်လွှတ်လိုက်၏။

မောင်သာရသည် ဦးဘိုးသိန်းကို အားရဝမ်းသာ ကျေးဇူးတင်လျက် ထွက်လာလေ၏။ အိမ်သို့ရောက်သောအခါ ခါ





လာသော့နှင့် ဦးသာဇံအား အကျိုးအကြောင်းများကို ပြောပြပြန်လေရာ ဦးသာဇံသည် များစွာပင် ဝမ်းသာသော်လည်း မိမိဝါသနာအတိုင်း အားရှိဖို့စကားကို မပြော။

''တိမ်မြုပ်စပြုတဲ့ မင်းအမှုဟာ ရှုးချာချာလုပ်လျှင် ထပ်မံပြီး ပေါ်လိမ့်မယ်၊ နာမည်ပျက်ရုံဖြင့် တော်ပါရဲ့၊ အသက်ပါသေမှာကို စိုးရတယ်၊ စက်ာပူမြေမှာ ဖြစ်ပျက်တာကို သတိရရဲ့လား၊ ဘုန်းကြီးအမှု ရှာပတ်ဆိုတာလို မကောင်းတဲ့မိန်းကလေးအမှုဟာ မင်းမှာ လာပတ်ပြီး မဆိုင်တာကို ဝင်စွက်မိသည့်အတွက် အသက်ဘေး ရောက်မှာကို စိုးရတယ်၊ မင်းပြောတာလိုဖြင့် တော်တော်ဉာဏ်ကြီးတဲ့ လူတစ်ယောက်ခေါင်းဆောင်၍နေတာပဲ၊ သို့သော် သတိထားပော့၊ သည်အမှုမျိုးမှာ ထင်မြင်ယုံကြည်တဲ့အရာကို မလိုက်နဲ့၊ မထင်မြင် မယုံကြည်တဲ့အရာကို လိုက်ရမယ်၊ ဉာဏ်ကြီးတဲ့လူများဟာ မကောင်းမှုကိုပြုသည့်အခါ ထင်လွယ်မြင်လွယ်တာကို မပြုကြဘူး''

ဟု ပြောပြလေ၏။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

တင်မေကြီးနှင့် မောင်ဘလုံတို့ ထိမ်းမြားမင်္ဂလာပြုမည် ဟူသော ဖိတ်စာများသည် ထွက်ပေါ်၍ လာကြလေ၏။ ထိုဖိတ်စာများအကြောင်းကို မောင်သာရ ကြားသောအခါ အသည်းကို လှံနှင့်ဆွသလိုဖြစ်လျက် အမှုကို ဆောင်ရွက်ရန် အကြံဉာဏ်တုံးလုခမန်း ဖြစ်လေ၏။

သို့သော်လည်း မိမိ၏စိတ်ကို အနိုင်နိုင်ဆုံးမပြီးလျှင် တင်မေကြီး၏အကြောင်းကို အနည်းငယ်မျှ မတွေးတော့ဘဲ စိတ်ထဲ၌ တင်မေကြီး၏နာမည် ပေါ်ပေါက်၍လာသည့်အခါတိုင်း မေ့လျော့ပျောက်ပျက်ရအောင် ကြိုးစား၍ ဖျောက်ဖျက်ရရှာလေသတည်း။

သို့သော်လည်း အဘယ်မျှပင် ကြိုးစားစေကာမူ ဖျောက်ဖျက်၍ မရသည်သာမက တင်မေကြီး၏မျက်နှာသည် မိမိ၏ မျက်နှာရှေ့တွင် အမြဲပင် ပေါ်၍ နေသကဲ့သို့ မှတ်ထင်ရလေ၏။

တင်မေကြီးသည် မောင်ဘလုံ၏ရင်ခွင်ထဲသို့ရောက်





တော့မည်။ ငါနှင့်အတူ သွားလာတွေ့ကြုံခဲ့ရသမျှတို့ကို သတိမှ ရပါတော့မည်လား။ ယခုပင် မောင်ဘလုံ၏ရင်ခွင်ထဲသို့ အဘယ် နှစ်ကြိမ်ကျရောက်ကာ အဘယ်မျှလောက်ကြီးမားသော သုခ ချည်းစိမ်ကို ခံစား၍ နေခဲ့ရပါမည်နည်း။

ဩော်.....မိန်းမ.....မိန်းမ ကလေးတို့သဘာဝအလားသတ်တလော မုန့်ပေး၍ မြူချိုကစားသူကို ဘွားခနဲ တွေ့မှဖြင့် အထက်ထက်က ကျွေးမွေးပေးကမ်းခဲ့ဖူးသူကို လုံးလုံးကြီး မေ့တော့တာပဲ၊ မောင်ဘလုံဆိုတဲ့ ငနဲက ယခုအခါ အဘယ် ကဲ့သို့သော အမြိုက်အရသာ ဘောဇဉ်ခဲဖွယ်များနှင့် မြူ၍များ စားနေပါသလဲ စသည်ဖြင့် တွေးတောကာ ရင်ဝတွင် သံဘိုင်လာရေနွေးအိုးကို မီးထိုးပေး၍ ဆူသလို ဆူပွက်ကာ နေလေ၏။

သို့သော်လည်း ထိုအရေးကြီးသောအမှုကို လိုက်ဖို့ရန် နေ့ရက်သည် ချဉ်းကပ်၍လာတော့သည်ဖြစ်သောကြောင့် တင်မေကြီးနှင့်ပတ်သက်သော အပူလုံးကို ခေတ္တမျှ မီးအုံး၍ထားပြီးလျှင် ထိုအမှုအကြောင်းကို တွင်တွင်ကြီး အရေးစိုက်ဖို့ရာ ကြိုးစားအားထုတ်၍ နေရှာလေသတည်း။

အမှုစီရင်ရန် နေ့ရက်သည် ဆိုက်ရောက်၍ လာလေ၏။ ထင်ရှားကျော်စောသော ဤအမှုသည် တစ်မြို့လုံး သတင်းပျံ့နှံ့သောအမှုဖြစ်လေရာ နားထောင်ရန် လာကြသောသူတို့သည် ရုံး၌ ပွန်စွာပင် စည်ကားများပြားကြပေ၏။

တရားခံမိန်းမပျိုသည် စစ်တန်းတွင် မျက်လုံးဝိုင်းလျက် တစ်ချက်တစ်ချက် သတိလစ်ကာ ငါ အဘယ်ကိုရောက်၍ နေပါသနည်းဟု တွေးတော၍ မရသကဲ့သို့ နေရှာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာရသည် တရားခံ၏ရှေ့နေအဖြစ်နှင့် ဝင်ရောက်၍ သွားသောအခါ အခြားရှေ့နေများနှင့်တကွ ပရိသတ်တို့သည် တီးတိုးစကားပြောကြလျက် ပြုံးရယ်ကြလေ၏။

မောင်သာရမှာမူ ရှေ့နေပင်ဖြစ်သော်လည်း ရုံးကိုတစ်ခါမှမတက်ဖူးသောကြောင့်တစ်ကြောင်း၊ အမှုကို တစ်ခါမှမလိုက်ဘူးသောကြောင့်တစ်ကြောင်း၊ အများလူတို့က မိမိအပေါ်အဘယ်ပုံ ထင်မြင်သဘောရကြသည်ကို သိရှိပြီးဖြစ်သောကြောင့်တကြောင်း၊ တရားဝန်ကြီးမှာလည်း မိမိအမှုကို စီရင်သော တင်မေကြီး၏ဖခင်ပင် ဖြစ်သောကြောင့်တကြောင်း၊ အမှု၏ ခက်ခဲခြင်းကြောင့်တကြောင်း အတော်ပင် ကြောက်ရွံ့ အားငယ်ရှာလေ၏။

သို့သော်ငြားလည်း ယောကျ်ားဟု စိတ်ကိုတင်းလျက် မျက်နှာထားတည်တည်နှင့် ဝင်ရောက်၍ ရပ်သောအခါ တရားဝန်ကြီးသည် ၎င်းမျက်နှာကို ကုလားကြီးစွာနှင့် ကြည့်နေလေ၏။

တရားဝန်ကြီး၏စိတ်၌ မောင်သာရနှင့် တစ်ဘက်တစ်လမ်းဖြစ်၍ နေသည်မှာ များစွာပင် ထင်ရှားပေသတည်း။ မောင်သာရသည်. စွဲချက်များနှင့် အစိုးရရှေ့နေစကားများကို သေချာစွာနားစိုက်၍ ထောင်လေ၏။

မိမိစစ်လိုသော သက်သေများကို စစ်ဆေးခြင်း မပြုမေ သေးမီအတွင်း စကားတစ်ခွန်းကိုမျှ မပြောဘဲ ဆိတ်စွာသာ နေလေ၏။

နောက်ဆုံး၌ မိမိကြိုတင်၍စီမံထားသော သက်သေများကို စ၍စစ်ဆေးရန် အချိန်သို့ ရောက်၍လာလေ၏။ ရှေးဦးပထမ စစ်ဆေးသော သက်သေမှာ လမ်းမတော်ဂိုဒေါင်မှ အဘိုးကြီး





တစ်ယောက်ဖြစ်လေ၏။

သာရ။ ။ ''ခင်ဗျား သေတဲ့လူကို သိရဲ့လား''

အဘိုးကြီး။ ။ ''ကျုပ်နှင့်ဘာဆိုင်၍ ခင်ဗျား ခေါ်မေးသလဲ၊ သည်အမှုမှာ ကျုပ်နှင့် ဘာမျှမဆိုင်ဘူး၊ ဖြစ်ပွားတဲ့နေရာဟာလဲ ကျုပ်နဲ့ အဝေးကြီးပါ၊ ညောင်ဦးက ကမ်းပါးပြို စပယ်နုခိုက နွားမခါးကျိုး ဆိုတာလို ကျွန်တော်နှင့် သည်အမှု ဘာသက်ဆိုင်စရာ ရှိသလဲ''

မောင်သာရ။ ။''ခင်ဗျားနဲ့ သက်ဆိုင်တယ်လို့ မပြောဘူး၊ ခင်ဗျားကို သည်အမှုမှာ တရားခံအဖြစ်နှင့် မေးတာလဲ မဟုတ်ဘူး၊ သက်သေအဖြစ်နှင့်သာ မေးတာပါ၊ ဘာကိုမှ ကြောက်စရာ မရှိပါဘူး၊ ခင်ဗျား ကျမ်းကိုင်ပြီး ကျောင်းဒကာကြီး အသက်လဲ ကြီးပြီ၊ ကျမ်းစူးမှာကို မကြောက်ဘူးလား၊ ဟောဟို တရားခံ သူငယ်မလေးကို ကြည့်စမ်းပါ၊ မဟုတ်မမှန်ဘဲနှင့် အပြစ်ဒဏ်ခံရလျှင် အင်မတန်မှ သနားစရာကောင်းပါတယ်၊ ကျောင်းဒကာကြီးရဲ့သမီးလေးလို သဘောထားပြီး မှန်ရာကို ထွက်ပါ၊ ကျောင်း ဒကာကြီးကို ကျွန်တော် အထူးသတိပေးချင်တာက အခြားမဟုတ်၊ မဟုတ်မမှန် ထွက်ဆိုလျှင် 'ကျောင်းဒကာကြီးအပေါ်မှာ အပြစ်ရောက်လိမ့်မယ်''

ဟုမျက်နှာကို တည့်တည့်ကြည့်ကာ လက်ညှိုးထိုးလျက်



www.burmeseclassic.com

www.burmeseclassic.com



ပြောလေ၏။

ထိုအခါ အဘိုးကြီးလည်း မျက်လုံးပြူးလျက် မောင်သာရ၏မျက်နှာကို ကြောက်ရွံ့သောအမူအရာနှင့် မော်ကာကြည့်လျက် ပါးစပ်ဟ၍ နေရှာလေ၏။

သာရ။ ။ ''ကိုင်း.....ယခု ကျုပ် မေးတာကို ပြော၊ တခြားစကားကို မပြောရဘူး၊ သေတဲ့လူကို သိရဲ့လား''

အဘိုးကြီးသည် တရားခံမိန်းကလေးကို စောင်းငဲ့ကာကြည့်ပြီး သနားသောအမူအရာနှင့်-

''သိပါတယ်မောင်၊ သိပါတယ်မောင်''

ဟုပြောလေ၏။

သာရ။ ။ ''သူ ခင်ဗျားတို့အိမ်ကို လာပြီး စာတစ်စောင် အကြောင်းနှင့်ပတ်သက်၍ လူတစ်ယောက်နှင့် အချင်းစကား မများဖူးလား''

အဘိုးကြီး။ ။''များဖူးပါတယ်၊ အင့်ဟင်.....ဘယ်တုန်းက မောင်ရင် ဒါတွေ သိသလဲ''

အဘိုးကြီး။ ။''သုံးလေးကြိမ်လောက် စကားများတာပဲ၊ ဘကြီးက သေသေချာချာ မမှတ်မိဘူး၊ အိမ်က အမယ်ကြီးကို မေးကြည့်ဦးမှ သေသေချာချာ သိမှာပဲ''

သာရ။ ။ ''သေတဲ့လူဟာ ခင်ဗျားအိမ်ကို အဖော် ဘယ်နှစ်ယောက်နှင့် လာတတ်သလဲ''

အဘိုးကြီး။ ။''အဖော်သုံးယောက်၊ လေးယောက်နှင့် လာတတ်တာပဲ''

သာရ။ ။ ''ဒီလူများကို ခင်ဗျားမြင်ရင် မှတ်မိပါ့မလား''

အဘိုးကြီး။ ။''မှတ်မိပါတယ်''





သာရ။ ။ ''သည်စာအကြောင်းအပြင် တစ်ခြား ဘာအကြောင်းများကို ပြောကြပါသလဲ''

အဘိုးကြီး။ ။''တောင်စဉ်ရေမရတွေ လျှောက်ပြောတာပေါ့ မောင်ရင်ရဲ့၊ ဘယ်မှတ်မိမလဲ၊ ဘုရားဟောတာကို ညီတော်အာနန္ဒာမှတ်မိပေတဲ့ သူတို့ပြောတာကို ဘကြီး မမှတ်မိနိုင်ဘူး''

ထိုအခါ ပရိသတ်များသည် ရယ်မောကြလေ၏။

သာရ။ ။ ''ဦးထွန်းသိန်းဆိုတဲ့လူကို ခင်ဗျား သိရဲ့လား''

အဘိုးကြီး။ ။''ဦးထွန်းသိန်း ဘယ်သူဘယ်ဝါ သားသမီးဖြစ်ပါလိမ့် သိပေါင်ဗျာ၊ မဆီလေးရယ်တဲ့ အိုမဆိုင်ဆိုတာလို မောင့်ဟာတွေက စကတည်းက ဘာမဆိုင် ညာမဆိုင်ဟာတွေပါကလား''

သာရ။ ။ ''ဟိုအရင်တစ်နှစ်က အသတ်ခံရတဲ့ တိုင်းကျိုးပြည်ကျိုးဆောင် ဦးထွန်းသိန်းပေါ့ခင်ဗျ''

အဘိုးကြီးသည် တအောင့်ကလေး စဉ်းစား၍နေပြီးမှ တယ် မထူးတော့ပါဘူး၊ သည်လောက် စမိလို့ရှိမှ ပြောပါတော့မယ်၊ သင်းတို့ဆီ နေရတာ တထိတ်ထိတ် တလန့်လန့်နှင့် ဘာမှလဲ တ်တိပတ်တိ အကျိုးမခံစားရဘူးဟု တွေးတောပြီး-

''သြော်.....ဒီဦးထွန်းသိန်းကို မောင်ရင် မေးသလား၊ သူလဲ ကျုပ်ဆီကို လာတဲ့အထဲမှာ အပါအဝင်တစ်ယောက်ပဲ၊ သူ့ကို ဘာဖြစ်လို့ မသိရမလဲ၊ သေသေချာချာ သိပေါ့ မောင်ရင်ရဲ့''

ထိုစကားကို အဘိုးကြီးပြောလိုက်သောအခါ ပရိသတ်များမှစ၍ တရားသူကြီး၊ ရှေ့နေ၊ ဝတ်လုံတို့ပါ တီးတိုးစကားပြောကြလျက် တစ်ရုံးလုံး ဥသြောဒေးယျ ဖြစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာရကို အံ့ဩသော အမူအရာများနှင့် ဝိုင်း၍ ကြည့်ကြလေ၏။ ၎င်းအပေါ်၌ ထားကြသော သေးငယ်သော ထင်မြင်ချက်သည် ပျောက်ကွယ်စပြုပြီးလျှင် အရေးယူသော မျက်နှာထားနှင့် ကြည့်ကြလေ၏။

သာရ။ ။ ''အဲဒီ ဦးထွန်းသိန်းလဲ စာတစ်စောင်နဲ့ ပတ် သက်ပြီး လူတစ်ယောက်ယောက်နှင့် စကားမများ ဖူးဘူးလား''

အဘိုးကြီး။ ။''များဖူးပါတယ်''

သာရ။ ။ ''အဲဒီ စကားများတဲ့လူဟာ မောင်စောနှင့် စကား များတဲ့လူပဲလား''

အဘိုးကြီး။ ။ ''မှန်ပါတယ်၊ မောင်ရင် တယ်သိပါကလား''

ထိုအခါ တစ်ရုံးလုံး ဆိတ်လျက် တရားသူကြီးနှင့်တကွ ပရိသတ်အားလုံးတို့ ပါးစပ်ဟကာ ငေးမော၍နေကြလေ၏။

သာရ။ ။ ''အဲဒီ စကားများတဲ့လူနာမည်ကို သိရဲ့လား''

အဘိုးကြီး။ ။ ''သိပါတယ် မောင်ရင်ရဲ့၊ မောင်ဘိုးကြူးလို့ ခေါ်ပါတယ်''

သာရ။ ။ ''နို့.....ကိုစိန် ဆိုတာကို ကြားဖူးရဲ့လား''

အဘိုးကြီး။ ။''သူပါပဲ မောင်ရဲ့၊ မူလကြည် တစ်မျိုး မူ ကြက်တစ်မျိုး ဆိုတာလိုပါ၊ ပါနီနဲ့ ရေပါပဲ''

မောင်သာရသည် ၎င်းကိုစစ်ပြီးနောက် အမယ်ကြီး ခေါ်ယူစစ်ဆေးပြန်လေ၏။ အမယ်ကြီး ဝင်၍လာသောအခါ အ ရရှေ့နေနှင့်တကွ တရားသူကြီးပါ အဘယ်က သက်သေ ရောက်၍နေပါသလဲဟု တွေးတောအံ့ဩ၍နေကြလေ၏။

မောင်သာရ။ ။ ''ခင်ဗျားအိမ်ကို ဘယ်သူတွေများ လာတ





သလဲ''

အမယ်ကြီး။ ။ ''လူအများ လာကြတာပဲ မောင်ရင်ရဲ့''

သာရ။ ။ ''ယခု သေတဲ့လူဟာ ခင်ဗျားအိမ်ကို လာဖူး သလား''

အမယ်ကြီး။ ။ ''လာဖူးပါတယ်''

သာရ။ ။ ''ဘယ်သူနဲ့ လာဖူးသလဲ''

အမယ်ကြီး။ ။ ''ကိုဘိုးကြူးတို့လူစုနှင့် လာဖူးပါတယ်''

သာရ။ ။ ''ကိုဘိုးကြူးတို့လူစုဆိုတာ လူဘယ်နှစ် ယောက်လဲ''

အမယ်ကြီး။ ။ ''သုံးယောက် လေးယောက်ပါပဲ''

သာရ။ ။ ''ဒီလူတွေကို ခင်ဗျား မှတ်မိသလား''

အမယ်ကြီး။ ။ ''မှတ်မိပါတယ်''

သာရ။ ။ ''ကိုဘိုးကြူးနဲ့ သေတဲ့လူဟာ အထူးတလည် အမှတ်တရ ဘာများ ပြောဖူးပါသလဲ''

အမယ်ကြီး။ ။''သေတဲ့လူ မောင်စောထံမှ ဦးဘိုးကြူးက စာတစ်စောင် တောင်းပါတယ်၊ သေတဲ့လူက မပေးဘဲနေသည့်အတွက် သုံးခါလေးခါ ခိုက်ရန် စကားများကြပါတယ်''

သာရ။ ။ ''ကိုဘိုးကြူးနှင့် သည်လူတွေဟာ ဘယ်လို ပေါင်းသင်းဆက်ဆံနေကြပါသလဲ''

အမယ်ကြီး။ ။ ''ကိုဘိုးကြူး ခိုင်းစေရာကို သူတို့ခံနေ ကြရပါ တယ်၊ ကိုဘိုးကြူးက သူတို့ကို လခပေးထား ပါတယ်''

သာရ။ ။ ''သူတို့ ဘာလုပ်စားရတယ် သိရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



အမယ်ကြီး။ ။ ''သူတို့ ဘာလုပ်သလဲတော့ သေသေချာချာ မသိဘူး၊ ကျောက်များလဲ အဝယ်နိုင်းတယ်လို့ ကြားရတာပဲ''

သာရ။ ။''သူ့ကို ခင်ဗျား မြင်ဖူးသလား''

ဟု တစ်ခုသော ရုံးထောင့်ကို လက်ညှိုးထိုးကာ မေးလေရာ မောင်သာရကို ရုံးထောင့်မှ အမြဲစိုက်ကာ ကြည့်နေသော တင်မေကြီးသည် အံ့အားသင့်၍နေလေ၏။

တရားနေကြီးသည်ကား တင်မေကြီးကိုလှည့်၍ကြည့်ကာ မျက်လုံးပြူး၍နေလေ၏။ တစ်ရုံးလုံး အုတ်အုတ်ကျက်ကျက် ဖြစ်၍သွားလေ၏။ အမယ်ကြီးသည် တင်မေကြီးကို စိုက်ကာ ကြည့်လျက်

''မြင်ဖူးသလိုလို ရှိတာပဲ''

ဟု ပြောလေ၏။

သာရ။ ။ ''သေသေချာချာ စဉ်းစားစမ်းပါ၊ ဘယ်မှာ မြင်ဖူးသလဲ''

အမယ်ကြီး။ ။ ''ဩော်.....သတိရပြီ၊ အရင်တလောက မော်တော်ကားနှင့် တင်လာတာ သူပါပဲ''

သာရ။ ။ ''ခင်ဗျားအိမ်မှာလာတဲ့ လူစုများအထဲက နာမည်များကို ပြောစမ်းပါ''

အမယ်ကြီး။ ။ ''နာမည်များကိုတော့ သေသေချာချာ မမှတ်မိဘူး မောင်ရဲ့''

သာရ။ ။ ''အရင်တစ်နှစ်က အသတ်ခံရတဲ့ ဦးထွန်းသိန်းကို သိရဲ့လား''

အမယ်ကြီး။ ။ ''သိပါတယ်''





သာရ။ ။ ''ဦးထွန်းသိန်းနှင့် ကိုဘိုးကြူး ခိုက်ရန်စကား မဖြစ်ပွားကြဘူးလား''

အမယ်ကြီး။ ။''စာတစ်စောင်နှင့်ပတ်သက်ပြီး ခိုက်ရန် ဖြစ်ပွားတာကို ကြားဖူးပါတယ်''

သာရ။ ။ ''မောင်သာရ ဆိုတာကော ကြားဖူးရဲ့လား''

အမယ်ကြီး။ ။ ''ကြားဖူးပါတယ်''

သာရ။ ။ ''ဒီလူစုဟာ မောင်သာရအကြောင်းကို ဘာ များ ပြောဖူးကြပါသလဲ''

အမယ်ကြီး။ ။''မောင်သာရဆိုတဲ့လူကို သတ်ပစ်မှ စိတ်ချ ရမယ်လို့ ပြောသံကြားဖူးပါတယ်''

သာရ။ ။ ''ဒီစကားကို ဘယ်သူပြောသလဲ''

အမယ်ကြီး။ ။ ''ကိုဘိုးကြူးက ပြောပါတယ်''

သာရ။ ။ ''ဘယ့်အတွက် မောင်သာရကို သတ်ပစ်ရမည်ဟု ပြောရသလဲ''

အမယ်ကြီး။ ။''ကိုထွန်းသိန်းအမှုကို စုံထောက်နေသည့် အတွက်ဟု ပြောကြပါတယ်''

သာရ။ ။ ''အခုသေတဲ့လူနှင့် ဦးဘိုးကြူးနှင့် ဘယ်နှစ်ခါလောက် စကားများဖူးသလဲ''

အမယ်ကြီး။ ။''သုံးကြိမ်လေးကြိမ်လောက် စကားများဖူး ပါတယ်''

ထို့နောက် အချိန်ကုန်၍ မောင်သာရသည် ဆက်လက်၍မစစ်ဘဲ ရုံးမှဆင်းလေ၏။ မောင်သာရသည် ရုံးကိုလာစဉ်က နှင့်မတူ အများလူတို့၏ ချီးမွမ်းပြောဆိုခြင်းကို ခံရလေ၏။

မောင်သာရ၏နောက်သို့ လူများသည် တရုန်းရုန်းစု၍ လိုက်ကြလေ၏။ သတင်းစာဆရာတို့သည်လည်း မောင်သာရ



www.burmeseclassic.com

www.burmeseclassic.com



ထံ ဝိုင်းအုံကာ သူ့ထက်ငါ စကားပြောကြလေ၏။ အစိုးရရှေ့နေတို့သည်လည်း လာရောက်လက်ဆွဲနှုတ်ဆက်ကြလေ၏။

မော်တော်ကားတစ်စင်းသည် မောင်သာရ၏အပါးတွင် လာရောက်၍ရပ်ပြီးလျှင် မော်တော်ကားပေါ်မှ လူတစ်ယောက် ဆင်း၍လာပြီး မောင်သာရ၏လက်ကို ဆွဲကိုင်လေ၏။

မောင်သာရသည် ၎င်း၏မျက်နှာကိုကြည့်လိုက်သောအခါ မိမိ၏ရည်းစားဖြစ်ခဲ့ဖူးသူ တင့်တင့်၏ဖခင် ပွဲစားကြီးဦးခင် ဖြစ်၍နေသည်ကို သိရ၍ အံ့အားသင့်၍နေလေ၏။

ပွဲစားကြီးဦးခင်က.....

''မောင် ဦးအိမ်ကို သည်လောက်တောင် ပစ်ပစ်ခါခါ လုပ်ထားတာ ဘာကောင်းသလဲ၊ တစ်ခေါက်တစ်ကျေးမှ မပေါ် လာဘဲကိုးကွယ့်၊ မင်းနှမ တင့်တင့်ကလဲ ဟိုယခင်က နေကြ ထိုင်ကြတာတွေကို တွေးတွေးပြီး အောက်မေ့ရှာတယ်ထင်ပါရဲ့ မင်းအကြောင်းကို မကြာခဏပင် ပြောရှာတယ်၊ အားလပ်တဲ့ အခါ တစ်ခေါက်တစ်လေလှည့်ပြီး လာခဲ့တာပေါ့မောင်''

ဟုပြောလေ၏။

သာရ။ ။ ''ကောင်းပါပြီဦးရဲ့၊ ကျွန်တော်အားရင် လာခဲ့မယ် ကျွန်တော့်ကို အခွင့်ပြုပါဦး၊ ကိစ္စကလေး ရှိသေးလို့ပါ''

ဟုပြောပြီး ထွက်သွားလေ၏။

မောင်သာရမှာ မီးခဲပြာဖုံးဖြစ်ခဲ့လေရာ ယခုအခါ ရုတ်တရက် ဟုန်းခနဲထ၍ တောက်ပြီးလျှင် အလွန်တရာကြီးမြင့်သောပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်၍သွားလေ၏။ စာအုပ်ဆိုင်သို့ ရောက်သွားသောအခါ ဦးသာဖုနှင့်ခါလာသော့တို့သည် ခေါင်းချင်းရိုက်ကာ စကားပြောနေသည်ကို တွေ့ရလေ၏။

အာမာန်သစ်စာပေ



၎င်းတို့သည် မောင်သာရကိုမြင်လျှင်မြင်ချင်း ဆိုင့်ပေါ်မှဆင်းပြီးလျှင် အားရဝမ်းသာ မေးမြန်းနှုတ်ဆက်ကြလေ၏။ ဦးသာဖုကား မိမိဝါသနာအတိုင်း ဝမ်းမြောက်ကြောင်းကို ပြောလေ့ပြောထမရှိဘဲ.....

''အဖျားကျတော့ ရှူးမယ့်ကောင် ထင်ပါရဲ့ကွာ''

ဟု ခပ်ပေါ့ပေါ့ ပြောဆိုလေ၏။ ထို့နောက်–

''သူလူတစ်လုံးဖြစ်တာက အရေးမကြီးဘူး၊ ငါ့ဆိုင်ဟာ ကြည့်ရှုမယ့်သူ မရှိရင် ပျက်မှာဟ၊ မိသော့၊ နင်နဲ့ငါ ထမင်းငတ်မှာဖြစ်တာပဲ၊ အခုလို ကျေးဇူးဆပ်ပုံဟာ အင်မတန်ကောင်းပေတာပေါ့လေ''

ဟုဆက်ကာပြောဆိုလေ၏။

သာရ။ ။''ကိစ္စမရှိပါဘူး ခါလာရဲ့၊ မပူပါနဲ့၊ ဒီဆိုင်ကို ကျွန်တော် ဘယ်တော့မှ မစွန့်ပါဘူး၊ ဒီဆိုင်ဟာ ခါလာတို့ဆိုင် မဟုတ်၊ ကျွန်တော့်ဆိုင်ပါ၊ ကျွန်တော် ဘယ့်နှယ့် စွန့်ပစ်သွားနိုင်မလဲ''

ဟု ပြောဆိုနေကြပြီးနောက် ဝမ်းမြောက်ဝမ်းသာ ဝိုင်းဖွဲ့၍ သက်ဘက်ရည်သောက်ရင်း စကားပြောဆိုကြလေ၏။

ထိုကဲ့သို့ စကားပြောဆိုနေသောအခိုက်တွင် စာပို့ကုလားသည် စာတစ်စောင်ကိုလာ၍ ပေးလေ၏။

၎င်းစာကို ဖောက်၍ကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

**အမိန့်တော်ရမင်း.....**

**ဒီအမှုအကြောင်းကို သေချာစွာ သိချင်ရင်**

အာမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



**အောက်ပါလိပ်စာအတိုင်း ညဥ့်(၁၀)နာရီကို လာခဲ့ပါ။ လူသူလေးပါး သိမည်ကို စိုးသောကြောင့် အမိန့်တော်ရမင်းထံ မလာဝံ့ပါ။ ကျွန်တော် ဒီအမှုအကြောင်းကို ကောင်းကောင်း သိပါတယ်။**

ငှင်းစာ၌ နာမည်မှာ ကောင်းစွာမထင်ရှား၊ ချိန်းချက်သော နေရာမှာ မကိုတန်းအနီးလမ်းကြားတိုက်တစ်ခု ဖြစ်လေ၏။

မောင်သာရသည် ထိုစာကို ဖတ်မိသည်နှင့်တစ်ပြိုင်တည်း မိမိကိုထောင်ချောက်ထဲသို့ ခေါ်သောစာဖြစ်ကြောင်းကို သိရှိရလေ၏။ သွားလျှင် တော်မည်၊ မတော်မည်ကို စဉ်းစားကာ ငှင်းစာကို မည်သူ့အားမျှမပြဘဲ မိမိအင်္ကျီအိတ်ထဲသို့ ထည့်ထားလေ၏။

ထိုအခိုက်တွင် ဝင်ဆာလမ်း(ယခု ရှင်စောပုလမ်း) တရားဝန်ကြီး၏အိမ်၌ သားအဖနှစ်ယောက်ခေါင်းချင်းရိုက်ကာ လက်ဘက်ရည်သောက်ရင်း မောင်သာရ၏ စွမ်းရည်သတ္တိကြီးမားကြောင်းကို ပြောဆို၍နေကြလေ၏။

တင်မေကြီး။ ။''ဒီနေ့စစ်ချက်အရဖြင့် ကျွန်မကို ဖမ်းသွားတာ ဒီလူစုတွေ ဖြစ်နေတာပဲ၊ သူ ဘယ်ကများ သိပါလိမ့်မယ် မသိဘူး၊ ကျွန်မကို ချုပ်တဲ့နေရာကို ကျွန်မကိုယ်တိုင်တောင် မသိဘူး၊ သူ ဘယ်လိုများ သိတယ်ဆိုတာကို တွေးကြံ၍မရနိုင်အောင် ရှိတာပဲ၊ ကိုဘလုံလဲ မပေါ်လာဘူး၊ သူ့ကို မေးကြည့်ရင် သာပြီး သိရမှာပဲ၊ သေတဲ့လူက





ကိုစောနဲ့ အပေါင်းဖြစ်တာကိုတော့ ကျွန်မ သိတယ်''

တရားဝန်ကြီး။ ။''သမီး ဘယ့်နှယ့်သိသလဲ''

တင်မေကြီး။ ။ ''ကျွန်မ ညနေမှာ ဒေါက်ကပ်မောင်းရင်း သူတို့နှစ်ယောက် အတူတူသွားတာကို နှစ်ကြိမ်သုံးကြိမ်မြင်ရတယ်''

တရားဝန်ကြီး။ ။''ဟဲ့.....ဒါဖြင့် ဒီအကောင်များ ပါနေသလား''

တင်မေကြီး။ ။ ''မပြောနိုင်ဘူး ဖေဖေ၊ သူလဲ မပေါ်လာဘူး၊ ပါမယ်တော့ မထင်ပါဘူး၊ တကယ်လို့ပါရင် ကိုသာရ စစ်တဲ့အထဲမှာ သူ့နာမည် ပါလာဖို့ ရှိတယ်၊ ကိုသာရနဲ့ သူနဲ့လဲ ကောင်းကောင်း မတည့်ဘူး၊ အရင်ကိုသာရ ကျွန်မတို့အိမ်ကို လာတုန်းက ဘယ်လိုဖြစ်တယ်ဆိုတာ အဖေ သိသားပဲ''

တရားဝန်ကြီး။ ။''ဗိတ်စာဟာ ဘယ်နှစ်ရက်နေ့လဲ''

တင်မေကြီး။ ။ ''နီးပြီဖေဖေ၊ ငါးရက်ခြောက်ရက်ပဲ လိုတော့တယ်၊ ဒီနေ့ ရှစ်ရက် မဟုတ်လား''

တရားဝန်ကြီးသည် စဉ်းစား၍ နေလေသတည်း။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

ထိုနေ့ညဥ့် ဆယ်နာရီခန့်အချိန်တွင် မောင်သာရသည် သွားသင့်၊ မသွားသင့် ဆင်ခြင်၍နေလေ၏။ ထိုကဲ့သို့ ဆင်ခြင်လေရာ ရုတ်တရက် အကြံရသည်နှင့် နောက်ဖေးပေါက်မှ ထွက်လေသည်။

နောက်ဖေးပေါက်မှထွက်သည်မှာ အခြားမဟုတ်။ ဆိုင်ရှေ့မှထွက်လျှင် ရန်သူတစ်စုံတစ်ယောက် နောက်ယောင်ခံ၍ လိုက်မည်ကို စိုးသောကြောင့်ဖြစ်လေသည်။

မောင်သာရသည် မိမိသိသောစုံထောက်များထံသို့ သွားရောက်ကာ အကျိုးအကြောင်းကို ပြောပြပြီးလျှင် ချိန်းချက်သောနေရာသို့ ထွက်သွားလေ၏။

မကြာမီ မှောင်သောတိုက်ကြီးတစ်ခုရှေ့သို့ ရောက်လေ၏။ ထိုတိုက်ကြီး၏ရှေ့ ခုံကလေးတစ်ခုပေါ်တွင် လူတစ်ယောက် ထိုင်နေသည်ကို တွေ့ရှိရလေ၏။





ဇင်းလူသည် မောင်သာရ၏အပါးသို့ ကပ်လာပြီးလျှင်–

''ခင်ဗျား ကိုသာရဆိုတာ မဟုတ်လား၊ အပေါ်ကိုကြွပါ၊ အသင့်ပဲ စောင့်နေတယ်''

ဟုပြောလေ၏။

မောင်သာရသည် လက်နှစ်ဘက်ကို အင်္ကျီအိတ်ထဲသို့ သည့်လျက် တစ်ဘက်လက်က ဝီစီတစ်ခုကို ဆုပ်ကိုင်ကာ တက်သွားလေ၏။ အပေါ်သို့ရောက်သောအခါ ဓာတ်မီးများပွင့်၍ လာလေရာ တစ်ခုသော လမ်းကြားကလေးကို မြင်ရလေ၏။

နောက်၌ပါလာသောလူက –

''ဒီလမ်း ဒီလမ်း''

ဟုပြော လေရာ မောင်သာရသည် ဇင်းလမ်းကြားကို ဖြတ်ဝင်၍သွားလေလျှင် အခန်းတစ်ခုထဲသို့ ရောက်သွားလေ၏။ ထိုအခန်းမှာ သေးငယ်လျက် ကျောက်စားပွဲတစ်လုံးနှင့် ကုလားထိုင်နှစ်လုံး၊ ဓာတ်မီးတစ်ပွင့် ရှိလေ၏။

လမ်းပြသောသူသည် မောင်သာရကို ကုလားထိုင်တစ်ခုပေါ်၌ ထိုင်ခိုင်းပြီး ဆက်၍နေသောအခြားအခန်းတစ်ခုထဲသို့ ဝင်၍သွားလေ၏။ အတန်ကြာသောအခါ ခြေသံများကို ကြားရပြီး နောက် လမ်းပြသောသူနှင့်တကွ ဦးစိန်သည် ထွက်ပေါ်၍လာသ၏။ ဦးစိန်သည် မောင်သာရကို ပြုံးရယ်ကာကြည့်ပြီးလျှင် မောင်သာရနှင့်ရင်ဆိုင်ထိုင်လျက်–

''မောင်ရင် တယ်ဒုက္ခပေးတဲ့လူပဲ''

သာရ။ ။ ''ဘယ်လိုဒုက္ခပေးသလဲခင်ဗျား''

စိန်။ ။ ''မောင်ရင် သေသေချာချာ နားထောင်ပါ၊ မောင်ရင် အမှုဖြစ်နေတုန်းက ဂျူရီလူကြီးမင်းများကို ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



မနည်းကြီး လှည့်ပတ်ပြောဆိုရတယ်၊ သည့်အတွက် မောင်ရင် လွတ်လာတာပဲ၊ သည့်နောက် မောင်ရင့် ဥပဒေကို အေးအေး သင်ရအောင် ဘဏ်တိုက်မှာ ကျုပ် ငွေသည့်ပေးတယ်၊ သည်ကျေးဇူးတွေကို မောင် မထောက်ဘူးလား''

သာရ။ ။ ''ကျွန်တော့်ကျေးဇူးရှင် ဘယ်သူလဲဆိုတာ အခုမှ ကျွန်တော် သိရပါတယ်၊ သို့သော်လဲ ကျွန်တော်မှာ နာမည်ဆိုးကြီးနဲ့ ဒုက္ခဆင်းရဲ ခံရတာ ဘယ်သူ့ကြောင့်လဲ''

ဦးစိန်။ ။ ''အို....ဒါတွေ လွန်ကုန်ပါပြီ၊ မောင်ရင် အခုလဲ နာမည်ကောင်းလောက်ပါပြီ၊ သည်အမှုကို ဆက်လက်မလိုက်ဘဲနေရင် မောင့် မေးခွန်းတွေအတွက် ကျုပ်တို့မှာ ဝန်လေးဖို့ မရှိသေးပါဘူး၊ ကျုပ်တို့မှာလဲ အေးဖို့ မောင်လဲ ကောင်းစားဖို့ ဖြစ်မှာပဲ''

သာရ။ ။ ''ကျွန်တော်သည်အမှုကို အဆုံးတိုင် လိုက်ရင် သည့်ထက်ပိုပြီး နာမည်ကောင်းမှာပါပဲ''

ဦးစိန်။ ။ ''မောင့်အမှုကို လိုက်ဖို့ရာ ထားလိုက်ပါဦး၊ အခု သည်အခန်းထဲက ကြဲပြီး ထွက်စမ်းပါ''

မောင်သာရသည် နောက်သို့လှည့်ကြည့်လိုက်သောအခါ တံခါးပိတ်လျက်နေသည်ကို တွေ့ရလေ၏။

ဦးစိန်။ ။ ''ကိုင်း.....တိုတိုပြောကြစို့ရဲ့၊ မောင်ရင်လဲ နာမည်ကောင်း၊ စီးပွားချမ်းသာလဲဖြစ်၊ သူငယ်မကလေးလဲ သူ့ အလိုလိုလွတ်ရင် ကိစ္စမပြီးပေဘူးလား''

သာရ။ ။ ''ကျွန်တော် မဆိုင်းနိုင်ဘူး၊ သည်အမှုကို ဆက်ပြီး





လိုက်ရပါလိမ့်မယ်၊ ဒီသူငယ်မကလေးဟာ ကျွန်တော့် အစွမ်းသတ္တိကြောင့် လွတ်မြောက်ချမ်းသာသွားတယ်ဆိုရင် ကျွန်တော့်မှာ သာပြီး နေရာကျဖို့ ရှိပါတယ်''

ဦးစိန်သည် အိတ်ထဲမှ ခြောက်လုံးပြူးသေနတ်တစ်လက်ကိုထုတ်ကာ လက်ထဲတွင် ကိုင်ဆရင်း–

''သည်လိုဖြင့် အခြားဆုကို မရ၊ သည်ဆုကို ရဖို့ရန်သာ ရှိတော့တာပဲ''

သာရ။ ။ ''ကျွန်တော်လဲ ဒီလိုနေရာမျိုးကို ပေါ့ပေါ့ဆဆ မလာဝံ့ပါဘူးခင်ဗျား''

ဟုပြောကာ မောင်သာရသည် မိမိ၏လက်ကို အင်္ကျီအိတ်ထဲသို့နှိုက်ထားခြင်းအားဖြင့် လက်နက်ပါရှိဟန် ဆောင်လေ၏။

ဦးစိန်။ ။ ''မောင်ရင် သည်နေရာမှာ ဟန်ဆောင်လို့မရဘူး၊ ကျုပ်ပြောတဲ့စကားကိုသာ လိုက်နာပါ၊ သည်အမှုကို မောင်ရင် ဆောင်ရွက်ရင် မောင်ရင့်အမှု ရှုံးပါလိမ့်မယ်၊ မောင်ရင်လဲ နာမည်ပျက်ပြီး အရင်ကထက် နစ်နာဖို့ ရှိပါတယ်၊ မောင့်အပေါ်မှာ ပတ်တဲ့အမှုလဲ ဘယ်တော့မှ ပျောက်မှာ မဟုတ်ဘူး၊ သည်အမှုကို မောင် မလိုက်ရင် သူငယ်မကလေးလဲ လွတ်ဖို့ ရှိပါတယ်၊ မောင့်အပေါ်မှာ ပတ်၍နေတဲ့အမှုလဲ ပြေပျောက်ဖို့ ရှိပါတယ်၊ မောင့် နာမည်ကောင်းပြီး လူတစ်လုံး ဖြစ်ရရင်ပြီးရော မဟုတ်ဘူးလား''

သာရ။ ။ ''ကျွန်တော် ခင်ဗျားနှင့် သည်အကြောင်း ပြောဖို့



www.burmeseclassic.com

www.burmeseclassic.com



"လာတာမဟုတ်ဘူး၊ ခင်ဗျားလူစုကို မကြောက်ဘူး ဆိုတာ ပြချင်လို့ လာတာပါ"

ဟုပြောပြီးထိုင်ရာမှ ရုတ်တရက်ထလိုက်လေ၏။

ထိုအခါ ဦးစိန်သည် စကားပြန်၍မပြောဘဲ ခြောက်လုံးပြူးသေနတ်ကို ကိုင်မြှောက်ကာ ချိန်လေ၏။ မောင်သာရသည် ခြောက်လုံးပြူးကိုင်သောလက်ဆစ်ကို ကိုင်ဖမ်း၍ ဇော့ယမ်းလိုက်ရာ လျှပ်စစ်ပြက်သည့်ပမာ ဝင်းခနဲဖြစ်ပြီး ဒိန်းခနဲ မြည်လေ၏။ ခြောက်လုံးပြူးကျည်ဆံသည် မောင်သာရ၏နားထင်ကို ပွတ်ပြီး ခေါင်မိုးကိုသွား၍ မှန်လေ၏။

အခန်းမှာ မှောင်ကျ၍သွားကာ ကျယ်သောဝီစီသံကိုလည်း သေနတ်သံနှင့် မရှေးမနှောင်း ထွက်ပေါ်လာအောင် မောင်သာရသည် မှုတ်လိုက်လေ၏။ ထို့နောက် ဝီစီသံကိုရပ်ပြီးလျှင် မှောင်ထဲ၌ တစ်ယောက်ကိုတစ်ယောက် လိုက်လေရာ နှစ်ယောက်သား ထွေးလုံးရစ်ပတ်ဖြစ်ရာ သေနတ်ကိုင်သောလက်ကို မောင်သာရသည် ဖမ်း၍ကိုင်မိလေ၏။ သေနတ်သည် သုံးချက်ဆင့်၍ ထွက်လေ၏။ ၎င်းနောက် ဒုန်းခနဲ ကြမ်းပေါ်သို့ လွင့်စဉ်၍ကျသွားလေ၏။ မောင်သာရလည်း မေ့လျော့၍သွားလေသတည်း။

မေ့လျော့ပြီးနောက် ပြန်၍သတိရလာသောအခါ အခန်းထဲတွင် လင်းထိန်လျက် ပုလိပ်များ စုံထောက်များ စု၍နေသည်ကို မြင်ရလေ၏။ မိမိမှာလည်း စုံထောက်တစ်ယောက်လက်ထဲတွင် သွေးများစိုစွတ်လျက် တွေ့မြင်ရလေ၏။ ဦးစိန်မှာ လက်ပြန်ကြိုးများနှင့် ကော့၍နေလေ၏။ မောင်သာရ၏ဒဏ်ရာမှာ အသက်အန္တရာယ်ပေးလောက်သော ဒဏ်ရာမဟုတ်၊ အပြင်အပ





ဒဏ်ရာ ဖြစ်လေ၏။

မောင်သာရသည် တရားခံကိုဖမ်းသောစုံထောက်များနှင့်အတူ မော်တော်ကားနှင့် စီးနင်းလိုက်ပါသွားပြီးလျှင် ဂတ်တဲ၌အစစ်အမေးခံပြီးနောက် အိမ်သို့ပြန်သွားသောအခါ သွေးများကို ခလာသော့နှင့် ဦးသာဇံတို့ မမြင်စေရန် ကပျာကယာ အိမ်ပေါ်ရှိ မိမိအခန်းသို့ တက်သွားလေ၏။

နံနက်မိုးလင်းသောအခါ ခေါင်း၌ မျက်နှာသုတ်ပဝါကို ပတ်၍ လက်ဘက်ရည်သောက်ရန် အောက်သို့ဆင်းလာလေ၏။ ခလာသော့သည် မသက်သာဖြင့် အပါးသို့ကပ်ကာ မျက်နှာသုတ်ပဝါကို ဆွဲယူကြည့်လိုက်သောအခါ ဒဏ်ရာကိုမြင်ရလျက် မျက်နှာမှာ သွေးမရှိဘဲ ကြောက်အားနှင့် ပျာယီးပျာယာ မေးမြန်း၍ နေလေ၏။ မောင်သာရက.....

"ကိစ္စမရှိပါဘူး ခလာသော့ရဲ့၊ ညက* မတော်တဆ ဖြစ်တာပါ"

ဟုပြောပြီး လက်ဘက်ရည်ကိုသာ ဆက်၍သောက်လေ၏။

ခေါင်းထက်၌ကား မူးဝေလျက်ပင် ရှိသေးသော်လည်း ဟန်ဆောင်၍နေရလေ၏။ ခလာသော့မှာ ကြောက်ရွံ့ခြင်းမလျော့ဘဲ ဦးသာဇံထံပြေး၍ အကြောင်းကို ပြန်၍ပြောပြလေလျှင် ဦးသာဇံလည်း ပြေး၍လာပြီးလျှင် ဒဏ်ရာကိုကြည့်ရှုကာ.....

"သည်ဟာ သေနတ်ဒဏ်ရာပဲ၊ နည်းနည်းကလေး အတွင်းကို စောင်းလိုက်ရင် အလောင်းကောင် ဖြစ်စေနိုင်တဲ့ ဒဏ်ရာပါကလား၊ သည်ဘွဲ့တံဆိပ်ကို ဘယ်က ရလာပါသလဲ၊ ညက ဘာပြုလို့ မပြောသလဲ"

စသည်ဖြင့် မြည်တွန်တောက်တီး အပြစ်တင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံသို့ အသွားခိုင်းလေ၏။

ထိုအခါ မောင်သာရသည် ညက ဖြစ်ပျက်ခဲ့သော အကြောင်းအရာတို့ကို အကုန်အစင် ပြောပြလေရာ မောင်နှမ နှစ်ယောက်မှာ အံ့ဩ၍မဆုံး တပြုံးပြုံး နားထောင်၍နေကြလေ၏။ မောင်သာရင်သည် လက်ဘက်ရည်သောက်ပြီးနောက် ဆေးရုံသို့ အမြန်သွားလေ၏။

ထိုနေ့အမှုကိုဆက်လက်၍ စစ်ဆေးရာတွင် မောင်စော သေသောအခန်းအနီး၌ နေထိုင်သောမိန်းမကို မောင်သာရသည် စစ်မေးလေ၏။ ရုံး၌ပရိသတ်တို့သည် ယမန်နေ့ကထက် တစ်ဆခန့် ပိုမိုများပြားလေ၏။ တင်မေကြီးသည်လည်း တရားခွင်အဦးတွင် ကုလားထိုင်တစ်ခုနှင့် ထိုင်၍နေလေ၏။

၎င်းစစ်ဆေးရာ၌ မောင်ဘလုံဆိုသူသည် မောင်စောထံ နှစ်ကြိမ်သုံးကြိမ် လာ၏။ စာတစ်စောင်ကို တောင်းကြောင်း မောင်စောမသေမီ ညမှာ မောင်ဘလုံသည် ကုလားဒိန်လူပုက လေးတစ်ယောက်နှင့် ဤအိမ်သို့ လာကြောင်း စသည်ဖြင့် စကားများ ထွက်ပေါ်၍လာ၏။

၎င်းမိန်းမကို စစ်မေးပြီးသောအခါ တင်မေကြီးကထ၍

''ရုံးမင်းအား ကျွန်မ အစစ်ခံစရာ ရှိပါတယ်''

ဟု ပြောလေ၏။ ထိုအခါ တစ်ရုံးလုံးရှိ လူအပေါင်းတို့သည် တရှူရှူဖြစ်၍လာကြလေ၏။

တရားဝန်ကြီးမှာ အံ့အားသင့်၍ တင်မေကြီးကို ကြည့်ပြီးမှ အခွင့်ပြုလိုက်လေ၏။ မောင်သာရက မတင်မေကြီးအား မေးစရာ မရှိပါ။ သိသမျှအကြောင်းအရာတို့ကိုသာ ပြောပြပါဟု ပြောလေ၏။





ထိုအခါ တင်မေကြီးသည် မောင်ဘလုံနှင့်မောင်စောတို့ကို နှစ်ကြိမ်သုံးကြိမ် အတူတကွ တွေ့ရှိရကြောင်း၊ မိမိကိုယ်တိုင် မော်တော်ကားနှင့် တင်ဆောင်ခြင်းကို ခံရသည့်အကြောင်း၊ မိမိမှာ ကုလားဒိန်လူပုကလေးတစ်ယောက် အစောင့်အကြပ်နှင့် အကျဉ်းခံနေရကြောင်း ထွက်ဆိုလေ၏။

တင်မေကြီး ဆင်း၍သွားသောအခါ မောင်သာရသည် အနည်းငယ်စဉ်းစား၍နေပြီးမှ မိမိအကျီအိတ်ထဲမှ တစ်စုံတစ်ခုသောအရာကို ထုတ်ယူ ကိုင်ဆန့်ကာ ပြလေ၏။ ထိုအရာသည် အားအခြားမဟုတ် ထမင်းဆိုင်မျက်နှာကျက်ပေါ်တွင် ရရှိခဲ့သော ကြိုးလှေကားဖြစ်လေသည်။ တရားဝန်ကြီးက–

''ဒီဟာ ဘာလဲ''

ဟုမေးလေလျှင် မောင်သာရက–

''ဒီကြိုးလှေကားဟာ ဒီအမှုနှင့် လုံးလုံးလျားလျား သက်ဆိုင်သော်လည်း မတင်မေကြီး၏ထွက်ဆိုချက်အရ ဒီအမှုကို အထောက်အပံ့ ဖြစ်ပါလိမ့်မယ်၊ အဘယ့်ကြောင့်လဲလို့ ဆိုလျှင် သူတစ်ယောက် လက်လှမ်းမီသဖြင့် အလွယ်တကူနဲ့ပြီး တက်ဆင်း င်ရောက်နိုင်တဲ့နေရာမှာ ဒီကြိုးလှေကားကို အသုံး ပြုလျှင် သူ့စဉ်မမီတဲ့လူသာ အသုံးပြုပါတယ်၊ မတင်မေကြီးက မိမိကို ျုပ်ထားစဉ်က လူပုကလေးတစ်ယောက် အစောင့် အကြပ်ရှိပါတယ်လို့ ထွက်ဆိုပါတယ်၊ မောင်စော မသေမီညမှာ လူပုကလေးတစ်ယောက် မောင်ဘလုံနှင့် အတူလာတယ်လို့ ဒီအရင်သက်သေက ထွက်သွားပါတယ်၊ သူတို့ လာခြင်း အကြောင်းမှာလဲ စာတစ်စောင် ရဖို့အကြောင်း ဖြစ်ပါတယ်၊ ဒီစာနှင့်ပတ်သက်ပြီး ဦးဘိုးကြူးနှင့် မောင်စောတို့ အကြိမ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



စကားများကြောင်း၊ အရင်တစ်နှစ်က အသတ်ခံရတဲ့ဦးထွန်းသိန်း လဲ ဒီအသင်းထဲမှာပါပြီး ဦးဘိုးကြူးနှင့်ပင် စာအတွက်နှင့် ပတ်သက်ပြီး စကားများကြောင်း အရင်သက်သေများက ထွက်ဆိုသွားပါတယ်၊ သည့်အတွက် တရားသူကြီးမင်း စဉ်းစား တော်မူလျှင် ဒီလူစုထဲမှာ ဒီလူပုကလေးအပါအဝင် ဖြစ်တယ် ဆိုတာ သိနိုင်ပါတယ်၊ ဦးထွန်းသိန်း အသတ်ခံရတဲ့အခန်း မျက်နှာကျက်မှာလဲ အမိုးကဖောက်ပြီး ဝင်ရောက်နိုင်တဲ့ အပေါက်တစ်ခု ရှိတယ်၊ ၎င်းအပေါက်ကို တရားသူကြီး ကိုယ်တိုင်သွားရောက် ကြည့်ရှုလျှင် သိရှိရပါလိမ့်မည်''

ဟု ပြောပြလေ၏။

ထိုအခါ တရားဝန်ကြီးသည် ရုံးပေါ်က ချက်ချင်းဆင်း လျက် မောင်သာရကိုခေါ်ပြီး မိမိ၏မော်တော်ကားပေါ်သို့ နှ ယောက်အတူ တက်လေ၏။ မကြာမီ ထမင်းဆိုင်သို့ရောက်၍ အပေါက်ကို သေချာစွာ ကြည့်ရှုပြီး ပြန်လာခဲ့ကြလေ၏။

၎င်းနောက် မောင်ဘလုံးနှင့် လူပုကလေးကို ဝရမ်းထု ပြီးလျှင် ထိုနေ့အတွက် အမှုစစ်ဆေးခြင်းကို ရပ်လိုက်လေ၏။

♛ ♛ ♛





## အခန်း (၂၂)

ရုံးရှေ့၌ မောင်သာရကို ဝိုင်းရံ၍နေသောအထဲတွင် ကုလားတစ်ယောက်သည် မောင်သာရအား စာတစ်စောင်ကို လာ၍ပေးလေ၏။ ၎င်းစာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

**ကိုသာရရှင့်-**

**ကိုသာရ၏ စွမ်းရည်သတ္တိနှင့် ယောကျာ်းပီသခြင်းကို ချီးမွမ်းအံ့သြ၍ မဆုံးနိုင်ပါ။ ကျွန်မ အထင်မှားခဲ့သည့် အတွက် ခွင့်လွှတ်ရန် အသနားခံပါသည်။ ဖေဖေလဲ ကိုသာရ အကြောင်းကို အင်မတန်မှ ချီးမွမ်းပြောဆိုပါသည်။ ယခုမှာ အကုန်အစင် သိသာထင်ရှား၍ မည်သူ လူဆိုး၊ မည်သူ လူကောင်းကို သဲသဲကွဲကွဲသိရပါပြီ၊ ဤအမှုမှာ ကိုသာရ အောင်မြင်ပြီးဖြစ်သည်ဟု ကျွန်မ ယုံကြည်ကိုးစားပါကြောင်း။**

တင်မကြီး။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာရသည် ထိုစာကိုဖတ်ရသောအခါ မိမိ၏ဦးခေါင်းပေါ်၌ ဝဲပျံ၍နေသော တိမ်ပုပ်ကြီး လွင့်စင်၍သွားသကဲ့သို့ အတိုင်းမသိ ကြီးကျယ်သော ချမ်းမြေ့ခြင်းကို ခံစားရလေ၏။ ထိုစာကို သေချာစွာခေါက်ပြီးလျှင် အင်္ကျီအိတ်ထဲသို့ထည့်ကာ မြင်းရထားတစ်စီးကို စီးနင်း၍ အိမ်သို့ပြန်သွားလေ၏။

မောင်ဘလုံမှာ နောက်ရက်အနည်းငယ်အတွင်း တင်မေကြီးနှင့် ထိမ်းမြားမင်္ဂလာပြုရမည့်ဆဲဆဲတွင် ဝမ်းမြောက်ခြင်း အစားကြီးစွာသောထိတ်လန့်ခြင်းကို ခံစား၍နေရာမှ တစ်ဆင့် တိုးကာ မိမိဖခင်အိမ်၌ ဖမ်းဆီးခြင်းကို ခံရလေ၏။ လူပုကလေး နှင့်တကွ ဦးဘိုးကြူးပါ အကုန်အစင် ဇာတ်ပေါင်း၍ နေကြ လေသတည်း။

မောင်သာရမှာ ၎င်းအမှု၌ စီရင်ချက် မချသေးမီ ဖြစ်သောကြောင့် တင်မေကြီးထံသို့ မရောက်နိုင်။ စာကိုမျှ မပေးဘဲ နေလေ၏။ တင်မေကြီးမှာမူ မိမိအပါး၌ အမြဲမကွာ သရဲပမာ ကပ်၍နေသော မောင်ဘလုံနှင့် ကင်းကွာ၍သွားသဖြင့် စိတ်လက်ပေါ့ပါးကာ မောင်သာရနှင့် ပြန်၍တွေ့ရတော့မည့် အရေးကိုသာလျှင် မျှော်တွေး၍ နေရှာလေသတည်း။

သူ ငါ့ထံကို တိတ်တဆိတ်မှ မပေါ်လာ။ စာကိုမျှလည်း ပြန်၍မပေး။ ငါ့အပေါ်၌ စိတ်နာ၍နေလေပြီလား စသည်ဖြင့် အကြိမ်ကြိမ်တွေးတော၍ ပူပန်လျက် သည်းမခံနိုင်အောင်ဖြစ်လျက်နေလေ၏။

အထက်ထက်က မောင်သာရနှင့် တွေ့ကြုံသွားလာသမျှသော အခြင်းအရာတို့သည် စိတ်ဉာဏ်အတွင်းဝယ် မီးရထားခုတ်သည့်အလား တစ်သီကြီးတစ်စဉ်ကြီး ဝင်ရောက်၍လာလေ၏။ မောင်သာရကို အထက်ကျော်အခါများမှာကဲ့သို့ တွေ့သော





မည်လားဟု မျှော်လင့်ကာ ညနေတိုင်း ထွက်ကာ ကန်တော်ကြီးဘက်သို့ပင် လှည့်လည်ငြားသော်လည်း မောင်သာရကို မတွေ့ရသောကြောင့် ညှိုးငယ်စွာ အိမ်သို့ ပြန်ရလေ၏။

သူ အခု စိတ်ကြီး ဝင်နေတာပါပဲ၊ ဂုဏ်ကြီးဒြပ်ကြီး နာမည်ကြီးတစ်လုံးနှင့် ရှေ့နေကြီးတစ်ယောက်ဖြစ်လေသည့်အတွက် အမှန်ပင် သူ စိတ်ပြောင်းပြီး ငါ့လိုမိန်းမကိုပင် အဖက်မတန်ဘူး ထင်နေလေသလား၊ သို့သော်လည်း သူ့အဖြစ်မဟုတ် ငါအထင်မှားသည့်အတွက် ငါ့အပြစ်သာ ဖြစ်ပါတော့သည်။ ငါ့အပေါ်မှာ သူ စိတ်ကြီးဝင်မယ်ဆိုရင်လဲ ဝင်လောက်အောင် ဖြစ်၍နေတော့တာပါပဲ စသည်ဖြင့် တွေးတောကာ မိမိ၏စိတ်၌ မောင်သာရသည် မမီနိုင်အောင် မြင့်သောနေရာတွင် တည်ရှိနေသည်ဟူ၍ပင် မှတ်ထင်၍ နေရလေ၏။

ထိုကဲ့သို့နေသည့်အတွင်း စုံထောက်များ၊ ပုလိပ်များသည် ထပ်မံစုံထောက် စစ်ဆေးကြပြန်ရာ တရားခံ သုံးယောက်အပေါ်၌ အမှုသည်သာ လွန်ထင်ရှား၍ လာလေ၏။ နောက်ရက်အနည်းငယ်အတွင်း မောင်သာရသည် ဤအမှု၌ လဲဆိုရန်ရှိလေ၏။

ထိုနေ့ဆိုက်ရောက်၍လာသောအခါ ရုံး၌လူများပြည့်နှက်လျက်ရှိနေလေ၏။ မောင်သာရသည် တစ်ရံတစ်ခါမျှ အထက်ထက်က အမှုမလိုက်ဘူးသော်လည်း ဤပထမအမှု၌ နှစ်ပေါင်းများစွာ လေ့ကျင့်၍ပြီးသော ဝတ်လုံကြီးတစ်ယောက်ကဲ့သို့ ချောင်ချောင် ကြွာ လဲဆိုလေရာ မောင်သာရ၏စကားများသည် တရားသူကြီး၏နားထဲသို့ ဆုပ်ကိုင်ကာ သွင်းသည့်အလား အတောင့်လိုက် အတောင့်လိုက် ဝင်သွားလေ၏။

www.burmeseclassic.com



တရားသူကြီးသည် မောင်သာရ၏စကားများကို ပြုံးယှက်သောအမူအရာနှင့် ခံယူနားထောင်လေ၏။ တင်မေကြီးသည်လည်း မောင်သာရ၏ လဲဆိုခြင်းများကို နားထောင်ရင်း မိမိ၏စိတ်၌ မောင်သာရသည် အလွန်တရာ ကြီးမြတ်သော ဝတ်လုံကြီးတစ်ယောက် ဖြစ်၍နေလေ၏။

တရားခံသုံးယောက်အနက် မောင်ဘလုံမှာ မိမိ၏ ယောက္ခမလောင်း မိမိ၏တရားသူကြီးရှေ့၌ နေလေ၏။ တင်မေကြီးသည် ၎င်းကို ကြည့်လိုက်သောအခါ အထက်ထက်က တွေ့ကြုံရသော မာန်ဖီ၍နေသော မောင်ဘလုံ မဟုတ်၊ သေးနုပ်သိမ်ငယ် ရှက်ဖွယ်ကောင်းသော ရာဇဝတ်အကောင်ယုတ်ကလေး ဟူ၍ ထင်မြင်ရလေ၏။

တစ်ရံတစ်ခါ အသနားခံသော အမူအရာမျိုးနှင့် တင်မေကြီး၏မျက်နှာကို စောင်း၍ကြည့်လိုက်သောအခါ တင်မေကြီးသည်မျက်နှာကို လွှဲ၍နေလေ၏။ အကြောင်းမူကား မောင်ဘလုံသည် မိမိကို သွေးဆောင်လှည့်စားသောအကြောင်းကို ကောင်းကောင်းကြီး သိရပြီ ဖြစ်လေသတည်း။

မောင်ဘလုံမှာ မိမိနှင့်ဂုဏ်ပြိုင်၊ မိမိ၏ရန်သူ၊ မိမိ၏ ခြံ၌ ကူလီလုပ်ဖူးသော မောင်သာရမှာ မိမိကို လက်ညှိုးထိုး၍ စွပ်စွဲသူဖြစ်၍နေပြီဖြစ်သောကြောင့် ၎င်းကိုကြည့်သည့်အခါ အဆိပ်ပြင်းသော မြွေပွေးမြွေဟောက်ပမာ မကြည့်ဝံ့ရှာဘဲ နေလေ၏။ လျှောက်လဲပြီးသောအခါ တရားသူကြီးသည် ဖွားဥကို လွှတ်လိုက်လေ၏။

၎င်းတရားခံသုံးယောက်တို့အပေါ်၌ စီရင်ချက်ကိုချလေရာ မောင်ဘလုံမှာ (၅)နှစ်၊ ကုလားဒိန်နှင့် ဦးစိန်မှာ (ထောင်တစ်သက်တစ်ကျွန်း)သို့ ချလိုက်လေ၏။





ရုံးဆင်းသောအခါ ဖွားဥသည် ဦးချရှိခိုးလျက် ဆံပင်ကို မောင်သာရခြေနှင့် ပွတ်လေ၏။ မောင်သာရသည် ၎င်းကို မ.ထူကာ အလွန်တရာ ကြင်နာသောအမူအရာနှင့်–

''ဖွားဥ၊ မင်း ယခုဖြစ်ပျက်ရတာ ဘယ်အတွက်လဲ သိရဲ့လား၊ ဟိုအရင်က လမ်းမျိုးကို မင်း ပြန်၍လိုက်လျှင် ဒီထက်ကြီးတဲ့ဒုက္ခမျိုး မင်း အမှန်တွေ့ရလိမ့်မယ်၊ သတိရပါ၊ မင်းမှာ အားကိုးရာမရှိရင် ငါ ကြည့်ရှုမယ်၊ ငါ့နောက် လိုက်ခဲ့မလား''

ထိုအခါ ဖွားဥကမျက်ရည်များနှင့် မောင်သာရမျက်နှာကိုကြည့်လျက် အလွန်တရာ ကျေးဇူးတင်သောကြောင့် စကားကိုမျှ ပြန်၍မပြောနိုင်ဘဲ ခေါင်းကိုသာ ညိတ်ရှာလေ၏။

ထိုအခါ မောင်သာရသည် မြင်းရထားတစ်စင်းကို ခေါ်ပြီးလျှင် ဖွားဥကို မြင်းရထားပေါ်သို့ တွဲ၍တင်လေ၏။ ထို့နောက် မိမိကိုယ်တိုင်တက်ကာ မြင်းရထားရှေ့နေရာတွင် ထိုင်လေ၏။

ထို့နောက် လူများဝိုင်းအုံ၍ ကြည့်နေကြသည့်အထဲမှ မြင်းရထားသည် ထွက်၍သွားလေ၏။

ဆိုင်သို့ရောက်သောအခါ ဖွားဥကို ဤဆိုင်၌ နေဖို့ရန် ဦးသာဇံအား ပြောလေ၏။ ဦးသာဇံလည်း ကြည်ဖြူစွာလက်ခံလေ၏။

ထို့နောက် ခါလာသော့က စာတစ်စောင်ကို လာ၍ပေးလေလျှင် မောင်သာရသည် ဖောက်၍ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရှိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို.....

**ဖေဖေက ကိုကိုနှင့်တွေ့ခဲ့၍ အိမ်သို့လာရန် မှာခဲ့သည်ဟု ပြောပါသည်။ အဘယ်အခါမှ ကိုကို့ကိုမမေ့သော တင့်တင့်မှာ ဖေဖေပြောသည့်နေ့ကစ၍ အမြဲပင် မျှော်လင့်၍သာ နေရပါတော့သည်။ တင့်တင့်အပေါ်မှာ ကိုကို ဒီလောက် စိတ်နာဖို့ မရှိပါဘူး။ တင့်တင့် မျှော်၍ နေပါမယ်။ နက်ဖြန်နံနက် ထမင်းစားရန် လာရောက်လိမ့်မည်ဟု တင့်တင့် မျှော်လင့်ပါကြောင်း။**

**တင့်**

ထိုစာကို မောင်သာရ ဖတ်ရှုပြီးသောအခါ အနည်းငယ်မျှ ပြုံးလျက်နေပြီးမှ အတန်ကလေးကြာလျှင် ဣန္ဒြေကြီးစွာနှင့် စဉ်းစား၍နေလေ၏။ ငါသည် တင်မေကြီးထံကို သွားလို့ဖြစ်မည် မဟုတ်ချေ။ တင်မေကြီးနှင့်ပြန်၍ ဆက်ဆံရန်လည်း များစွာပင် ခက်လေသည်။ ဘလုံ ဆိုတဲ့အကောင်ဟာ နဂိုကတည်းက လူလည်မို့ တင်မေကြီးလို သူငယ်မကို ကေန်ဒိဌ ချမ်းသာခွင့် ပေးမည် မဟုတ်ချေ။

ဤမျှလောက် အရောတဝင်ဖြစ်ပြီး မင်္ဂလာဆောင်ဖို့တောင် နီးလာမှဖြင့် အဘယ်မှာ လွတ်နိုင်ပါတော့မည်နည်း။ ချစ်စခင်စ ကြင်နာစမှာ လူပျိုနှင့်အပျိုဆိုတာ နှစ်ကိုယ်အတူ ကြိတ်ကာတွေ့ရလျှင် အနိုင်ကညာတို့ ဝေလေ့ဟာ သိက္ခာကို မေ့တတ်ကြတာပဲ၊ အဲ.....ဤလိုမေ့ပြီဆိုမှဖြင့် စိတ်ပါသရွေ့ အပျော်ကြူးပြီး အလော်မာဘက်ကို ကူးတတ်ကြသည်မှာ





ဓမ္မတာသာသော ဖြစ်လေသတည်း။

သစ်၊ ကျား၊ ခြင်္သေ့ တို့၏လက်သို့ ကျရောက်အပ်သော သားကောင်သည် တစ်ဖန်ပြန်၍ လွတ်မြောက်နိုင်ဖွယ်ရာရှိ၏။ ခေတ်ကာလလူပျိုတို့၏လက်သို့ကျရောက်သော အပျိုကညာတို့မှာလွတ်ကင်းရန် ခက်လှပေသည်တကား။ ထိုကဲ့သို့သော မိန်းမထံသို့ ငါ တစ်ဖန်သွားရလျှင် ရှက်ဖွယ်ရာသာဖြစ်ပေတော့မည်။ ငါ၏စိတ်၌ ဝင်ရောက်တည်ရှိသော ဤသံသယမကင်းခြင်းဟာ အဘယ်အခါမှ ပြေပျောက်နိုင်တော့မည် မဟုတ်ချေ။

ထိုသို့မပြေပျောက်သမျှ ကာလပတ်လုံး စိတ်နှလုံး၏ ချမ်းမြေ့ခြင်းသည် အဘယ်မှာ ရှိနိုင်ပါသနည်း။ အစစ်အမှန်ဖြစ်သော ရွှေမဟုတ်၊ အတုအယောင်မျှသာဖြစ်သည့်ရွှေကို ဆင်မြန်းရသူတို့မှာ လူသိလျှင် ရှက်ဖွယ်ရာကောင်း၏။ လူမသိလျှင်လည်း အနှစ်သာရ မရှိချေ။ အဘယ်မှာ ချောင်ခြင်း ရှိနိုင်ပါမည်နည်း။

တင်မေကြီးသည် ချစ်စရာလည်း ကောင်း၏။ ယခုအခါ သနားစရာကောင်း၍ နေလေပြီ။ သနားရန်ကား သင့်၏။ သွားရန်ကား မသင့်လှချေ။ အိမ်ထောင်မှုသည် အလွန်တရာ အရေးကြီးသောအရာဖြစ်၏။ သနားခြင်း၊ အားနာခြင်းကြောင့် ပြုကောင်း သောအမှုမျိုး မဟုတ်ချေ။ သနားတိုင်း အားနာတိုင်း အိမ်ထောင်မှုကို ပြုရမည်ဆိုပါလျှင် သနားစရာ အားနာစရာတွေ လောကမှာ များလှသောကြောင့် အိမ်ထောင်မှုပြုရခြင်းဟာ သေမှသာ ပြီးဖို့ ရှိလေသည်။

ဟယ်.....မတတ်နိုင်ပါဘူး။ သူ့ကံနှင့်သူ့အကြောင်း၊ သူ့ကံမကောင်းသမျှအတွက် ငါ သောက ရောက်သော်လဲ အကျိုး



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူး များတော့မည်မဟုတ်ချေ။ နောင်တစတစ ဝေးသည်ထက် ဝေးပြီဆိုမှဖြင့် အချစ်၏သောကဟာ လျော့ကျကာ ပပျောက်ပြီး နောင်အသစ် တွေ့သည့်အခါ မေ့လျော့မြဲဖြစ်တတ်တာပဲ စသည်ဖြင့် တွေးတောကာ တင်မေကြီး၏အရေးကို အေးစေရန် ကြံဆောင်ရှာလေသတည်း။

ထို့နောက် တင့်တင့်၏စာကို ထပ်မံဖတ်ရှုကာ၊ ဩော် တင့်တင့်၊ တင့်တင့်၊ အမိုက်မလေး၊ ဒင်းအကြောင်းကို တွေးလိုက်ပြန်လျှင်လည်း စိတ်လက်မအေးစရာ ဖြစ်နေပြန်တော့တာပဲ၊ ဟိုယခင်အစတုန်းက မတွေ့ရင် မနေနိုင်အောင် နှစ်ဦးအချစ်ဟာ မူးယစ်အောင် ပြိုင်ခဲ့ပေသည်။

သည့်နောက် သူ့အပြစ်က တော်တော်၊ သူ့ဖခင် မော်ကာမောက်လို့ တစ်ယောက်နှင့်တစ်ယောက် စိတ်ဝမ်းကွဲခဲ့တာ အတော်ပင် ကြာခဲ့တာပဲ၊ အရွယ်ကလည်း မိုက်တဲ့အရွယ်မို့ သူ့ဖခင် အလိုကိုလိုက်ပြီး ငါ့အပေါ်မှာ သီးသီးရင့်ရင့်သဘောထားခဲ့ရန် ရှိလေသည်။

တကယ်စင်စစ် မုန်းထားတဲ့စိတ်ဟာ တစ်ရံတစ်ခါမျှ ဝင်စားခဲ့မည့်လက္ခဏာ မရှိချေ။ သူ့စာကလေးကလဲ သနား စရာ၊ တကယ်ပင် တမ်းတပြီး မျှော်ရှာမိ၍ နေတော့မှာပဲ၊ အကြောင်းရင်းတွေကို ကုန်စင်အောင် တွေးလိုက်ပြီဆိုမှဖြင့် စိတ်နာစရာတော့ တကယ်ကောင်းပေတာပဲ။

သို့သော်လည်း သူ့ဖခင်၏အပြစ်ကို အမိုက်မကလေး အပေါ်မှာတင်ပြီး ပစ်ပစ်ခါခါ သဘောထားရမယ်ဆိုလျှင် ကောင်းပင် စိမ်းကားရာ ကျတော့မှာပဲ။ သူ့ဖခင်လည်း အခုတော့ သူ့အမှားကို သူ ပြန်ပြီး အမှန်ပင်မြင်တဲ့ လက္ခဏာရှိတော့တာပဲ။





ငါ ပြန်ပြီးသွားရလျှင် တော်မှတော်ပါ့မလား။ မတော်တဆပြန်သွားပြီးမှ နောင်တဖြည်းဖြည်း သဘောချင်း မမျှတာတွေကိုတွေ့ပြီး မကျေအေးနိုင်အောင် ဖြစ်ရလျှင် သာလွန်ဝန်လေးဖို့ ရှိလေသည် စသည်ဖြင့် တွေးတောကာ ရုတ်တရက် မသွားသေးဘဲ ခပ်အေးအေး ဆိုင်းထားပြီး စာကလေးများ ပြန်၍ရေးရလျှင် ကောင်းလိမ့်မည်ဟု စိတ်အကြံပြုလေ၏။

ယင်းသို့ စိတ်အကြံပြုသည်နှင့်အညီ ယခုအခါ မိမိမှာ အလွန်တရာ အလုပ်များသောကြောင့် မလာနိုင်သေးကြောင်း။ ခုံးလင်းစရာအလုပ်တွေ လွန်စွာပင် များပြား၍နေကြောင်း။ မိမိကို ဘင့်တင့်သတိရသည့်အတွက် အလွန်တရာမှ ကျေးဇူးတင်ကြောင်းနှင့် စာကလေးတစ်စောင်ကို ရေးသားပြန်ကြားလိုက်လေသည်။

မောင်သာရမှာ အလုပ်တွေ များ၍နေသည်မှာ အမှန်ဖြစ်လေသည်။ လိုက်ရန်အမှုတွေ လွန်စွာများလျက် နေ့ရောညရော အလုပ်မအား ရှိလေ၏။ ရှေ့နေစာရေးသုံးယောက်နှင့် အလုပ်တိုက်တစ်တိုက်ကိုလည်း အဆောတလျင် ဖွင့်လှစ်လေ၏။ ဦးသာဇံသည်ကား–

''မင်း အခုရှေ့နေကြီးဖြစ်လို့ ငါ့စာအုပ်ဆိုင်က အလုပ်တွေကို ပေါ့တော့မလား၊ စာအုပ်တွေမှာ ဖုန်များတောင် တက်၍နေပြီ၊ ဘီဒိုမှာရှိတဲ့စာအုပ်တွေမှာလဲ ပင့်ကူအိမ်ဖွဲ့ပြီး ပိုးများ တောင် ကိုက်တော့မယ်၊ မင်းငါ့ကို အခုလိုကျေးဇူးဆပ်သလား''

စသည်ဖြင့် မြည်တွန်လေရာ မောင်သာရမှာ ရှေ့နေကြီးဖြစ်ပါလျက် ၎င်းဆိုင်မှ မခွာရက်သောကြောင့် မိမိ အလုပ်တွေများသည့်အထဲမှာ စာအုပ်များကိုသိမ်းဆည်း စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



သွတ်သင်ရှင်းလင်းခြင်း၊ ဖောက်သည် လာလျှင် ပြောဆိုရောင်းချခြင်း စသည့်အလုပ်များကို ဆက်လက်၍မညည်းညူဘဲ လုပ်ရလေ၏။

ဦးဘိုးသိန်းထံသို့လည်း ညဥ့်အခါသွားရောက်၍ အလုပ်များကို ကူညီလုပ်ကိုင်ပေးရလေရာ ဦးဘိုးသိန်းက အားနာသဖြင့် လူသစ်တစ်ယောက် ရှာဖို့ရန် အခါခါ ညည်းညူပြောဆိုသော်လည်း.....

"ကိစ္စမရှိပါဘူး ဦးရဲ့၊ ကျွန်တော့်မှာ အားလပ်တဲ့အချိန်ကလေးများ အနည်းငယ် ရှိပါသေးတယ်၊ ဦးမင်း၏ အဘိဓာန်အလုပ် အထမြောက်အောင်သာ သဘောထားပါ၊ ကျွန်တော့်ကို အားမနာပါနှင့် လခရယ်လို့လဲ ကျွန်တော်သဘောမထားပါ" စသည်ဖြင့်ပြောဆိုကာ ကူညီလုပ်ကိုင်၍ ပေးလေ၏။

♛ ♛ ♛





အခန်း (၂၃)

ယင်းကဲ့သို့နေလေရာ တင်မေကြီးနှင့် မတွေ့ရဘဲ (၆)လခန့် ကြာ၍သွားလေ၏။ တင်မေကြီး၏စိတ်ပေါ်ပေါက်၍ လာသည့်အခါတိုင်း အထက်ကနည်းအတူ ကြိုးစား၍ ဖြေဖျောက်ရာလေ၏။

သို့ပင် ဖြေဖျောက်ငြားလည်း အဘယ်အခါမျှ လုံးလုံးကြီး မပျောက်။ တင်မေကြီး၏မျက်နှာသည် စိတ်ထဲတွင်မကြာခဏ ပေါ်ပေါက်၍လာလေ၏။ ၎င်းနှင့်ပတ်သက်သော အပူသောကသည်ကား အထက်ကကဲ့သို့ ပြင်းပြစွာမတောက်လောင်တမြေ့မြေ့ တငွေ့ငွေ့သာ ကျန်ရှိလေ၏။

တင်မေကြီးသည်ကား ယူကျုံးမရဖြစ်သောစိတ်သည် ဘယ်အခါမှ မပျောက်ပျက်ဘဲ မောင်သာရ၏ဂုဏ်သတင်းကြီးမား၍လာသောအကြောင်းကို ကြားသိရသည့်အခါတိုင်း အသည်းနှလုံး ကြေမွခမန်း ဖြစ်ရာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုသာရဖြင့် မပေါ်လာချေ။ သည်ဘဝမှာ ငါသည် အပျိုကြီးလုပ်၍သာ နေရချေတော့မည်။ ငါ့အပေါ်မှာ ကေနိဒ္ဒ ကိုဘလုံနှင့်ပတ်သက်ပြီး အထင်လွဲရှာတာပါပဲ။ သူနဲ့ မပေါင်းရ စေကာမူ တွေ့ရုံမျှ တွေ့ရလျှင် တင်မေမှာ အပြစ်မရှိတာတွေကို စိတ်ချအောင် ပြောလိုက်ချင်ပါတယ်။ ဘယ်တော့မှ တွေ့ရပါ့မ တုန်း။

ကိုသာရဟာ သည်လောက်တောင် စိတ်ကြီးဝင်မဲ့လူ လည်း မဟုတ်ပါ။ တကယ်ဆိုတော့ တစ်ခါတစ်ခေါက် လာ ရောက်ဖို့ သင့်ပါတယ်။ ဘယ်လောက်တောင်ငြိုးပြီး မိန်းမဆိုး ကြီး ထင်ရပါသတုန်း။ တစ်နေ့နေ့တော့ အမှန်ကြုံကြိုက်၍ တွေ့ရဦးမှာပဲ။ ဟို တင့်တင့်ဆိုတာနဲ့လဲ လူပြောသူပြော ယီးတီး ယားတား ကြားရတယ်။ တင့်တင့်ထံ သူ အမှန်ရောက်နေသည် အတွက် ငါ့ဘက်ကိုမလှည့်ဘဲ မျက်နှာလွှဲပြီး နေတာပါပဲ စသည် ဖြင့် တွေးတောကာ ကဆုန်နယုန် မိုးသံလေသံတွေအကြားမှာ ဟိုအရင်က တွေ့ရတဲ့အရာရာတွေကို ပြန်၍တွေးပြီး ဆွေး၍သာ နေရရှာလေ၏။

ငါးထပ်ကြီးသို့ နှစ်ကိုယ်တူ မြင်းရထားနှင့်သွားစဉ်က မောင်သာရပြောသောစကားတို့သည် တစ်ခွန်းတစ်ပါဒမကျန် နားထဲသို့ အကုန်ပြန်၍ လာကြကုန်၏။ မိမိလက်ကလေးများကို ကိုင်သော မောင်သာရ၏ သန်မာသောလက်များကို ပြန်၍ သတိရ၏။ မိမိ၏မျက်နှာအနီးတွင် ကပ်ကာ မျက်တောင် မခပ်ဘဲ ကြည့်၍နေသော မောင်သာရ၏မျက်လုံးများကို မကြာခဏ ပြန်၍မြင်ရ၏။ ကိုသာရသည် တင့်တင့်ထံပြန်ပြီး ဤနည်းဤပုံမျိုးကို ကျင့်သုံး၍ နေရှာလေသလား။





အခုလို မိုးသက်လေတွေအလာမှာ တင့်တင့်၏ရင်ခွေ တွင် တနွေးနွေး တမြမြ ပျော်မွေ့၍ နေရှာမှာပဲ။ သည်ကဟာ ကိုဖြင့် သူ သတိတောင် ရတော့မှာ မဟုတ်ပါဘူး စသည်ဖြင့် တွေးတောကာ မျက်ရည်ကလေးတလည်လည်နှင့် ညအခါများ တွင် ပြူတင်းပေါက်ကို မေးထောက်ကာ မိုးရင်း ဆွေးမြေ့ခြင်း အစမသတ်နိုင်ဘဲ မခံချိသော လောဘစိတ်က အနည်းနည်း ကဲမောက်ပြီးလျှင် လှိုင်ထိပ်ခေါင်တင်မင်းသမီး ရေးစပ်ခဲ့သော (ဝိန်ချူးကြာညောင်)ခေါ်သော တေးကို ရင်ထဲမှာဆို့ကာ အသံ ကလေးတုန်တုန်နှင့် ဆိုရှာလေ၏။ တစ်ရံတစ်ခါ ပီယာနိုတွင် ထိုင်ကာ နူးညံ့ချောမွေ့သောလက်ချောင်းများနှင့် ၎င်းဘောလယ် တေးကို ခပ်ဖြည်းဖြည်းတီးရင်း အသံကလေးဖဲအေးအေးနှင့် လိုက်ဆိုလေရာ ရင်ဝမှာ အဆို့တက်ပြီး အသံများမထွက်နိုင် အောင်ရှိ၍ ပီယာနိုမှထကာ အခန်းထဲသို့ဝင်ပြီးလျှင် ကုတင်ကို ဒူးထောက်မှီပြီး မျက်နှာကိုခေါင်းအုံးနှင့်ပိတ်လျက် ဆံပင်များကို ကိုက်ကာ ရှိုက်ငင်၍ နေရှာလေသတည်း။

တင်မေကြီးမှာ ရေးကနှင့်များစွာမတူ။ ဖောင်းပြည့်သော မျက်နှာကလေးမှာ တဖြည်းဖြည်း မေးမို့န်၍ ကျဆင်းလာလေ သည်။ တင်းပြည့်မှည့်ဝင်းသော နှုတ်ခမ်းများမှာ လျော့စပြုလေ ၏။ ဝင်းထိန်တောက်ပ သမင်ပျိုမကဲ့သို့ လင်းလက်လှသော မျက်လုံးကြီးများမှာ ဝါဆိုဝါခေါင် မိုးညတုအခါလို မှိုင်းဝေလျက် သွယ်ကူစွာ မိုးရွာတတ်သည့်အလား မျက်ရည်ပေါက်နှင့်မြူများ သည် အမြဲရွာသွန်းရန် အသင့်ပြင်ဆင်၍ နေသကဲ့သို့ မှတ်ထင်ရ ပေ၏။

ထိုမျက်လုံးတို့၏ ကြည်လင်သောအဆင်းသည်ကား



www.burmeseclassic.com

www.burmeseclassic.com



လုံးလုံးကြီး ပပျောက်၍မသွားသော်လည်း ချောက်၊ မြောင် တောင်ကမ်းပါးယံကြား၌ နေရောင်ကို မခံစားရသော ကျောက် စက်စမ်းတွင်း၏ စမ်းရေပမာ မှေးမှိန်သောအဆင်း ရှိလေ၏။

သို့ပင်ပြောင်းလဲငြားသော်လည်း လုံးလုံးရုပ်ဆင်းမပျက် ချစ်ဖွယ်ကောင်းသောအသွင်အပြင်မှာ သနားစရာဝင်၍ဖွက်ပြီး သာလွန်မက်မောဖွယ်ရာဖြစ်လေသတည်း။ ဝါဝင်းတောက်ပ သောမျက်နှာ၏ အသားအရေမှာ အသွေးဓာတ်အနည်းငယ်ချို့ ပြီး ပုလဲရောင်ညို၍ နေလေရာ အထူးပင်သန့်ရှင်းသော စိတ် နှလုံး၏လက္ခဏာအသွင်သည် မျက်နှာတွင်ပေါ်၍လာလေ သတည်း။

မိုးလေသေ့ခြောက်သဖြင့် သာယာသောနေ့တစ်နေ့၏ ညနေစောင်းအချိန်တွင် တိမ်ကလေးတောက်၍ နေသည့်အခါ တင်မေကြီးသည် တစ်ကိုယ်တည်း ဒေါက်ကပ်နှင့် ကန်တော်ကြီး ဘက်သို့ ထွက်၍လာလေ၏။

ငါးထပ်ကြီးကိုသွားသော လမ်းဝသို့ရောက်သောအခါ ဒေါက်ကပ်ကိုရပ်ပြီးလျှင် မိမိ၏ပေါင်ပေါ်၌လက်ကိုတင်ကာ မေး ထောက်ရင်း မော့လျက်ရှိသော မျက်နှာကလေးနှင့် ၎င်းလမ်းကို ကြည့်ကာ တွေးတောငေးမော၍ နေရှာလေ၏။

ယင်းကဲ့သို့နေခိုက်တွင် လွန်ပြီးသောဓာတ်လမ်းသည် အခန်းခန်းပေါ်၍လာလေရာ ဒေါက်ကပ်ပေါ်တွင် ထိုင်နေသည့်ကိုယ် ပင် လုံးလုံးကြီး မေ့လျော့ကာ နေလေသတည်း။

ယင်းကဲ့သို့နေသည့်အတွင်း '(ကတော့ ကတော့) ဘွား ဘွား'ဟု ကျယ်လောင်စွာမြည်သောအသံနှင့် မော်တော်ကားတစ် စင်း ကပ်ရောက်၍လာလေရာ ဒေါက်ကပ်မှာ တင်ထားသော





(ဂရစ်ဖင်) မြင်းမကြီးသည် ထိတ်လန့်၍ ကဆုန်ပေါက်ကာ ဒေါက်ကပ်ကိုဆွဲ၍ ပြေးလေ၏။

ထိုအခါ တင်မေကြီးသည် သတိရလျက် လွင့်စင်၍ မကျအောင် မနည်းကြိုးစားပြီးမှ ဇက်ကြိုးကိုကိုင်ကာ အတင်း ဆွဲလေ၏။ သို့ပင်ဆွဲသော်ငြားလည်း လန့်စပြုသောမြင်းမှာ မရပ် မနား ကန်တော်ကြီးပတ်ပတ်လည်တွင် တာပတ်ရိုက်ရန် အကြံ ပြုသကဲ့သို့ ကဆုန်ပေါက်ပြေးကာ နေလေ၏။

တင်မေကြီးသည် ခိုကိုးရာမရ၊ ဒေါက်ကပ်ပေါ်မှ လိမ့် ၍မကျအောင်သာ အားပြုကာ မြင်းယူဆောင်ရာသို့ လိုက်ပါရ လေ၏။ နံဘေးတစ်ဘက်တစ်ချက်၌ရှိသော သစ်ပင်တောတန်း ဟူသမျှတို့ကို လုံးလုံးကြီး မမြင်။ ပြာခနဲ မှိုင်းခနဲ ခုန်စိုင်း လှည့်ပတ်ကာ ကျန်ရစ်သောအရာတို့ကိုသာ မြင်ရလေ၏။

မိမိ၏အနီး၌ တစ်ခါတစ်ခါ မော်တော်ကားသံများကို ကြားလိုက်ရလေ၏။ တစ်ခါတစ်ခါ ရထားများကို ရိပ်ခနဲ မြင် လိုက်ရ၏။ အဘယ်ကို ရောက်မည် အဘယ်မှာ မှောက်မည်ဟု တွေးကြံ၍မရဘဲ လေထဲတွင် လွင့်စင်၍သွားသကဲ့သို့ လေထုကို ထွင်းဖောက်ကာ လိုက်ပါ၍ သွားရလေ၏။

ရင်ထဲအသည်းထဲတွင် အေးခနဲ လှိုက်ခနဲဖြစ်လျက် တစ်ချက်တစ်ချက်တွင် လေအဟုန်ကြောင့် လွင့်စင်၍ကျလုခမန်း ဖြစ်လေရာ မိမိနောက်၌ အမြဲလိုက်ပါ၍နေသော မော်တော်ကား တစ်စင်း၏အသံကို ကြားရလေ၏။ ထိုအသံသည် နီးချည်ဝေး ချည် တစ်ခါတစ်ခါ ဘေးတိုက်၊ တစ်ခါတစ်ခါ၊ နောက်က ကြားရလေ၏။

ယင်းကဲ့သို့ ပါသွားလေရာ လမ်းပြင်၍ စိုက်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ငုတ်တိုင်များ အကာအရံများရှိသောဘက်သို့ ချဉ်းကပ်၍သွားလေရာ များစွာကြောက်မက်ဖွယ်သော မိနစ်စက္ကန့် အချိန်များသည် နီးကပ်၍ လာလေ၏။

ထိုအခါ နောက်က လိုက်၍လာသော မော်တော်ကားသည် မြင်းမကြီး၏အနီးသို့ စွန့်စားကာ ရောက်၍လာပြီးလျှင် မော်တော်ကားပေါ်က လူတစ်ယောက်သည် မတ်တတ်ရပ်၍ မြင်းပါးချပ်ကြိုးကို ဆွဲလိုက်လေ၏။ မော်တော်ကား မောင်းသမားသည်လည်း အလိုက်သင့်ကြည့်၍ မောင်းလေရာ အတန်ကလေးသွားမိလတ်သောအခါ မြင်းရော မော်တော်ကားရော ရပ်၍နေလေ၏။

ထိုအခါ တင်မေကြီးသည် ကြောက်ရွံ့မောပန်းသဖြင့် ထိုင်ရာမှ မျောမေ့၍လဲကာ အောက်သို့ ဦးစိုက်၍ကျတော့မည် အသွင်ရှိရာတွင် မြင်းကို ဆွဲကိုင်သောသူသည် မော်တော်ကား မောင်းသမားကိုခေါ်၍ မြင်းကိုအကိုင်ခိုင်းပြီး ဒေါက်ကပ်ပေါ်သို့ လျင်မြန်စွာ လှမ်းတက်ပြီး တင်မေကြီးကို ပွေ့ယူလေ၏။

မကြာမီ တင်မေကြီးသည် မော်တော်ကားထဲသို့ ရောက်၍လာလေ၏။ အတန်ကလေးကြာသောအခါ တင်မေကြီး ပြန်၍ သတိရလာလျှင် ပွေ့ထားသူ၏မျက်နှာကို မော်၍ကြည့်မိလေ၏။

ထိုအခါ အလွန်တရာ အံ့အားသင့်လျက် စကားမပြောနိုင်။ ပါးစပ်ကို မဟနိုင်။ မျက်တောင် မခတ်နိုင်။ မိန်းမော၍နေလေသတည်း။ တစ်အောင့်လောက် ကြာသောအခါ.....

''အမယ်လေး ကိုသာရရဲ့၊ ကျွန်မ ဘယ်ကိုရောက်လာသလဲ''





ဟုပြောကာ မိမိကိုယ်ကို အားယူ၍ ထူလေ၏။ မောင်သာရက–

''ငြိမ်ငြိမ်နေပါ မတင်မေကြီးရဲ့၊ မင်း မောသွားလိမ့်မယ်၊ ဘာမှကိစ္စမရှိပါဘူး၊ မကြောက်ပါနှင့်''

ဟုပြောပြီး မြဲမြံစွာ ပွေ့၍ထားလေ၏။ ထိုအခါ တင်မေကြီးသည် စကားမပြောဘဲ ကလေးပမာ မျက်လုံးများကိုမှိန်းလျက် မောင်သာရ၏ရင်ခွင်ထဲမှာ ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အသက်ရှူကာ နေရလေ၏။

ထိုနေရာ၌ အတန်ကလေးကြာလတ်သောအခါ နေမင်း၏အဆင်းသည် ဝါဝင်းသောအရောင်မှ ညိုမှိုင်းသောအရောင်အဖြစ်သို့ တစတစပြောင်း၍သွားလေ၏။ မှိုးချုပ်သော မှောင်ရိပ်၏ မည်းနက်သောအတောင်ပံသည် ပျံဝဲကာ မြေမျက်နှာပြင်ကို လွှမ်းအုပ်စ ပြုလေ၏။ ပျံလွှားငှက်များနှင့် ည၏အသက်ပမာ ဆိတ်ငြိမ်လျင်မြန်စွာ ပျံသန်းကြကုန်သော လင်းနို့တို့သည် ၎င်းတို့အပေါ်တွင် ဖြတ်သန်း၍ ကစားကြလေ၏။

ကန်တော်ကြီးအလယ်ကျွန်းဘက်မှ 'ဖီးကွက် ဖီးကွက်' ဟုအချက်ပေးသော ညစေတမန်နတ်သား၏ အသံကိုကြားရလေ၏။ ညိုမှိုင်းသော ကန်တော်ကြီးရေပြင်သည် လျင်မြန်သော လေထဲတွင် လှုပ်ရှားကာ သေးငယ်သောလှိုင်းတို့၏အသံများကို လွှင့်၍နေလေ၏။ စိမ်းစိုသော သစ်ကိုင်းသစ်ခက်တို့၏အကြား မြူးပျံလှုပ်ရှား ကစားမြူးတူး၍လာသော လေနတ်သားသည် သင်းပျံ့သော ခရေပန်းတို့၏အနံ့ကို လာရောက်ဆက်သကြလေ၏။

ထိုအခါ ကြီးစွာသောဆိတ်ငြိမ်ခြင်းသည် မှောင်ရိပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ လွှမ်း၍လာလေ၏။ တင်မေကြီးသည် ငြိမ်သက်၍နေရာမှ လှုပ်ရှား၍ လာလေ၏။ မောင်သာရသည် ပွေ့ပိုက်၍ထားသော လက်မှုများကို လွှတ်လိုက်လေ၏။ မော်တော်ကားမောင်းသမားသည် မတ်တတ်ထကာ ခေါင်းငုံ့လျက် မြင်းဇက်ကိုကိုင်ရင်း ဟီးခနဲ သက်မကြီး ချလေ၏။

တင်မေကြီးသည် မောင်သာရ၏လက်ထဲမှထွက်ကာ မော်တော်ကားပေါ်မှ ဆင်းရမလို၊ မော်တော်ကားပေါ်၌ ထိုင်ရမလို ဟန်ပြင်၍–

''ကိုသာရရဲ့၊ မှောင်လှပြီ၊ ကျွန်မအိမ်ကို ဘယ့်နှယ့် လုပ်ပြန်ရမလဲ''

ဟုပြောလေ၏။ မောင်သာရက–

''မကြောက်ပါနှင့် တင်မေကြီးရဲ့၊ ကျုပ်တို့ မင်းကို ပစ်မသွားပါဘူး''

ဟုပြော၍ မိမိ၏နံ့ဘေးတွင် နေရာပေးလေ၏။ တင်မေကြီးသည် ရှက်ကိုးရှက်ကန်း အမူအရာနှင့် ဘေးတွင် ထိုင်၍နေလေ၏။

ထိုအတွင်း မောင်သာရသည် မော်တော်ကားမောင်းသမားရှိရာသို့ ကူးစက်၍ စကားတစ်ခွန်းနှစ်ခွန်းပြောပြီး မော်တော်ကားပေါ်မှဆင်းလျက်–

''ကိုင်း.....တင်မေကြီး၊ ထပေတော့''

ဟုပြောကာ မော်တော်ကားပေါ်မှ တွဲ၍ချရန် လက်ကို ကမ်းပေးလေ၏။ တင်မေကြီးသည် အမိန့်ကို နာခံသော ကလေးပမာ ထိုင်ရာမှ ကပျာကယာ ထပြီးလျှင် မောင်သာရအား လက်တစ်ဘက်ကို လှမ်း၍ပေးလေ၏။ မောင်သာရသည် ၎င်းကို





မြဲမြံစွာကိုင်ပြီးလျှင် လက်တစ်ဘက်နှင့် တင်မေကြီး၏ ဖောင်းအိပြည့်တင်းသောတင်ပါးကို သိုင်းရစ်ပွေ့ယူကာ ဆင်းစေလေ၏။ အောက်သို့ ရောက်သောအခါ တင်မေကြီးက–

''ကိုသာရရဲ့၊ ကျွန်မကို ဒီဒေါက်ကပ်နဲ့ပဲ ပြန်ပြီးပို့မလို့လား''

ဟုကြောက်ဆုတ်ဆုတ်နှင့် ဒေါက်ကပ်ပေါ်သို့ ပြန်မတက်ဝံ့ဘဲ နေလေ၏။ မောင်သာရက–

''မကြောက်ပါနဲ့ တင်မေကြီးရဲ့၊ မြင်းအကြောင်းကို ကျုပ်ကောင်းကောင်းနားလည်ပါတယ်''

ဟုပြောရင်း ဒေါက်ကပ်ပေါ်သို့ တင်မေကြီးကို တွဲယူကာ တင်လေ၏။ ထို့နောက် မိမိလည်း အပေါ်သို့ တက်လေ၏။ တင်မေကြီးမှာ ကြောက်ရွံ့လျက် မောင်သာရ၏ပခုံးကို ကိုင်တွယ်ကာ ကပ်၍နေလေ၏။

မောင်သာရသည် မြင်းဇက်ကို ရဲဝံ့စွာကိုင်လျက် ကြာပွတ်သံပေးပြီးလျှင် နောက်သို့လှည့်ကာ ခြေနင်းခေါင်းလောင်းသံကို ပေးလျက် ရွှေ၌ရှိသော လူတစ်ယောက်နှစ်ယောက်ကို ရှောင်စေပြီးလျှင် ခပ်မှန်မှန် စ၍မောင်းလေ၏။

မြင်းသည် အချက်မှန်သောခွာသံကို ကျောက်လမ်းပေါ်တွင် ရိုက်ကာလွှတ်လျက် မိမိ၏ဇက်ကို ကိုင်သောသူသည် မိမိ၏သခင်ဖြစ်သည်ဟု မှတ်ထင်လျက် ပေးခြင်းကမ်းခြင်း၊ ပေါက်ခြင်းခုန်ခြင်း ကလန်ကဆန် စသောအပြုအမူတို့ကိုမပြုဘဲ မှန် မှန်ကြီး ကသကဲ့သို့ သွားရှာလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ထိုကဲ့သို့ မောင်းနှင်၍သွားရင်း ထူးဆန်းသောတွေ့ကြုံရခြင်း၏အကြောင်းကို ဆင်ခြင်တွေးတောကာ စကားမပြောဘဲ မောင်းနှင်သွားလေ၏။ မိမိ၏နံဘေး၌ထိုင်၍နေသော တင်မေကြီးသည်ကား မကြာခဏ သက်မကြီးချကာ အသက်ရှူသည်ကို မောင်သာရ သိရှိလေ၏။

ထိုကဲ့သို့ အတန်ကလေးကြာစွာ ဆိတ်ငြိမ်၍သွားပြီးနောက် တင်မေကြီးက ''ကိုသာရ''ဟု ခေါ်လိုက်လေ၏။ မောင်သာရသည် တင်မေကြီးဘက်လှည့်ကာ စောင်းငဲ့၍ကြည့်ချင်း–

''ဘာလဲ မတင်မေကြီးရဲ့''

ဟုပြောလေ၏။

တင်မေကြီး။ ။''ကျွန်မမှာ ကိုသာရ ကယ်တဲ့ အသက်ပဲ ရှိပါတော့တယ်''

မောင်သာရ။ ။ ''မတင်မေကြီးကံကလဲ အထူးကောင်းလို့ပါ''





တင်မေကြီး။ ။ ''ကျွန်မကံကို ကျွန်မ မမြင်ရ မသိရ၊ ကိုသာရ ကယ်တာကိုသာ ကျွန်မ မြင်ရသိရပါတယ်''

သာရ။ ။ ''ဟုတ်ပါရဲ့၊ ကျုပ် မော်တော်ကားမောင်းသမားကလဲ အမောင်းကောင်းလို့ပါ''

တင်မေကြီး။ ။ ''သူ့ကိုလဲ ကျေးဇူးတင်တာပါပဲ၊ ဒါထက် အံ့ဩဖွယ်ကောင်းတာက အင်မတန်ထူးဆန်း တဲ့ တွေ့ကြုံရခြင်း ဖြစ်ပါတယ်''

သာရ။ ။ ''မှန်ပါတယ် မတင်မေကြီးရဲ့၊ သည်လို ဖြစ်ပုံမျိုးဟာ အင်မတန် ကြုံခဲတာပဲ''

တင်မေကြီး။ ။ ''ကျွန်တို့ တစ်ယောက်နှင့်တစ်ယောက် မတွေ့ဘဲ အကြာကြီးနေသည့်အတွက် တမင်တွေ့အောင် ဖန်တီးပေးတဲ့ ကံကြမ္မာလို ဖြစ်နေပါတယ်''

သာရ။ ။ ''ကျုပ်လဲ သည်အကြောင်းကို စဉ်းစား၍ အံ့ဩ၍မဆုံး ဖြစ်နေပါတယ်''

ထို့နောက် အတန်ကလေးကြာစွာ ဆိတ်ငြိမ်၍ နေကြလေ၏။ ယင်းကဲ့သို့ ဆိတ်ငြိမ်စွာနေပြီးသောအခါ တင်မေကြီးက ''ကိုသာရ''ဟုခေါ်ပြန်လေ၏။ မောင်သာရသည် တင်မေကြီး၏မျက်နှာကို တစ်ဖန်ကြည့်ပြီး''မတင်မေ''ဟုပြန်၍ခေါ်လိုက်လေ၏။ တင်မေကြီးသည် စကားဆက်လက်၍မပြောဘဲ ဆိတ်စွာနေလေရာ မောင်သာရက–

''မတင်မေ ဘာကို ပြောမလို့လဲ''

တင်မေကြီး။ ။''သြော်.....ဘာမှမဟုတ်ပါဘူး၊ ကိုသာရ နေနိုင်လွန်းလို့ပါ၊ ကျွန်မတို့အိပ်ဘက်ကို တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မလာဘူး၊ အခုဖြင့် ၆–လတောင် ရှိတော့မယ်နော်''

မောင်သာရသည် ဆိတ်ဆိတ်စွာ စကားမပြောဘဲနေလေ၏။

သာရ။ ။ ''ဟုတ်ကဲ့၊ ၆–လလောက် ကြာသွားပြီ၊ အလုပ်ကလဲ အင်မတန်များတယ် မတင်မေကြီးရဲ့၊ စာအုပ်ဆိုင် ရောင်းရတာကတစ်ဘက်၊ ဦးဘိုးသိန်းကို ကူညီရတာကတစ်ဘက်၊ အမှုသည်တွေကလဲ အင်မတန် ပူတာကလား၊ လိုက်ရတာကလဲ ရာဇဝတ်မှုချည်း ဖြစ်နေတော့ အလုပ်ပူကြီးနှင့် တွေ့နေတော့တာပေါ့''

တင်မေကြီး။ ။ ''ဩော်.....ကိုသာရ အခုလဲပဲ စာအုပ်ဆိုင်မှာ ရောင်းလျက်ပဲ နေပါသေးသလား''

သာရ။ ။ ''ရောင်းလျက်ပေါ့၊ ဆင်းရဲဒုက္ခထဲမှာ နစ်မွန်းမြောပါပြီးနေတုန်း ကယ်ဆယ်ထားတဲ့ ကျေးဇူးရှင်များကို ဘယ်မှာစွန့်၍ တော်ပါ့မလဲ''

တင်မေကြီး။ ။ ''ရှင် တော်ပါပေတယ်၊ အခြားလူလိုဖြင့်ရှင် ဟန်ကြီးပန်ကြီးဖြစ်ပြီး ဒီအလုပ်မျိုးကို သင်တောင်ရမှာမဟုတ်ဘူး၊ သို့သော်လဲ တခြားမှာ ဟန်ကြီးပန်ကြီး မလုပ်ပေမယ့် ကိုသာရဟာ ကျွန်မတို့အပေါ်မှာ ဟန်ကြီးပန်ကြီးများ လုပ်နေသလား မသိဘူး''

သာရ။ ။ ''ဟန်ကြီးပန်ကြီး ဆိုတဲ့စကားကို ဘယ်အဓိပ္ပါယ်နားမလည်ခဲ့ဘူး၊ ဘယ်သူ့အပေါ်မှာမှ ကျွန်တော် ဟန်ကြီးပန်ကြီး မလုပ်ပါဘူး''





တင်မေကြီး။ ။ ''ဒီလိုဖြင့် ဘာပြုလို့ မလာသလဲ ပြောစမ်းပါ၊ ကျွန်မတို့အပေါ်မှာ စိတ်နာစရာ ရှိလို့လား''

မောင်သာရသည် ပြုံးရယ်လျက်–

''ဘယ်အတွက် စိတ်နာရမလဲ မတင်မေကြီးရဲ့၊ စိတ်နာစရာ မရှိပါဘူး''

တင်မေကြီး။ ။ ''ဒီလိုဖြင့် အင်မတန်မှ စဉ်းစားဖို့ ခက်တာပဲ၊ ဩော်.....သိပါပြီ၊ သိပါပြီ၊ ကျွန်မ ရိပ်မိပါပြီ၊ ကိုသာရ နာမည်ကြီးတာနဲ့ ချစ်သူခင်သူ မိတ်ဆွေသူငယ်ချင်းတွေ အင်မတန်များပြီး သွားစရာလာစရာတွေနှင့် မအားမလပ်ဖြစ်နေတယ် ထင်ပါရဲ့''

သာရ။ ။ ''ဘယ်ကိုမှလဲ မသွားပါဘူးခင်ဗျာ၊ အလုပ်တွေများလွန်းလို့ သွားခန်းလဲ မရှိပါဘူး၊ ညနေချမ်းကလေးမှာ တစ်ခါတစ်လေ တစ်ကိုယ်တည်း လမ်းလျှောက်ရပါတယ်''

တင်မေကြီး။ ။ ''သည့်လိုဖြင့် ကျွန်မ တွေးတာ မှန်နေပြီ ထင်ပါရဲ့၊ ကိုဘလုံနဲ့ ကျွန်မကို တစ်မျိုးတစ်မည် ထင်လို့ မဟုတ်လား''

ဟု စွန့်စားကာ မေးလေ၏။

သာရ။ ။ ''တစ်မျိုးတစ်မည် ထင်ဖို့ရာ ဘာမျှမရှိပါဘူး၊ ဖိတ်စာကိုတောင် ကမ်းနေတာကို အသိသားပဲ''

တင်မေကြီး။ ။ ''ဖိတ်စာကမ်းပြီး သူ ထောင်ကျသွားတယ်၊ ကျွန်မနှင့် ကိုဘလုံနှင့် ဘာမျှမဖြစ်သေးပါဘူး''

သာရ။ ။ ''ဘာမှ မဖြစ်ဘူး၊ဖြစ်တယ်ကို ကျုပ် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နှယ့်သိနိုင်မလဲ၊ မင်းတို့နှစ်ယောက် အတူတူ စကားပြောဆိုနေတာကို ကျုပ် အမြင်သား ကပဲ''

တင်မေကြီး။ ။''ဩော်....သည့်လိုကိုး၊ ကျွန်မကို ကိုသာရဟာ အဟုတ် အထင်လွဲနေတာပဲ၊ ဘလုံ ဆိုတဲ့လူဖြင့် သူတို့အိမ်ကို မကြာခဏ သွားတယ်၊ ဘလုံ သူနဲ့ မဂ်လာဆောင်တော့မယ်၊ သူတို့နှစ်ယောက် တော့ ဘယ်နည်းနှင့်မှ မတွေ့ဘဲ မနေနိုင်ဘူး၊ တွေ့ရမှာပဲ၊ မိန်းကလေးဆိုတာ ပေးစားမယ့် ယောက်ျားနှင့် နှစ်ယောက်ထဲတွေ့ရင် ငြင်းနိုင်မှာ မဟုတ်ဘူး၊ တင်မေကြီးဆိုတဲ့ ကောင်မ တော့ သူ့လက်ထဲကို တစ်ခါထဲရောက်ပြီ အဲဒီလို ကိုသာရစိတ်မှာ ထင်ပြီး ကျွန်မအပေါ်မှာ ပစ်ပစ်ခါခါ လုပ်ထားတယ် မဟုတ်ဘူးလား''

မောင်သာရသည် စကားမပြောဘဲ ဆိတ်ဆိတ်နေလေ၏။

တင်မေကြီး။ ။''ဒီလိုထင်ရင်လဲ ကျွန်မဖြင့် ခံရတော့မှာပဲ၊ ဘယ်ကျမ်း ဘယ်သစ္စာကိုပဲ အဆိုခိုင်းစေကာမူ ကျွန်မ သစ္စာဆိုဝံ့ပါတယ်၊ ကျွန်မမှာ ယောက်ျား ကလေးလို သွားလာနေတတ်ပေမယ့် ပေါ့ပေါ့ ဆဆမိန်းကလေး မဟုတ်ပါ၊ အရင်က ကျွန်မ သွားရလာရတာလဲပဲ ဘယ်သူ့အတွက် ဆိုတာ ကို ကိုသာရ သိလောက်ပါပြီ၊ ကိုဘလုံကို ကျေးဇူးရှင်ရှယ်လို့ အထင်မှားပြီး လူကြီးများ စီမံရာကို လိုက်နာရပါတယ်၊ ကျွန်မ စိတ်ထဲမှာ တော့ ဘာမှမဖြစ်ပါဘူး၊ သူကတော့ ကြံတာ





စည်တာ အမှန်ပါပဲ၊ သို့သော်လဲ ကျွန်မကိုယ်ကို ကျွန်မ အမှန် သိမ်းဆည်းစောင့်ရှောက်ခဲ့ ပါတယ်၊ မယုံလျှင် အိမ်မှာရှိတဲ့အစေခံတွေကို မေးကြည့်ပါ၊ သည်အမှုမျိုးဆိုတာ ဖြစ်လျှင် ဘယ်အခါမှ မလုံဘူး၊ ကျွန်မအပေါ်မှာ ဒီလို ထင်တယ်ဆိုတာ အင်မတန်မှ ဝမ်းနည်းပါရဲ့၊ သို့သော်လဲ ကျွန်မ ကုသိုလ်မှ မကောင်းလို့ ဖြစ်ရတာကို ဘယ်သူ့အပေါ်မှာမှ အပြစ်ထား စရာ မရှိတော့ပါဘူး''

ဟုပြောရင်း ရင်ထဲမှာ လှိုက်၍လာပြီးလျှင် ငိုသံပါလျက် ရှိုက်ငင်စပြုလေ၏။

ထို့နောက် ဆက်လက်၍ ငိုရှိုက်ရင်း ပြောသည်မှာ–

''ကိုသာရကို ကျွန်မ ဖွင့်မပြောပေမယ့် ကိုသာရ အမှု အတွက် အင်မတန်ကြိုးစားခဲ့တယ်၊ ကျွန်မကိုယ်ကို ရုပ်ဖျက်ပြီး ယောက်ျားလိုဝတ်ကာ စက်ာပူမြေ (ယခု ပုစွန်တောင်နယ်မြေ) ထဲကိုတောင် အကြိမ်ကြိမ် စွန့်စားသွားပြီး တိတ်တဆိတ် ထောက်ရပါတယ်၊ သူများအတွက် ဒီလို အကျိုးဆောင်တတ်လို့ ဒီလို အထင်ခံရတာပါပဲ''

ဟု မပီကလာ ပီကလာနှင့် ရှိုက်ငင်၍ ပြောရင်း ဈက်နာကို အကျီနှင့်သုတ်ရှာလေ၏။ မောင်သာရသည် စကား မပြောနိုင်ဘဲ ရင်ထဲမှာ တလှိုက်လှိုက်ဖြစ်ကာ နားထောင်လျက် မင်းကိုသာ အတွင်မောင်းလေ၏။

ထို့နောက် တင်မေကြီးသည် ဆက်၍ပြောသည်မှာ–

''သူ့အတွက် ကြိုးစားရတာနဲ့ သူများမှာ လူဆိုးတွေ

www.burmeseclassic.com



မော်တော်ကားနှင့်တင်တာကိုတောင် ခံခဲ့ရပါတယ်၊ သူ့အတွက် မကြိုးစားရင် ကိုဘလုံ ဆိုတဲ့လူနဲ့ တွေ့တောင်တွေ့မှာမဟုတ် ပါဘူး၊ အခုတော့ သူ့အတွက်လဲ ကြိုးစားရသေးရဲ့၊ သူ့များမှာ လဲ မကောင်းအထင်ခံရသေးရဲ့၊ တော်ပါရဲ့ အင်မတန်ကောင်း တာပါပဲ''

ဟုပြောပြီး ဆက်လက်ကာ စကားမပြောနိုင်ဘဲ ရှိုက်သံတကြွကြွနှင့် ဆက်ကာဆက်ကာ ရှိုက်ငင်၍ နေရှာလေ၏။

မောင်သာရသည် နှုတ်ခမ်းများကို ကိုက်လျက် အသက်ကိုမျှ မရှူနိုင်ဘဲ မြင်းကိုသာ ကတိုက်ကရိုက် မောင်းလေ၏။ တင်မေကြီးက ဆက်လက်၍ ပြောပြန်သည်မှာ–

''ဟိုအရင်တစ်ညတုန်းကလဲ သူ့အတွက် လမ်းထဲမှာ လဲပြီး ပုလိပ်လက်ထဲကိုတောင် ရောက်ရပါသေးတယ်၊ သည်အတွက် သူများမှာ မနည်းကြီး အနာတရ ခံရတာကို ဘယ်သူမှ မသိဘူး၊ ဒီကျေးဇူးတွေကို အခုခံစားရတာပါပဲ၊ သည်ဒုက္ခတွေ အတွက် အခုလို မစားနိုင် မအိပ်နိုင်ဖြစ်ပြီး ပိန်ချုံးနေရတာပါပဲ သူ့မှာတော့ အချစ်တော်တွေ အသစ်ပေါ်ပြီးနေတာနဲ့ ဒီကအပေါ်မှာ တမင်အပြစ်ဖော်ပြီး ရန်ရှာတာပါပဲ''

ဟုပြောကာ မျက်နှာကို လက်ဝါးဖြင့် အုပ်ပြီးလျှင် မိမိ၏ဒူးပေါ်သို့ မျက်နှာကိုချကာ လှိုက်လှဲစွာငိုရင်း–

''ကိုသာရရယ်၊ ကျွန်မကို ဒီလိုဖြင့် မကောင်းထင်မနေပါနဲ့၊ အခုချက်ချင်း သည်ဒေါက်ကပ်ပေါ်က ခြေနှင့်ကန်ချလိုက်ပါ၊ ဒီကောင်မ သေတာသာ ကောင်းပါတော့တယ်၊ လူ့ပြည်မှာ နေပေမယ့်လဲ ကောင်းတော့မှာ မဟုတ်ပါဘူး''

ဟုပြောလေ၏။





ထိုအခါ မောင်သာရသည် မြင်းဇက်ကြိုးများကို လက်တစ်ဘက်လွှတ်ကာ–

''မတင်မေကြီးရဲ့၊ မတင်မေကြီးရဲ့၊ ဒီလို မပြောပါနဲ့၊ ကျုပ်အသည်းကို မင်း ဆွဲ၍ဆုတ်နေတာပဲ''

ဟုပြောကာ စိတ်ကို ဆက်လက်၍ မချုပ်တီးနိုင်ဘဲ တင်မေကြီးကို တစ်ခါတည်း ပွေ့ယူချီမပြီး လက်တစ်ဘက်နှင့် အားရှိသမျှ ရစ်ပတ်ကာ ပါးချင်း ရင်ချင်း ဟပ်၍ ထားလေ၏။

ထိုအခါ ကန်တော်ကြီးမှ ဘုရားမြောက်ဘက်မှောင် သော ဘောင်းဒရီမြို့ပတ်လမ်းကြီး (ယခု ဓမ္မစေတီလမ်း)ဘက်သို့ ရောက်၍နေကြလေ၏။ မောင်သာရသည် လက်နှစ်ဘက်ဖြင့် မြင်းဇက်ကိုဆွဲကာ ရပ် လေ၏။ တင်မေကြီးကို လက်နှစ်ဘက် စလုံးနှင့် ပွေ့ယူကာ မျက်နှာကလေးကို ကပ်လျက် တစိမ့်စိမ့် ကြည့်၍နေလေသတည်း။

ထိုနေရာ၌ အတန်ကလေးကြာစွာ နေကြပြီးနောက် ဆက်လက်မောင်းနှင်၍ သွားကြလေရာ အိမ်သို့ရောက်ကြလေလျှင် သမီးကို ပူပန်စွာမျှော်လျက် အိမ်တွင်းအိမ်ပြင် ထွက်ချည်ဝင်ချည် မငြိမ်မသက် လှုပ်ရှား၍နေသော တရားဝန်ကြီးနှင့် အိမ်ရှေ့တွင် တစ်ခါတည်း တွေ့ကြုံကြလေရာ တရားဝန်ကြီးသည် မောင်သာရကို မြင်လျှင်မြင်ခြင်း အံ့အားသင့်၍နေလေ၏။

ထိုအခါ တင်မေကြီးသည် ဒေါက်ကပ်ပေါ်က ဆင်း၍ ပြေးကာ ဖခင်၏အပါးသို့ကပ်ကာ ဖြစ်ပျက်သမျှသော အကျိုးအကြောင်းတို့ကို အကုန်အစင် ပြော၍ပြလေ၏။ ထိုအခါ တရားဝန်ကြီးသည် မောင်သာရဘက်သို့ လှည့်ကာ–

''အင်း.....အင်း.....ကြောင်းမတန် သမီးနဲ့တွေ့နေတော့



www.burmeseclassic.com

www.burmeseclassic.com



တာ ပဲ၊ ဖြစ်လိုက်ပြီဆိုမှဖြင့် နှလုံးလေးလုံး တုန်ပြီးသွားအောင် မိုးမီးလောင်ပြီး ဖြစ်လိုက်တာပဲ၊ ကျုပ်ကုသိုလ်ကံ အင်မတန် ဆိုးလို့ သင်းတစ်ယောက်ကို ယခုလောက် ကြာကြာထိန်းပြီး နေရစ်ရတာပါပဲ၊ ကိုင်း.....မောင်လဲ မောလာတယ် ထင်ပါရဲ့''

ဟုပြောကာ ထမင်းစားပွဲခန်းသို့ လှည့်ဝင်၍သွားလေလျှင် မောင်သာရနှင့် တင်မေကြီးသည် နောက်က လိုက်ပါ၍ သွားလေ၏။

မောင်သာရသည် လက်ဘက်ရည်သောက်ပြီးသည့် နောက် တရားဝန်ကြီးနှင့် ခေတ္တမျှ အတူစကားပြောလေရာ တရားဝန်ကြီးမှာ ဣန္ဒြေနှင့် ပြောဆိုသော်လည်း ရှေးကကဲ့သို့ ခက်ထန်သောအမူအရာ မရှိ။ ကြင်နာလေးစား များစွာပင် သဘောထား ကြည်ဖြူသည့်အမူအရာကို ပြလေ၏။

မောင်သာရ သွားခါနီး၍ နှုတ်ဆက်သောအခါ တံခါး ထိအောင် လိုက်၍ပို့ပြီး မော်တော်ကားမောင်းသမားကို ခေါ်လျက် မော်တော်ကားနှင့် တင်ပို့ရန် ခိုင်းစေလိုက်လေရာ မောင်သာရ သည် မော်တော်ကားနှင့် ပြန်၍လာလေသတည်း။

တင်မေကြီးနှင့် မောင်သာရသည် မကြာခဏတွေ့ကြ လျက် မိမိတို့၏အသိမိတ်ဆွေ ဂုဏ်သရေရှိ ဒေါ်ညွန့်ဆိုသူနှင့် တိုင်ပင်ကာ ဖခင်၏နားသို့ပေါက်ရောက်အောင် ကြံဆောင်ကြ လေ၏။ ထိုအမှုမျိုး၌ အထူးပါးနပ်သူဖြစ်သော တရားဝန်ကြီး မှာလည်း အထူးခက်ခဲစွာ နူးနပ်ရန် မလိုဘဲ ``ဒေါ်ညွန့် တော် သလို ကြည့်ပြီးစီမံပါတော့``ဟု ခွင့်ပြုသောစကားကို မိန့်ဆို လိုက်လေ၏။

ထို့နောက် တနင်္ဂနွေတစ်ပတ်လောက် ကြာသောအခါ





တင်မေကြီးနှင့်မောင်သာရတို့ ထိမ်းမြားမင်္ဂလာပြုမည့်အကြောင်း သတင်းစာများတွင် ထွက်ပေါ်၍လာလေ၏။ ဦးသာဖုံ ခါလာ သော၊ ဦးဘိုးသိန်းတို့သည်လည်း အတိုင်းထက်အလွန် ဝမ်း မြောက်ကြလေ၏။

နောက်ဆုံး၌ ကျက်သရေရှိသော မင်္ဂလာပွဲသည် ချော မောစွာ အထမြောက်၍ သွားလေရာ ဇနီးမောင်နှံနှစ်ယောက်တို့ သည် နောက်ပါအစေခံတို့နှင့် မေမြို့သို့ အားလပ်ခွင့်ယူ၍ သွား ကြလေ၏။

၎င်းအစေခံတို့အထဲတွင် ဖွားဥသည် အကြီးအမှူးဖြစ် ကာ လိုက်ပါ၍ သွားရလေ၏။ ဦးသာဖုံနှင့် ခါလာသော့တို့သည် သည်း မီးရထားဘူတာရုံသို့ လိုက်၍ပို့ကြပြီးလျှင် မျက်ရည် စက်လက်နှင့် အိမ်သို့ ပြန်လာကြရာလေသတည်း။

ပြီးပါပြီ။



www.burmeseclassic.com